www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ▭ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ▭ ၂၀၁၇၊ ဖေဖော်ဝါရီလ
အုပ်ရေ ▭ ၅၀၀
မျက်နှာဖုံး ▭ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ▭ *Maw Maw (New Idea)*
အတွင်းဖလင် ▭ *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
(မြိုးဝေလွှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ • ၈၃

ညိုမှိုင်း၊ မောင်(သန်လျင်)
အသုဘခေါင်းအုံးအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ/
မောင်ညိုမှိုင်း(သန်လျင်)။ –ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၇။
၂၀၄–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) အသုဘခေါင်းအုံးအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | စာအုပ်အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | အသုဘခေါင်းအုံး<br>မောင်ညိုမှိုင်း(သန်လျင်) | ၁ |
| ၂။ | မေတ္တာထားသော ပရလောကသားများ<br>ထောင်မှူးကြီးသိန်းဝင်း | ၃၁ |
| ၃။ | အစွဲအလမ်းကြီးတဲ့ဝိညာဉ်<br>မကြေးညိုစိမ့် | ၅၆ |
| ၄။ | ကမ္ဘာတစ်ခြမ်းရဲ့ည<br>ဇေယျမင်းသျှင် | ၇၆ |
| ၅။ | သစ်ကမြင်းအိမ်<br>မြဘုန်းထက် | ၁၀၇ |
| ၆။ | နှောင်ကြိုးဖွဲ့သည့် နံနက်ခင်းသစ်<br>လေးမောင် | ၁၂၉ |
| ၇။ | ဘယာကြော်ရဲ့ဘယာကျော်နည်း<br>ဩဗိသ | ၁၇၃ |
| ၈။ | ဝေဠုဝတီရဲ့ဘဝသံသရာ<br>ချစ်နိုင်(Physics) | ၁၈၈ |
| ၉။ | ခေါင်းထဲမှပျောက်သွားသောအလောင်း(သို့မဟုတ်)<br>အသက်ပြန်ရှင်တဲ့အလောင်းကောင်<br>ကျော်မင်းနိုင် | ၁၉၄ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ၁

မမြင်ရသည့် ကံတရားများကလည်း အံ့ဩဖို့ ကောင်းလောက်အောင်ကို ဆန်းကြယ်တာပဲ။

ဒါနှင့်အတူ ကံ,ကံ၏အကျိုးကို ကံ (ပြုသူ)သာလျှင် ကောင်းအမှန် အကျိုးခံစားရတာသည်လည်း ငြင်းကွယ်လို့မရသည့် တူညီသော တုံ့ပြန်မှုပဲ။

တစ်ခါ ...

ဆိုရိုးစကားရှိမဟုတ်လား ခင်ဗျာ ...

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ။

ရာဇဝတ်ဘေး ပြေးလို့မလွတ်တဲ့။

ကောင်းသောကံ (အလုပ်)ကို လုပ်ရင် ကောင်းသောကံရဲ့ အကျိုးကို အချိန်ကာလအလျောက် ခံစားရမယ်။

မကောင်းသောကံ (အလုပ်)ကို လူမသိ။ လူမသိလုပ်ခဲ့ရင်လည်း အဲဒီမကောင်းကျိုးကို-အချိန်ကာလရဲ့ အနေးနဲ့အမြန် နာရီကြားမှာ ပြန်လည်အကျိုးရောက် ခံစားရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အချို့က ကိုကံကြီးအလောင်းကို ကျားဆွဲသွားမှာပဲလို့ ပြောဆိုဝေဖန်ကြ
တာပေါ့လေ။

ဒီလိုနဲ့ ချစ်လင်ကိုကံကြီး တစ်နေ့ပြန်လာနိုး ပြန်လာနိုးနဲ့ မျှော်ကိုးစော
စားရင်း အချိန်ကာလက တစ်နှစ်လောက်ကြာသွားခဲ့တယ်။ ချစ်လင်ကိုကံကြီးရဲ
အရိပ်အယောင်လည်း မမြင်ရဘူး။ သတင်းအစ အနလည်း လုံးဝမရဘူး။

အဲဒါ ကျွန်းမာရေးသိပ်မကောင်းတဲ့ ဘကြီးဦးချစ်ကောင်းနဲ့ ကိုမိုးခြိမ်းတ
က သရဖီရဲ့ စားဝတ်နေထိုင်ရေးကို စောင့်ရှောက်နေရတာပေါ့။

ဒီအချိန်မှာပဲ ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာချင်တော့ ဘကြီးလုပ်သ
ဦးချစ်ကောင်း ကွယ်လွန်သွားပြန်တော့ မသရဖီခမျာ အားကိုးရာ မဲ့ခဲ့ရှာရပါရေ
လေ။

လင်လုပ်သူ ကိုကံကြီးအတွက် သပိတ်ဆွမ်းတောင် မသွပ်ရက်တဲ့ မသရ
ခမျာ နောက်ဆုံး ဘကြီးလုပ်သူရဲ့ အသုဘနဲ့အတူ ချစ်လင်ကိုကံကြီးကိုပါ ရည်ရ
ပြီး သပိတ်ဆွမ်းလှူ၊ အမျှဝေခဲ့လိုက်ရသည့်ဘဝ ရောက်ခဲ့ရပြီ။

နောက်ဆုံး ...

ရပ်သိရွာသိ မုဆိုးမလေးဘဝကို ခံယူလိုက်ရတယ်။

အဲဒီအချိန်ကစပြီး ကိုမိုးခြိမ်းကလည်း မသရဖီရဲ့အိမ်ကို ပိုပြီး အဝင်အထွက်
စိပ်ခဲ့တယ်။

စာရေးသောက်ရေးကို မလုပ်ပါနဲ့လို့ တားသည့်ကြားက ပိုလုပ်ကိုင်ဆော
ရွက်ပေးခဲ့တယ်။

နောင်တော့ ... ကာလအတန်ကြာရော အရပ်ထဲကလူတွေက ကိုမိုးခြိ
းနဲ့ မသရဖီ ညားနေကြပြီလို့ ပြောဆိုဝေဖန်ကုန်ကြရော။

ပြောရရင် မသရဖီ မည်သူ့ကိုမျှ အားကိုးစရာ မလိုအပ်ပါဘူး။ သ
ချစ်လင် ကိုကံကြီး ရှာဖွေစုဆောင်းပေးထားခဲ့သည့် အတွင်းပစ္စည်း ရွှေငွေလက်ဝ
ရတနာက နည်းမှမနည်းဉစ္စာ။

အရပ်ကလည်း မေးကြရောခင်ဗျ။

"သရဖီ ..."

"ရှင် ... အစ်မစန်း"

"ညည်းနဲ့ ကိုမိုးခြိမ်းတို့ ညားနေကြပြီဆို"



www.burmeseclassic.com

www.burmeseclassic.com


"အို အစ်မစန်းကလည်း မဟုတ်ကဟုတ်က။ ရှင့် ဘယ်သူပြောတုံး"

"ဒီလိုပဲပေါ့အေ ...။ အရပ်ထဲမှာ ဟိုလူပြော ဒီလူပြောနဲ့ ညည်းတို့သတင်းက ကြီးနေလို့ မေးရတာပါ"

"မဟုတ်ပါဘူး ...၊ အစ်မစန်းရယ်။ မောင်နှမသဘောမျိုးလို စောင့်ရှောက်နေတာပါ"

နောက်တစ်ယောက်က တွေ့လည်း မေးပြန်ရော ...

"ဟဲ့ ... မိဖီ"

"ဘာတုံး ... သူငယ်ချင်း"

"နင်နဲ့ ကိုမိုးကြီးနဲ့ ညားနေဆို"

"အိုအေ ... ညည်းတို့ကလည်း မဟုတ်တာပဲ လာမေးနေတယ်"

"ဟုတ် မဟုတ်တော့ နင်တို့အသိဆုံးပဲလေအေ။ ဒီမှာအေ့ မိဖီရဲ့..."

"ဘာလဲ ... ပြော"

"ကိုမိုးကြီးကလည်း နင့်ကို အပျိုဘဝကတည်းက ချစ်ရှာပါတယ်အေ။ နင့်လင်မရှိတဲ့ နောက်ပိုင်းတစ်လျှောက်မှာလဲ နင့်ကို စောင့်ရှောက်နေတာ အရပ်အသိပဲဥစ္စာ။ ဒီမှာ ... မိဖီရဲ့။ ကိုမိုးကြီးကလည်း ဘာအပြစ်ပြောစရာ ကြီးကြီးကျယ်ကျယ် မရှိပါဘူးအေရဲ့"

"အရက်သောက်တယ်လေ"

"နည်းနည်းပါးပါးပါအေ။ ဒီမှာ သူ့မှာ အရှုယ်ရော၊ ဥစ္စာရော ဘာမှ အပြစ်ပြောစရာမရှိဘူး။ နင့်အကြောင်းလည်း သူအသိဆုံး။ သူကလည်း နင့်ကိုချစ်နေတာ ငါတို့ရော နင်ရော အသိပဲ။ ဒီမှာ မိဖီ ... လင်မရှိတဲ့မိန်းမ အများမရှိသေဘူးဟဲ့"

"ဒါဆို အပျိုကြီးတွေ ဘယ်လိုလုပ်မလဲ။ ပြော ..."

"အပျိုကြီးတွေက သူ့ရဲ့ နဂိုအပျိုကြီးဂုဏ်နဲ့သူ ရှိနေတာ။ နင်က မုဆိုးမ။ သွေးမရှိ မျိုးမရှိ။ ပြောရရင် မိုးကြီးလိုလူမျိုး နင် ရှုံးစရာ နာစရာမရှိဘူး။ နှစ်ယောက်စလုံး အကြောင်းသိဥစ္စာ"

"ဟူး ..."

"မဟူးနေနဲ့။ အရပ်ကသိနေတာ နင်တို့ညားနေတာ ကြာပြီလို့ပဲ။ နှာမည်မပျက်ခံမနေနဲ့။ ကြားလား ..."


www.burmeseclassic.com

www.burmeseclassic.com



အမှန်က သည်ခွင်က ကိုမိုးခြိမ်းဆင်တဲ့ ခွင်တွေပါ။ အရပ်ထဲမှာ သူနဲ့ မသရဖီ ညားနေတယ်လို့ ရိပ်ဖမ်းသံဖမ်းပြောတာ။ ကြာတော့ . . . အရပ်က အမှန်တကယ်လို့မှတ်ပြီး ပြောဆိုဝေဖန် မေးမြန်းကြတာ။

စောစောကနားချသည့် မိန်းမကလည်း ကိုမိုးခြိမ်း နင့်နေအောင် ပေးကမ်းထားလို့ လာနားသွင်းနေတဲ့ မိန်းမပဲ။

တစ်နေ့လည်းကျရော မိုးခြိမ်းက ဖွင့်ပြောပါရော။

"သရဖီ"

"ရှင် . . ."

"ငါ့သူငယ်ချင်း ကံကြီးလည်း မရှိတော့ဘူး ညီမ။ နင့်ကို ငါ စောင့်ရှောက်ရမည့် ဝတ္တရားကလည်း သူငယ်ချင်းမျက်နှာကြောင့် ရှိနေတယ်။ တိုတိုပြောရရင် ညီမကို အစ်ကိုမိုး မေတ္တာရှိခဲ့တာ လူပျို အပျိုဘဝကတည်းကပါ။

ညီမက သူငယ်ချင်းကံကြီးကို မေတ္တာမျှခဲ့တော့ အစ်ကိုမိုး နောက်ဆုတ်ပေးခဲ့တာလည်း ညီမအသိဆုံးပါ။ သူမရှိသည့်နောက်ပိုင်း ညီမကို အစ်ကို ထာဝရစောင့်ရှောက်ပါရစေ"

"မဖြစ်ဘူးနဲ့ တူပါတယ် . . . အစ်ကိုမိုးခြိမ်းရယ်"

"ဘာလို့လဲ . . . ပြောလေ"

"လင်သေတာမှ ဘာမှမကြာသေးဘူး။ ခုလို အိမ်ထောင်သစ်ထူလိုက်ရင် ကျွန်မဘဝ . . ."

"ညီမ ကံကြီးပြန်ရှင်လာမယ်ဆိုရင် ဒီစကား မပြောပါဘူး။ ကံကြီးမရှိတော့လို့ ညီမတစ်ယောက်တည်း ရှန်းကန်ရမှာကို မကြည့်ရက်လို့ပါ . . . နော် . . . နော်"

နောင် ကြုံတိုင်း ရောက်တိုင်း ဒီစကားမျိုး ပြောပါကများ။ အရပ်ကလည်း ပွလယောင်း ထောင်းလမောင်းကြေအောင် ပြောကြ မေးကြ မေးငေါ့ကြ ဝေဖန်ကြသည့်အဆုံး . . .

ကိုမိုးခြိမ်းရဲ့ ပဋလက်လှိုင်းလုံးဂယက် ဝဲဩဃကြားမှာ မုဆိုးမလေးသရဖီ နစ်မြုပ်သွားခဲ့ရတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၄

❑

ကိုမိုးခြိမ်းက ရုပ်လုံးကြီး မြို့လူကြီးလူကောင်းများရဲ့ ရှေ့မှောက်မှာ မုဆိုးမ မလေး မသရဖီကို တရားဝင် တောင်းရမ်းယူလိုက်ပါတယ်။

ခုတော့ မိုးခြိမ်းရဲ့လိုအင်ဆန္ဒ ပြည့်ခဲ့ပြီပေါ့။

မိုးခြိမ်းက လက်ခမောင်း ဖြောင်းဖြောင်းမြည်အောင် ခတ်လိုက်တယ်။ သုံးလေးလမှာ တကယ့်ကို လင်ကောင်းတစ်ယောက်လို ဆက်ဆံပြုစုခဲ့တယ်။

နောက် မကြာဘူး။

မိုးခြိမ်းက သူ့ရဲ့ ဘီလူးရုပ်ဇာတိကို ခပ်တင်းတင်း ပြလာပါရော။ အရက်ကို မူးအောင်သောက်လာတယ်။

ဖဲဝိုင်း၊ အရက်ဝိုင်း၊ ကြက်ဝိုင်းမှာ အချိန်ကုန်လာတယ်။

အခြားမိန်းမ အပျော်အပါးတွေကို လိုက်စားလာတယ်။ နေ့စဉ်နှင့်အမျှ မသရဖီ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး ရန်ဖြစ်စကားများရတာလည်း အကြိမ် မနည်းဘူး။



www.burmeseclassic.com

www.burmeseclassic.com


စကားများပြီးတိုင်း အရိုက်အနှက်ခံရတာက သရဖီပဲ။ ခုတော့ သရဖီ မှားသွားမှန်း သိလိုက်ရပြီ။

ကိုမိုးခြိမ်းရဲ့ ပျားရည်စိမ်စကားများ ပျားရည်စီးပျောက်ပြီး ဓားသွား ဆူးညွန့်တွေ အထင်းသား ပေါ်လာ စူးလာတာကို ပွင့်ပွင့်လင်းလင်း သိလိုက်ရ ပါပြီ။

"ငါ နင့်ကို ချစ်လွန်းလို့ ယူခဲ့တာမဟုတ်ဘူး ... သရဖီ။ နင့်ရဲ့ မာနနဲ့ နှလုံးသားကို နင်းခြေချင်လို့ ငါ နှစ်နဲ့ချီပြီး အနစ်နာခံ ကြိုးစားစီစဉ်ခဲ့တာ နင်က ကံကြီးလို အခြေအနေမဲ့ကို ရုပ်ကလေးသဘောကျပြီး ငါ့ရဲ့အချစ်ကို အပျို ဘဝတုန်းက ရက်ရက်စက်စက် ဥပေက္ခာပြုခဲ့တယ်။

အဲဒီအချိန်တုန်းက ငါဘယ်လောက်ထိ ခံစားခဲ့ရသလဲ ... သိလား။ ဟောဒီရင်ဘတ် တစ်စစီ ကြေမွခဲ့တယ်။ အခု နင့်ကို ခြေမွမျက်ရည်ကျအောင် လုပ် ရမည့်အလှည့် ရောက်လာပြီ။ နင့်မျက်လုံးထဲက မျက်ရည်ကုန်အောင် ငါလုပ်ပြ မယ်။ မှတ်ထား ...။ ဟား ... ဟား ... ဟား ... ဟား ..."

ခုတော့ ...

ကိုကံကြီးနဲ့သူမ မင်္ဂလာဆောင်တုန်းက ကတိလက်ဖွဲ့ မြလက်စွပ်လည်း ကိုမိုးခြိမ်း လုယူသောက်စားဖြုန်းတီးလို့ ကုန်ပြီ။

ဒီကြားထဲ သူက မယားငယ်လိုလို၊ ပြည့်တန်ဆာမလိုလို မိန်းမနဲ့ စက် ကျပြီး ပြန်မလာတာလည်း ကြားရတယ်။

"ကျွန်မကို ကွာရှင်းပေးပါ ကိုမိုးခြိမ်း"

"ဟား ... ဟား ... ဟား ... ဟား ... ကွာရှင်းပေးရမယ်။ ဘာလို့ ကွာရှင်းပေးရမှာလဲ။ ပြော ..."

"ကျွန်မကို မချစ်မနှစ်သက်ဘဲ နေ့စဉ် ညည်းပန်းနှိပ်စက်နေမည့်အစား ကွာရှင်းပေးပြီး ရှင်နေချင်သလို နေပါတော့။ ဟီး ... ဟီး ... ဟီး ..."

"လုံးဝပဲ သရဖီ။ နင့်ကို ငါ မျက်ရည်ခန်းအောင် လုပ်ရဦးမယ်။ ဒီမှာ ... သရဖီ။ ဟေ့ ... သရဖီ"

"ရှင် ... ရှင် ..."

"နင့်ယောက်ျား ရှာဖွေပေးထားတဲ့ ရွှေတွေ ဘယ်မှာလဲ"

"အို ... မသိဘူး ... မရှိဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... ငါ့ကို နင်က ညာချင်တုန်းကိုး။ ကိုင်း ဟာ ... ကိုင်းဟား ..."

သူဟာ အရက်နံ့တထောင်းထောင်း မှူးမှူးရှူးရှူးနဲ့ ပစ္စည်းများ မေးမရတော့ သရဖီကို ထိုးကြိတ်ကန်ကြောက်တယ်။ သရဖီက လန့်ပြီး ထွက်ပြေးတော့ လိုက်ဆွဲတယ်။

ရပ်ကွက်လူကြီးများက မိုးခြိမ်းကို ကိုယ့်မယားမနှိပ်စက်ဖို့ ပြောကြတော့ ...

"ကျွန်တော်မှားပါတယ် ... ဦးလေးတို့ရယ်။ ကျွန်တော့်မယားကို ကျွန်တော် အရမ်းချစ်လို့ပါ"

"ချစ်ရင် ဒီလိုနှိပ်စက်ရသလားကွ"

"သူက မျက်နှာများချင်လို့ သဝန်တိုပြီး ကျွန်တော်ရိုက်မိတာပါ။ နောင်ကို လုံးဝမရိုက်တော့ပါဘူးခင်ဗျာ။ သရဖီ ... မိန်းမ ... အစ်ကိုမှားသွားတယ်။ အစ်ကို့ကို သရဖီ ရိုက်ပါ၊ ဆဲပါ၊ လုပ်ချင်သလို လုပ်ပါကွာ ... နော် .. နော်"

မိုးခြိမ်းက လူပါးကြွက်ချွဲ။ လူကြီးများရှေ့မှာ သူမှားကြောင်း လက်အုပ်ချီ တောင်းပန်ပြီး ...

နောက်ပိုင်းရောက်ရင် သရဖီကို စိတ်ရောကိုယ်ပါ အပြင်းအထန်ခံစားရအောင် ညှဉ်းပန်းနှိပ်စက်တယ်။

နောက်ဆုံး သရဖီ စိတ်ထောင်းကိုယ်ကျေရောဂါနဲ့ အိပ်ရာထဲမှာ လဲရော။ ဆေးဝါးလည်း မပြုတော့ဘူး။ ကိုယ့်အခြေနဲ့ကိုယ် ရှိစေတော့လို့ မှတ်ယူပြီး သွားလေသူ လင်သူတော်ကောင်း ကိုကံကြီးရဲ့ ဝိညာဉ်ကို လက်အုပ်ချီမိုး တောင်းပန်ခဲ့လိုက်တယ်။ ဒါနှင့်အတူ ဒီလို စရိုက်အကျင့်ဆိုးလှသည့် လင်ဆိုးမျိုးနဲ့ ဘဝဆက်တိုင်း အတူမတွေ့ရပါစေနဲ့ဟု ဆုတောင်းခဲ့လိုက်တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၇

တစ်ည မိုးခြိမ်း ဖဲရှုံးပြီး အရက်မူးမူးနဲ့ အိမ်ပြန်လာတယ်။ လူမမာ မယားရဲ့အခန်းကို ဝင်လာပြီး မယားသရဖီရဲ့ ခုတင်နံဘေးမှာ ဝင်ထိုင်လိုက်တယ်။

"သရဖီ ..."

"ဘာတုံး ..."

"ငါ ... ငွေ ... ငါးသိန်း ... အရေးတကြီးလိုတယ်။ အဲဒါ ငါ့ကို ဒီည အမြန်ထုတ်ပေး ... ပါ ... အေ့ ... ဂေ့ ... ဝေါ့ .."

"ကျွန် ... မ ... မှာ ... မ ... မရှိဘူး"

"ရှိတယ် ...။ မင်းမှာ ရွှေထုပ်ကြီးရှိတာ ငါသိတယ်။ အဲဒီ အထဲက ငါးသိန်းဖိုးလောက်ပဲ ပေးပါနော်။ ငါ ထပ်မတောင်းတော့ပါဘူး။ ဟုတ်လား.."

"မ ... ရှိ ..."

"ဟာ ... ညာဦး ... ညာဦး ..."

"အာ ... အာ ... ဖူး ... အူး ..."



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလို့ပြောရော သရဖီရဲ့လည်ပင်းကို ညှစ်တာ။ အသက်ရှူကျပ်ပြီး အော်လို့မရဘူး။

"သရဖီ ..."

"အင် ... ဟင် ... အင် ..."

"အခု ထုတ်ပေးမလား၊ မပေးဘူးလား"

"မ ... မရှိ ... မ ... အား ... အား ... မ ... မ ... လုပ် .."

ဒီမှာပဲ လူကြီး မှူးကြီးမိုးခြိမ်းဟာ သရဖီရဲ့ဦးခေါင်းအောက်က ခေါင်းအုံးကို လှမ်းဆွဲလိုက်ပြီး သရဖီရဲ့မျက်နှာပေါ်ကို အုပ်ချဖိရင်းက ...

"ပေးမလား ..."

"အူး ... အူး ..."

"ကိုင်းဟာ ... ကိုင်းဟာ ..."

(၁၅) မိနစ်လောက်နေရော လူမမာ သရဖီ အသက်မရှူတော့ဘဲ ငြိမ်ကျသွားရော။ မျက်လုံးလန်နေပြီ။ သိလိုက်ပြီ။ ဒင်း သေပြီ။

မိုးခြိမ်း လန်နေသည့်မျက်လုံးနှစ်လုံးကို မျက်လွှာချပိတ်ပေးလိုက်တယ်။ သည့်နောက် ဖွာရာကျဲနေသည်များကို နေသားတကျ ပြုပြင်ပြီးနောက် သရဖီရဲ့ ကိုယ်ခန္ဓာကို နေရာကျအောင် ပက်လက်အိပ်နေအောင် ပြုပြင်ပြီး စောင်ခြုံပေး လိုက်တယ်။

ဟိုရှာဒီရှာ ရှာလိုက်တော့ မွေ့ရာထဲက လက်ဝတ်လက်စားအချို့ တွေ့ရလို့ သူ အရမ်းဝမ်းသာသွားပါရော။

မိုးလည်းလင်းရော သူ့မယား သေပါပြီလို့ အော်ဟစ်ငိုလိုက်ပြီး အိမ်နီး နားချင်းများကို ဝမ်းနည်းပူဆွေးမျက်နှာနဲ့ ပြောပါရော။

အားလုံး ရောက်လာကြည့်ကြတော့ လူမမာသရဖီ စန့်စန့်ကြီး။ ဟိုလူက ဝင်ကြည့်၊ ဒီလူကဝင်ကြည့်ပြီး မြန်မြန်သေတော့လည်း ဝဋ်ကျွတ်သွားတာပေါ့လို့ ပြောကြလေရဲ့။

ဒါနဲ့ ကာယကံရှင် လင်လုပ်သူရဲ့ သဘောဆန္ဒအတိုင်း နေ့ချင်းပြီး (.....) သင်္ချိုင်းမှာ အုတ်ဂူသွင်း သဂြိုဟ်လိုက်တယ်။

အမှန်က ဖြစ်နိုင်ရင် သင်္ချိုင်းကုန်းပေါ်မှာ ကျီးစားစား၊ လင်းတစားအား ပွင့်ပစ် စွန့်ပစ်ချင်တာလေ။ အကုန်မခံချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အများအမြင်မှာ ကိုယ့်မယားကို အဲဒီလောက်ချစ်လွန်းလို့ ဂူသွင်းသဂြိုဟ်ပါလားဆိုတဲ့ စကားလုံးလေး ပတ်ဝန်းကျင် အထင်မလွဲအောင် ကျန်ရစ်ချင်လို့ပါ။

ကိစ္စဝိစ္စပြီးတော့ အိမ်ပြန်လာလိုက်တယ်။ ရက်လည်ပြီးရင် ဒီအိမ်နဲ့ခြံကို ရောင်းပြီး အားရပါးရ အစွမ်းကုန်ပျော်ပစ်လိုက်မယ်လို့ ရည်ရွယ်ပြီး အူရှင်နေလေရဲ့။

✿ ✿ ✿

## ၈

❑

ညသန်းခေါင်ယံခန့်မှာ ( ..... ) သင်္ချိုင်းက မသရဖီရဲ့ အုတ်ဂူရှိရာကို ထော့နင်းထော့နင်းနဲ့ လူတစ်ဦး ဦးထုပ်မျက်နှာဖုံးဆောင်းပြီး ချဉ်းကပ်လာခဲ့လိုက်တယ်။

သင်္ချိုင်းကုန်းက လရောင်အောက်မှာ ကြောက်စရာကောင်းရဲ့။ ဦးခေါင်းငိုက်စိုက်ကျ ကုက္ကိုပင်ကြီးများကလည်း ငုတ်တုတ်။

ပိုးစုန်းကြူးမီးရောင်များကလည်း လင်းလင်းလက်လက်။

'ဂီး ...ဂီး ...' နဲ့အော်လိုက်သည့် ငှက်ဆိုးထိုးသံများကလည်း ကြက်သီးတဖြန်းဖြန်း ထရရဲ့။

လူရွယ်က အုတ်ဂူရဲ့ခေါင်းရင်းကနေ အုတ်ဂူသားကို နားနဲ့ကပ်ပြီး နားထောင်လိုက်တယ်။

သူ့ အုတ်ဂူထဲက ညည်းသံမျိုးကို ကြားလိုက်ရပြီး ရင်ထိတ်ခနဲဖြစ်သွားတယ်။ နောက် နှစ်ကြိမ်သုံးကြိမ် ဟုတ်ရဲ့လားဆိုပြီး နားနဲ့ကပ်လို့ နားထောင်လိုက်ပြန်တယ်။

ကျိန်းသေတယ်။



www.burmeseclassic.com

www.burmeseclassic.com


အုတ်ဂူထဲက လူညည်းသံ။ သူ အလျင်စလိုပါပဲ လွယ်ထားသည့် လွယ်အိတ်ထဲက တူနဲ့ဆောက်ပြားကို ထုတ်လိုက်ပြီး ဘိလပ်မြေ မခြောက်သေးသည့် အုတ်ဂူရဲ့ ခြေရင်းပိုင်းကို ရိုက်ဖွင့်တော့တာပဲ။

သူ့တစ်ကိုယ်လုံး ဆန္ဒဇောများနဲ့ ချွေးပျံနေပြီ။ သချိုင်းအစောင့်တွေ မြင်သွားရင်လည်း ပြဿနာအကြီးအကျယ် တက်ရဦးမယ်။

(၁၅)မိနစ်အတွင်း အုတ်ဂူခြေရင်းပိုင်း ပွင့်သွားရော။ သူ အထဲကသစ်သား ခေါင်းကို အလျင်စလို ဆွဲထုတ်ပြီး မြေပြင်မှာချလိုက်တယ်။

သစ်သားခေါင်းကြီး မြေပြင်လည်းကျပြီးရော ခေါင်းဖုံးကို ဆောက်ပြားနဲ့ ရိုက်ဆောင့်ဖွင့်လိုက်ရော ...

အထဲမှာ မိန်းမသားတစ်ယောက်။

"အင်း ... အင်း ... ဟင်း ... ဟင်း ..."

"အင်း ... ဟင်း ... ဟင်း ... အစ်ကို ... အစ် ... ကို"

မသေသေးဘူး။ သူ အရမ်းဝမ်းသာသွားတယ်။ ပါလာသည့်မီးခြစ်နဲ့ ခြစ်ကြည့်တော့ မသရဖီရဲ့ ရုပ်ခန္ဓာမျက်နှာ။

"သရဖီ ... သ ... ရ ... ဖီ ..."

"အင်း ... ဟင်း ... ဟင်း ... အစ် ... ကို ... ရေ .. ရေ ... ရေ ..."

"သရဖီ ... သရဖီ ..."

လူရွှယ် လွယ်အိတ်ထဲက ရေပုလင်းကိုဖွင့်ပြီး ခေါင်းထဲမိန်းမရဲ့ ပါးစပ်ကိုဖြဲလို့ ရေနည်းနည်းချပေးလိုက်ရော သရဖီက ရေကို အငမ်းမရ မျိုမျိုချနေပါရော။ ဒါနဲ့သူ လက်နှစ်ဖက်ကနေ မဆွဲပြီး မျက်နှာကို ရေနဲ့ဖျန်းသစ်ပေးလိုက်ရော ခေါင်းထဲက မသရဖီ မျက်လုံးပွင့်လာပြီး သူ့ကို ဖက်ထားလေရဲ့။

"သရဖီ ... သရဖီ ..."

"အင် ... အင် ... အစ်ကို ... အစ်ကို ... ကံ ... ကြီး"

"သရဖီ ... အစ်ကို ... ရောက်နေပြီ ... ရောက်နေပြီ"

"အင် ... ဟင် ... ရှင် ... ရှင် ..."

"ငါ ...ငါ ... ကံကြီး။ အစ်ကို ... ကံကြီးလေ ... မိန်းမရဲ့"

"ဟင် ... အစ် ... ကို ... ကံ ... ကြီး ... ဟီး ဟီး ဟီး..."


www.burmeseclassic.com

www.burmeseclassic.com


ဒီလောကဓမ္မကံတရားကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လွန်ခဲ့သည့် နှစ်ပေါင်း (၂၅၀၀)ကျော်ကတည်းက ကြိုဟောခဲ့တာ။

အဲဒါ မယုံလို့မရဘူး။ အားလုံး လက်တွေ့ကြုံနေရတာအသိ။

အခု ကျွန်တော်ပြောပြချင်တာက ...

အဲဒီကံတရားရဲ့ ဆန်းပြားနက်နဲမှုရယ်၊ ကံတရားရဲ့ ဒိဋ္ဌဓမ္မ အကျိုးသက်ရောက်မှုအကြောင်းကို ပြောပြချင်လို့ပါပဲ။

ဂမ္ဘီရတော့ ခပ်ဆန်ဆန်ပဲခင်ဗျ။

ဒါပေမဲ့ လူတိုင်း တရားရချင်စရာပါခင်ဗျာ။

✿ ✿ ✿

## ၂

❑

( ..... ) မြို့ကလေးက ကိုကံကြီး၊ မသရဖီနဲ့ ကိုမိုးမြိမ်းဆိုတဲ့ လူသုံးယောက်ရဲ့ ကံတရားဇာတ်လမ်းပါ။

မသရဖီဆိုတာ ( ..... ) မြို့လေးမှာ အလွန်ချောမောလှပလွန်းလို့ ယောကျ်ားအရွယ်ရောက်ပြီးသူတိုင်း ဦးစားပေး စိတ်ဝင်စားခံရသူပေါ့ဗျာ။

မသရဖီဆိုတာ မိဘနှစ်ပါး မရှိတော့ဘူး။ ဘကြီးတော်သူ အဘိုးအိုတစ်ယောက်နဲ့ အတူနေထိုင်ပြီး စက်ချုပ်တဲ့အလုပ်ကို လုပ်ကိုင် အသက်မွေးနေရရှာတယ်။ ဆင်းရဲပေမယ့် ဘာသာတရားကို ကိုင်းရှိုင်းရှိသေလေးစားတယ်။ လူတိုင်းအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာထားလေ့ရှိတယ်။

ရပ်ကွက်ထဲက မွှာရုံဝတ်အသင်းမှာလည်း အသံကောင်း၊ ဉာဏ်ကောင်းလို့ ဓမ္မစကြာဝတ်အသင်းရဲ့ အ◌ားရှင်လည်း ဖြစ်လေရဲ့။


www.burmeseclassic.com

www.burmeseclassic.com


"မင်း မသေရတော့ဘူး။ အစ်ကို အချိန်မီရောက်လာလို့ မင်း မသေရ တော့ဘူး။ ထ . . . ကြိုးစားထ . . . မိန်းမ"

ခေါင်းထဲက မသာရဗီကလည်း သူ့လင်ကိုကံကြီးမှန်းသိရရော ဝမ်းသာ အားရ ငိုပြီး ကြိုးစားထ။ ကိုကံကြီးကလည်း ချစ်မယားကိုဆွဲထူပြီး ပခုံးပေါ်မှာထမ်း လို့ သချိုင်းက ထွက်မလို့လုပ်ရော . . .

"အစ် . . . ကို . . . ကံ . . . ကြီး . . ."

"ဘာတုံး . . . သ . . . ရ . . . ဗီ"

"ခေါင်းအုံး . . . ခေါင်း . . . အုံး . . . ယူခဲ့"

"ဟာ . . . မလိုဘူး . . . မလိုဘူး"

"လို . . . တယ် . . . ယူ . . . လာ . . . ခဲ့ . . . ပါ"

ဒါနဲ့ ခေါင်းထဲက သူမအုံးခဲ့သည့် ခေါင်းအုံးကို ကောက်ယူလိုက်ပြီး နောက် ကိုကံကြီး မယားသရဗီကို ကြိုးထမ်းလို့ သချိုင်းကုန်းကနေ အမြန်ထွက် လာခဲ့လိုက်တယ်။

✿ ✿ ✿

၆

❑

မိုးလည်းလင်းရော မြို့ထဲမှာ ထူးဆန်းသည့်သတင်းတစ်ခု အုတ်အော် သောင်းတင်း ဖြစ်ကုန်ပါရော။

"ညတုန်းက (. . . . .) သချိုင်းက အုတ်ဂူတစ်ခု အဖောက်ခံရလို့တဲ့"

"ဟင် . . . ဘယ်သူ့အုတ်ဂူတုံးဟေ့"

"မနေ့ကမှ ဂူသွင်းသင်္ဂြိုဟ်ခဲ့တဲ့ ကိုမိုးခြိမ်းမိန်းမ မသာရဗီရဲ့ အုတ်ဂူလေ ဗျာ"


www.burmeseclassic.com

www.burmeseclassic.com


"ဟေ ... ဆန်းလှချည်လား။ ဘယ်လိုဖြစ်တာတုံး။ ဘယ်သူဖောက်တာတဲ့တုံးဟ"

"မသိဘူး။ မိုးလည်းလင်းရော စဏ္ဍာလကြီး ကိုရွှေပုတ်တွေ့တာတဲ့။ ဂူလည်းပွင့်၊ ခေါင်းလည်း မြေပြင်ကိုရောက်နေပြီး လူသေအလောင်း မရှိတာတဲ့"

"ဟာ ... ဘယ်လိုလူမျိုး ဖောက်တာပါလိမ့်ကွာ"

"ရွှေတွေ ငွေတွေပါလို့ ဖောက်ရတာလားကွာ ... ဟင်"

"မသိဘူး။ အခု ရဲအဖွဲ့နဲ့ ရပ်ကွက်လူကြီးတွေ စစ်ဆေးမေးမြန်းနေတယ်လို့ ကြားရတာပဲ"

ထိုကဲ့သို့သော အံ့ဩချောက်ချားဖွယ် သတင်းဆန်းကို ကြားရသောအခါ ဦးစွာ ခေါင်းနားပန်းကြီး တုန်လှုပ်ချောက်ချားသူက ကိုမိုးခြိမ်းပဲ ဖြစ်ပေတယ်ခင်ဗျ။

ဒီသတင်းကိုကြားရရော ကိုမိုးခြိမ်းဟာ သူ့အပေါင်းအသင်းအချို့ကိုခေါ်ပြီး ( ..... ) သင်္ချိုင်းကို သွားကြည့်တယ်။ ဟုတ်တယ် အုတ်ဂူကြီးကပွင့်လို့။

သစ်သားခေါင်းက မြေပြင်မှာ အဖုံးပွင့်လျက်။ မနေ့က ဂူသွင်းခဲ့တဲ့ သူ့မယား မသရဖီရုပ်အလောင်းက လုံးဝမရှိတော့ဘူး။

နောက်ပိုင်း ရဲအဖွဲ့ရဲ့ စစ်ဆေးမေးမြန်းတာကို ခံခဲ့ရတယ်။ သူကလည်း အများရှေ့မှာ တရားဝင် သဂြိုဟ်ခဲ့တာကို သက်သေသက္ကာယနဲ့ ပြန်ဖြေရှင်းခဲ့တယ်။

ရဲအဖွဲ့ကလည်း အပူတပြင်း စုံစမ်းနေတယ်။

ဒါက အုတ်ဂူထဲကပစ္စည်းကို လိုချင်လို့မဟုတ်ဘူး။

အလောင်းကို ဖောက်ခိုးယူသွားတာ။

လူသေအလောင်းကို ဘာလုပ်ဖို့လဲ။

ဆေးဝါးအတတ်နဲ့ စီရင်ချင်လို့လား။

ဒါမှမဟုတ် လူသေအလောင်းက သူ့အလိုလို ပြန်ထလာလို့လား။

ပိုပြီး ချောက်ချားနေရသူကား ကိုမိုးခြိမ်းပဲဖြစ်သည်။ ဘယ်လိုကြောင့် ဒီအလောင်းကြီး ပျောက်သွားရသလဲ။ ရက်လည်းမလည်သေး။ မတော်လို့များ ဒီအလောင်း ပြန်ရှင်လာခဲ့လျှင် ဒုက္ခမှ အကြီးအကျယ်ဒုက္ခ။


www.burmeseclassic.com

www.burmeseclassic.com


သူ ချောက်ချားလွန်းလို့ အရက်ကိုပဲ ဖိသောက်နေတယ်။ ညဘက်လည်း အိမ်မှာ မအိပ်ရဲဘူး။

သုံးရက်မြောက်နေ့ အိမ်ကိုပြန်လာရော အိမ်ရှေ့ဖိနပ်ချွတ်မှာ ပစ္စည်းတစ်ခုကို တွေ့ရပါရော။

ကြည့်လိုက်တော့ ခေါင်းအုံးတစ်လုံး။

သူ ခေါင်းအုံးကို ကြည့်ရင်း ကြက်သီးဖြန်းခနဲ ထသွားတယ်။ ဒီခေါင်းအုံးက သေသွားသည့် သူ့မယား ကွယ်လွန်သူ မသရဖီအုံးသည့် ပန်းပွင့်ထိုးအစွပ်နဲ့ ခေါင်းအုံး။ ဒီခေါင်းအုံးကို ခေါင်းသွင်းတုန်းက သရဖီရဲ့ဦးခေါင်းအောက်မှာ ခုထည့်ပေးလိုက်တာ။ ဘယ်လိုလုပ်ပြီး ဒီအိမ်ရောက်နေပါလိမ့်။

သူကြောက်ကြောက်နဲ့ အိမ်ရှေ့အမှိုက်ပုံမှာ သွားလွှတ်ပစ်လိုက်တယ်။

ဟော ... ညနေရောက်လို့ အိမ်ပြန်လာလိုက်ရော အမှိုက်ပုံမှာ လွှင့်ပစ်ခဲ့သည့် သေသူမယား မသရဖီအုံးသည့်ခေါင်းအုံး အိမ်ရှေ့မြေပြင်မှာ ပြန်ရောက်နေပါရော။

သူ ကြက်သီးဖြန်းခနဲထပြီး ဆံပင်မွေးများပါ ထောင်လာသလို ခံစားလိုက်ရတယ်။

ဒါနဲ့ ခေါင်းအုံးကို နောက်ဖေးလမ်းကြားရှိရာ လူမမြင်အောင် လွှင့်ပစ်လိုက်တယ်။

ဘုရားရေ ...

နောက်နေ့မိုးလင်းရော ... အဲဒီမသာခေါင်းအုံးဟာ အိမ်ခြံ တံခါးပေါ်မှာ တင်လျက်ကြီး။

ဟူး ... ကြောက်စရာ ကောင်းလှချည်ကလား။ ဘယ်သူ့ လက်ချက်နဲ့များ ပြန်ရောက်နေသလဲ။

ဒီတစ်ခါ ကိစ္စတုံးအောင်ဆိုပြီး အိမ်တောင်ဘက်က ရေမြောင်းထဲကို သေသေချာချာ သွားစွန့်ပစ်လိုက်တယ်။ မသာအုံးသည့်ခေါင်းအုံး ရေမြောင်းရေစီးနဲ့ မျောပါသွားတာကို မြင်ရပြီးမှ သူ ပြန်လာလိုက်တယ်။

ညဘက် သူငယ်ချင်းတွေနဲ့ မသာအိမ်စောင့် ဖဲကစားမလို့ အိမ်တံခါးဖွင့်ဝင် ...

သူ့ခုတင်ရှိရာကို ရောက်ရော ...


www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဗျာ ..."

"ဟ ... မိုးငြိမ်း ... ဘာဖြစ်လို့လဲ"

"အား ..."

"ဟော့ကောင် ... ဘာလဲ။ မင်းမယား ရောက်နေလို့လား"

သူ အိမ်ရှေ့ကို အမြန်ပြေးထွက်လာလိုက်ပြီး ချွေးပျံနေတယ်။ သူ မြင်လိုက်ရတာက သူနဲ့သရဖီတို့အိပ်သည့် ခုတင်ပေါ်မှာ ရေစိုနေသည့် မသာခေါင်းအုံးကြီး ပြန်ရောက်နေလို့ပဲ။

နောက်ပိုင်း သူ ရေစိုမသာခေါင်းအုံးကို အိတ်တစ်ခုနဲ့ထည့်ပြီး မြို့ထဲကအမှိုက်ပုံကြီးမှာ သေချာစွာ သွားလွှင့်ပစ်လိုက်တယ်။

ဒါနဲ့အတူ ဒီခေါင်းအုံးကို ဘယ်လိုလူ လာကောက်ဦးမှာလည်းလို့ တစ်နေရာကနေ စောင့်ကြည့်နေတုန်းမှာပဲ ...

ထော့ကျိုးထော့ကျိုးနဲ့ မျက်နှာရှုပ်ပျက်နေသည့် လူတစ်ဦး။ ခမောက်အစုတ်ကြီး ဆောင်းလို့။ အမှိုက်စုတ်ကောက်သည့် အိတ်ကြီးနဲ့။

အဲဒီလူ ထော့ကျိုး မျက်နှာရှုပ်ပျက်ကြီးက သူလွှင့်ပစ်လိုက်သည့် မသာခေါင်းအုံးအိတ်ကို ကောက်ပြီး သူ့အမှိုက်အိတ်ထဲကို ထည့်ယူလို့ထွက်သွားရော။ အဲဒီလူနောက်ကနေ မယောင်မလည် ပုန်းလျှိုးကွယ်လျှိုး လိုက်သွားလိုက်တော့ ..

အချိန်တော်တော်အကြာမှာ အဲဒီ လူထော့ကျိုး အမှိုက်ကောက်သမားဟာ မြို့စွန်က သစ်သားအိမ်တစ်အိမ်ထဲကို ဝင်သွားတာ မြင်လိုက်ရတယ်။

အဲဒါ စောင့်ကြည့်နေတုန်းမှာပဲ အခန်းတံခါးပွင့်လာပြီး မိန်းမတစ်ယောက်က အဲဒီလူကို စကားပြောနေတာ မြင်လိုက်ရရော။

"ဟင် ..."

"ဘုရားရေ ..."

မိုးငြိမ်း ကျောက်ရုပ်လို တောင့်သွားတယ်။ အရမ်းကိုလည်း အံ့ဩသွားခဲ့တယ်။ သူမြင်လိုက်ရသည့် မိန်းမဟာ အခြားသူမဟုတ်ဘူး ...

သေသွားသည့် သူ့မယား သရဖီဖြစ်နေလို့ပဲ။

သရဖီမှ သရဖီအစစ်။

ကြည့်စမ်း ...။ ပိန်ခြိုးလို့။ သေတဲ့ညတုန်းက မျက်နှာကျ ချပ်သွင်မပျက်ပိုင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com


ဒီမှာ ထော့ကျိုးနဲ့လူက အမှိုက်အိတ်ထဲက မိုးခြိမ်းလွှင့်ပစ်သည့် ခေါင်းအုံးကိုထုတ်ပြီး သရဖီကို ပစ်ပေးလိုက်တယ်။

သရဖီက ခေါင်းအုံးကို လှမ်းဖမ်းပြီး စိုက်ကြည့်နေတယ်။ သည့်နောက် နှစ်ယောက်သား အိမ်ထဲကိုဝင်သွားပြီး တံခါးကို ပိတ်လိုက်ကြတယ်။

ဟုတ်ပြီ။

သရဖီ မသေဘူး။ သူ အသက်ပြန်ရှင်နေတယ်။ ဘယ်လို အသက်ရှင်ရတာလဲ။ သူ့ကို ဂူထဲက ထုတ်ယူခိုးသွားတာ ဟိုထော့ကျိုးနဲ့လူများလား။

အဲဒီ ထော့ကျိုးရုပ်ပျက်က ဘယ်သူတုံး။

ဘယ်အရပ်သားတုံး။ ဘာကောင်တုံး။

သူ့မယားသရဖီနဲ့ ဘာတော်သတုံး။

အို . . . ဘာပဲတော်တော် အရေးမကြီးဘူး။ အရေးကြီးဆုံးက သူ့မယားသရဖီ အသက်ရှင်နေတာ အန္တရာယ်အကြီးဆုံး။

ဘာလို့လည်းဆိုတော့ ဒီမယားကို သူ ခေါင်းအုံးနဲ့ ဖိသတ်ခဲ့တာ။ အခုအဲဒီခေါင်းအုံးက သူ့ကို စိတ္တဇရောဂါဖြစ်အောင် ချောက်ချားရှူးသွပ်ချင်အောင် လုပ်နေပြီ။

ဒီမိန်းမ အသက်ရှင်နေသရွေ့ သူ့ဘဝ ထောင်နှုတ်ခမ်းကို ရောက်ရမှာ ကေန်။

ဒီတော့ ဒီမိန်းမကို ဒီတစ်ခါ မသေသေအောင် အပြတ်ရှင်းမှ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

❑

မိုးခြိမ်း ည (၇)နာရီခန့်မှာ မြို့စွန်အဖျားက မသရဖီတို့ ခေတ္တနေသည့် အိမ်ကို ရောက်လာခဲ့လိုက်တယ်။ သူ့ကို မိုးခြိမ်းမှန်း မမှတ်မိအောင် နှုတ်ခမ်းမွေး အတု၊ ဆံပင်အရှည်အတုနဲ့ ဂျာကင်အနက်ကြီးဝတ်လို့ လာခဲ့လိုက်တယ်။

ထော့ကျိုးမရှိမှန်းကို သူစောင့်ကြည့်ရင်း သိနေပြီကိုး။ သည့်နောက် ခါးကြားကဓားမြှောင်ကို အသာ လက်နဲ့စမ်းလိုက်ပြီး တံခါးကို အသာတွန်းကြည့် လိုက်တယ်။

တော်ပါသေးရဲ့။ တံခါးက စေ့ရုံစေ့ထားတာ။ အထဲမှာ ဘက်ထရီမီးချောင်း မှိန်ပျပျက လင်းနေတယ်။

သူ အသာခြေကိုဖော့နင်းရင်း အခန်းတစ်ခုရဲ့အဝကို ရောက်သွားတယ်။ အသာ လိုက်ကာကို ဖွင့်ကြည့်လိုက်ရော ဖျာတစ်ချပ်ပေါ်မှာ လူတစ်ယောက် အိပ်မောကျလို့။

တစ်ကိုယ်လုံး စောင်ခေါင်းမြီး ခြုံအိပ်နေတာ။ ဆံပင်ရှည်များက ခေါင်းအုံး နောက်မှာ ဝဲဖြာကျလို့။ ကျိန်းသေတယ်။ ဒါ သရဖီအစစ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com


ကြည့်လေ ...။ စောင်ခြုံထားတဲ့ ရင်ဘတ်ပေါ်မှာ သူ့ကို နေ့စဉ်နှင့်အမျှ ချောက်ချားအောင်လာလုပ်သည့် မသာခေါင်းအုံး ရေမချောက်တချောက်ကြီးတင် အိပ်နေတာ။

မိုးခြိမ်း ခါးမြှောင်ကို အသာထုတ်လိုက်ပြီး အနားကို တိုးကပ်လိုက်တယ်။

ပြီး ... ရင်ဘတ်ပေါ်က မသာခေါင်းအုံးကို ဘယ်လက်နဲ့ အသာလေးမ, လို့ သရဖီရဲ့ ပါးစပ်၊ ဦးခေါင်းရှိရာကို မအော်နိုင်အောင် မှန်းအုပ်ချပြီး ညာလက်က ခါးမြှောင်နဲ့ ရင်ဝရှိရာကို အားကုန်ကို စိုက်ချလိုက်တယ်။

"စွပ် ..."

"ဟင် ..."

"ကိုင်းဟာ ..."

"စွပ် ..."

"ဟာ ..."

သူ့ခါးဦးဟာ လူရဲ့ရင်ဝ အသားအရေပြားကို ထိုးချရသလို အရသာမရှိဘဲ တင်းတင်းမာမာကြီး ခါးဦးဝင်သွားမှန်း သိလိုက်ရော ...

ခေါင်းမြီးခြုံစောင်ကို လက်နဲ့ဆွဲချလိုက်တာ ...

"ဟာ ..."

ကြည့်စမ်း ...။ လူအစစ်မဟုတ်ဘူး။ ငှက်ပျောတုံးကြီးကို လူသဏ္ဍာန် အဖုအထစ်လုပ်ပြီး ဆံပင်အတုစွပ်ပေးထားတာကိုး။

ဒီမှာပဲ သူ အခြေအနေ လုံးဝမကောင်းမှန်း ရိပ်မိလိုက်ပြီး ကုန်းထလို့ လှည့်အထွက် ...

"ဟေ့ကောင် ... ရပ်လိုက်"

"ဟင် ..."

"ကိုင်းဟာ ..."

"ဗိုး ..."

"ဖတ် ..."

"ရှန်း ... ဖြောင်း ..."

"အမယ်လေး ... သေပါပြီဗျာ။ အား ... အ ... အ ..."


www.burmeseclassic.com

www.burmeseclassic.com


ရှေ့တံခါးဝကနေ လူတစ်ဦး အော်ပြီးတားနေလို့ လက်ထဲက ဓားမြှောင်နဲ့ မြှောက်ပြီး ထိုးချလိုက်ရော ...

ရှေ့ကလူက သူ့ဓားကိုင်လက်ကို ဖမ်းထားဆုပ်ကိုင်ပြီး ညာဝင်ပခုံးထမ်းနဲ့ ကိုင်ပေါက်လိုက်တာ သူ ကြမ်းပြင်ပေါ်ကို ဝုန်းခနဲပစ်ကျ ပြီး နာကျင်စူးရှဝေဒနာကို ပြင်းထန်စွာ ခံစားလိုက်ရတယ်။ ဒီမှာပဲ ဆံပင်အတုနဲ့ နှုတ်ခမ်းမွေးအတု ကျွတ်ကျပြီး နဂိုရုပ်ပေါ်လာရော။ ဒါနဲ့ ကုန်းထပြီး ပြေးမလို့လုပ်ရော။

မျက်နှာကို ခြေထောက်နဲ့ ခပ်ပြင်းပြင်း အကန်ခံလိုက်ရပြီး ပက်လက်လဲအကျ လက်နှိပ်မီးရောင်များ သူ့ကိုယ်ပေါ် ဖြာကျလာပြီး လက်နှစ်ဖက်ကို လက်ထိတ်အခတ် ခံလိုက်ရပါရောလေ။

သူ့ကို ဆွဲထူလိုက်ချိန်မှာတော့ ...

သူ့ရဲ့ဝန်းကျင်မှာ ရဲအဖွဲ့ဝင်များ၊ အရပ်လူကြီးများနှင့်အတူ မသရဖီရဲ့ ဒေါသခက်ထန်နေတဲ့ မျက်နှာနှင့်အတူ တောက်တစ်ချက်ခတ်နေသည့် လူထော့ကျိုး ကိုရုပ်ဆိုးကို မြင်လိုက်ရတယ်။

"ဟေ့ကောင် ... မင်း ငါ့ကို မှတ်မိလား"

ကိုရုပ်ဆိုးက သူ့ရှေ့ကိုတိုးလာပြီး မေးလို့ ကြည့်လိုက်တော့ သူ မသိဘူးဖြစ်နေတယ်။ အသံတော့ ကြားဖူးသလိုလို။

"ငါ့ သိလား"

"မ ... မ ... သိဘူး ... အဲ ... အဲ ..."

"ငါ ... ကံကြီးပဲကွ ... ကံကြီး ... မင်းသူငယ်ချင်း ... ကံကြီး"

"ဗျာ ... ဟာ ..."

မိုးခြိမ်း အံ့သြရာကနေ ခေါင်းငိုက်စိုက်ကျသွားတယ်။ ကံကြီး ... ကံကြီးတဲ့။ သူ မသေပါလား။ ခုတော့ ကံကြီးရော၊ သရဖီရော သေရွာက ပြန်လာပြီး သူ့ကို အကြွေးဆပ်တော့မှာပါလား။ သူ ပိုပြီး တုန်လှုပ်ချောက်ချားလာတယ်။

"ကိုင်း ... ဖြစ်ပုံကို ရှင်းပြပါ ကိုကံကြီးခင်ဗျာ"

ဒုရဲအုပ်က မေးလို့ သူ ဖြေကြားလိုက်တယ်။

"ကျွန်တော်နဲ့ ဒီတရားခံမိုးခြိမ်းက သူငယ်ချင်းပါ ဆရာ။ ဟောဒီသရဖီကို ပြိုင်လိုက်ရာကဲ ကျွန်တော်နဲ့ မသရဖီ ညားခဲ့ကြတယ်။ ဒါကို မိုးခြိမ်းက မကျေနပ်ဘူး။ ဒါကို ခုမှသိရတာပါ။



www.burmeseclassic.com

www.burmeseclassic.com


တိုတိုပြောရရင် ကျွန်တော် ရှမ်းပြည်နယ်ကို ကုန်ပို့သွားရင်း သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက် လုယက်လို့ ကျွန်တော်တို့စီးလာသည့် ကုန်ကားချောက်ထဲမှာ မှောက်ခဲ့တယ်။ ကျွန်တော့်အဖော်သုံးယောက် မီးလောင်သေသွားပြီး ကျွန်တော်က ကံကောင်းလို့ ဒဏ်ရာပြင်းထန်စွာရခဲ့တယ်။

ကျွန်တော် ဒဏ်ရာနဲ့ ချောက်ထဲကနေ တောကုန်းတန်းပေါ် လေးဘက်ထောက် လျှောက်သွားရင်း မေ့မျောသွားခဲ့တယ်။

သတိရချိန်မှာ ပအိုဝ်းမိသားစုရဲ့ တောင်ယာအိမ်တစ်ခုကို ရောက်နေတယ်။ သူတို့ကုသပေးလို့ ဒဏ်ရာများပျောက်ပြီးနောက် ခြေထောက်ကျိုး အရုပ်ဆိုးဘဝရောက်ပြီး အသက်ရှင်ခဲ့ရပေမဲ့ အတိတ်မေ့သလိုရှိရင်း အဲဒီဒေသဝန်းကျင်မှာ အချိန်ကာလ ကြာခဲ့ရတယ်။ ကျွန်တော် ဘာမှ မမှတ်မိတော့ဘူး။

တစ်နေ့ ကျွန်တော် အဖျားကြီးပြီး သေမလိုဖြစ်သွားရာက ပြန်သတိရလာတော့ ကံထူးစွာပဲ ကျွန်တော့်ရဲ့ဘဝအတိတ်ကို ပြန်သတိရခဲ့တယ်။ အဲဒါ ပအိုဝ်းကျေးဇူးရှင်များကို ဖြစ်ကြောင်းကုန်စင်ပြောပြလို့ ကျွန်တော့်မယားရှိရာ ဒီဒေသကို ပြန်လာချိန်မှာ ကျွန်တော် ထူးဆန်းသည့် အိပ်မက်တစ်ခုကို မြင်မက်ခဲ့ရတယ်။

အဲဒါက ကျွန်တော့်မယား မသရဖီဟာ သူသေရတော့မယ်။ အစ်ကိုကံကြီး အမြန်လာကယ်ပါဆိုတဲ့ အိပ်မက်ဆန်းပဲ။ ဒါနဲ့ ကျွန်တော် မယားရှိရာအရပ်ကို ပြန်ရောက်တော့ ကျွန်တော့်ရုပ်ပျက်နေလို့ ကံကြီးမှန်း ဘယ်သူမှ မသိကြတော့ဘူး။

ဒီမှာပဲ ကျွန်တော့်မယားသရဖီ သူငယ်ချင်းမိုးခြိမ်းနဲ့ညားပြီး နှိပ်စက်ညှဉ်းပန်းခံရလို့ စိတ်ဆင်းရဲစွာသေသွားပြီ။ ဒီနေ့ပဲ ( .... ) သင်္ချိုင်းမှာ ဂူသွင်းတယ်ဆိုတာ သိလိုက်ရတယ်။

ဒါနဲ့ ကျွန်တော် ညဘက်ရောက်ရော အိပ်မက်ထဲက မယားလုပ်သူရဲ့ ကျွန်မသေရတော့မယ် အစ်ကိုကံကြီး လာကယ်ပါဆိုသည့်စကားကို မယားချစ်စိတ်နဲ့ အကြွင်းမဲ့ယုံကြည်လို့ ဒုတ်ဂူကိုဖောက်၊ ခေါင်းကိုထုတ်ကြည့်လိုက်ရော ... ကျွန်တော့်မယား မသရဖီ မသေဘူး။ မေ့မျောနေတာ။ မေ့မျောနေရာက အသက်ပြန်ဝင် သတိရနေတာကို အံ့ဖွယ်မြင်ရရော။ ဒါနဲ့ သရဖီကိုခေါ်လာပြီး ဒီအိမ်နေရာမှာ လျှို့ဝှက်ပုန်းအောင်းနေကြပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


သချိုင်းမှာတုန်းက သရဖီက သူ့ခေါင်းထဲက ခေါင်းအုံးကို ယူခဲ့ပါလို့ပြော တော့ ဘာမှန်းမသိဘဲ ယူလာခဲ့လိုက်တယ်။ သရဖီ အသက်ရှင် ကျန်းမာစဉ်ပြု သတိရ လို့ ပြန်ပြောပြမှ ဒီကောင်မိုးခြိမ်းဟာ ကျွန်တော်နဲ့သရဖီအပေါ် နာကြည်းနေမှန်း နဲ့ ကျွန်တော်သေပြီလို့ သိရတော့ ကျွန်တော့်မယား သရဖီကို ရအောင်ယူပြီး အမျိုးမျိုး ပြောဆိုနှိပ်စက်တယ် ဆိုပဲဗျာ။

နောက် ။ ကျွန်တော်နဲ့ညားစဉ်က ဝယ်ယူစုဆောင်းပေးတဲ့ ရွှေငွေ အရတောင်းတယ်။ မရတော့ သူနဲ့ လက်ရှိပေါင်းနေတဲ့ သရဖီကို ခေါင်းအုံးနဲ့ ဖိသတ်ပစ်တယ်ဆိုတာ သိရတော့တာပဲ။ ရက်စက်မိုက်ရိုင်းတဲ့ကောင်ပါဗျာ။

ဒီလို မိုးခြိမ်း ရက်စက်ခဲ့သည့်အကြောင်း ဘယ်လိုသက်သေပြစရာ ဘာရှိ လို့လဲ။ မရှိဘူး။ မရှိရင် တရားစွဲလို့မရဘူး။ ဒီမှာ သရဖီက သူ့ကိုဖိသတ်သည့် ခေါင်းအုံး မသာခေါင်းအုံးလို့ ခေါ်ပါစို့။ အဲဒီခေါင်းအုံးကို မိုးခြိမ်းထံ ပို့ပို့ပေးပြီး ခြောက် လှန့်စေခဲ့တယ်။

ကျွန်တော်တို့ စီစဉ်သည့်အတိုင်း မိုးခြိမ်း အကြီးအကျယ် ချောက်ချား မှုပျက်ရာက ကျွန်တော်က သူ့ကို မျှားခေါ်ပြီးတော့ ရွာပြန်။ သရဖီကို မြင်စေ လိုက်ရော ...

သရဖီကို သူသတ်မှုဖြစ်မယ်လေ။ ဘာလို့လဲဆိုတော့ သရဖီ မသေ ရင် သူ လူသတ် သေကြောင်းကြံစည်မှုနဲ့ ထောင်ကျချင်ကျမှာကိုး။

ကျွန်တော်တို့ လှူယောင်ပြ မျှားလိုက်သည့်အတိုင်း ဒီည ဒီကောင် သရဖီ ကို လာကိုသတ်တာ။ ဒီလိုသတ်မှာကိုသိလို့ ငှက်ပျောတုံးကို ဖျာပေါ်မှာ သရဖီ အယောင်ဆောင် ခင်းကျင်းခဲ့၊ ကြိုဆိုခဲ့တယ်။

ထုံးစံအတိုင်း ဒီကောင် သရဖီအမှတ်နဲ့ ဓားနဲ့ အသေထိုး သတ်ခဲ့ပေမယ့် နောက်ဆုံးမြင်ကွင်းကတော့ ကျွန်တော်တို့ ကြိုတင်ဖိတ်ခေါ် စောင့်ချောင်းနေကြ သည့် ရဲအုပ်ကြီးနဲ့ လူကြီးမင်းများ အခု လက်တွေ့မြင်ရသည့်အတိုင်း ....''

လိုအပ်သည်များကိုလည်း သရဖီက အမှန်အတိုင်း ပြောပြလိုက်သော အခါ ...

''ဟော့ကောင့် ... မိုးခြိမ်း''

''ဗျာ ... ဗျာ ... အာ ...''

''ကိုကံကြီးနဲ့ မသရဖီပြောတာ မှန်ရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com


ဆိုခဲ့သလိုပေါ့လေ ...

ချောမောလှပပုံကလည်း ပစ်ရက်စရာမရှိအောင် အပြစ်ပြောစရာမရှိအောင် ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံနေတော့ မသရဖီအပြင်ထွက်ရင် ယောက်ျားသားများက အလှည့်ကျရော၊ ဦးရာလူရော ရည်စားစကားလိုက်ပြောတာ။

မသရဖီကလည်း ကောင်းမွန်စွာပါပဲဗျာ။ 'ကျွန်မ အချစ်ရေး၊ အိမ်ထောင်ရေးကို စိတ်မဝင်စားပါဘူးရှင်' လို့ ပြောလိုက်တာချည်းပဲ။

အဲဒီလို မိန်းမချော မိန်းမလှလေး မသရဖီကို အချိန်နှင့်အမျှ စိတ်ဝင်စားသူများအနက် ...

ကိုကံကြီးနဲ့ ကိုမိုးခြိမ်းတို့က ဖွဲအကောင်းဆုံးပေါ့။

ကိုကံကြီးက ဆင်းရဲပေမယ့် ခေတ်ပညာတတ်တစ်ဦး။ ရုပ်ရည်ကလည်း ချောလားချောရဲ့။ သွားတက်လေးပါလို့ ကိုကံကြီးများပြုံးလိုက်ရင် မိန်းမသားမပြောနဲ့ ယောက်ျားခြင်းတောင် ရင်ဖိုချင်သလို ဖြစ်ရရဲ့ခင်ဗျ။

ကိုမိုးခြိမ်း ...

သူကတော့ အသားညိုညို၊ ရုပ်ရည်ကြမ်းကြမ်း၊ နှုတ်ခမ်းမွှေးစစနဲ့။ လူရည်တတ် သုံးနိုင်သူတစ်ဦးပေါ့။

ကိုမိုးခြိမ်းကလည်း ပေးရာကမ်းရာမှာ လက်မတွန့်သူမို့ ကိုမိုးခြိမ်းကိုလည်း လူအတော်များများက လေးစားကြတယ်။

မသရဖီတို့အိမ်ကို ခပ်ရဲရဲ ဝင်လို့ထွက်လို့ရတာလည်း သူတို့နှစ်ဦးပဲရှိတယ်လေ။ မသရဖီရဲ့ဘကြီး ဦးချစ်ဖွယ်ကလည်း သူတို့နှစ်ဦးကို ခင်မင်သံယောဇဉ်ရှိတယ်။

ကိုကံကြီးရော၊ ကိုမိုးခြိမ်းရော နှစ်ဦးစလုံး ခေတ်ပညာတတ်များဖြစ်ကြသမို့ ဘာသာရေးအကြောင်း၊ နိုင်ငံရေးအကြောင်း၊ စီးပွားရေးအကြောင်း၊ နိုင်ငံတကာအရေးအကြောင်းကို အားကျမခံ အပြိုင်ပြောနိုင်လို့ ဘဦးချစ်ဖွယ်က သဘောကျတာ။

ပြောစရာဆိုလို့ ကိုမိုးခြိမ်းက အသောက်အစားတော့ရှိတယ်။ ဒါပေမဲ့ မသရဖီတို့အိမ်ကိုလာရင် လုံးဝ အရက်သောက်မလာဘူး။

သူတို့နှစ်ဦးစလုံး တူမလုပ်သူ အပျိုချောလေးကို အပြိုင်ပိုးနေမှန်းလည်း သိတယ်။


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ် . . . ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော် . . . မှား . . . မှား . . . ကံကြီးနဲ့ သရဖီ . . . ငါ . . . ငါ . . . မှား . . . မှား . . ."

"ကိုင်း . . . မိုးခြိမ်း . . . ငါ့လူအမှားကို အမှားမှန်းသိပြီ၊ ဝန်ခံပြီမို့ ကံ၊ ကံ၏အကျိုးကို ခံစားတဲ့အနေနဲ့ ရဲတပ်ဖွဲ့ကို လိုက်ခဲ့"

"ဗျာ . . ."

"မဗျာပါနဲ့ . . . ငါ့လူရာ။ မင်းကို ရုံးတင်ပြီး တရားသူကြီးတွေက စစ်ဆေးဦးမှာပါ။ ပြီးမှ သင့်တော်သည့် အပြစ်ဒဏ်ကို ငါ့လူ ခံစားရမှာပါ။ မျက်ရည် ကျမလို့လား။ ငိုချင်ငိုပါ။ မျက်ရည်ခန်းအောင် ငိုလိုက်ပါ . . . ငါ့လူ။

ဒီလို မကောင်းသည့် မိစ္ဆာဒိဋ္ဌိမျက်ရည်ကုန်မှ ငါ့လူ လူ့ဘဝနဲ့ ကိုယ့် ဘဝကို ပိုပြီး ချစ်ခင်တွယ်တာ မြတ်နိုးလာတတ်မှာပါ။ ဟုတ်လား . . .။ ကဲ . . . ကိုကံကြီးနဲ့ မသရဖီ . . ."

"ခင်ဗျာ ဆရာ"

"ရှင် ဆရာ"

"အချစ်စစ် အချစ်မှန် သစ္စာအစစ် သစ္စာအမှန်တို့ဟာ ဘယ်လိုလောကဓံ အတိုက်နဲ့ ကြုံရကြုံရ မေးမှိန်အရောင်ပျက် တန်ဖိုးကျခြင်း မရှိပါဘူးဗျာ။ ခင်ဗျား တို့ သေရွာပြန်ချစ်သူနှစ်ဦး မပြယ်သော အချစ်များနဲ့ အသက်ရာကျော် ပေါင်းဖက် ပျော်ရွှင်နိုင်ပါစေလို့ အားလုံးက ဆုတောင်းလိုက်ပါတယ်ဗျာ"

"ပေးတဲ့ဆုနဲ့ပြည့်အောင် ကြိုးစားပါ့မယ် ဆရာ"

"ကိုင်း . . . ကိုမိုးခြိမ်း သူတစ်ပါးကို မျက်ရည်ခန်းအောင် လုပ်ချင်သူတို့ နရသိန်ကို ကိုယ့်တီးလုံးနဲ့ကိုယ် ကြွ . . ."

မောင်ညီမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ၁

သရဲ၊ တစ္ဆေကို အယုံအကြည်မရှိသူများထဲတွင် ကျွန်တော်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ တကယ်တမ်း ပြောကြစတမ်းဆိုလျှင် သရဲတစ္ဆေကို မြင်ဖူးသည်ဆိုသူများမှာ ရှားပါလိမ့်မည်။ တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ချဲ့ကား၍ ပြောကြသူများသည်။

ထို့ကြောင့် ကျွန်တော် မယုံကြည်ပါ။ ကြောက်လန့်ခြင်းလည်း မရှိပါ။ ကျွန်တော့်အသက် (၄၀) ကျော်ပါပြီ။ ကိုယ်တွေ့ တစ်ကြိမ်မျှ မကြုံဖူးပါ။ သို့သော် ကိုယ်တွေ့ကြုံတော့လည်း မယုံမရ ယုံလိုက်ရပါတော့သည်။

ကျွန်တော်တို့လုပ်ငန်းက တွင်ခုံမိုပုံစံထွင်းရသော လုပ်ငန်းဖြစ်သည်။ အများအားဖြင့် ပုလင်းမျိုးစုံ၏အဖုံးအတွက် မိုပုံစံများကို လုပ်ရသည်က များသည်။ အမှာအော်ဒါများကျလာလျှင် တစ်နေ့လုံး တစ်ညလုံးလည်း လုပ်ရသည်။

ပုလင်းဖုံး ပလတ်စတစ်ညှစ်သည့် လုပ်ငန်းကို အလုပ်သမားများက နေ့ဘက်တွင် လုပ်ကိုင်ကြသော်လည်း ညဘက် မိုသတ္တုထွင်းလုပ်ငန်းကိုတော့ ပိုင်ရှင်ဖြစ်သူ ကျွန်တော်က ကိုယ်တိုင် တွင်ခုံနှင့် စိတ်ရှည်လက်ရှည်ထွင်းပြီး လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ တစ်ဦးတည်း ညဘက်တွင် လုပ်ရသောအလုပ်ကို ကျွန်တော်သဘောကျသည်။ အနှောင့်အယှက်မရှိ၊ အေးချမ်းသည်။

ပုလင်း၊ ပုလင်းဖုံး၊ ပလပ်စတစ်လုပ်ငန်းကို ရွှေပြည်သာစက်မှုဇုန်တွင် အလုပ်သမားများဖြင့် လုပ်ကိုင်သော်လည်း တွင်ခုံလုပ်ငန်းကိုတော့ ကျွန်တော်တို့ နေထိုင်သည့် အိမ်အနီး၊ သမိုင်းအုတ်ကျင်း၊ ဂိုဒေါင်တစ်လုံး၌ စက်များတပ်ဆင်ပြီး လုပ်ကိုင်ပါသည်။

ယခင်က နေ့ပိုင်းတွင်သာ လုပ်ကိုင်သော်လည်း အော်ဒါအမှာများ၍လည်းကောင်း၊ လျှပ်စစ်မီးအားမှာ ညပိုင်းစက်ရုံကြီးများပိတ်ချိန်တွင် မှန်သဖြင့်လည်းကောင်း၊ ကျွန်တော် ညပိုင်း တစ်ဦးတည်း အချိန်ပိုဆင်း၍ လုပ်ကိုင်ရခြင်းဖြစ်ပါသည်။

တွင်ခုံအဖြစ် တပ်ဆင်ထားသော ဂိုဒေါင်မှာ ယခင်က အိမ်ဟောင်းကြီးဖြစ်သည်။ လူမနေတော့သဖြင့် အခန်းဖွဲ့မထားဘဲ ကျွန်တော်တို့က ဂိုဒေါင်အဖြစ် ငှားရမ်းအသုံးပြုနေခြင်း ဖြစ်သည်။ တွင်ခုံနှစ်လုံးကို အလျားလိုက် မြေချ၍ ဆင်ထားသည်။ မီးခလုတ်များနှင့် မိန်းဆွစ်ကို ဂိုဒေါင်၏ အလယ်ခေါင်းရင်းတိုင်(ဥယျာဉ်တိုင်)တွင် တပ်ဆင်ထားပါသည်။

ယနေ့ လကွယ်နေ့ည။ ဒုတိယညအဖြစ် ကျွန်တော် အဝကျယ် ဆေးပုလင်းဖုံးတစ်ခုအတွက် သတ္တုမိုပုံစံ ခုတ်နေပါသည်။ စိတ်ဝင်တစား လုပ်ကိုင်နေခြင်းဖြစ်သော်လည်း ညဉ့်သန်းခေါင် (၁၂)နာရီကျော်တော့ တစ်ချက်တစ်ချက် ငိုက်မြည်းစပြုလာသည်။ လည်ပတ်နေသော တွင်ခုံဖြစ်သဖြင့် အန္တရာယ်ရှိပါသည်။ ထို့ကြောင့် ခေါင်းရင်းတိုင်တွင် တပ်ဆင်ထားသော မီးခလုတ်ကိုပိတ်၍ ခေတ္တနားရင်း ကော်ဖီခါးခါးသောက်ရန် ကျွန်တော် ကြံရွယ်မိသည်။

မီးခလုတ်ကို ကိုင်မိသည်နှင့် ကျွန်တော် ကျင်ခနဲ ဖြစ်သွားပြီး မျက်လုံးကျယ်သွားသည်။ မီးခလုတ်ကို မကြာခဏ ဖွင့်နေ၊ ပိတ်နေကျဖြစ်သည်။ ဓာတ်မလိုက်စေရန် ဂျပန်ရော်ဘာဖိနပ်ကိုလည်း စီးထားသေးသည်။ မီးခလုတ်ပိတ်ပြီး ကျွန်တော် ကော်ဖီဖျော်ရင်း စဉ်းစားနေမိသည်။ မီးခလုတ်က ကွဲပျက်နေခြင်းလည်း မရှိပါ။ အကောင်းအတိုင်းပင်ဖြစ်သည်။

ကျွန်တော် တွင်ခုံကိုနောက်ခိုင်းပြီး ကော်ဖီဖျော်ရင်း ကျောထဲ၌ 'စိမ့်ခနဲ ... အေးခနဲ' ဖြစ်သွားမိသည်။ ကျောမလုံသလိုဖြစ်၍ နောက်သို့ လှည့်ကြည့်မိစဉ်တွင် ခုံနှစ်ခုံကြားမှ ယောကျ်ားတစ်ဦး ဂိုဒေါင်အနောက်ဘက်သို့ ထွက်သွားသည်ကို အသေအချာ မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းဖြစ်၍ ဂိုဒေါင်တံခါးအား ပိတ်ထားသည်။ တွင်ခုံပေါ်တွင် မီးချောင်း (၂)ချောင်းရှိသော်လည်း ကျွန်တော်က လေးပေမီးချောင်း တစ်ချောင်းသာ ဖွင့်ထားသဖြင့် ဂိုဒေါင်အနောက်ဘက်က မှောင်နေပါသည်။

ထို့ကြောင့် ကျွန်တော် ဂိုဒေါင်အနောက်ဘက်အခြမ်း မီးချောင်းအား ခေါင်းရင်းဥယျာဉ်တိုင် မီးခလုတ်တစ်ခုကို ချောက်ခနဲ ဖွင့်လိုက်ပါသည်။ မီးများ လင်းထိန်သွားသည်။ ဂိုဒေါင်အနောက်ပိုင်းတွင် ဘာမျှမရှိ။ တံခါးများကိုလည်း မင်းတုန်းချ၍ အကျအနပိတ်ထားပါသည်။ စောစောကလူ ဘယ်ရောက်သွားသည် မသိပါ။

ကျွန်တော် ရိပ်မိလိုက်ပါပြီ။ ပရလောကသားတစ်ဦး ဖြစ်ပေလိမ့်မည်။ သို့သော် ကျွန်တော် မကြောက်ပါ။ သူ့လမ်းသူသွားခြင်း ဖြစ်ပေလိမ့်မည်။ အိပ်ငိုက်နေသဖြင့် ထင်ရောင်ဝိုးတစ်ဝါးလည်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ကျွန်တော် ကော်ဖီခါးခါးကို ဖိမ်ဆွဲ၍ သောက်နေမိပါသည်။

✿ ✿ ✿

## ၂

❑

ကျွန်တော် ကော်ဖီသောက်အပြီး ခွတ်ဗူးထဲမှ ရေနွေးကြမ်းအား ငှဲ့နေစဉ် တွင်ခုံနှစ်ခုကြား ဥယျာဉ်ခေါင်းရင်းတိုင်နားတွင် အစောက လူကြီးအား ဖျတ်ခနဲတွေ့လိုက်ရပြီး ပျောက်ကွယ်သွားပြန်သည်။ မျက်နှာကိုတော့ မမြင်ရ၊ နောက်ကျောဘက်မှ မြင်လိုက်ရခြင်းဖြစ်သည်။

စွပ်ကျယ်အင်္ကျီ လက်ဖက်ဝတ်ထားပြီး ခေါင်းတုံးဆံပင်နှင့် ကွက်တုံး လုံချည်အနက်ကွက်ဖြင့် အင်္ဂါ အချော မြင်လိုက်ရခြင်းဖြစ်သည်။ ခေါင်းရင်း



www.burmeseclassic.com

www.burmeseclassic.com


ဥယျာဉ်တိုင်တွင် နေသည်ဟု ထင်ရပါသည်။ အလုပ်ရုံမှာ လူအမြဲနေခြင်းမရှိ။ ဘုရားစင်မရှိ။ ထို့ကြောင့် ပရလောကသားများ လွတ်လပ်စွာနေခြင်း ဖြစ်ပေလိမ့်မည်။ ရှိပါစေတော့။ ကျွန်တော်က ဗုဒ္ဓဘာသာဝင်တစ်ယောက်ပီပီ မေတ္တာပို့လိုက်ပါသည်။

ကျွန်တော် ခေတ္တနားပြီး အလုပ်ပြန်လုပ်ရန် ဥယျာဉ်တိုင်မှ မီးခလုတ်ကို ပြန်ဖွင့်တော့ ဓာတ်လိုက်မည်စိုး၍ သတိထားပြီး ဖွင့်သည်။ သို့သော် ဓာတ်မလိုက်ပါ။ အစောပိုင်းက မီးခလုတ်ပိတ်စဉ် ကျင်ခနဲခံစားရသော ဝေဒနာကိုလည်း မခံစားရပါ။ ပရလောကသား အပြင်ထွက်ရန်အချိန်နှင့် ကျွန်တော် မီးခလုတ်ဖွင့်ရန် ကိုင်ချိန် တိုက်ဆိုင်သွားသည်ဟု သဘောပေါက်ရပါသည်။

နောက်ပိုင်း ကျွန်တော် အလုပ်ကိုလုပ်နေသဖြင့် ပရလောကသားကိုပင် မေ့လျော့နေမိပါသည်။ မနက်မိုးလင်းသည်အထိ ဘာမျှ ထူးခြားချက်ဖြစ်မလာပါ။ နောက်တစ်နေ့ည သန်းခေါင်ယံအချိန်၌လည်း ပရလောကသားကြီး ထွက်လာပြန်ပါသည်။ အလုပ်ရုံအနောက်ဘက်သို့ သွားခြင်းဖြစ်သည်။ ယမန်နေ့ညကလို နောက်ကျောဘက်မှ မြင်ရခြင်းဖြစ်သည်။

ကျွန်တော့်က ...

"ဟေ့လူ ... ဟေ့လူ ... နေပါဦး"

ဆိုသော်လည်း လှည့်မကြည့်ပါ။ အပြန်၌လည်း ကျွန်တော် အလုပ်ထဲ စိတ်ဝင်စားနေစဉ် နောက်ကျောဘက်က မြင်ရခြင်းဖြစ်သည်။ ကြာတော့လည်း ရိုးလာပါသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်၏အပေါင်းအသင်းများ ဖြစ်ကြသည့် ဆေးဆရာကိုတိုးမြင့်၊ စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းတို့နှင့် လက်ဖက်ရည်ဆိုင်တွင် ဆုံကြ၍ ကျွန်တော်က ညဘက်အဖြစ်အပျက်များကို ပြောပြရာ ဆေးဆရာ ကိုတိုးမြင့်က ...

"ကိုမြင့်လင်းရဲ့ ... ပရလောကသား ကိုယ်ထင်ပြတယ်ဆိုတော့ မိတ်ဆွေဖြစ်ချင်လို့လား။ ပစ္စည်းပေးချင်လို့လား။ အမျှဝေတာကို သာဓုခေါ်ချင်လို့လား။ တစ်ခုခုဖြစ်မှာပေါ့။ မေးမြန်းကြည့်ပါတော့လား"

"ခြော် ... ကိုတိုးမြင့်ရယ်၊ ကျွန်တော် မေးပါသော်ကော။ လှည့်တောင် ကြည့်ဖော်မရဘူး"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် ဒီလိုလုပ်။ ခင်ဗျားရဲ့ တွင်ခုံခေါင်းရင်းက နံရံမှာ Black Board ကြီး ရှိတယ်မဟုတ်လား။ ပစ္စည်းအမှာစာ ရေးတာလေ။ မြေဖြူခဲတွေ ချထား။ မေးတာကို ပြန်ဖြေဖို့ စာနဲ့ရေးပြပါလို့ပြော။ အဲ့ဒါ ကိစ္စပြတ်တာပဲ"

ထိုစဉ် ကိုသိန်းဝင်းက ...

"ဟာ ... ကိုတိုးရဲ့ ပရလောကသားဆိုတာ လူတွေနဲ့ တိုက်ရိုက် စကားပြောလေ့မှ မရှိပဲ။ စာလည်း ဘယ်ရေးပါ့မလဲ။ ခင်ဗျားကလည်း ဆေးဆရာ ဖြစ်ပြီး အတော် အတွေးခေါင်တာပဲ"

"ဒါဆို ဘယ်လိုဆက်သွယ်အောင် လုပ်ရမလဲ"

"ပရလောကသားကို မေတ္တာပို့ပြီး အိပ်မက်တောင်းရတယ်"

ထိုစဉ် ကျွန်တော်က ...

"ကိုသိန်းဝင်းရယ် ... ကျွန်တော်က ညဘက် အိပ်မှမအိပ်တာ။ နေ့ပိုင်းမှာ အိပ်ရတာ။ နေ့လယ်ကြောင်တောင်ကြီး အိပ်မက်ပေးပါ့မလား"

"အင်း ... နေခင်းပိုင်းတော့ အိပ်မက်ပေးမှာ မဟုတ်ဘူး။ ခင်ဗျား တစ်နေ့နေ့တော့ ညဘက် အိပ်ပါလိမ့်မယ်။ အဲဒီတော့မှ တောင်းပေါ့"

နှစ်ပတ်လောက်အကြာတွင် ကျွန်တော်တို့ အလုပ်ပါးသွားသဖြင့် ကျွန်တော် တွင်ခုံရှိရာ အလုပ်ရုံတွင် နေ့ဘက်တွင်သာ အလုပ်လုပ်၍ ညဘက်တွင် အိမ်ပြန်အိပ်ပါသည်။ ပထမဆုံး အိမ်ပြန်အိပ်သောညတွင် ညဥ့်သန်းခေါင်၌ ထူးခြားဆန်းကြယ်သော အိပ်မက်ကို မြင်မက်တော့သည်။

အိပ်မက်ထဲ၌ ကျွန်တော် တွင်ခုံအလုပ်ရုံတွင် ညဘက် တစ်ဦးတည်း အလုပ်လုပ်နေစဉ် ခေါင်းတုံးဆံပင်၊ ပုဆိုးကွက်တုံးရှင် ပုဂ္ဂိုလ်ကြီး ဥယျာဉ်ခေါင်တိုင် ထဲမှ ထွက်လာပြီး ...

"ဒီမှာ ... သူငယ်၊ အဘကို တစ်ခုကူညီစမ်းပါ"

ကျွန်တော် ရုတ်တရက် လှည့်ကြည့်လိုက်တော့ မျက်နှာတွင် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများ ဖြူဖွေးနေပြီး ညာဘက်ပါးပြင်ပေါ်တွင် ကြီးမားသော မှဲ့နက်ကြီး တစ်လုံးဖြင့် အသက်(၇၀) ကျော်အရွယ် အဘိုးအိုတစ်ဦးအား အနီးကပ်မြင်ရသည်။ ခွစ်ကျယ်အင်္ကျီလက်တို၊ အနက်ရောင် ကွက်တုံးလုံချည်ဝတ်ထားသဖြင့် ကျွန်တော် အဘိုးကြီးအား မှတ်မိနေပါသည်။ ထို့ကြောင့် ...

"အဘက ဘယ်မှာနေ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်က ငါ့အိမ်လေကွာ။ ဒီမှာပဲနေတာပေါ့"

"အဘနာမည်ရော၊ ဘယ်လိုခေါ်သလဲ"

"ဦးအောင်ချိန်လို့ ခေါ်တယ်။ ဒီအိမ်ရဲ့ မူလပိုင်ရှင်က ငါပဲ"

"အဘကို ကျွန်တော်က ဘယ်လိုကူညီရမှာလဲ"

"ဒီအိမ်ကြီးကို မောင်ရင်ဝယ်လိုက်ပါ။ မောင်ရင်လေး ကြီးပွားချမ်းသာပါလိမ့်မယ်။ ပြီးမှ အဘကိုရည်မှန်းပြီး ဆွမ်းသွတ်အမျှဝေပါ"

"ပိုင်ရှင်က ရောင်းပါ့မလား အဘ။ ကျွန်တော်တို့က ငှားပြီး လုပ်ငန်းလုပ်နေရတာပါ။ နောက်ပြီး ဝယ်ဖို့ပိုက်ဆံလည်း ကျွန်တော့်မှာ အရန်သင့်မရှိဘူး"

"ပိုက်ဆံတွေ ရလာလိမ့်မယ်။ အဲဒီ ကြုံတင်ရလာတဲ့ ပိုက်ဆံနဲ့ ဒီအိမ်ကြီးကိုဝယ်ပါ။ အဘ မောင်ရင့်ကို ကူညီပါ့မယ်။ အဘလည်း ပစ္စည်းဥစ္စာတွေကို စောင့်ထိန်းနေရတာ ကျတ်ချိန်တန်ပြီ"

"အဘ ... ဒီအိမ်ကြီးကိုဝယ်ရုံနဲ့ ပိုက်ဆံတွေက ဘယ်လိုရလာမလဲ။ ပြောပြပါဦး"

"အဘနေတဲ့ ခေါင်းရင်းဥယျာဉ်တိုင်ခြေအောက်မှာ ရွှေအိုးတစ်လုံး မြှုပ်ထားတယ်။ အိမ်ဆောက်ကတည်းက မြှုပ်ထားတာဆိုတော့ ခေါင်းရင်းတိုင်ကို နုတ်မှရမယ်။ ဒီအတိုင်းတူးရင် မောင်ရင်လေးတို့ အိမ်ပိုင်ရှင်နဲ့ စကားများရမှာပေါ့။ ဒါကြောင့် အိမ်ကြီးကို ဝယ်ခိုင်းတာ။ ကိုယ့်လက်ထဲရောက်မှ အိမ်ကြီးကို ပြန်ပြင်ဆင်တဲ့သဘောနဲ့ လုပ်ပေါ့။ ကိစ္စတွေပြီးရင် အဘကို ဆွမ်းသွတ်အမျှဝေဖို့ မမေ့နဲ့နော်"

"ဟုတ်ကဲ့ပါ အဘ။ ကျွန်တော် ကတိပေးပါတယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၃

ကျွန်တော် အိပ်မက်မက်ပြီး အိပ်ရာမှနိုးတော့ မိုးပင်စင်စင် မလင်း သေးပါ။ အရုဏ်ဦး ရောင်ခြည်လာစပင် ရှိသေးသည်။ ပြန်လည်အိပ်ရန် ကြံရွယ်မိ သေးသော်လည်း မနက်စောစော လမ်းထလျှောက်တတ်ကြသည့် ထောင်မှူးကြီး ဦးသိန်းဝင်းနှင့် ဆေးဆရာကိုတိုးမြင့်တို့နှင့် တိုင်ပင်ရန် အိပ်ရာမှ ထလိုက်ပါ သည်။

ကျွန်တော် မျက်နှာသစ်၊ အဝတ်လဲပြီး အိမ်ကထွက်တော့ နံနက် (၅)နာရီ ခန့်ရှိပါပြီ။ သမိုင်းကောလိပ်ကုန်းဘက်သို့ လျှောက်ခဲ့သည်။ မနက်စောစော လမ်း ထလျှောက်လေ့မရှိသဖြင့် ပတ်ဝန်းကျင်အမြင်မှာ ဆန်းသစ်လှပနေသည်။

ကလေး၊ လူကြီး၊ အဘွားအို၊ အဘိုးအိုမကျန် အဖွဲ့ဖြင့် လမ်းလျှောက် နေကြသည်။ တကယ်တော့ ကျွန်တော်၏ စီးပွားရေးလုပ်ငန်းကြောင့် ပတ်ဝန်း ကျင်ဖြင့် အဆက်ပြတ်နေခြင်းဖြစ်သည်။ ကျန်းမာရေးလိုက်စားရန် အချိန်လည်းမရ ခဲ့။ ဝါသနာလည်း မပါခဲ့ပါ။ ကျွန်တော် ကျန်းမာရေး အသိနောက်ကျနေခြင်း ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကောလိပ်ကုန်းပေါ်သို့ရောက်တော့ လမ်းလျှောက်ခြင်းကို ရပ်ပြီး ငယ်စဉ်ကလို ကျန်းမာရေးလေ့ကျင့်ခန်းများလုပ်၍ အဆုတ်ထဲသို့ လေတစ်ဝရှူမိသည်။ မနက်ခင်း လေနုအေးကလေးမှာ လတ်ဆတ်လွန်း၍ လူမှာ လန်းဆန်းသွားသည်။ (၁၅) မိနစ်ခန့် ကျွန်တော် လေ့ကျင့်ခန်းလုပ်နေစဉ် စကားသံများကြားရပြီး ကျွန်တော့်ကို ရပ်ကြည့်နေသူများက ...

"အင်း ... ဒါကြောင့် ရာသီဥတုတွေ ဖောက်ပြန်ပြီး နွေခေါင်ခေါင် ဖားတွေ ထွက်အော်နေတာကိုး"

ဦးသိန်းဝင်းနှင့် ကိုတိုးမြင့်တို့ ဖြစ်ပါသည်။ သူတို့နှစ်ဦးက သမိုင်းကောလိပ်ဝင်းကို တစ်ပတ်ပတ်ပြီး ပြန်လာခြင်းဖြစ်သည်။ ကျွန်တော်လည်း လေ့ကျင့်ခန်းလုပ်ခြင်းကို ရပ်၍ ...

"ကျွန်တော်က ခင်ဗျားတို့နှစ်ယောက်ကို လာစောင့်ရင်း ကျန်းမာရေးလေ့ကျင့်ခန်း လုပ်နေတာ။ မနက်စောစော လမ်းလျှောက်လှုပ်ရှားရတာ ကောင်းသဗျာ။ ဒါကြောင့်လည်း ခင်ဗျားတို့နှစ်ယောက် အမြဲတမ်း တက်ကြွလန်းဆန်းနေကြတာကိုး"

"အခုမှသိရသလား ... ကိုမြင့်လင်းရယ်။ ကျန်းမာရေးအသိ တယ်နောက်ကျတာကိုး"

"ပြောလည်း ခံရတော့မှာပဲ ... ကိုတိုးမြင့်ရေ။ ခင်ဗျားတို့နဲ့ တိုင်ပင်စရာရှိလို့ စောစောမထစဘူး ထပြီးလာရတာဗျ။ အရေးကြီးတယ်"

ထိုစဉ် ဦးသိန်းဝင်းက ...

"ကဲ ... ဒါဆို လာကြဗျို့။ ထိုင်နေကျ ရပ်ကွက်ထိပ်ကဆိုင်မှာ မထိုင်တော့ဘဲ ဒီနားက ကောလိပ်ကုန်းပေါ်ကဆိုင်မှာ ထိုင်ကြစို့ဗျာ။

"ကောင်းဗျာ"

ကျွန်တော်တို့ ပလက်ဖောင်းဘေးတွင် ဖွင့်လှစ်ထားသည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်၍ လက်ဖက်ရည်သောက် မုန့်စားပြီး စကားပြောကြပါသည်။

"ညက ကျွန်တော် ထူးဆန်းတဲ့အိပ်မက်ကို မက်တယ်ဗျ"

"ဘယ်လိုအိပ်မက်မျိုးလည်း ကိုမြင့်လင်း"



www.burmeseclassic.com

www.burmeseclassic.com


နှစ်ယောက်စလုံးကလည်း မသရဇီကို ပြိုင်ပိုးစိန်ခေါ်ကြတာလေ။

"မင်းကိုကြိုက်ရင် မင်းယူ။ ငါ့ကိုကြိုက်ရင် ငါယူကြေးနော်"

"ဒါပေါ့ ... သူငယ်ချင်းရေ။ ဒါပေမဲ့နော် ကံကြီး မင်းနဲ့ငါ အပြိုင်ပိုးရာမှာ မင်းမကောင်းကြောင်း ငါမပြောကြေး၊ ငါ့မကောင်းကြောင်း မင်းမပြောကြေး နော်"

"စိတ်ချ ...။ အခြား ဘာစည်းကမ်းချက် လုပ်ဦးမလဲ ... မိုးခြိမ်း"

"သရဇီကို မင်းပဲရရ၊ ငါပဲရရ လက်ထပ်တဲ့နေ့မှာ တစ်သိန်းအောက်မလျော့တဲ့ ရွှေကွပ်မြလက်စွပ် လက်ဖွဲ့ကြေး။ ဘယ့်နှယ် .."

"စိန်လိုက်လေ။ အမှတ်တရလေးပေါ့"

အဲဒီလို နှစ်ဦးသဘောတူ လောင်းကြေးထပ်စိန်ခေါ်ပြီး မသရဇီရဲ့အချစ်ကို ရယူဖို့ အချိန်ရှိသမျှ ကြိုးစားပိုးပန်းလိုက်ကြတာ ...

နောက်ဆုံး မိန်းမချော မိန်းမလှလေး မသရဇီရဲ့အချစ်ကို ကိုကံကြီး ရရှိသွားပါရော။

အဲဒါ မသရဇီကိုယ်တိုင် နှလုံးသားနဲ့ရော၊ ဦးနှောက်နဲ့ရော ဆုံးဖြတ်ပြီး အဖြေပေး ရွေးချယ်လိုက်တာလေ။

ကိုကံကြီးက ဝမ်းသာလွန်းလို့ ချစ်သူရဲ့ပါးပြင်ပေါ် အားရဝမ်းသာ အနမ်းပန်းပွင့်များ စိုက်ပျိုးနေချိန်မှာပဲ ...

အချစ်ရေးမှာ အရေးနိမ့်သွားသူ ကိုမိုးခြိမ်းကတော့ ကွယ်ရာမှာ တောက်တစ်ချက်ခေါက်ပြီး သူမတို့နှစ်ဦးရှေ့မှာတော့ ကျေနပ်ပြုံး၊ ဝမ်းသာပြုံးလေး ပြုံးပြခဲ့လိုက်တယ်။

သို့သော် အရက်ဝိုင်းကို ရောက်ခဲ့ရင်တော့ ..

သီတာဒေဝီကိုရသွားတဲ့ ရာမမင်းသားကို အလိုမကျ မကျေမချမ်းဖြစ်နေတဲ့ ဒသဘီလူမင်းရဲ့ ကြိမ်းဝါး ကြုံးဝါးနည်းနဲ့ ပေါက်ကွဲလေ့ရှိတယ်။

ဒီလေး ... ကို သူလည်း မ,နိုင်သလို၊

ကံကြီးလည်း မ,နိုင်တာပါပဲ။

လေးပစ်တဲ့နေရာမှာ သူရှုံးရတာ။

ဒါကလည်း သီတာဒေဝီ မသရဇီက အားပေးလက်ခုပ်တီးလိုက်လို့ပါလို့ သူက တွေးယူခဲ့တယ်။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တွင်ခုံအလုပ်ရုံမှာ တစ်ဦးတည်း ညဘက်တွင် ခုတ်နေရင်း သရဲတွေ့တယ်လို့ပြောတာကို ကိုသိန်းဝင်းတို့ မှတ်မိတယ်မဟုတ်လား"

"မှတ်မိပါ့ဗျာ။ အခု အဲဒီသရဲနဲ့ အိပ်မက်ထဲမှာ တွေ့ရတယ်ဆိုပါတော့နော် ... မဟုတ်လား ကိုမြင့်လင်း"

ဦးသိန်းဝင်းက စုံထောက်ကြီး ဦးစံရှားလေသံဖြင့် မေးစေ့ကလေးကို ပွတ်ရင်း မေးမြန်းလာပါသည်။

"ဟုတ်ပါ့ ... ကိုသိန်းဝင်းရယ်။ ကျွန်တော် အလုပ်ရုံထဲမှာ တွေ့ရတဲ့ သရဲက အိပ်မက်ထဲမှာ အသက်(၇၀) လောက်ရှိတဲ့ အဘိုးကြီးဗျ။ မုတ်ဆိတ်ကျင်စွယ်တောင် ဖွေးဖြူနေပြီ။ ညာပါးပြင်ပေါ်မှာလည်း မှဲ့ကြီးတစ်လုံးနဲ့ဗျ။

"အဘိုးကြီးက ဘာတွေပြောသွားသလဲ"

"ကျွန်တော်တို့ အလုပ်ရုံလုပ်ထားတဲ့ အိမ်ကြီးကို ဝယ်ပါတဲ့။ ပိုက်ဆံမရှိဘူးဆိုတော့ မကြာမီ ရလာလိမ့်တဲ့။ အဲဒီပိုက်ဆံနဲ့ဝယ်ပြီး သူနေတဲ့ ခေါင်းရင်းတိုင်အောက်ခြေကို တူးပါတဲ့။ ရတနာအိုးမြှုပ်ထားတယ်လို့ ဆိုတယ်"

ထိုစဉ် ဆေးဆရာကိုတိုးမြင့်က ...

"အိမ်ကြီးကိုဝယ်ရင် သိန်းလေးငါးဆယ် ပေးရမှာ။ ဒီအတိုင်းတူးလို့ မရဘူးလား"

"ပစ္စည်းတွေရလာရင် အရှုပ်အရှင်းဖြစ်မှာစိုးလို့ ထင်ပါတယ် ကိုတိုးမြင့်ရယ်"

"တကယ်လို့ ပစ္စည်းတွေမရခဲ့ရင် ဘယ်လိုလုပ်မလဲ ကိုမြင့်လင်း"

"အင်း . . . အဲ့ဒါတော့ ကမ္ဘာသကာပေါ့ ကိုတိုးမြင့်ရယ်"

ထိုစဉ် ဦးသိန်းဝင်းက တွေးတွေးဆဆဖြင့် ...

"အဘိုးကြီးနာမည် ဘယ်သူတဲ့လဲ။ ခင်ဗျားအိပ်မက်ထဲမှာ မေးလိုက်တယ်မဟုတ်လား ကိုမြင့်လင်း"

"အင်း ... ကိုသိန်းဝင်းတို့ကတော့ စာရေးဆရာပီပီ ဇာတ်လမ်းဇာတ်ကွက်ကို ကြိုတင်သိနေတယ်ထင်ပါ့။ ကျွန်တော် အဘိုးကြီးနာမည်ကို မေးလိုက်မိပါရဲ့ဗျာ။ ဦးအောင်ချိန်တဲ့။ အဲ့ဒီအိမ်ကြီးကိုဆောက်တာလည်း သူပဲတဲ့။ ရတနာအိုးရလာရင် သူ့အတွက် ဆွမ်းသွတ်အမျှဝေဖို့လည်း ပြောသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


"အင်း ... ဒါဆိုရင်တော့ သေချာပြီဗျ။ ဦးအောင်ချိန်ဆိုတာ ကျွန်တော်တို့ငယ်စဉ်က ရပ်ကွက်မှာ သူကြီးလုပ်သွားတဲ့ နှုတ်ခမ်းမွေးကြီး ဦးအောင်ရှိန်ရဲ့ အစ်ကို ဖြစ်နိုင်တယ်။ သူတို့တစ်တွေ တစ်မျိုးလုံးက ချမ်းသာတယ်။

ရပ်ကွက်ထဲမှာလည်း သူတို့ပိုင်တဲ့မြေတွေက အတော်များတယ်။ ခင်ဗျား အိပ်မက် မှန်ပါလိမ့်မယ်။ စွန့်တော့ စွန့်စားရလိမ့်မယ်။ အိမ်ခြံမြေဝယ်တာပဲ အရှုံး မရှိနိုင်ပါဘူးဗျာ။ အခုလက်ရှိ ပိုင်ရှင်ဆီမှာ ရောင်းခဲ့တဲ့ဈေးနှုန်းကလေးကို ကြိုတင်ပြီး တီးခေါက်ထားကြည့်ပေါ့"

"အင်း ... အဲဒီအစီအစဉ် ကောင်းပါတယ်။ အိမ်ကြီးကို ဝယ်ပြီးလို့ ပစ္စည်းတွေတူးရင်တော့ ခင်ဗျားတို့နှစ်ယောက်သာ လူရင်းတွေဆိုတော့ ကူညီကြပါဦးဗျာ။ ဒီကိစ္စမျိုးက အလုပ်သမားနဲ့ တစ်စိမ်းလူကို ခေါ်လို့ဖြစ်မှာမဟုတ်ဘူး"

"ကောင်းပါပြီဗျာ။ ကျွန်တော်တို့ ကူညီပါမယ့်"

စားသောက်တိုင်ပင် ဆွေးနွေးကြအပြီး ကျွန်တော်တို့ လမ်းခွဲ၍ ပြန်ခဲ့ကြပါတယ်။ ကျွန်တော် အလုပ်များနေသဖြင့် သူတို့နှစ်ယောက်နှင့် တစ်ပတ်ခန့်ကြာသည်အထိ မဆုံဖြစ်ပါ။

လကုန်ရက်တွင် ကျွန်တော်ငှားရမ်းလုပ်ကိုင်နေသော ဂိုဒေါင်ပိုင်ရှင် ဦးလေးကြီး ကျွန်တော့်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါသည်။ ဂိုဒေါင်ငှားရမ်းခ၊ လာရောက်တောင်းခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်တော် လက်ဖက်ရည်ဆိုင်သို့ ခေါ်သွားရာ လက်ဖက်ရည်ဆိုင်တွင် ဦးသိန်းဝင်းနှင့် ကိုတိုးမြင့်တို့က ရောက်ရှိနေကြသည်။ ကျွန်တော် ဦးလေးကြီးအား အပေါင်းအသင်းများနှင့် မိတ်ဆက်ပေးရင်း လက်ဖက်ရည်တိုက်ရာ အိမ်ပိုင်ရှင်ဦးလေးကြီးက ...

"ဒီမှာမောင်မြင့်လင်း ... ဦးလေးက ဂိုဒေါင်ငှားရမ်းခ လာတောင်းတာ မဟုတ်ဘူး။ ဂိုဒေါင်ကိုရောင်းချင်လို့ လာပြောတာ။ သီရိမြိုင်က ဦးလေးအိမ်ကို ပြန်ပြင်ဆင်စရာတွေ ရှိနေတယ်။ အဲ့ဒါကြောင့် မောင်မြင့်လင်းငှားထားတဲ့ ဂိုဒေါင်ကို အပြတ်ရောင်းမှ ဖြစ်တော့မယ်"

ရေငတ်တုန်း ရေတွင်းထဲကျသလို ကျွန်တော်တို့လည်း စိတ်ဝင်စားသွားယဖြင့် ...


www.burmeseclassic.com

www.burmeseclassic.com


"ဦးလေး ... ဘယ်လောက်နဲ့ ရောင်းမှာလဲ။ ကျွန်တော်လည်း သိပ်တော့ မတတ်နိုင်ဘူး"

"ဦးလေး သိပါတယ်။ မောင်မြင့်လင်းတို့ တတ်နိုင်တဲ့ဈေးနဲ့ ရောင်းမှာပါ။ မောင်မြင့်လင်းတို့က တွင်ခုံလုပ်နေတော့ အခြေအနေ မပျက်ရအောင် မောင်မြင့်လင်းကိုပဲ ရောင်းချင်တာပါ။ သိန်း (၇၀) (၁၀၀) မခေါ်ပါဘူး။ သိန်း(၅၀)ထဲနဲ့ ရောင်းမှာပါ။ မောင်မြင့်လင်းက (၅)သိန်းစပေါ်တင်ထားတော့ နောက် (၄၅) သိန်း ပေးရင် ပြတ်ပြီပေါ့"

"ဟုတ်ကဲ့ ... ဦးလေး။ ကျွန်တော် ကြိုးစားပါ့မယ်။ တစ်ပတ်လောက်တော့ အချိန်ပေးပါ"

"တစ်ပတ် မဟုတ်ဘူး၊ တစ်လလည်း စောင့်နိုင်ပါတယ်"

"ဟုတ်ကဲ့ ဦးလေး။ ကျေးဇူးတင်ပါတယ်"

အိမ်ပိုင်ရှင်ဦးလေးအား ဂိုဒေါင်အား ငွေရမ်းခ တစ်လစာပေးလိုက်တော့ ဦးလေးကြီး လက်ဖက်ရည်သောက်ပြီး ပြန်သွားသည်။ ထို့ကြောင့် ကျွန်တော်တို့ အပေါင်းအသင်း (၃) ဦး တိုင်ပင်ကြရတော့သည်။

"ကဲ . . . ဘယ်လိုလုပ်ကြမလဲ ... သူငယ်ချင်းတို့။ အခြေအနေကတော့ အိပ်မက်ထဲက အဘိုးကြီးပြောတဲ့အတိုင်း ဖြစ်လာပြီ။ ဒါပေမဲ့ ကိုယ့်မှာ ငွေမရှိဘူး။ ငါ တာတွေကလည်း လုပ်ငန်းထဲမှာ လည်ပတ်မြှုပ်ဝင်နေတာ အိမ်မှာရှိလှ လေးငါးသိန်းပဲ"

ထိုစဉ် ကိုတိုးမြင့်က ...

"တစ်လတောင် အချိန်ရတာပဲ ... ကိုမြင့်လင်းရယ်။ ဒီကြားထဲ ရရင် ရမှာပေါ့။ မရတော့လည်း ကိုယ့်မှာ တိုက်ခန်းရောင်းထားတဲ့ငွေ သိန်း (၂၀) လောက် ဘဏ်မှာရှိပါတယ်။ ချေးပါ့မယ်။ ဒါပေမဲ့ မိသားစုပိုင်ဖြစ်လို့ ဒီအတိုင်း မရဘူး။ အတိုးတော့ ပေးရမယ်"

"အတိုးလည်း ပေးပါ့မယ်ဗျာ။ ပစ္စည်းတွေရရင်လည်း ခင်ဗျားတို့ နှစ်ယောက်ကို ကျေးဇူးလည်း ဆပ်ပါ့မယ်။ ဒါပေမဲ့ အိပ်မက်ထဲက အဘိုးကြီးက ငွေတွေဝင်လာမယ်ဆိုတော့ တစ်ပတ်၊ နှစ်ပတ်လောက်တော့ စောင့်ကြည့်လိုက်ဦးမယ်။ လိုတော့မှ ပြောပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com


"အင်း . . . ကိုမြင့်လင်းလည်း သရဲတစ္ဆေကို မယုံကြည်တဲ့သူ သရဲတစ္ဆေပြောစကားတော့ ယုံကြည်လက်ခံနေပြီပဲ။ ကျွန်တော်က စာရေးဆရာဖြစ်လို့လားတော့ မသိဘူး။ ပရလောကရှိတယ်ဆိုတာကိုတော့ ယုံကြည်လက်ခံတယ်ဗျာ။ အခုလည်း ခင်ဗျားအိပ်မက်က ထူးဆန်းပြီး တိုက်ဆိုင်နေတော့ ခင်ဗျားအမှန်တကယ်ကို ရတနာတွေ ရပါလိမ့်မယ်"

"အေးဗျာ . . . ကိုသိန်းဝင်းပြောတာ မှန်ပါစေလို့ ဆုတောင်းရတော့မှာပဲ။ ကျွန်တော်လည်း အိပ်မက်ထဲက အိမ်ပိုင်ရှင်အဘိုးကြီးကို မနက် ည မေတ္တာပို့နေပါတယ်ဗျာ"

✿ ✿ ✿

# ၄

❑

နောက်တစ်ပတ်ခန့်အကြာ တနင်္ဂနွေတစ်ရက်တွင် ကျွန်တော်တို့ အပေါင်းအသင်း (၃)ဦး လက်ဖက်ရည်ဆိုင်တွင် ပြန်ဆုံကြပြန်သည်။

ဦးသိန်းဝင်းမှ . . .

"ဘာထူးသလဲ . . . ကိုမြင့်လင်း"

"ထူးတော့မယ် ထင်တယ်ဗျို့။ ရှမ်းပြည်နယ်ဘက်က ဆေးကုမ္ပဏီကြီးတစ်ခုက ပုလင်းနဲ့ပုလင်းဖုံး မိုပုံစံအသစ်လုပ်ဖို့ အပ်ချင်တယ်လို့ ကိုယ်စားလှယ်က လာပြောနေတယ်။ မနက်ဖြန် တနင်္လာနေ့ သူတို့အဖွဲ့ ပုံစံတွေယူလာပြီး ဈေးနှုန်းစကားပြောမယ်။ ငွေလည်း ချပေးမယ်လို့ ပြောတယ်"

"အင်း . . . အဆင်ပြေတာပေါ့ဗျာ။ သူတို့က ဆေးကုမ္ပဏီကြီးဆိုတော့ အချိုကြီးအပ်မယ် ထင်ပါတယ်။ လက်ရာကောင်းဖို့တော့ လိုလိမ့်မယ်ဗျ"


www.burmeseclassic.com

www.burmeseclassic.com


"စိတ်ချစမ်းပါ ... ကိုသိန်းဝင်းရယ်။ မိုပုံစံက ကျွန်တော်ကိုယ်တိုင် လုပ်မှာပါ။ ပုလင်းနဲ့ အဖုံးလောင်းရင်တော့ အသေအချာ ကြီးကြပ်ရမှာပေါ့"

"ဒါနဲ့ မနက်ဖြန် မနက် (၁၀) နာရီလောက် ခင်ဗျားတို့နှစ်ယောက် ကျွန်တော့်အိမ်ကို လာခဲ့ကြဦးဗျာ။ သက်သေအဖြစ်ပေါ့။ ဆေးကုမ္ပဏီက ငွေရတာနဲ့ ကျွန်တော် ဂိုဒေါင်ကြီးကို တစ်ခါတည်း ငွေချေပြီး ဝယ်လိုက်ချင်လို့"

"လုပ်လုချည်လား .. ကိုယ့်လူရဲ့။ ရက်တောင်မဆိုင်းတော့ဘူးလား"

"မဆိုင်းတော့ဘူး ... ကိုတိုးမြင့်ရေ။ မနက်ဖြန် တနင်္လာနေ့ သာမညတောင် ဆရာတော်ဘုရားကြီးရဲ့ အခါပေး အချိန်ဖယားအရ မနက်ဖြန် (၉)နာရီက (၁၂)နာရီအတွင်း မင်္ဂလာအချိန် ဖော်ပြထားတယ်ဗျ။ တနင်္လာနေ့ဆိုတော့ ငွေဝင်မဲ့နေ့လေ"

"အင်း ... ဒါဆိုရင်တော့ ကိုမြင့်လင်းအနေနဲ့ ဆေးကုမ္ပဏီနဲ့ အသေအချာစကားပြောပြီးလို့ ကျွန်တော် ယူဆပါတယ်။ မှန်တယ်မဟုတ်လား"

"မှန်ပါ့ ... စာရေးဆရာကြီး"

နောက်တစ်နေ့မနက်တွင် လမ်းလျှောက်ပြီး ကိုတိုးမြင့်နှင့် ကိုသိန်းဝင်းတို့ လက်ဖက်ရည်ဆိုင်တွင် ဆုံကြမည်ဖြစ်သော်လည်း ကျွန်တော်မသွားနိုင်ပါ။ ဆေးကုမ္ပဏီဖြင့် မနက်ပိုင်းချိန်းထားသဖြင့် ပြင်ဆင်စောင့်ဆိုင်းနေရပါသည်။ မနက်ရှစ်နာရီခွဲတွင် သူတို့ရောက်လာကြသည်။ အကောင်းစား Parado ကားကြီးဖြင့် (၇)ဦး ဖွဲ့ဖြစ်သည်။

ကိုယ်စားလှယ်ဦးဆောင်လာပြီး ကုမ္ပဏီပိုင်ရှင်ဖြစ်ဟန်တူသည့် ခန့်ညားသော ရှမ်းအမျိုးသမီးကြီးတစ်ဦးလည်း ပါလာသည်။ ကျွန်တော်က ခရီးဦးကြိုဆို၍ ညှိနှိုင်းခန်းတွင် နေရာချထားပေးလိုက်သည်။ ကျွန်တော့်အမျိုးသမီး ခင်မြရီက ကျွန်တော် စီစဉ်ထားသည့်အတိုင်း ကော်ဖီနှင့်မုန့်များကို ချပေးသည်။ ကိုယ်စားလှယ်က သူတို့ယူဆောင်လာသည့် ထိုင်းနိုင်ငံမှ မှာယူတင်သွင်းသည်ဆိုသော ဆေးပုလင်းခွံများနှင့် ပုလင်းဖုံးများကို ချပြသည်။

"ဆရာကိုမြင့်လင်း ... ဒီအတိုင်း ပုံစံတူ လုပ်နိုင်ပါ့မလား"

"မြန်မာပြည်မှာလုပ်မဲ့ လက်ရာမို့လို့ အထင်မသေးပါနဲ့ .. ကိုတင်မြင့်။ ကျွန်တော့်တို့လက်ရာက ထိုင်းလက်ရာအတိုင်း တစ်သွေမတိမ်း ဖြစ်စေရမယ်။ မတူဘူးဆိုရင် ပြန်လျှော်မယ်။ ကျွန်တော်က အာမခံနဲ့ လုပ်ပေးမှာပါ။ အခု ကျွန်


www.burmeseclassic.com

www.burmeseclassic.com


တော် ရန်ကုန်က ဆေးကုမ္ပဏီတွေကို တင်သွင်းရတဲ့ နမူနာပုံစံတွေကိုလည်း အသေးစိတ် ကြည့်ရှုသွားကြပါဦး။ ကဲ ... စားရင်းသောက်ရင်း လေ့လာကြပါ"

ကျွန်တော်ထုတ်ပြသော ဆေးပုလင်းခွံနှင့် ပုလင်းဖုံးများကို ကြည့်ရှုလေ့လာကြပြီး သေသပ်သပ်ရပ်မှုအတွက် ခေါင်းညိတ်ပြီး သဘောကျနေကြသည်။ ကျွန်တော်တည်ခင်းဧည့်ခံသော မုန့်များမှာလည်း ကိတ်မုန့်၊ ဘီစကစ်မုန့်မျိုး မဟုတ်။

အုန်းသီးနိုင်နိုင် နမ်းထောင်းဖြင့် ကောက်ညှင်းချိတ်ပေါင်းနှင့် မုန့်ဟင်းခါး လက်ရာကောင်းကောင်းဖြစ်သည်။ သူတို့က အတော်စားကြပါသည်။ ခံတွင်းတွေ့ဟန်လည်း တူသည်။ မြန်မာလက်ရာ မုန့်စစ်စစ်ကို တောင်ပေါ်သားများ မကြိုက်စရာမရှိပါ။ ထို့ကြောင့် သိန်း (၅၀၀)ဖိုး စာချုပ်ချုပ်ကြပြီး သိန်း (၁၀၀) စရံ ငွေချသွားသည်။ ကျွန်တော်က သတ်မှတ်ချက်အရ လစဉ် ပစ္စည်းများ သွင်းပေးရမည်ဖြစ်ပြီး တစ်နှစ်အတွင်း အပြီးပေးသွင်းရမည်ဖြစ်သည်။

သူတို့အဖွဲ့အပြန်တွင် ရှမ်းအမျိုးသမီးကြီးက ရှမ်းသံဝဲဝဲဖြင့် ကျွန်တော့်အား သူတို့ အခြေချနေထိုင်ရာ ကျိုင်းတုံ(မိုင်းလား)သို့ လာရောက်လည်ပတ်ပြီး သူတို့စက်ရုံကြီးကို လေ့လာရန် ဖိတ်ကြားသွားပါသေးသည်။

ကုန်ကြမ်းတန်ဖိုး၊ အလုပ်သမားခများကို နုတ်လိုက်ပါက ကျွန်တော့်အတွက် အမြတ်ငွေ သိန်း(၁၀၀)ခန့် အနည်းဆုံး ကျန်ရှိမည်ဖြစ်သည်။ နောက် (၃) ပတ်ခန့်အကြာ ကျွန်တော်က ပစ္စည်းနမူနာများအပ်သည်နှင့် ကျန်ငွေ သိန်း (၄၀၀)ကို ချပေးမည်ဖြစ်သည်။ ထို့ကြောင့် စရံငွေ သိန်း(၁၀၀)အနက် ဂိုဒေါင်အိမ်ကြီးကိုဝယ်ယူရန် (၅၀)မှာ ကျွန်တော့်အတွက် အခက်အခဲမရှိတော့ပါ။

မနက် (၁၀) နာရီတိတိတွင် ကျွန်တော်ဖိတ်ကြားထားသော အပေါင်းအသင်းများဖြစ်ကြသည့် ကိုတိုးမြင့်နှင့် ကိုသိန်းဝင်းတို့ ရောက်လာကြသည်။

"ကဲ ... သူငယ်ချင်းတို့ လာကြ။ ထိုင်ကြပါ။ မြန်မာ့လက်ရာစစ် မုန့်ဟင်းခါးနဲ့ ကောက်ညှင်းချိတ်ပေါင်း ကျွေးမယ်"

"အောင်မြင်ခြင်း အထိမ်းအမှတ်မဟုတ်လား ... ကိုမြင့်လင်းရဲ့"

"ဪ ... စာရေးဆရာကြီးက တော်ပြန်ရော့လား။ ခန့်မှန်းချက်က ကွက်တိပဲဗျို့"

"Parado ကားပေါ်က ရှမ်းအမျိုးသမီးကြီးက ခန့်ချော့ကြီးနော်"


www.burmeseclassic.com

www.burmeseclassic.com


"ဩော် . . . ခင်ဗျားတို့ မြင်လိုက်ရပုံရတယ်။ အကုန်အဆင်ပြေတယ်ဗျို့။ သိန်း (၅၀၀) ဖိုး ပစ္စည်းအပ်တယ်။ သိန်း(၁၀၀) စရံငွေ ချသွားတယ်"

"ကိုမြင့်လင်းတို့အိမ်ရှေ့ Parado ကားကြီး ရပ်ကတည်းက ကျွန်တော်တို့နှစ်ဦးက လက်ဖက်ရည်ဆိုင်ထိုင်ပြီး ကြည့်နေကြတာ မြင်တာပေါ့ဗျာ။ အချိန်ကလည်းကြာတော့ အဆင်ပြေမှန်း သိသာတာပေါ့"

"ဟုတ်လိုက်လေ . . . စာရေးဆရာကြီးရယ်။ ကဲ . . . စားကြ သောက်ကြဗျာ။ ပြီးတာနဲ့ သီရိမြိုင်ဘက်သွားကြပြီး ဂိုဒေါင်ဝယ်ဖို့ ဦးလေးကြီးအိမ်မှာ ငွေသွားချေမယ်။ ရတနာပစ္စည်းတွေရတာနဲ့ ဒီလကုန်လောက်မှာ ခင်ဗျားတို့နှစ်ယောက်ကိုခေါ်ပြီး ကျိုင်းတုံဘက် တက်လည်မယ်"

"ကျိုင်းတုံဘက် ဘာသွားလုပ်မှာလည်း . . . ကိုမြင့်လင်းရဲ့။ အနားယူဖို့ဆိုရင်လည်း ချောင်းသာဘက်သွားတာမဟုတ်ဘူး"

"အင်း . . . ကိုတိုးမြင့်ကတော့ ရိုးလွန်းတော့ ဒုန်းဝေးနေပြန်ပြီ။ ကျိုင်းတုံက ဆေးကုမ္ပဏီကြီး အခြေစိုက်ရာဖြစ်လိမ့်မယ်။ လေ့လာဖို့ အလည်ဖိတ်မယ်။ ကိုမြင့်လင်းက တစ်ချက်ခုတ် နှစ်ချက်ပြတ် အလည်သွားမယ်။ ဒီလိုမဟုတ်လား . . ကိုမြင့်လင်းရဲ့"

"ဟုတ်ပါ့ . . . စာရေးဆရာကြီးရယ်။ ကျွန်တော်တို့ လေယာဉ်နဲ့သွားမယ်။ ဟိုကျမှ ကားနဲ့ လည်ကြတာပေါ့။ ချောင်းသာ၊ ငွေဆောင်ကမ်းခြေတွေမှာ အနားယူဆိုတာက ရိုးနေပါပြီဗျာ။ ဟိုတယ်ကောင်းမှာ အနားယူကြတာပေါ့။

ဟိုမှာက ရာသီဥတုအေးပြီး ပတ်ဝန်းကျင် အမြင်ဆန်းနဲ့ ခင်ဗျားတို့ သဘောကျကြမှာပါ။ ကျိုင်းတုံရောက်မှ ရှမ်းအမျိုးသမီးကြီးနေတဲ့ မိုင်းလားကို ကားနဲ့သွားကြတာပေါ့။ မကောင်းပေဘူးလား . . . ကိုသိန်းဝင်းရယ်"

"ကောင်းဗျာ . . .။ မုန့်ဟင်းခါးကလည်းကောင်း၊ ကောက်ညှင်းငချိတ်ပေါင်းကလည်းကောင်း၊ အလွန်အရသာရှိပေတာပဲ။ ဒီနေ့ကိစ္စကတော့ ဒီအစာ အစာတွေကြောင့် အောင်မြင်တာလည်း ပါလိမ့်မယ်။ ဒီအစီအစဉ်လည်း သာမညတောင် ဆရာတော်ဘုရားကြီးရဲ့ မိန့်ကြားချက်ပဲလား . . . ကိုမြင့်လင်းရေ"

"အင်း . . . ဒါကတော့ ကျွန်တော့်မိန်းမ ခင်မြမြရီရဲ့ အစီအစဉ်ဗျ . . . စာရေးဆရာကြီးရဲ့"

"ဟဲ . . . ဟဲ . . . ဟဲ . . ."


www.burmeseclassic.com

www.burmeseclassic.com


"အင်း ... မှားတဲ့အခါလည်း မှားပေမပေါ့ဗျာ"

"ဟဲ ... ဟဲ ... ဟဲ ..."

ကိုသိန်းဝင်းက စုံထောက်ကြီးဦးစံရှား လေသံဖြင့် မှတ်ချက်ချသည်။ ကျွန်တော်တို့ (၃)ဦး၊ (၁၃) ရပ်ကွက်ကို ဖြတ်၍ သီရိမြိုင်သို့ လမ်းလျှောက်ကြပြီး ဦးလေးကြီးအိမ်တွင် ငွေချေ၍ စာချုပ်ချုပ်ဆိုကြသည်။ ပြီးနောက် ကျွန်တော်တို့ ပြန်လာကြပြီး လက်ဖက်ရည်ဆိုင်ထိုင်ပြန်၍ ရတနာတူးဖော်မည့် နေ့ရက်နှင့် အချိန်ကို ရွေးချယ်ကြသည်။

အချိန်က လာမည့် တနင်္ဂနွေနေ့၊ မနက်(၉)နာရီမှ နေ့လယ် (၁၂)နာရီ အတွင်း ဖြစ်သည်။ လက်သမားငှား၍ အိမ်ကို မဖျက်တော့ဘဲ ခေါင်းရင်းတိုင်ကို မော်တော်ကားဂျိုင့်ဖြင့် မ,၍ အောက်ခြေကို တူးရန် အစီအစဉ်ဖြစ်ပေသည်။

✿ ✿ ✿

## ၅

❑

တနင်္ဂနွေနေ့မနက်တွင် ကျွန်တော်တို့ (၃)ဦး လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြပြီး အချိန်ကိုစောင့်၍ တီးတိုးဆွေးနွေးကြသည်။ အလုပ်ပိတ်ရက်ဖြစ်၍ အလုပ်ရုံတံခါးကို ပိတ်ထားပြီး ပိုင်းဝန်းတူးဖော်ကြရန် ဖြစ်သည်။

မနက်(၉)နာရီတိတိတွင် ကျွန်တော်တို့ မင်္ဂလာအချိန်ယူပြီး အလုပ်ရုံဘက်သို့ ချီတက်ခဲ့ကြသည်။ မော်တော်ကားဂျိုင့်ကြီးနှင့် သံချောင်း၊ တူးစရာသံတူးရွှင်းနှင့် ဂေါ်ပြား၊ ပေါက်ချွန်း စုံလှသည်။ မြွေရေခွံအိတ်များဖြင့် ထည့်ပြီး ခွ၍ သယ်ခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ယနေ့ အလုပ်ပိတ်ရက်ဖြစ်သဖြင့် အလုပ်အပ်ရန်လာမည့်သူများ မရှိပါ။ သို့သော် ဖြတ်သွားဖြတ်လာ ခရီးသွားများ ဝင်ရောက်စပ်စုမည်စိုး၍ အလုပ်ရုံတံခါးကိုတော့ အတွင်းမှ ဂလန့်ချ၍ ပိတ်ထားလိုက်သည်။

တွင်ခုံပေါ်တွင် မီးချောင်းများထွန်းပြီး (၆) လက်မပတ်လည် မြေစိုက်၊ ခေါင်းရင်း၊ ဥယျာဉ်တိုင်အား၊ ဆင့်တန်းမှ မ,ရန်ဖြစ်သော်လည်း မော်တော်ကား ဂျိုင့်တစ်လုံးတည်းဖြင့် မရ။ ဘက်ညီသော နောက်တစ်လုံး လိုအပ်နေပြန်သည်။

ထို့ကြောင့် ကျွန်တော်နှင့် ကိုတိုးမြင့်တို့ တိုင်ခြေအရင်းအား မြေပွစေရန် သံတူးရွှင်းဖြင့် မြေဆွနေစဉ် ကိုသိန်းဝင်းက ဂျိုင့်အရှာထွက်သည်။ နာရီဝက်ခန့်အကြာ ပြန်လာတော့ မော်တော်ကားကြီးသုံး အဝါရောင် (၅)တန် ဂျိုင့်ကြီးဖြစ်နေသည်။ ကျွန်တော့်တွင်ရှိသည်မှာ (၂)တန်ဂျိုင့်ဖြစ်၍ ဘက်ညီစေရန် အုတ်ခံခုရသည်။

တူးဆွထားသော မြေကျင်းအတွင်း ရေလောင်းထည့်ရသည်။ ပြီးမှ ကိုတိုးမြင့်နှင့် ကိုသိန်းဝင်းတို့ တက်ညီလက်ညီ မော်တော်ကား ဂျိုင့်များအား တဖြည်းဖြည်း မြှင့်တင်ကြသည်။ အိမ်ခေါင်းရင်း၊ သစ်အကာမှ တစ်ဖျစ်ဖျစ်မြည်၍ ခေါင်းရင်းတိုင်ကြီး တစ်ဖြည်းဖြည်း ကြွတက်လာပါသည်။

ကျွန်တော်က သံတူရွှင်းဖြင့် တဖြည်းဖြည်းတူးသည်။ မြေဝင် နှစ်ပေကျော်သုံးပေခန့်တွင် အိုးနုတ်ခမ်းကို ဖော်၍ရသည်။ စဉ့်အိုးကလေးဖြစ်သည်။ ထိုစဉ် အိမ်ခေါင်မိုးပေါ်မှ အိမ်မြှောင်များ စုပေါင်း၍ စုတ်ထိုးသံကို ကြားရတော့သည်။

"ကျွတ် . . . ကျွတ် . . . ကျွတ် . . ."

"ကဲ . . . အောင်ပြီ . . . သူငယ်ချင်းတို့၊ အိမ်မြှောင်တွေ စုတ်ထိုးပြီး ကောင်းချီးပေးနေတယ်။ ကိုယ်ဆက်တူးလိုက်မယ်"

မကြာမီ ပြည်ဝင်အိုးခန့် စဉ့်အိုးကလေးကို ကျွန်တော်တူးဖော်ရရှိပါသည်။ အိုးအဝကို ဖယောင်းဖြင့် ဖော်မံပြီး ပိတ်ထားသည်။ နှစ်ပေါင်းအတော်ကြာ မြေကြီးထဲ မြှုပ်ထားသဖြင့် ဖယောင်းသားမှာ ဖန်သားပြင်လို တင်းမာနေသည်။

ကျွန်တော်က အနီးရှိ တွင်ခုံသုံး ဝက်အူလှည့်ဖြင့် ထိုးကြည့်ရာမရပါ။ ထိုစဉ် ကိုတိုးမြင့်က တူကလေးဖြင့် ဖယောင်းသားအား ဆတ်ခနဲ ရိုက်ခွဲလိုက်ရာ ဖယောင်းသားမှာ ပဏ္ဍုကမ္ဗလာမြင်တန်းကြီးလို ကွဲကြေသွားသည်။

ထိုအခါမှ ကျွန်တော်က ဝက်အူလှည့်ဖြင့် ကလော်ထုတ်ရာ ဖယောင်းစများ



www.burmeseclassic.com

www.burmeseclassic.com



တစ်စစီ ပဲ့ထွက်လာသည်။ အဖုံးဝပွင့်သွား၍ အထဲသို့ လက်နှိုက်ကြည့်ရာ နီညို ရောင် ကတ္တီပါအိတ်ရှုံ့ကလေးတစ်လုံး ထွက်လာသည်။ အပေါက်အပြဲမရှိ၊ အကောင်း အတိုင်းပင်။

ကျွန်တော် အိတ်ရှုံ့ကလေးကြိုးအား ဖြည်၍ကြည့်ရာ စိန်စီ လက်ဝတ် လက်စားများနှင့် ကျော့ကတုံး(ခေါင်းတုံး) ရွှေဒင်္ဂါးအပြား (၃၀) တိတိ ထွက်လာပါ သည်။ ကာလတန်ဖိုး နည်းမည်မဟုတ်။ ကျွန်တော်တို့ မခန့်မှန်းတတ်ပါ။ စိန် ကျောက်များ ပါနေသောကြောင့် ဖြစ်ပါသည်။

စဥ့်အိုးကလေးကို လုံခြုံစွာသိမ်းဆည်းပြီး ကျွန်တော်တို့ ခေါင်းရင်း အောက်ခြေ၊ အိုးကလေးနေရာ၌ချ အုတ်နီခဲများအစားထိုးပြီ ဂျိုင့်များကို တဖြည်း ဖြည်း လျှော့ချ၍ မြေပြန်ဖို့ကြသည်။ ပြီးနောက် တိုင်ခြေရင်းကို ဒင်ဖြင့် ဆောင့် ကြသည်။ ခြေရာလက်ရာမပျက် ဆောင်ရွက်ကြပြီးဖြစ်သည်။

စဥ့်အိုးကလေးကို ကျွန်တော် အိတ်ဖြင့်ထုပ်၍ အိမ်ပြန်ပို့ပြီး ကျွန်တော် တို့သူငယ်ချင်းတစ်စု နေ့လယ်စာစားရန် ကားငှား၍ အကောင်းဆုံးစားသောက်ဆိုင် သို့ ထွက်ခဲ့ကြပါတော့သည်။

✿ ✿ ✿

## ၆

❑

နောက်တစ်ပတ်၊ တနင်္ဂနွေနေ့တွင် အာရဏ်ဆွမ်းကပ်၍ အလုပ်ရုံ၌ အလုပ်အတန်းလုပ်ပြီး ပစ္စည်းပိုင်ရှင် အဘဦးအောင်ချိန်အား အမျှအတန်းဝေပါ သည်။ သတင်းမပေါက်ကြားစေရန် ကျွန်တော်တို့သူငယ်ချင်းတစ်စုသာ အရဏ်ဆွမ်း ကပ်ရ၍ အနီးပတ်ဝန်းကျင်အား မနက်(၇)နာရီခန့်မှ ဖိတ်ကြားပြီး မနက်စာကျွေး ကောင်းကျွေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့တော့ ...

ရာမမင်းသား မောင်ကံကြီးမျက်ရည်ကျပြီး သီတာဒေဝီ မသရဖီ သူ့ရဲ့ သိဂိုပြည်က သံကွန်ချာခုနစ်လွှာအောက်ကို ရောက်ရစေမယ်လို့ ကြိမ်းဝါးခဲ့တယ်။

အဲဒီကျမှ မသရဖီရဲ့မာနကို တစ်စစီ ရိုက်ချိုးမယ်။ သရဖီ အလှပွင့်ချပ်တွေကို တစ်လွှာစီ ဖွဲ့ခြွေပစ်မယ်။ သရဖီရဲ့ နှလုံးသားကို ညာခြေနဲ့ မှုန့်မှုန့်ညက်အောင် နင်းခြေပစ်မယ်လို့ ရင်ထဲမှာ ကြုံးဝါး အဓိဋ္ဌာန်ပြုလိုက်တယ်။

✿ ✿ ✿

## ၃

❑

နှစ်ဦးသဘောတူထားခဲ့သည့် ကတိကဝတ်ကို ကိုမိုးခြိမ်းက မပျက်ကွက်ခဲ့ပါဘူးဗျာ။

မသရဖီနဲ့ ကိုကံကြီးတို့ မင်္ဂလာဆောင်သည့်နေ့မှာပဲ ကိုမိုးခြိမ်းက ရွှေတစ်ကျပ်သားစီးတဲ့ မြလက်စွပ်တစ်ကွင်း လက်ဖွဲ့ခဲ့တယ်။

အများပရိသတ်ရှေ့မှာ အဲဒီရွှေမြလက်စွပ်ကို သူချစ်ခဲ့ရသည့် မသရဖီရဲ့ ဘယ်လက်သူကြွယ်မှာ စွပ်ပေးလိုက်ရော ...

မင်္ဂလာခန်းမကြီးတစ်ခွင်လုံး လက်ခုပ်သြဘာသံများ ပွက်ပွက်ညံသွားတာပဲ။ အားလုံး ဝမ်းသာကြည်နူးကြလို့ မဆုံးဘူး။

သရဖီရဲ့ မျက်နှာပေါ်မှာလည်း ကိုမိုးခြိမ်းကို လေးစားတဲ့အပြုံးက ဆင့်ကဲဖွင့်လို့။

ကိုကံကြီးနဲ့ ကိုမိုးခြိမ်းတို့နှစ်ဦးရဲ့ ညာလက်နှစ်ခုကလည်း နိုင်မြဲစွာဆုပ်ကိုင်ပြီး ဝမ်းသာကြည်နူးအပြုံးအရိပ်တွေ လျှံလို့ပါဗျာ။


www.burmeseclassic.com

www.burmeseclassic.com


အိမ်ပိုင်ရှင်ဦးလေးကြီးအားလည်း ဖိတ်ကြား၍ အိမ်သစ်တက်ပွဲ သပိတ်ဆွမ်းကျွေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောပြရသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့အလုပ်ကလေးမှာ သိုသိုသိပ်သိပ်ဖြင့် အထမြောက် အောင်မြင်သွားပါသည်။

ကျွန်တော် ညဘက် အလုပ်ရုံတွင် တစ်ဦးတည်း တွင်ခုတ်၊ မိုပုံစံလုပ်သော်လည်း အဘဦးအောင်ချိန်၏ အရိပ်အယောင်ကို မမြင်တွေ့ရတော့ပါ။ အဘဦးအောင်ချိန်က အိပ်မက်ပင်မပေးတော့ပါ။ ကတိအတိုင်းပြုလုပ်ပေးသော ကျွန်တော်တို့၏ အလှူဒါနအကျိုးဆက်ကြောင့် အဘတစ်ယောက် အမျှရ၍ သာဓုခေါ်နိုင်ပြီး ကျွတ်တန်းဝင်သွားဟန်တူပါသည်။

ကျွန်တော် တစ်ပတ်ခန့် မိုပုံစံထုတ်ပြီးတော့ ရွှေပြည်သာ စက်ရုံသို့ သွား၍ နမူနာပုလင်းနှင့် အဖုံးများကို ကိုယ်တိုင်ကြီးကြပ်၍ ထုတ်လုပ်ပါသည်။ (၃) ပတ်ပြည့်တော့ ဆေးကုမ္ပဏီမှ ရှမ်းအမျိုးသမီးကြီးတို့ အုပ်စုလိုက် ရောက်လာကြပြန်သည်။

ကျွန်တော်လုပ်ထားသော နမူနာပုံစံပုလင်းဖုံးနှင့် ပုလင်းခွံများကို ယိုးဒယားလက်ရာများနှင့် တိုက်ဆိုင်စစ်ဆေးပြီး လွန်စွာသဘောကျသဖြင့် ကျန်ငွေသိန်း (၄၀၀)ကို အပြီးပေးချေပြီး ကျွန်တော့်အား ကျိုင်းတုံ (မိုင်းလား)သို့ ဆက်ဆက်လာလည်ပါရန် ထပ်မံဖိတ်ကြားသဖြင့် ကျွန်တော်မှ ကျွန်တော့်သူငယ်ချင်း(၃)ဦးနှင့်အတူ လကုန်တွင် လာလည်မည်ဟု ကတိကဝတ် ပြုလိုက်ရပါသည်။

ကျွန်တော့်တွင် ဥစ္စာပစ္စည်းများ ပြည့်စုံပြီဖြစ်သည်။ ဆေးကုမ္ပဏီမှအပ်သော ပုလင်းနှင့်အဖုံးအတွက် ကုန်ကြမ်းပစ္စည်းများ စုဆောင်းဝယ်ယူသည်။ အလုပ်သမားများကိုလည်း (Bonus) ဆုများပေးလိုက်သည်။ ရတနာ့အိုးကလေးက ပစ္စည်းများကိုတော့ ကျွန်တော် လုံးဝ မထိသေးပါ။ မီးခံသေတ္တာထဲ၌ အသေအချာ သိမ်းထားပါသည်။

သူငယ်ချင်းများကို ကြိုတင်သတိပေးပြီး လကုန်သောနေ့တွင် ကျွန်တော်တို့(၃)ဦး လေယာဉ်ဖြင့် ကျိုင်းတုံသို့ ထွက်ခဲ့ကြပါတော့သည်။ (၄၅)မိနစ်ဖြင့် ကျိုင်းတုန်လေယာဉ်ကွင်းသို့ ရောက်သည်။ တောင်ပေါ်မြို့ကလေးဖြစ်၍ အလွန်သာယာပါသည်။

ကျွန်တော်တို့ TAXI ကားငှားရန် တည်းခိုရန် ဟိုတယ်ကောင်းတစ်ခုသို့မောင်းရန် ကားဆရာအား‌ေြာရာ ကားဆရာကလည်း စိတ်ရှင်းလက်ရှင်း


www.burmeseclassic.com

www.burmeseclassic.com


မောင်းပို့ပေးပါသည်။ သို့သော် ဟိုတယ်ကောင်းများတွင် ဧည့်သည်များက အပြည့် ဖြစ်နေသည်။ နေရာကောင်းကမရ။ ကျွန်တော်ကလည်း ဟိုတယ်အညွှစားတွင် မတည်းခိုချင်ပါ။

ကျေးဇူးပြုရမည့် သူငယ်ချင်းနှစ်ဦးအား ကောင်းမွန်စွာ ပြုစုချင်သော ကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ကားကလေး အခေါက်ခေါက်အခါခါ မောင်းနေ သည့် လမ်းအောက်ဘက်ချိုင့်ဝှမ်းထဲ၌ လှပသော အဆောင်ကလေးများနှင့် ဖွဲ့စည်း ထားသောနေရာတစ်ခုကို မြင်မိလိုက်သည်။ ကျွန်တော်က ကားဆရာအား ...

"ကားဆရာ ... လမ်းဘေးချိုင့်ဝှမ်းထဲက အဆောက်အဦးတွေဟာ ဟိုတယ်လား။ တည်းခိုခန်းလား။ ကျွန်တော် သဘောကျတယ်။ အဲဒီနေရာကို ဝင်ပေးပါလား"

"ကျိုင်းတုံဟိုတယ်ပါ ဆရာ။ ဆရာတို့ မကြိုက်မှာစိုးလို့ပါ"

ကျွန်တော်တို့ကားကလေး ပြန်ချိုးကွေ့၍ ဟိုတယ်လမ်းအတိုင်း ဝင်ခဲ့ ပါသည်။ ဟိုတယ်မြေနေရာမှာ ချိုင့်ဝှမ်းအတွင်းဖြစ်သော်လည်း အတော်ကျယ်ပြန့် ပြီး သပ်ယပ်ခန့်ညားပါသည်။ ပင်မအဆောက်အဦးအနီး၌လည်း ဘန်ဂလို ကလေးများကို သီးခြားဆောက်လုပ်ထားသေးသည်။ ကျွန်တော်ပင် ဦးစွာဆင်း၍ ဧည့်ကြိုကောင်တာတွင် စုံစမ်းရာ အခန်းလွတ်များရှိကြောင်း သိရှိသဖြင့် ကျွန် မဟာ်တို့ ပစ္စည်းများကိုချ ပြီး TAXI ကားအား ပြန်လွှတ်လိုက်သည်။

ဧည့်ကြို အမျိုးသမီးက ပြုံးရွှင်ကြိုဆိုပြီး ...

"ဆရာတို့ (၃)ဦးတည်းလား။ ပင်မအဆောင်က ဘယ်အခန်း ကြိုက်ပါ သလဲရှင်။ ဒီမှာ SITE PLAN ပါ။ ဧည့်သည်ပါးတော့ ကြိုက်ရာအခန်း ရွေးနိုင်ပါ တယ်ရှင့်"

ကျွန်တော်က လွတ်လပ်စွာ အပေါင်းအသင်းများဖြင့် နေလိုသူဖြစ်၍ ပင်မ အဆောင်အခန်းများထက် ဘန်ဂလိုကလေးများကို သဘောကျသဖြင့် ...

"ဘန်ဂလိုတစ်လုံး လိုချင်ပါတယ်။ ကျွန်တော်တို့က လွတ်လွတ်လပ် လပ်နေချင်လို့ပါ။ အစားသောက်ကော ရတယ်မို့လား"

"အစားသောက်ကတော့ လက်ရာစုံ ရနိုင်ပါတယ်ရှင့်။ ဒါပေမဲ့ ဘန်ဂလို တွေကတော့ လူပြည့်နေပြီ ထင်ပါရဲ့။ ခဏစောင့်ပါရှင့်။ ကျွန်မ SITE PLAN ကို ကြည့်ပေးပါမယ့်"


www.burmeseclassic.com

www.burmeseclassic.com


မကြာပါ။ ညှော်ကြိုအမျိုးသမီး ကောင်တာထဲ ဝင်သွားရာမှ ကဒ်ထူပြား တစ်ရွက်ကိုင်ပြီး ပြန်ထွက်လာကာ ...

"ဒီဟိုတယ်မှာ ဘန်ဂလို (၅) လုံးရှိပါတယ်ရှင့်။ (စီ) ကတော့ လူမရှိပါဘူး။ လူကြီးမင်းတို့ နှစ်ယောက်သဘောကျရင် တည်းခိုနိုင်ပါတယ်"

"ကြည့်မယ်ဗျာ ...။ အေးချမ်းပြီး သပ်ရပ်သန့်ရှင်းရင် ပြီးတာပါပဲ"

ကျွန်တော်တို့အား လုငယ်တစ်ဦးက အခန်းသော့တွဲများယူ၍ လိုက်ပြပါသည်။ ဘန်ဂလိုလေးမှာ မကျယ်ဝန်းသော်လည်း နှစ်ယောက်အိပ် အိပ်ခန်းနှစ်ခန်း။ ညှော်ခန်းဖြင့် စနစ်တစ်ကျ ဖွဲ့စည်းထားပါသည်။ အိမ်သာ၊ ရေချိုးခန်းလည်း အခန်းတိုင်း၌ပါသည်။ ညှော်ခန်း၌ TV နှင့် ရေခဲသေတ္တာလည်းရှိသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ခရီးဆောင်ပစ္စည်းများကို ကူညီသယ်ယူပေးကြပါသည်။ ကျွန်တော်ကလည်း စားသောက်ရန် အမည်များကို ကြိုတင်မှာကြားလိုက်သည်။ ဘန်ဂလိုလေးများမှာ ပင်မခန်းမဆောင်ကြီး၏ အရှေ့ဘက်၊ လက်ဝဲလက်ယာ၌ သီးသန့်စီရှိကြပြီး ဟိုတယ်ဝင်းအား အုတ်တံတိုင်းခတ်ထား၍ ဝင်းအတွင်း၌ ပန်းအလှပင်မျိုးစုံအား စိုက်ထားရာ ညဘက်၌ပင် မီးရောင်ဖြင့် လှပဝေဆာနေပါသည်။ ကျွန်တော်တို့သည် တည်းခိုမည့် ဘန်ဂလိုလေးမှာ အေ–ဘီ–စီဟု၊ လက်ယာဘက်တွင် ဘန်ဂလို (၃)လုံးရှိသည့်အနက် အရှေ့တောင်ဘက်အစွန်း ဝင်းအုတ်တံတိုင်းအနီးတွင် ရှိသည်။

ကျွန်တော်တို့ ရေမိုးချိုး အဝတ်အစားလဲပြီး အသင့်ဖြစ်ချိန်တွင် ဟိုတယ်ဝန်ထမ်းကလေးများက နှစ်ယောက်တစ်တွဲ စားစရာများ လာချပေးပါသည်။ တရုတ်အစားအစာ ဟင်းလျာမျိုးစုံဖြစ်သည်။ လက်ရာလည်း အလွန်ကောင်းမွန်သည်။

ည(၈)နာရီခန့်တွင် စားသောက်ပြီးကြ၍ ကျွန်တော်တို့ TV အစီအစဉ်ကို ကြည့်ကြပြီး ည(၉)နာရီခန့်တွင် အနားယူအိပ်စက်ကြပါသည်။ ကျွန်တော်က နှစ်ယောက်တွဲအိပ်ခန်းတွင် တစ်ယောက်တည်း အိပ်ခြင်းဖြစ်ပြီး ကိုတိုးမြင့်နှင့် ကိုသိန်းဝင်းတို့က နှစ်ယောက်ခန်းတစ်ခန်းတွင် အတူအိပ်ကြပါသည်။ ည(၁၂)နာရီခန့်တွင် တံခါးဖွင့်ပြီး တံခါးပေါင်နှင့် ရိုက်သံကြောင့် ကျွန်တော်အိပ်နေသောခုတင် တုန်လှုပ်သွား၍ ကျွန်တော် လန့်နိုးပါသည်။

ကျွန်တော် ခုတင်ခြေရင်းမှ တံခါးကိုကြည့်မိတော့ တခါးဖွင့်ခြင်းမရှိပါ။ ကိုတိုးမြင့်တို့အခန်းဘက်မှ တံခါး ငှ်ခြင်း ဖြစ်ဟန်တူသည်။ ထို့ကြောင့် ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com


ပြန်အိပ်ပါသည်။ မကြာမီ တံခါးဖွင့်သံကို ထပ်မံကြားရပြန်ပြီး ကလေးများစကားပြောသံကြောင့် ကျွန်တော် အိပ်ရာမှ လန့်နိုးပြန်သည်။

နားစွင့်နေသော်လည်း မြန်မာစကားမဟုတ်သဖြင့် ကျွန်တော် နားမလည်ပါ။ အိပ်ချင်မူးတူးဖြင့် ကျွန်တော် ပြန်လည်အိပ်ပျော်သွားရာ ကျွန်တော်၏အိပ်ခန်းတံခါးအား တွန်းဖွင့်သံကြောင့် ကျွန်တော် လန့်နိုးပြန်သည်။

အိပ်ခန်းတံခါးအား အသေအချာ ကြည့်တော့လည်း Lock ချလျက်။ ပွင့်မနေပါ။ ကျွန်တော် ခန့်မှန်းမိပါပြီ။ ပရလောကသားများ အနှောင့်အယှက်ပြုဟန်တူပါသည်။ ကျွန်တော် အခန်းတွင် လျှပ်စစ်မီးများအားထွန်း၍ အခန်းတံခါးကို ဆွဲဖွင့်လိုက်တော့ ကလေးအသံများ ချက်ချင်းပျောက်သွားပါသည်။ ဘန်ဂလို အပြင်၌လည်း မဲမှောင်မနေပါ။

ပင်မဆောင်ကြီးအပြင်ဘက်နှင့် အုတ်စီရိုးပတ်လည်၌ မီးများ ထိန်ထိန်လင်းနေပါသည်။ ကြောက်စရာလည်း မရှိပါ။ ညဉ့်နက်ပြီဖြစ်၍ ဟိုတယ်ဝန်ထမ်းများကိုလည်း မမြင်ရတော့ပါ။ ထိုစဉ် တစ်ဘက်ခန်းမှ တံခါးဖွင့်သံကြားရပြီး ကိုတိုးမြင့်နှင့် ကိုသိန်းဝင်းတို့ ထွက်လာကြပြီး ဘန်ဂလိုတံခါးမကြီးအပြင်ဘက်သို့ ထွက်လာကြသည်။ ကျွန်တော့်ကို တွေ့သည်နှင့် . . .

"ကိုမြင့်လင်း . . . ဘာဖြစ်တာလဲ။ အိပ်မပျော်ဘူးလား။ ကလေးသံကလေးတွေကိုလည်း ကြားနေရတယ်။ တံခါးကလည်း ဖွင့်လိုက်ပိတ်လိုက်နဲ့"

"အဲဒါကို ကျွန်တော်ထကြည့်တာ။ အိပ်ခန်းတံခါးရော တံခါးမကြီးပါ Lock ချပိတ်ရက်ဘဲ။ ကလေးတွေအသံက ဘယ်ကလာသလဲ မသိဘူး"

"ဟာ . . . ဒီမှာလည်း အစားအသောက်တွေ ပြန့်ကျဲနေပါလား။ ညက ဟိုတယ်ဝန်ထမ်းတွေ လာမသိမ်းကြဘူးထင်တယ်"

"ဟုတ်ပါ့ . . . ကိုတိုးရယ်။ ညက ကျွန်တော် ထမင်းကျန်၊ ဟင်းကျန်တွေကို အသေအချာသိမ်းဆည်းပြီး အုပ်ဆောင်းနဲ့ အုပ်ထားခဲ့တာပါ"

"တစ်ခုခုတော့ တစ်ခုခုပဲ။ တံခါးတွေ ဒီလောက်လုံတာ ကြောင်မပြောနဲ့ ခြင်တောင်မဝင်နိုင်ပါဘူးဗျာ"

ချင့်ချင်ချိန်ချိန်ပြောလာသော ကိုသိန်းဝင်းအား ကျွန်တော်က . . .

"မှင်စာကလေးတွေ နေမှာပါ။ ဒါကြောင့် ဝန်ထမ်းတွေ ညနက်တော့ မလာရဲဘဲ စားသောက်ထားတာတွေကို မသိမ်းဆည်းတာ ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com


"အင်း . . . ဒါကြောင့်လည်း ကျွန်တော်တို့တည်းနေတဲ့ ဘန်ဂလို (စီ)ကို အကြောင်းသိညွှန်သည်တွေ မတည်းကြလို့ ကျွန်တော်တို့ ရတာထင်ပါရဲ့နော်"

"ဟုတ်ပါ့ . . . ကိုတိုးမြင့်ရယ်။ ကျွန်တော်ကလည်း ပရလောကသား တွေနဲ့ ဆုံပဲ ဆုံတတ်ပလေတတ်ဗျာ"

"ကဲ . . . ထားပါတော့။ အကျိုးအကြောင်း သိရပြီပဲ။ ပဌာန်းဆက်တွေလို သဘောထားပြီး မေတ္တာပို့ကြပေါ့ဗျာ။ အိပ်ရေးပျက်ပါတယ်။ ပြန်အိပ်ကြစို့"

ကျွန်တော်တို့ အပေါ့အပါးသွားပြီး ပြန်အိပ်ကြပါသည်။ မှင်စာကလေး များအား မေတ္တာပို့ပြီး အိပ်ခြင်းဖြစ်၍ ထပ်မံနှောင့်အယှက်ပြုခြင်း မရှိတော့ပါ။ နေမြင့် မှ ကျွန်တော်တို့ အိပ်ရာမှထကြတော့ တံခါးမကြီးအဝတွင် ဟိုတယ်ဝန်ထမ်းလေး နှစ်ဦး Break Fast ကျွေးရန်အတွက် အသင့်စောင့်ကြိုနေကြပါသည်။

"မင်္ဂလာပါ . . .။ လူကြီးမင်းတို့ ညက ကောင်းစွာအိပ်ရပါသလား"

"ဘယ်အိပ်ရမတုန်းကွာ . . .။ မှင်စာကလေးတွေ လာသောင်းကျန်း လို့ စားပွဲပေါ်မှာလည်း အစားအသောက်တွေ ပြန့်ကျဲကုန်ပြီ။ မင်းတို့ဘာလို့ စောစော က မပြောတာလဲ"

"လူကြီးမင်းတို့က ယောက်ျားချည်းပဲ၊ လူအုပ်ကလည်း ကောင်းလို့ပါ။ သူတို့တွေက ကိုယ်ထိလက်ရောက်တော့ မနှောင့်ယှက်တတ်ကြပါဘူး။ အပျော် အပျက်သဘောပါ။ ကလေးတွေလို သဘောပါပဲ။ ကျွန်တော်တို့က သတိပေး ချင်ပေမဲ့ ကြောက်လန့်ပြီး မတည်းခိုမှာစိုးလို့ မပြောခဲ့ရတာကိုတော့ ခွင့်လွှတ် စေချင်ပါတယ်"

"ကောင်းကွာ . . . ထားပါတော့။ အတွေ့အကြုံရတာယ်ပဲ မှတ်ပါ့မယ်"

"ဒီဟိုတယ်မှာ တခြားအခန်းတွေရော ဒီလိုပဲလား"

"ပင်မဟိုတယ် စကြံန်လမ်းမှာလည်း ရှိပါတယ်။ အပြင်မှာတော့ ဒီ ဘန်ဂလို (စီ) မှာပဲ ရှိပါတယ်။ တခြားအခန်းတွေမှာ မရှိပါဘူးခင်ဗျား"

"ဒါကြောင့် မင်းတို့ဟိုတယ် လူနည်းတာကိုး။ ငါတို့က မကြောက်တတ် ပါဘူး။ အကြောင်းမသိလို့ အိပ်ရေးပျက်ရတာပါ။ ငါတို့ ဒီကနေ မိုင်းလားကိုသွား မယ်။ မနက်စာစားပြီး ကားစီစဉ်ပေးပါ။ အပြန်ကျရင်လည်း ဒီဘန်ဂလို(စီ)မှာတည်း မယ်။ ဟိုမှာ (၂) ညအိပ် (၃)ရက် နေမယ်။ Booking လုပ်ထားလေပါ။ ငါတို့


www.burmeseclassic.com

www.burmeseclassic.com


ပြန်လာပြီး တည်းတဲ့ညမှာ အဲ့ဒီမှင်စာကလေးတွေကို အထူးညစာကျွေးပြီး လှူတန်းမယ်။ မင်းတို့ အသင့်စီစဉ်ထားပါ"

"စိတ်ချပါ ခင်ဗျား။ ဒီဘာနိဂလို (စီ) က အမြဲတမ်း အားနေတတ်ပါတယ်။ လူကြီးမင်းတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ ဟိုတယ်က အထူးဝန်ဆောင်မှုပေးပါ့မယ်"

"အေး ... အေး ... ကျေးဇူးတင်တယ်ကွာ"

✿ ✿ ✿

## ၇

❑

ကျွန်တော်တို့အုပ်စု မိုင်းလားကိုရောက်တော့ ဆေးကုမ္ပဏီပိုင်ရှင် ရှမ်းအမျိုးသမီး ဒေါ်နန်းဥမ္မာက လှိုက်လှဲစွာကြိုဆိုပြီး ကောင်းမွန်စွာ ပြုစုကျွေးမွေးသည်။ သူမ၏ ကြီးကျယ်သော ဆေးလုပ်ငန်းစက်ရုံကြီးနှင့် ဆေးစိုက်ခင်းများကိုလည်းပြသည်။ ဆေးပုလင်းအသစ် ပုံစံများကိုလည်း ထပ်မံအပ်နှံရန် အဆိုပြုပါသည်။

တစ္ဆေသရဲနှင့် အကျိုးပေးသော ကျွန်တော့်အတွက် ဝိုင်းဝန်းမ,စခြင်းလားတော့ မသိနိုင်တော့ပါ။ ကျွန်တော့်အမြင်ကို တင်ပြရလျှင်တော့ တစ်ဦးအပေါ် တစ်ဦးမေတ္တာထား၍ ရောင်ပြန်ဟပ်သော မေတ္တာများပင် ဖြစ်ပါလိမ့်မည်ဟု ကျွန်တော် ယုံကြည်နေမိပါတော့သတည်း။

ထောင်မျိုးကြီးသိန်းငွေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ၁

❑

"ဟဲလို ... ကိုညိုစိမ့်လား"

"ဟုတ်တယ် ... ကိုဂျမ်းဘုံ၊ ဘာပြောစရာရှိလို့လဲ ပြောပါ"

'ကျွန်တော့်အမေ လေ့တက်ခါးပေါ်ကချော်ကျလို့ တင်ပါးဆုံနိမ့်သွားတယ်။ ရေနံချောင်းဆေးရုံက မနိုင်လို့ မကွေးဆေးရုံပြောင်းရမယ်။ အဲဒါ ဒေါက်တာစောမြင့်ကို ပြောပေးပါဦး"

"ဖြစ်တယ်လေ ... ဘယ်နေ့လာမလဲ"

"ဒီနေ့ပဲ ကားငှားလာခဲ့တော့မယ်"

"လာခဲ့ ... ကျွန်တော် တစ်ယောက်ခန်း ယူထားလိုက်မယ်"

ဂျမ်းဘုံကြီးဆိုတာက ကက်ဆက်ခွေတစ်ခေတ်မှာ အသံတုရဲမြင့်လေး၊ ကြက်ဖနဲ့ ချန်ပီယံတင်ညွန့်တို့နဲ့ ရယ်စရာအငြိမ့်တွေထုတ်နေတဲ့ ယောက်ျားဖြစ်ပြီး မိန်းမပဟာပေါက်နေတဲ့ နိုင်ငံကျော်ဟာသပညာရှင်လေ။



www.burmeseclassic.com

www.burmeseclassic.com


၁၉၉၅-ခုနှစ်က၊ ကျွန်တော်က "စိန်သရဖူ" ဆိုတဲ့အမည်နဲ့ ဆိုင်းအငြိမ့် ထောင်ထားတယ်။ ကျွန်တော့်ဇာတ်မှာက သူက ဟာသတာဝန်ခံ၊ကျွန်တော်က ပြဇာတ်တာဝန်ခံ၊ ကျွန်တော်ကိုယ်တိုင်ပြဇာတ်ရေး ပြဇာတ်ကတယ်။

မကွေးဆေးရုံကြီးက ယခုအသည်းရောဂါ အသားဝါ ဆရာဝန်ကြီး ဦးခင် မောင်ဝင်း (ရန်ကုန်)က ဆေးရုံအုပ်ကြီး။ ဒေါက်တာစောမြင့်၊ အက်(စ်)လှမောင်နဲ့ ဒေါက်တာဘတင်တို့က မကွေးတိုင်းဆေးရုံ တာဝန်ခံတွေ။

ကျွန်တော်နဲ့ သူတို့က ဘိလိယက်ထိုးဘက်တွေ၊ အဲဒီတုန်းက ဆရာဝန် တွေက အသက်(၃၀)ကျော်ကလေးတွေဆိုတော့ မာနမကြီးဘူး။ အရပ်သားပေါင်း ပေါင်းကြတယ်။ လူနာဆိုရင်လည်း ကိုယ့်အိတ်ထဲက ပိုက်ဆံစိုက်ထုတ်ပြီး ကုပေး တယ်။ သဘောကောင်းကြတယ်။

ဂျမ်းဘုံကြီးနဲ့ သူ့အမေရောက်လာတော့ မကွေးဆေးရုံမှာ တင်ခွင့်ရတယ်။ ခြေထောက်ကို အလေးဆွဲထားရပြီး အကြောညပ်သွားတာကို ပြေအောင်ဖြေရတယ်။

အသက်က (၆၀)ဆိုတော့ လန့်ချီပြီးတက်ခဲ့ပေမယ့် သိသိသာသာ မသက် သာခဲ့ဘူး။ ဆေးရုံမှာအဖော်အဖြစ် ကျွန်တော်လည်း အိပ်ပေးရတယ်။

ကိုဂျမ်းဘုံက သရဲကြောက်တယ်။ မကွေးဆေးရုံကလည်း သရဲတော်တော် ခြောက်တယ်။ ဖြစ်ချင်တော့ တစ်ညမှာ သူတစ်ယောက်ထဲ အိမ်သာသွားတက် တယ်။

"အောင်မယ်လေး ... သရဲခြောက်တယ်ဗျို့ လုပ်ကြပါဦး"

ကိုဂျမ်းဘုံကြီး ငယ်သံပါအောင်အော်ပြီး ပြန်ပြေးလာတယ်။

"ဘာဖြစ်တာတုံး ... ဘာဖြစ်လာတာတုံး ... ပြောစမ်းပါဦး"

ဒီလိုမေးပေမယ့် ဂျမ်းဘုံကြီးက ချက်ချင်းမပြောနိုင်ဘူး။ ရေတောင်း တယ်။

"ရေ ... ရေ ... ရေပေးပါ"

"ရော့ ... ရော့ သောက်၊ ဖြေးဖြေးသောက်၊ ရေသီးရင်လည်း သေတ တယ်"

ကျွန်တော်က ရေပေးရင်း၊ သတိပေးရ၏။ ကိုဂျမ်းဘုံကြီးတစ်ကိုယ် တုန်နေတယ်။ ဇောချွေးတွေလည်းထွက်နေတယ်။ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com


သက်န်းစည်း ဘုန်းကြီးဝတ်ခဲ့စဉ်က (သိမ်ဝင်) ပုတီးကို ရေစိမ်ပြီး တိုက်လိုက်တော့မှ သူ အကြောက်ပြေသွားတယ်။

"ကျွန်တော် အိမ်သာတက်မလို့ တံခါးဖွင့်လိုက်တော့ လူကြီးတစ်ယောက် ထိုင်နေတယ်။ အဲဒီလူကြီးရဲ့မျက်ခွက်မှာ မျက်လုံးနဲ့မျက်ခုံးတွေမပါဘူး။ ပြောင်သလင်း ခါနေတယ်။ မျက်နှာပြောင်ကြီး မြင်ရလို့ ထွက်ပြေးလာတာ"

အထစ်ထစ် အငေါ့ငေါ့နဲ့ ဂျမ်းဘုံကြီးက ပြန်ပြောပြတယ်။

"အမေ ... မဖြစ်ဘူး။ ကျွန်တော်ကြောက်လို့ သေလိမ့်မယ်။ ဒီလိုပဲ ခြေထောက်ကို အုတ်ခဲဆွဲထားမှာဆိုရင်တော့ ရေနံချောင်းကိုပဲ ပြန်ကြရအောင်"

လို့ သူ့အမေကို ပြောတော့၊ အမေက သဘောတူပြီး ရေနံချောင်းကို ပြန်ကြတယ်။

ကိုဂျမ်းဘုံတို့အိမ်က ရေနံချောင်းမြို့ မြို့မရဲစခန်းအရှေ့ဘက်၊ ကတ္တရာ ကားလမ်းပဲခြားတဲ့ (မကျီးလေးပင်) ရပ်ကွက်မှာနေတယ်။

အသက် (၆၀) ရှိနေပြီဖြစ်တဲ့အမေက စိတ်ဓာတ်ကျသွားပြီး ရေနံချောင်း ရောက်လို့ (၃) ရက်ရှိတော့ သေသွားတယ်။

သူ့အမေသေတော့ ကိုဂျမ်းဘုံက အိမ်မှာမရှိဘူး။ ကျွန်တော်နဲ့အတူ ငါး တွေကျွေးတဲ့ ကျောင်းတော်ရာဘုရားပွဲမှာ ကနေတယ်။ ကျောင်းတော်ရာနဲ့ ရေနံချောင်း မြို့က ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်းဆိုတော့ နီးတယ်။

လှေငှားပြီး ကျောင်းတော်ရာရဲ့ အရှေ့မြောက်ယွန်းယွန်းမှာရှိတဲ့ ရေနံ ချောင်းမြို့ကို ကျွန်တော်တို့ပွဲကအပြီးမှာ ပြန်ခိုင်းလိုက်တယ်။

ကျွန်တော်ဇာတ်က (၇) ရက်နားရတယ်။ ကိုဂျမ်းဘုံအမေ ဆွမ်းသွတ် အပြီးနဲ့ အကိုက်ပဲလေ။ ဇာတ်သမားဆိုတာက ဆွေမျိုးသားချင်းသေလည်း၊ လွမ်း မနေနိုင်ဘူး။ ပွဲကစရာရှိရင် ကရတာပဲ"

ဒါကြောင့် အမေ့ကို ဆွမ်းသွတ်ပြီးရင် လယ်ကိုင်းအလှူပွဲကို လိုက်ခဲ့ဖို့ မှာလိုက်တယ်။ မကွေးကနေ ညနေ (၅) နာရီမှာ ကျွန်တော်တို့ဇာတ်ကား ထွက်ခဲ့ တယ်။

အဲဒီတုန်းက မကွေးတံတားကြီးက မဆောက်ရသေးတော့ ပဲ့ထောင်ငှား ပြီး ဇာတ်သေတ္တာတွေ သယ်ရတယ်။ မကွေးကနေ မင်းဘူးကိုကူး၊ မင်းဘူးသုံးရား ယံပ်ကမ်းမှာဆိုက်ကပ်။


www.burmeseclassic.com

www.burmeseclassic.com


သို့သော် ...

ကိုကံကြီးရော၊ မသရဖီရော၊ ကိုမိုးခြိမ်းရဲ့ ဘယ်ဘက်ရင်အုံအောက်က အမုန်း၊ အညှိုးအတေးနဲ့ မရှုစိမ့်မှု စသည့် လက်ပစ်ဗုံးများ၊ လက်နက်များကို မမြင်ကြဘူးလေ။

ချစ်သူနှစ်ဦးရဲ့ မင်္ဂလာဦးပျားရည်ဆမ်းခရီးကလည်း သာယာပါ့ဗျာ။ ရွှေနဲ့မြေနေနဲ့လမို့ မြင်ရသူတိုင်းက ငေးမောချီးကျူးကြ၊ ဝမ်းသာအဲလဲ ဖိတ်ခေါ်ကြ။

ကိုမိုးခြိမ်းကလည်း သူတို့ဇနီးမောင်နှံရဲ့အိမ်ကို ခါတိုင်းလို အဝင်အထွက်မပျက်ဘူး။ အပေးအကမ်း၊ အစားအသောက် မပျက်ကြဘူး။ မြင်ရလျှင် သူငယ်ချင်းကောင်း စိတ်ဓာတ်အပြည့်။ ဆွေမျိုးသားချင်း အရင်းအချာများရဲ့စိတ်ဓာတ်မျိုးမလျော့။

ကံများ ဇာတာတက်ချင်တော့ ကိုကံကြီးရဲ့လုပ်ငန်းများ အောင်မြင်လို့ တစ်နှစ်မတိုင်ခင်မှာပဲ စီးပွားရေး တိုးတက်ခဲ့တယ်။ ခုဆို စုမိဆောင်းမိတာ မနည်းဘူး။ ရွှေငွေ လက်ဝတ်ရတနာများလည်း အထုပ်နဲ့အထည်နဲ့ကို ဖြစ်လာတာ။

တစ်နေ့မှာပေါ့ဗျာ ...

ကိုကံကြီးတစ်ယောက် ရှမ်းပြည်နယ်ဘက်ကို လုပ်ငန်းဆိုင်ရာပို့ကုန်များ သွားပို့ဖို့ တာဝန်ကျလာပါရော။

"ဘယ်နှစ်ရက်ကြာမှာလဲ ဟင် ... အစ်ကိုကံ"

"အသွားအပြန်ဆို အနည်းဆုံး နှစ်ပတ်လောက် ကြာလိမ့်မယ်ထင်တယ် သရဖီ"

"အစ်ကိုရယ် ... အစ်ကိုမလိုက်လို့ရရင် မလိုက်ပဲနေလိုက်ပါလား ဟင်လို့"

မယားချောလေး မသရဖီက ချစ်လင်ရဲ့လက်ကို ကိုင်ဆုပ်ပြီး တုန်တုန်ရီရီနဲ့ မေးရှာတယ်။

"မဖြစ်လို့ပါ ... သရဖီ။ ဒီလုပ်ငန်းမှာ အစ်ကိုက ပို့ကုန်ပစ္စည်းတွေရဲ့ တာဝန်ခံလေ ... သရဖီရဲ့"

"ဒီလောက်အဝေးကြီးခရီး အစ်ကိုရယ်။ နောက်ပြီး ငှက်ဖျားကလည်း ပေါပါဘိသနဲ့။ နေပါဦး ...။ အဲဒီ ရှမ်းပြည်နယ်ဘက်ကို အစ်ကို သွားဖူးလို့လား ဟင်"


www.burmeseclassic.com

www.burmeseclassic.com



အဲဒီကမှ လှည်းတစ်ဆယ့်ငါးစီးနဲ့ ဖာတ်သေတ္တာတွေသယ်ပြီး မန်းရေနံထဲက ဖြတ်သယ်ရတယ်။

လယ်ကိုင်းမြို့ဆိုတာက စကု၊ ပွင့်ဖြူနဲ့ ကျောင်းတော်ရာ၊ သုံးမြို့အဆုံးမှာရှိတာ။ ကိုဂျမ်းဘုံကြီးကို လယ်ကိုင်းမြို့လိုက်ခဲ့ဖို့မှာခဲ့ပြီး သူ့အဝတ်အစားတွေထည့်တဲ့သေတ္တာကို ကျွန်တော်စီးတဲ့ လှည်းပေါ်မှာတင်ပြီး ယူလာခဲ့တယ်။

မကွေးအိမ်က ညနေ (၅) နာရီစထွက်တယ်။ (၅) နာရီ (၁၅) မိနစ်မှာ မကွေးဆိပ်ကမ်းရောက်တယ်။ မကွေးဆိပ်ကမ်းကနေ ရောဝတီမြစ်ကို ရေဆန်ပြီး ပဲ့ထောင်နဲ့တက်ခဲ့တာ။ မမင်းဘူးဘုရားဆိပ်ကမ်းရောက်တော့ (၆) နာရီ (၄၅) မိနစ်မှရောက်တယ်။

ပဲ့ထောင်ပေါ်ကနေ လှည်း (၁၅) စီးအပေါ်တင်တာ (၁) နာရီကြာတယ်။ ကျွန်တော်တို့ လယ်ကိုင်းမြို့ကို မမင်းဘူးဆိပ်ကမ်းကနေ ထွက်တော့ ည (၇) နာရီထိုးနေပြီ။

မန်းရေနံကနေ လှည်းတွေကိုဖြတ်ပြီးမောင်းလာလိုက်တာ စကုနဲ့ လယ်ကိုင်းကတ္တရာလမ်းပေါ်ရောက်တော့ ည (၉) နာရီထိုးပြီ။

လယ်ကိုင်းလမ်းရဲ့ ဘေးတစ်ဖက်တစ်ချက်မှာက ထနောင်းပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်း ပေါက်နေတယ်။ လမ်းမီးကမရှိဘူး။ တစ်လမ်းလုံး မှောင်မည်းနေတာပဲ။ ဒီလမ်းခရီးက ကားအသွားအလာနည်းတယ်။ စက်ဘီးနဲ့ မြင်းလှည်းပဲရှိတယ်။ ညကိုးနာရီဆိုရင်တော့ ဘယ်သူမှ မသွားကြ မလာကြတော့ဘူး။ ကျွန်တော့်ဖာတ်လှည်းတွေပဲရှိတယ်။

လှည်းတွေက တစ်စီးနဲ့တစ်စီး၊ ဓာတ်တိုင်တစ်တိုင်စာလောက် ဝေးတယ်။ တလမ်းလုံးမှောင်မည်းနေပေမယ့် နွားတွေက ညမျက်စိရှိတော့ ရှောရှောရှူရှူပဲသွားနေတယ်။

ကားလမ်းပေါ်ရောက်တော့ ကျွန်တော်လည်း ဖာတ်သေတ္တာပေါ်မှာ အိပ်ပျော်သွားတယ်။ နောက်တစ်နာရီလောက် မောင်းလိုက်ရင် လယ်ကိုင်းကိုရောက်ပြီလေ။

"ထနောင်းတော" ရွာကိုရောက်တော့ လှည်းမသားက ဝမ်းသာအားရ အော်လိုက်လို့ ကျွန်တော်လန့်နိုးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com


"ဟာ ... ကိုဂျမ်းဘုံကြီး၊ ခင်ဗျားကိုတွေ့လို့ ဝမ်းသာလိုက်တာ"

လို့ ထအော်တယ်။ ကျွန်တော်လည်း လန့်နိုးပြီး ...

"ဘယ်မှာလဲ ... ဂျမ်းဘုံ။ ဒီလူ လယ်ကိုင်းကစောင့်ပါပြောတာ ဒီရွာထိ လာကြိုရသလား"

လို့ မေးပြီးကြည့်လိုက်တော့ မှောင်မှောင်မည်းမည်းထဲမှာ ဖြူဖြူအတန်းကြီးက လမ်းဘေးလယ်ကွက်ထဲ ဆင်းသွားတာအရိပ်လို မြင်လိုက်ရတယ်။

• "ဟိုမှာ ... ဟိုမှာ ... လယ်ထဲဆင်းသွားပြီ"

"ဟာ ... ဒီလူ ဘာကြောင်တာတုံး၊ လှည်းပေါ်မတက်ဘဲ ခြေလျင်သွား မလို့လား"

လို့ ကျွန်တော်က ပြောရင်းကြည့်မိတယ်။ ကျွန်တော်က အိပ်ချင်မူးဝါးနဲ့ မသဲမကွဲမြင်ရတယ်။ မသဲကွဲဘူး။ ဒါပေမယ့် ဂျမ်းဘုံဆိုတာတော့သိတယ်။ ဘာ ကြောင့်လဲဆိုတော့ ဂျမ်းဘုံက ပီပါကြီးလို ဝလို့။

"ရှူး ... ရှူး"

"ဝုန်း .... ဝုန်း"

"ဟ ... ဘာဖြစ်တာလဲ"

"ဦးညိုစိမ့် လှည်းလက်တန်းကို ကိုင်ထား၊ နွားတွေ ဘာဖြစ်တယ်မသိ ဘူး"

နွားနှစ်ကောင်က နှာတွေမှုတ်ပြီး၊ ပတပ်ရပ်တယ်။ ကျွန်တော် လိမ့်မကျ အောင် တော်တော်သတိထားရတယ်။

နွားနှစ်ကောင်ရဲ့ ဇက်ကြိုးကို တအားဆွဲထားတော့၊ နွားတွေ ငြိမ်သွား တယ်။

"ကိုညိုစိမ့် ... လက်ဆွဲခြင်းထဲမှာ တုတ်မီးရှိတယ်။ ရှေ့ကို ထိုးကြည့်စမ်း ပါ။ ပိုးကောင်များ တွေ့နေသလားလို့"

လှည်းသမားက လှည်းရှေ့က ကက်အိမ်ထဲမှာထည့်ထားတဲ့ ဆွဲခြင်းထဲ က လက်နှိပ်ဓာတ်မီးကိုယူပြီး ကြည့်ပေးဖို့ အကူအညီတောင်းတယ်။ ရွာတွေက လက်နှိပ်ဓာတ်မီးကို တုတ်မီးလို့ ခေါ်ကြတယ်။ မြွေကိုက်လည်း ပိုးကောင်လို့ ခေါ် ကြတယ်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း လက်နှိပ်ဓာတ်မီးယူပြီး ထိုးကြည့်တော့ ဘာမှမရှိဘူး။ ဒါနဲ့ကိုဂျမ်းဘုံသွားတဲ့ဘက်ကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တော့ ဘာလူရိပ်မှမတွေ့ဘူး။ လမ်းလည်း မဟုတ်ဘူး။ ခရောင်းတောကြီး။

"တောက် ... အရေးထဲကွာ၊ ဒီဂျမ်းဘုံက ဘယ်သွားတယ်မသိဘူး"

ဟု စိတ်တိုစွာ ပြောလိုက်မိတယ်။ တအောင့်မျှကြာမှ နွားတွေက ရှောရှော ရှူရှူထွက်သွားတယ်။

၁၂ နာရီထိုးမှ လယ်ကိုင်းရွာရောက်တယ်။ သေတ္တာများချပြီးတော့ ည ၁ နာရီ ထိုးနေပြီ။ ကျွန်တော်တို့လည်း ကန့်လန့်ကာတွေဆင်၊ ဆိုင်းတွေဆင်နဲ့ ည ၁ နာရီခွဲသွားပြီ။

နံနက် ၄ နာရီဆိုလျှင် ပျော့ရိုက်ရတော့မည်။ အခုအိပ်လိုက်ပါက နံနက်နိုးမည်မဟုတ်သဖြင့် မအိပ်တော့ဘဲ အလှူရှင်ကချပေးသော လက်ဖက်အုပ်၊ ရေနွေးကြမ်းဖြင့် မိုးအလင်း ထိုင်၍နေရတော့၏။

✿ ✿ ✿

## ၂

❑

ကျွန်တော်တို့ အညာဒေသအလှူပွဲတွေက ဆိုင်းသမားတွေ မသက်သာ။ ဆိုင်းသမားတွေကို အလွန်ပဲ သနားစရာကောင်းတယ်။ နံနက် ၄ နာ ရီကနေစ၍ ဆိုင်းတီးရတယ်။

ထမင်းစားချိန်ခဏနားပြီး ညနှစ်နာရီအထိ ပြဇာတ်ပြီးတဲ့အထိ တီး[illegible] ရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com


ည (၈) နာရီဆိုလျှင် ဇာတ်စထွက်ရသည်။ ကျွန်တော်လည်း မိတ်ကပ်လိမ်းပြီးပြီ။ ပထမဆုံးထွက်ရမှာက ဂျမ်းဘုံ။

"ဟာ ... ဂျမ်းဘုံကြီး မမြင်ပါလား။ ဘယ်အိမ်မှာတည်းသလဲ မေးကြစမ်းပါဦး"

ကျွန်တော်က မန်နေဂျာကို ဂျမ်းဘုံကြီး အရှာခိုင်းရ၏။

"ဟာ ... ဇာတ်ဆရာကလည်း ဂျမ်းဘုံကြီးမှ မလာသေးဘဲဟာ၊ ဘယ်သွားရှာရမှာတုံး"

မန်နေဂျာက ကျွန်တော့်ကိုပြောသည်။

"ညက ကျွန်တော်တို့လှည်းနားအထိတောင် လာကြိုသေးတယ်။ မဟုတ်ဘူးလား ဇာတ်ဆရာ"

ညက ကျွန်တော်စီးလာတဲ့ လှည်းသမားက ဝင်ပြောသည်။ ကျွန်တော်ကလည်း ဟုတ်ကြောင်း ထောက်ခံပြောလိုက်၏။

"ဟာ ... ဇာတ်ဆရာ မှားနေပြီ။ ဂျမ်းဘုံကြီး မရောက်လာသေးဘူး"

"ဟေ ... ဟုတ်လား၊ ဘယ်လိုဖြစ်တာပါလိမ့်။ ညက ထနောင်းတောရွာနားမှာ ကျွန်တော်တို့ကို လာကြိုတယ်ဗျ။ ဘာတွေများဖြစ်ပြန်ပြီလဲ မသိဘူး"

ကျွန်တော့်ရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားသည်။ ဘာမှန်းတော့မသိ၊ တစ်ခုခုတော့ တစ်ခုခုပဲဖြစ်၏။

"ဟာ ... ဇာတ်ဆရာကလည်း ဒီလူက သူ့အနုပညာအပေါ်မှာ အတော်သစ္စာရှိတဲ့လူဆိုတာ ဇာတ်ဆရာလည်း သိသားပဲ။ ဒီရွာမှာရောက်နေရင် သူမလာဘဲနေမလား ဇာတ်ဆရာရဲ့"

ကျွန်တော့်မန်နေဂျာက ဂျမ်းဘုံကြီးဘက်မှ သက်သေလိုက်နေ၏။

"အင်း ... အဲဒါတော့လည်း ဟုတ်သားဗျ။ တစ်ခုခုတော့ တစ်ခုခုပဲဗျာ။ ကျွန်တော်လည်း မတွေးတတ်အောင်ဖြစ်နေပြီ။

ကျွန်တော်က ဒုက္ခ။ ဂျမ်းဘုံကြီးမလာရင် ဇာတ်ကြေးက တစ်ဝက်လျှော့ခံရမှာဖြစ်၏။ ကျွန်တော်တို့ဘက်က ဇာတ်ထုံးစံက စာချုပ်ထဲမှာပါတဲ့ အရေးပါတဲ့ဇာတ်ကောင်မပါရင် ဇာတ်ကြေးတစ်ဝက် အလျှော့ခံရ၏။ ဒါမှမဟုတ်လျှင် အငို့အထောင်တစ်ယောက်ယောက်က ဂျောက်တွန်းလိုက်လျှင် ဇာတ်သမားအားလုံး အရိုက်ခံရမည်။ ပစ္စည်းတွေပုံပြီး မီးရှို့ခံရမည်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


ဂျမ်းဘုံကြီးသာ ရွာမှာရောက်နေပြီး လာမကာပါက ကျွန်တော့်ဇာတ်သမား တွေအားလုံး၊ ချွေးပြေးဝက်ပြေး ပြေးကြရတော့မည်ဖြစ်၏။

"ဇာတ်ဆရာ၊ ဇာတ်ဆရာ"

ကားဆွဲမောင်လှက သံကုန်အော်ပြီး ကျွန်တော် မိတ်ကပ်လိမ်းနေရာသို့ ပြေးဝင်လာ၏။

"ဒုက္ခတော့ရောက်ပြီထင်တယ်"

ဟု ကျွန်တော့်စိတ်ထဲမှာ တွေးပူမိသည်။

"ဘာတုန်းဟ မောင်လှရ။ မင်းညစ္စာက ထိတ်ရမှာလား၊ လန့်ရမှာလား ကွဲ"

"ဆရာ့အဖေလာနေတယ် အရေးကြီးလို့တဲ့"

"ဟေ ... အဖေလိုက်လာတယ် ... ဟုတ်လား။ ဘယ်မှာလဲ ဒီကိုခေါ်ခဲ့ လေကွာ"

"အလှူရှင်အိမ်ပေါ်မှာ"

"အေး ... သွားပြီးခေါ်ခဲ့။ ငါမိတ်ကပ်လိမ်းနေလို့ မလိုက်နိုင်ဘူး"

"ဟုတ်ကဲ့ ဇာတ်ဆရာ"

ဟုပြောကာ မောင်လှပြေးထွက်သွားသည်။

ကျွန်တော်က မင်းသားလုပ်ချင်လို့ ဇာတ်ထောင်ထားသူဖြစ်သည်။ မကွေး မှာက "မောင်နုမစာပေ" အမည်ဖြင့် စာအုပ်ဆိုင်အကြီးကြီး တည်ထောင်ထား သည်။

ကျွန်တော့် "မောင်နုမစာပေ" မှတဆင့် မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ စကု၊ လယ်ကိုင်း၊ မင်းလှမြို့များသို့ ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ကို ပို့ပေးရသည်။

တခြားတစ်ခုက (ကျားခေါင်း) တံဆိပ်၊ မကွေး၊ တောင်ကြီး (ဟိုင်းလတ်) ကားဂိတ်စခန်းလည်း ဖွင့်ထားသည်။ ဖေဖေရဲ့မှူးဘဝဖြင့် ပင်စင်ယူထားသဖြင့် ၎င်း ဂိတ်မှူးနေရာကို အဖေ့အား လခစားအဖြစ် တာဝန်ယူပေးထားပြီး ကျွန်တော် ဇာတ်ထွက်သွားသောအခါ စာအုပ်ဆိုင်ပါ ကြီးကြပ်ခိုင်းထားသည်။

အဖေ့အား ပင်စင်စားဘဝတွင် စိတ်ဓာတ်ကျမသွားစေရန်ဖြစ်သည်။

"ညက ကောင်းကောင်းကို မအိပ်ရပါဘူး ... သားရာ"


www.burmeseclassic.com

www.burmeseclassic.com



ရောက်မဆိုက်၊ အဖေက ပြောသည်။ အဖေဘာပြောသည်ကို ကျွန်တော် နားမလည်ခဲ့ပေ။

"ဘာဖြစ်လို့ မအိပ်ရတာလဲ အဖေ"

"မင်းကောင်ကြီး ဂျမ်းဘုံပေါ့ကွာ"

"ဗျာ ... ဂျမ်းဘုံက ညက အဖေဆီမှာ အိပ်တာလား။ အခု သူ ဘယ်မလဲ။ အခု သူရောက်မလာလို့ ကျွန်တော်တို့ ဒုက္ခရောက်တော့မလို့"

"သူရောက်လာတာ မဟုတ်ဘူးကွ"

"ဟာ ... အဖေကလည်း ရှင်းရှင်းပြောစမ်းပါ။ ပဟေဠိတွေ လုပ်နေတယ် ဗျာ။ စိတ်ရှုပ်နေရတဲ့အထဲ"

ကျွန်တော် နည်းနည်းနှာခေါက်သွားမိသည်။

"မင်းဂျမ်းဘုံက မနေ့ကညနေခြောက်နာရီမှာ သေဆုံးသွားပြီတဲ့ကွ။ ခုနစ်ရက်လုံးလုံး အမေ့အုတ်ဂူကိုသွားပြီး နဖူးနဲ့တိုက်နေတာ၊ နဖူးသွေးကြောပြတ်ပြီး သေသွားပြီတဲ့"

"ဗျာ ..."

ကျွန်တော် အံ့သြထိတ်လန့်သွားခဲ့သည်။

"ဒါနဲ့ အဖေကပြောတော့ ဂျမ်းဘုံကြီးကြောင့် တစ်ညလုံး မအိပ်ရဘူး ဆို"

"အေးလေကွာ ... တစ်ညလုံး ငါတို့အိမ်ကို သဲတွေနဲ့ပက်နေတာ တဖျောဖျောပဲကွာ၊ နံနက် တောင်ကြီးကား ထွက်မယ်လုပ်တော့လည်း သဲတွေနဲ့ပက်နေလို့ ခရီးသည်တွေ တော်တော်ဒုက္ခရောက်ရတယ်ကွ"

"အဖေကလည်းဗျာ ... ကျွန်တော်တို့ဆိုင်နားမှာ ဘယ်သဲသောင်ပြင်မှ မရှိဘူး မဟုတ်လားဗျ အဖေရ"

"အဲဒီသဲကြောင့် ဂျမ်းဘုံကြီးမှန်း ငါသိတာပေါ့ကွ"

"လူဆိုးထိန်းမောင်ကြီးရယ် ... ရှင်းပြစမ်းပါဦး၊ ဘယ်လိုသက်သေတွေနဲ့ စုံစမ်းလိုက်ပြန်တာလဲ"

"ဟိတ်ကောင် ... မင်းလည်း ဂျမ်းဘုံကြီးအိမ်ကို ခဏခဏရောက်နေ ကာပဲကွ။ သူတို့အိမ်ရှေ့မှာ သဲချောင်းရှိတယ်လေကွာ။ သဲတွေက မြစ်ချောင်းထဲ

www.burmeseclassic.com


က သဲတွေလို အဖြူတွေမဟုတ်ဘူးကွ။ နီညိုအရောင်တွေ။ မင်းကို ငါပြချင်လို့ ယူလာတာ . . . ဒီမှာကြည့်”

“ဗုဒ္ဓေါ မြတ်စွာဘုရား”

ကျွန်တော် တော်တော်ကလေး ထိတ်လန့်သွားသည်။ ကျွန်တော်အခုနေတဲ့အိမ်ရဲ့ မြေကြီးက ကြွပ်မြေအနီတွေ၊ သဲဆို လုံးဝမရှိ။

ယခုအဖေထုတ်ပြသည့် သဲမြေက ဂျမ်းဘုံ၏အိမ်ရှေ့ သဲချောင်းထဲက မြေမှုမြေအစစ်၊ နာနာဘာဝတို့ရဲ့ တချို့လုပ်ရပ်များသည် သာမန်လူများ လိုက်လို့မမှီသည်များ၏။

“အဖေ . . . ကျွန်တော်ကပြီးတာနဲ့ အဖေနဲ့ပြန်လိုက်ခဲ့မယ်။ စောင့်ဦးဗျာ”

**ကျွန်တော်တို့ အစီအစဉ်တိုင်း ဂျမ်းဘုံကြီးနေရာမှာ ကျွန်တော်ဝင်ကခဲ့သည်။ ကျွန်တော်တို့ဆိုင်းအငြိမ့်က** ည ၁၂နာရီတွင် အပြီးကရပြီး၊ နံနက်လေးနာရီတွင် ဖျော်ရိုက်၊ နေ့လည်ထမင်းစား၊ ညနေတရားနာပြီး ညနေ ၆ နာရီမှ သိမ်းရ၏။

အဝင်နေ့တစ်ရက်၊ အထွက်နေ့တစ်ရက် နှစ်ရက်ဖျော်ဖြေပေးရသည်။ ဂျမ်းဘုံကြီး သေသွားကြောင်းသိသဖြင့် ရွာက ကျွန်တော့်ကို ခွင့်လွှတ်ပြီး ငွေအကြေချေပေး၏။

ညတစ်နာရီတွင် ကျွန်တော်၏ဇာတ်ကို မန်နေဂျာနှင့်လွှဲခဲ့ပြီး ဖေဖေယူလာသော (BSA) မော်တော်ဆိုင်ကယ်ဖြင့် မကွေးပြန်ခဲ့၏။

မင်းဘူးဆိပ်ကမ်းသို့ရောက်သော် ပဲ့ထောင်တစ်စီး အော်ဒါငှားပြီး မြစ်ကိုကူးခဲ့ကာ အဖေ့ကို ဆိုင်မှာထားခဲ့ပြီး ဆိုင်ကယ်ဖြင့် ရေနံချောင်းမြို့သို့ ညချင်းတွင်းထွက်ခဲ့ပါတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၃

❑

အိမ်က တိတ်ဆိတ်ငြိမ်သက်နေသည်။

တစ်ယောက်မှ ရှိဟန်မတူ။

ကျွန်တော်လည်း ဆိုင်ကယ်စက်ရပ်ပြီး အိမ်ပေါ်တက်ခဲ့သည်။ ဂျမ်းဘုံကြီး၏အိမ်က ကုန်းကမူပေါ်မှာ ဆောက်ထားခြင်းဖြစ်ပြီး သုံးပင်အိမ်နှစ်ထပ်ဖြစ်၏။ သက္ကယ်မိုးထရံကာ ပျဉ်ထောင်အိမ်ဖြစ်၏။

သေသေသပ်သပ်နှင့် နေချင်စဖွယ်ဖြစ်သည်။ အမေအိုကြီးနှင့် နှစ်ယောက်တည်းနေ၏။ ဆွေမျိုးသားချင်းများက ၎င်းအိမ်၏အနီးအနားမှာပင် ကိုယ့်အိမ်နှင့်ကိုယ် နေထိုင်ကြသူများဖြစ်သည်။ ညီအစ်ကိုမောင်နှမ တော်တော်ချစ်ကြသည်။ ပေါင်းသင်းဆက်ဆံရေးမှာ များစွာရည်မွန်သူများဖြစ်ကြ၏။

"ဟ ... ကိုက်တယ်ဟေ့"

ဧည့်ခန်းထဲသို့ ဝင်လိုက်သည့်အခါတွင် ဧည့်ခန်းအဝင်ပေါက်တွင် မိုက်ကားသော ဖွန်ပန်းပင်ကိုင်းဖျားတစ်ခုကို လက်မောင်းဖြင့် အမှတ်တမဲ့ ထိမိသွားရာ



www.burmeseclassic.com

www.burmeseclassic.com



ၾင်းအပင်တွင် အိမ်ဖွဲ့စားသောက်နေကြသော ပုရွက်ဆိတ်အနီကောင်များ ကျွ
တော့်လက်မောင်းတွင် ကပ်ပါလာပြီး ကိုက်ကြခြင်းဖြစ်၏။

ပုရွက်ဆိတ်များကို ခါချပြီး၊ ဖွန်းပန်းပင်ကို ကြည့်လိုက်သောအခါတွင်
ဖွန်ပန်းပင်မှာ အပွင့်များဖြင့် ဝေဆာနေ၏။ သို့သော် ပုရွက်ဆိတ်များလည်း အုံ
နေ၏။

"ဘာတွေလဲဟ၊ ပျော့စိစိနဲ့"

အဖြူရောင်အစအနများကို ကျွန်တော်ဖွန်ပန်းပင်မှ ယူ၍ကြည့်မိ၏။ ၎င်း
အဖြူရောင်ပျော့စိစိအစအနများကို ပုရွက်ဆိတ်များစားနေခြင်းဖြစ်၏။

"ကိုဂျမ်းဘုံ ... အိမ်ထဲမှာ မစိုက်ကောင်းတဲ့အပင် စိုက်ကောင်းတဲ့အပင်
ဆိုတာ ရှိတယ်ဗျ"

ကိုဂျမ်းဘုံကို ဖွန်ပန်းပင်နှင့်ပတ်သက်ပြီး ရှေးလူကြီးများ၏ ဆုံးမစကား
ကို ပြောခဲ့ဖူး၏။

"အိမ်ရှေ့မှာ မကျီးပင်၊ တမာပင်စိုက်၊ နောက်ဖေးမှာ ကတက်ပင်စိုက်
စီးပွားတက်တယ်တဲ့"

"ညှော်ခန်းဝင်ပေါက်မှာ ဖွန်ပင်မစိုက်ကောင်းဘူး။ အဲဒီဖွန်ပင်အပွင့် များများ
ပွင့်ရင်၊ အိမ်ခိုက်တတ်တယ်။ အဲ ... နောက်ပြီး စီးပွားဖြစ်ချင်ရင် ဗာဒံပင်အိမ်ရှေ့
မစိုက်နဲ့။ ဆူးပါတဲ့အပင် ဥပမာ Kiss me Quick နဲ့ နှင်းဆီပင်တွေ မစိုက်ကောင်း
ဘူး အိမ်ခိုက်တတ်တယ်။

"အခုတော့ ခင်ဗျားက ဖွန်ပင်ကို ညှော်ခန်းအဝင်မှာ ပိတ်ပြီးစိုက်ထား
တယ်။ ဒီအပင်တွေက ဥယျာဉ်ခြံမြေနဲ့ စိုက်ရတာဗျ"

လို့ ကျွန်တော် ဂျမ်းဘုံကြီးကိုပြောတော့ သူကရယ်ပြီး ...

"လောကမှာ ဘုရား၊ တရား၊ သံဃာကို မမေ့နဲ့။ သူများသားသမီး
မစော်ကားနဲ့၊ အရက်သေစာ မသောက်နဲ့၊ ဒါဆို ဘာမှမဖြစ်ပါဘူးဗျ။ ရန်ကုန်က
သူဌေးတွေ ဘယ်လိုလုပ်မလဲ သူတို့ခြံဝင်းထဲမှာ Kiss Me Quick အပင်နဲ့ နှင်းဆီ
ပင်တွေအပြည့်။ ဒါတွေ မယုံပါနဲ့ဗျာ"

လို့ ကိုဂျမ်းဘုံက ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဂျမ်းဘုံ ကျွန်တော်တို့ မြန်မာရာဇဝင်မှာ အနော်ရထာမင်းဆိုတာရှိတယ်။ ဘုန်းတန်ခိုးရှိတယ်။ နတ်တို့ဆက်တဲ့ အရိန္ဒမာလှံရှိတယ်။ စုန်းနတ် တစ္ဆေတွေကို ရှိက်ခေါ်နိုင်တဲ့ ကြိမ်စကြာလည်း ရှိတယ်"

"အနော်ရထာမင်းဟာ ရှေးရှေးက ကောင်းမှုကုသိုလ်လုပ်ခဲ့တဲ့ ဘုန်းကံကြောင့် တန်းခိုးရှိနေတုန်းမှာ သူလုပ်ချင်ရာ လုပ်လို့ရနိုင်ပေမယ့် ရှေးဘုန်းကံရဲ့ ရေစက်ကုန်သွားတော့ သူကိုရန်ငြိုးထားတဲ့ မိစ္ဆာတစ်ကောင်ကောင်က ကျွဲယောင်ဆောင်ပြီး ခတ်သတ်လိုက်လို့ သေခဲ့ရတယ်။

"ခင်ဗျားပြောတဲ့ ရန်ကုန်က သူဌေးဆိုတဲ့လူတွေလည်း ဟီးနေအောင် ဆောက်ထားတဲ့ တိုက်ကြီးတွေကိုသာ အပြင်ပန်းမြင်ရပြီး အတွင်းမှာ ရှယ်ရာရှင်တွေ ထွက်သွားလို့ မြှုပ်နှံထားတဲ့ပစ္စည်းတွေ ကတိမ်းကပါးဖြစ်သွားလို့ အိမ်တွင်းရေး ခြတက်နေတာကို ခင်ဗျားတို့ ကျုပ်တို့ မသိရဘူးလေ။ ကံကောင်းတုန်းစံ၊ ကံမကောင်းတော့ ခံရတာလေ။ "ရှေးထုံးလည်း မပယ်နဲ့၊ ဈေးသုံးလည်း မလွယ်နဲ့" လို့ ဆိုရိုးစကားရှိတယ် မဟုတ်လား။ ခင်ဗျားမှာ ဒီဖွန်ပန်းကို နှစ်သက်တယ်ဆိုရင် အိမ်ရှေ့ဝန်းထရံအပြင်မှာ စိုက်ဗျ" လို့ ကျွန်တော်ပြောခဲ့ဖူးပေမယ့် ဒီဖွန်ပင်က ဒီကနေ့ထိ ရှိနေသေးတာ တွေ့ရတယ်။

တိုက်ဆိုင်မှုပေလားတော့ မသိ။ ဖွန်ပန်းတွေ ဝေဝေဆာဆာပွင့်နေသောဖီရက်မှာ ကိုဂျမ်းဘုံတို့သားအမိ ဘဝတစ်ပါးကို ရောက်သွားကြရပြီဖြစ်၏။

ကျွန်တော် ဧည့်ခန်းထဲရောက်သွားတော့ ကိုဂျမ်းဘုံရဲ့အလောင်းကို တွေ့ရတယ်။ သူ့အိပ်နေကျ ခုတင်ပေါ်မှာ ပက်လက်ကလေး။ ဘာစောင်မှလည်း ခင်းမထား။ ဘာခေါင်းအုံးမှလည်း မရှိ။ ပစ်စလက်ခတ်ဖြစ်နေ၏။

ပို၍ဆိုးသည်က ဂျမ်းဘုံကြီး၏ဦးခေါင်းမှာ အစိပ်စိပ် အမွှာမွှာကွဲပြီး ခေါင်းတခြား ကိုယ်တခြားလိုဖြစ်နေသည်။ ရုပ်ကိုလည်း မမှတ်မိတော့။ ဂျမ်းဘုံကြီး၏ ရုပ်လက္ခဏာကိုကြည့်ပြီး ကျွန်တော်ထိတ်လန့်ကာ သံဝေဂရမိ၏။

လွန်စွာလှချင်ပချင်သော ဂျမ်းဘုံတစ်ယောက် ဘာကြောင့် ဦးခေါင်းက အစိပ်စိပ်အမွှာမွှာ ဖြစ်နေသလဲ။ သူသေခဲ့တဲ့ အကြောင်းရင်းက သူ့အမေ၏ အုတ်ဂူကို နဖူးဖြင့် တစ်နေကုန်တစ်နေခန်း ခုနစ်ရက်တိ၊ နေ့ညမပြတ် တိုက်နေရာမှ နဖူးသွေးကြောပြတ်ပြီး သေတယ်ပြောသည်။ ယခုတော့ ဦးခေါင်းက အစိပ်စိပ် အမွှာမွှာ။ ကျွန်တော့်အဖို့တော့ အတွေးရခက်ကြီးပါ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


"မသွားဖူးပါဘူးကွယ်။ မပူပါနဲ့။ ကားဆရာတွေက သွားဖူးနေကျပါ။ ပြီး အစ်ကိုဆရာလည်း ပါမှာပါ။ ဘာလဲ သရဖီက အရမ်းစိုးရိမ်နေလို့လား"

"စိုးရိမ်တာပေါ့လို့"

"မစိုးရိမ်ပါနဲ့ သရဖီရယ်။ ရှမ်းပြည်နယ်က ပြန်လာရင် ရှမ်းပြည်နယ်ထွက် သိုးမွေးရော၊ ရှမ်းရိုးရာ အစားအသောက်နဲ့ သစ်ခွပန်းမျိုးအစုံ အစ်ကို လက်ဆောင် ဝယ်ခဲ့မယ်။ ဟုတ်လား"

"အစ်ကိုရယ် ..."

ကိုကံကြီးက ချစ်ဇနီးချောလေးရဲ့ ကိုယ်လုံးလေးကို ရင်မှာ ဖက်ထား လိုက်ပြီး ပခုံးသားလေးများကို ဆုပ်နယ်လို့ မစိုးရိမ်ဖို့ကိုလည်း ထပ်ခါတလဲလဲ ပြောခဲ့ရတယ်။

✿ ✿ ✿

## ၄

❑

ဒီလိုနဲ့ ကိုကံကြီး ချစ်မယားရယ်၊ ဘကြီးရယ်၊ ကိုမိုးခြိမ်းရယ်ကို နှုတ်ဆက် ပြီး အိမ်ကနေ ထွက်ခဲ့လိုက်တယ်။

သူငယ်ချင်း မိုးခြိမ်းကိုလည်း မှာစရာရှိတာ မှာခဲ့ရတယ်။

"စိတ်ချပါ ... ကံကြီးရာ။ ဒီအချိန်မှာ မင်းရဲ့ဇနီးဟာ ငါ့ရဲ့ နှမအရင်း လေးဆိုလည်း ဟုတ်ပြီပဲကွာ။ စိတ်အေးအေးထားပြီး သွား။ သူတို့သားအဖနှစ်ဦးကို မင်းပြန်မလာမချင်း ငါ ကိုယ့်မိသားစုလို စောင့်ရှောက်ထားလိုက်မယ်။ စိတ်ချ"

"မင်းရော ဘာမှာဦးမလဲ မိုးခြိမ်း"

"ပြန်လာရင် ရှမ်းပြည်နယ်ထွက် အရက်ကောင်းကောင်းသာ ပါအောင် ယူခဲ့ သူငယ်ချင်းရေ"


www.burmeseclassic.com

www.burmeseclassic.com


မေးမြန်းစုံစမ်းကြည့်ရန်ကလည်း အိမ်ထဲမှာလူတစ်ယောက်မှမရှိ။ မသာ စောင့်လည်းမရှိ။

ကျွန်တော့်အနေဖြင့် ဂျမ်းဘုံကြီးအား ကျွန်တော်၏ဇာတ်ဖွဲ့နှင့် လုံးဝမပတ်သက်တော့ကြောင်း၊ ဇာတ်ပိုင်တစ်ယောက်အနေဖြင့် (အမိန့်ပြန်တမ်း) ထုတ်ရမည်ဖြစ်ရာ ရေးသားရန်စာရွက်နှင့် ဖောင်တိန်ရှာမိ၏။

အိမ်မှကတည်းက လုပ်ခဲ့ရမှာကို မလုပ်ခဲ့မိ။ ခုမှ နောင်တရမိသည်။ ဂျမ်းဘုံကြီးကို တွေ့ချင်ဇောဖြင့် ရှေ့လောတကြီးထွက်လာခဲ့သည်မှာ အမှားဖြစ်၏။

ဟိုဟိုဒီဒီ ကြည့်လိုက်သောအခါ ဘုရားစင်ရှေ့တွင် ဖောင်တိန်နှင့် စာရွက်တို့ကို တွေ့သဖြင့် ၎င်းနေရာသို့သွားပြီး ယူကြည့်လိုက်သည်တွင် ...

ကျွန်တော်၏ စိန်သရဖူဇာတ်အတွက် သဗ္ဗုဒ္ဓေဂါထာကို အဖွင့်သီချင်းအဖြစ် တီးရမည့် note သင်္ကေတများကို ရေးထားသည်ကို တွေ့ရ၍ ယူလာပြီး ကျွန်တော်၏ဇာတ်တွင် နောက်ဆုံးချိန်ထိ သုံးခဲ့သည်။ ဇာတ်ပွဲဖျက်ခဲ့သည့်အထိ သုံးခဲ့သည်။ ထိုကိစ္စသူမသိနိုင်တော့ပေ။ ကျွန်တော်လည်း စာရွက်နှင့် ဖောင်တိန်ကို တွေ့ရှိသဖြင့် အောက်ပါအတိုင်း အမိန့်ပြန်တမ်းကို ရေးခဲ့သည်။ ထိုစာရေးနေခိုက်တွင် ကျွန်တော်၏လက်များ တုန်နေ၏။

ကျွန်တော်၏ နှလုံးများ ခုန်နေ၏။

ဘယ်ကဘယ်လို ထွက်လာသည်မသိ၊ မျက်ရည်များထိန်းမရအောင် ထွက်လာသဖြင့် စာကို မရေးနိုင်တော့ဘဲ ခေတ္တနားနေရ၏။

ကျွန်တော်နှင့် ဂျမ်းဘုံကြီးက အလွန်လက်တွဲညီခဲ့၏။ ကျွန်တော် ဇာတ်မထောင်မီက ယခုနိုင်ငံကျော် VEDIO မင်းသားဖြစ်သော (ကျော်ဇောဟိန်း) ၏ အဘဖြစ်သူ တည်ထောင်ခဲ့သော (ကံပြားရွှာ) ဇာတ်အဖွဲ့တွင် အတူတွဲ၍ ပါဝင်လှုပ်ရှားခဲ့ဖူး၏။

တစ်ခြင်ထောင်တည်းမှာ နှစ်ယောက်အတူတူ အိပ်ခဲ့သူများဖြစ်ရ၍ သံယောဇဉ်က မပြတ်နိုင်ခဲ့ပေ။

ကျွန်တော်သည် မျက်ရည်များ အထွက်ရပ်သွားသောအခါမှ အမိန့်ပြန်တမ်းကို ရေးနိုင်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



မကွေးညှိုစိမ့်
စိန်သရဖူဇာတ်ပွဲ
မောင်နမစာပေ
နတ်မောက်လမ်း
မကွေးမြို့
ရက်စွဲ ၁–၁၂–၁၉၉၅ ခုနှစ်

သို့

ဂျမ်းဘုံ (ခေါ်) မောင်သိမ်းဆွေ
ဟာသသရုပ်ဆောင်
မကျီးလေးပင်ရပ်
ရေနံချောင်းမြို့။

အကြောင်းအရာ ။ ။ ဂျမ်းဘုံ (ခ) မောင်သိမ်းဆွေအား ကျွန်ုပ်ပိုင် စိန်သရဖူဇာတ်မှ အပြီးအပိုင်ထုတ်နုတ်လိုက်ကြောင်း အကြောင်းကြားခြင်း။

၁–၁၂–၁၉၉၅ ခုနှစ်မှစ၍ ကျွန်ုပ်ထံမှ ယူထားသော ကြိုတင်သုံးငွေ ကျပ်ငါးသိန်းအား ယခုနှစ်တစ်နှစ်လုံး၊ သင်ပါဝင်ကူညီ ကပြခဲ့သော ညကြေးများဖြင့် ခုနှိမ်လိုက်သဖြင့် သင်က ကျွန်ုပ်အား ပေးရန်ငွေကြေး လုံးဝမရှိတော့ကြောင်းနှင့်၊

ကျွန်ုပ်ကလည်း သင့်အား ပေးရန်ငွေမရှိတော့သဖြင့် သင်နှင့်ကျွန်ုပ်၏ စိန်သရဖူဇာတ်သည် ယနေ့ ၁–၁၂–၁၉၉၅ ခုနှစ်မှစ၍ မသက်ဆိုင်တော့ပါကြောင်း။

သို့ဖြစ်၍ ယနေ့ ယခုအချိန်မှစ၍ သင်အလိုရှိရာအရပ်သို့ သွားနိုင်ပါကြောင်းနှင့် ကျွန်ုပ်၏ စိန်သရဖူဇာတ်အဖွဲ့အား လာရောက်ရန်မလိုအပ်တော့ကြောင်း အကြောင်းကြားအပ်ပါသည်။

မကွေးညှိုစိမ့်
ဇာတ်ပိုင်
မကွေးမြို့



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပြန်တမ်းရေးပြီးနောက် ခုတင်ပေါ်တွင် ပက်လက်ဖြစ်နေသော ဂျမ်းဘုံ၏အိတ်ကပ်ထဲသို့ စာကိုခေါက်၍ ထည့်ပေးလိုက်၏။

ထိုသို့ထည့်နေစဉ်တွင် ဂျမ်းဘုံကြီး၏နှမများနှင့် ရပ်ကွက်လူကြီးများရောက် လာကြ၏။ ဂျမ်းဘုံ၏နှမများက ကျွန်တော့်ကို မြင်သောအခါတွင် . . .

"အောင်မယ်လေး . . . မောင်လေး မောင်သိမ်းဆွေရဲ့ နင့်ဖာတ်ဆရာ လာပြီလေ ထကြည့်ပါဦး"

"ငါတူ ညိုစိမ့်ရယ်၊ ငါ့မောင်ကတော့ နင့်အပေါ်ဘယ်လောက် သံယောဇဉ် ရှိသလဲဆိုတော့ သေသေချင်းညက နင့်ဆီသွားမယ်ဆိုပြီး လွယ်အိတ်လွယ်ပြီး အိမ် ပေါ်ကဆင်းလာတာ ငါတို့ကြောက်လို့ ထွက်ပြေးခဲ့ရတယ်တော့"

"အောင်မယ်လေး . . . မြင်မြင်ထင်ထင်ကြီးကို ပြတာပါတော်။ ငါတို့ ကြောက်လို့ ဒီအိမ်မှာမအိပ်ရဲဘူး။ အခုတောင် လူစုံလို့ လိုက်လာရဲတာ"

"ဟီး . . . ဟီး . . . ဟီး ညက၊ ငါ့မောင် နင့်ဆီ ရောက်မလာဘူးလား။ မောင်လေး . . . ထကြည့်ပါဦး"

ဟု ငိုရင်းမေး၏။ မသာငိုချင်းချပုံမှာ ငိုအားထက် ရယ်အားသန်နေတော့ ၏။ ရပ်ကွက်လူကြီးများက အားနာသဖြင့် ကြိတ်၍ရယ်ကြ၏။

"လာတယ် . . . ဒေါ်လေး။ စကုမြို့အထွက် လက်ခုပ်ပင်ရွာက လာစောင့် နေတာ။ သူ့အဝတ်အစားတွေပါတဲ့ ဖာတ်သေတ္တာက ကျွန်တော့်လှည်းပေါ်မှာ ပါ လာတာလေ။

"နောက်ပြီး ကျွန်တော့်စာအုပ်ဆိုင်ကိုလည်း ဟောဒီအိမ်ရှေ့က သဲတွေ နဲ့ပက်တာ တဖျောဖျောပဲတဲ့။ ကျွန်တော့်အဖေကို သူကျွန်တော့်ဆီသွားကြောင်း ဝင်ပြီးအသိပေးခဲ့တာလေ"

"အင်း . . ငါ့မောင်ကတော့ တော်တော်အစွဲအလမ်းကြီးတဲ့ကလေးပဲ"

"ဟုတ်ပါရဲ့ အဒေါ်ရယ်၊ တော်တော်အစွဲအလမ်းကြီးတဲ့လူပါ"

"ဒါနဲ့ ဂျမ်းဘုံဦးခေါင်းက ဘာဖြစ်သွားတာလဲ၊ စုတ်ပြတ်နေတာပါ လား"

"ပြော မပြောချင်တော့ပါဘူးဟယ်။ ငါ့မောင်နဖူးကြောက ဘယ်လိုပြတ် တာလဲသိချင်လို့ ဆရာဝန်ကို ခွဲစိတ်ကြည့်ပေးပါပြောတာ အဲဒါပဲဟယ် ဆေးရုံရင်ခွ



www.burmeseclassic.com

www.burmeseclassic.com



ရုံက လူသေဗိုက်တွေခွဲနေတဲ့ အလုပ်သမားကို လွှတ်လိုက်တာ အဲဒီလူက ရှုးကြောင်မှုးကြောင်နဲ့ ရဲတင်းကြီးနဲ့ ငါမောင်ရဲ့ခေါင်းကို ခွဲလိုက်တာ ဦးနှောက်တွေ တစ်စစီ ထွက်သွားတယ်လေ''

''ဟိုမျက်နှာကြက်မှာရော၊ ဟောဟို လေ့တံခါးမှာရော၊ ကြမ်းပျဉ်တွေပေါ်မှာရော၊ နောက်ဆုံး သူအမြတ်တနိုးထားတဲ့ ဖွန်ပန်းပင်မှာရော ပြန့်ကျဲသွားတာပဲ''

''ငါတို့လည်း စိတ်တိုတိုနဲ့ အဲဒီကောင်ကို ဝိုင်းရိုက်လိုက်တာ ဒီကောင်အခု ဆေးရုံမှာ တင်ထားရတယ်လေ။ ငါတို့လည်း လူရိုက်မှုနဲ့ အမှုရင်ဆိုင်နေရတယ်''

ဟု ရှင်းပြ၏။ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသည်က ဒါကိုပဲ ခေါ်ဟန်တူ၏။

ပုထုဇဉ်လူသားအားလုံး ကိုယ့်စိတ်ကိုယ် မထိန်းနိုင်သေးတဲ့ကာလပတ်လုံး ဒီလိုလူမှုဒုက္ခတွေနဲ့ ကြုံတွေ့ကြရတာ ဓမ္မတာပါပဲ။ ဒါတွေမသိကြဘူးလားလို့ မမေးနဲ့။ သိကြတယ်။ ဒါပေမယ့် လိုက်ပြီး မလုပ်နိုင်ကြဘူး''

''ကျွီ ... ကျွီ ... ကျွီ''

အပေါ်ထပ်မှ တံခါးဖွင့်သံကြား၍ မော့ကြည့်လိုက်တော့ ဂျမ်းဘုံရဲ့ အခန်းတံခါးပွင့်လာတယ်။

''ဟောတော့ ... လုပ်ကြပါဦး ... သူလာနေပြီ''

ချစ်လှပါတယ်ဆိုတဲ့ အစ်မက လန့်ပြီး လူတောထဲ တိုးဝင်သွားတယ်။

''ပလေးဘွိုင်'' မိတ်ကပ်နံ့က ထောင်းကနဲ တစ်အိမ်လုံး မွှေးကြိုင်သွားတယ်။ ဒီပလေးဘွိုင်မိတ်ကပ်က ဖာတ်ကရင် သူနဲ့ကျွန်တော်လိမ်းတဲ့ မိတ်ကပ်လေ။

အဲဒီခေတ်က ဖာတ်သမားတွေ ဒီမိတ်ကပ်ပဲ လိမ်းတယ်။ အခုလို မိတ်ကပ်အကောင်းတွေကလည်း မထွက်သေးဘူး။ တံဆိပ်က အင်္ဂလိပ်လိုရေးထားတာ မဟုတ်ဘူး။ မြန်မာလို ''ပလေးဘွိုင်'' လို့ပဲ ရေးထားတာ။

အမှတ်တံဆိပ်က (ယုန်ခေါင်း) ကလေး (နားရွက်နှစ်ဘက်) ထောင်လျက်ပုံလေး။

ကျွန်တော်လည်း ဝမ်းသာအားရနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com


"ကိုသိမ်းဆွေရေ မနက်ဖြန် ကျွန်တော့်အိမ်မှာ ခင်ဗျားအတွက်ရည်စူးပြီး ဘုန်းကြီးသုံးပါး ဆွမ်းကျွေးမယ်။ သာခုခေါ်ဖို့ လာခဲ့ဗျာ"

လို့ ဖိတ်ကြားခဲ့တယ်။

"ကိုင်း ... အခေါ် ကျွန်တော်ပြန်ဦးမယ်။ မနက်ဖြန်မှ ကိုသိမ်းဆွေရဲ့ အဝတ်အစားသေတ္တာ ပို့လိုက်တော့မယ်"

လို့ပြောတော့ အခေါ်က အကြောက်အကန် ငြင်းဆိုပါတယ်။ ကျွန်တော်တို့ ဇာတ်သမားတွေက ဂျမ်းဘုံလို့ခေါ်ပေမယ့် သူ့မိသားစုကတော့ မှတ်ပုံတင်ထဲက နာမည် (မောင်သိမ်းဆွေ) လို့ပဲ ခေါ်ကြတယ်။

"မ ... မ .. မလုပ်ပါနဲ့ ငါ့မောင်ရယ်၊ နင့်အကောင်က အခုတော်ကြမ်းနေတာ သူ့အဝတ်အစားတွေသာ ရောက်လာရင် ဒီထက်ပိုကြမ်းတော့မှာပဲ။ မလုပ်လိုက်ပါနဲ့ ... ငါ့မောင်ရယ်။ အဲဒီသေတ္တာနဲ့ အဝတ်တွေကို ယူချင်တဲ့လူကိုသာ ပေးလိုက်ပါတော့"

အစ်မဖြစ်သူကတော့ သူချစ်လှပါပြီဆိုတဲ့ မောင်ကို တော်တော်ကြောက်နေပုံပေါ်တယ်။

ကြောက်မယ်ဆိုလည်း ကြောက်လောက်ပါတယ်။ ရက်မလည်ခင်ကာလမှာ ချန်ပီယံတင်ညွန့်တို့နဲ့ သွင်းထားတဲ့ ဂျမ်းဘုံအငြိမ့်ခွေက လူမရှိဘဲ အဲဒီအိမ်မှာ အမြဲဖွင့်နေတယ်လို့ နောက်ပိုင်းရက်တွေမှာ ကြားနေရတယ်။

အိမ်ပေါ်ကဆင်းလာလိုက်၊ သီချင်းသံတွေကြားလိုက်ဖြစ်နေလို့ အဲအိမ်ကို ငှားမယ့်လူလည်းမရှိ၊ အိမ်ကို ရောင်းဖို့လုပ်တော့ ဝယ်မယ့်သူလည်း မရှိဖြစ်နေတယ်။

ဘယ်လိုလုပ် ကျွတ်ပါ့မလဲ။ ဂျမ်းဘုံကြီးရဲ့ ဦးနှောက်အပိုင်းအစတွေက တစ်အိမ်လုံး ပြန့်နေတာလေ။

ဖြစ်ချင်တော့ မကွေး၊ ချောက်၊ ရေနံချောင်းနဲ့ တောင်တွင်းမြို့၊ လေးလုံး တစ်ပြိုင်တည်း။ တစ်မြို့လုံးနီးနီး မီးလောင်ခဲ့တယ်။ ပထမဆုံး မကွေးမြို့မီးအကြီးအကျယ်လောင်တော့ ချောက်၊ ရေနံချောင်း၊ တောင်တွင်းမြို့က မီးသတ်ကားတွေက မကွေးကိုလာနေတုန်း ကျန်တဲ့မြို့တွေ မီးလောင်တော့ အဲဒီမြို့တွေ မီးသတ်ကားတွေမရှိတော့ တမြို့လုံးပြုတ်သလောက် မီးလောင်သွားခဲ့တယ်။


www.burmeseclassic.com

www.burmeseclassic.com


ရေနံချောင်းမြို့ မီးလောင်တော့ ဂျမ်းဘုံကြီးအိမ် ပါသွားတယ်။ အဲဒီမှာ ဒီဇာတ်လမ်း ပြီးဆုံးသွားခဲ့တော့တာပါပဲ။ အမှန်တော့ အစွဲအလမ်းကြီးပြီး အုတ်ဂူကို ခေါင်းနဲ့တိုက်လို့ နဖူးသွေးကြောပြတ်သေရတယ်။ သေပြန်တော့ သူသွင်းထားတဲ့ အငြိမ့်ခွေကို စွဲလမ်းပြီး အိမ်ကမခွာနိုင် ဖြစ်ရပြန်တယ်။ ပိုဆိုးတာက တစ်စခွဲ ဖြစ်နေတဲ့ သူ့ဦးနှောက်တွေကို စွဲလမ်းနေတာပါပဲ။

ကိုသိမ်းဆွေ (ခေါ်) ဂျမ်းဘုံကြီးက ဘုရားတရားသမားပါ။ ဇာတ်မထွက်ခင်ကလည်း သူတင်မကဘူး တခြားလူတွေကိုပါ ဘုရားရှိခိုးနိုင်းပြီးမှ ထွက်တာ။

ကံဆိုးတာက ဘာမှနားမလည်တဲ့ မိသားစုက ဦးနှောက်ကြော ဘယ်နေရာကပြတ်သလဲ ကြည့်ချင်လို့ ခေါင်းကိုခွဲခိုင်းသတဲ့။

သူတို့မြင်ရတော့ရော ဘာသိမှာတဲ့တုံး။ သေသူကို ရှင်သူတွေက ဒုက္ခပေးတာ။ အမူးသမား အရူးသမား လက်ချက်မိသွားတော့ ဒုက္ခတွေ့ကုန်တာပေါ့။

ရက်လည်ဆွမ်းမကျွေးမီ ဝိညာဉ်က ဟိုသွားဒီသွား၊ သွားနေချင်ပေမယ့် ဦးနှောက်တွေ ဖွာလန်ကြဲသွားတော့ မသွားနိုင်ဖြစ်နေတော့တာပေါ့။

ဒီဇာတ်လေးက လုပ်ဇာတ်ခင်းရေးထားတာ မဟုတ်ဘူး။ စိတ်ကူးယဉ်လည်း မပါဘူး။ မသေသေးဘဲ ရှင်နေတဲ့လူတွေက သေသူအပေါ်မှာ ရည်ရွယ်ချက်မရှိပေမယ့် အမှားမလုပ်မိကြဖို့ ရေးသားတင်ပြရတာပါ။

*သံဝေဂ ယူနိုင်ကြပါစေ။*

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ

**မကျေးညိုစိမ့်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ၁

❑

"လှလိုက်တာ"

လှိုက်ခနဲခုန်ချင်လာသည့် ရင်သည် သူ့နှုတ်မှစကားကလေး သုံးခွန်း ရုတ်ခြည်းပင် ကျလာမိသည်အထိ ဘယ်လိုမှကြိတ်၍ မသိမ်းဆည်းလိုက်နိုင်။

တမ်းတမ်းမက်မက်။ ပြီးလျှင် . . . လွမ်းလွမ်းတတ ထပ်ကျော့၍ ကြည့် ဖြစ်မိရပြန်သည်။ သူ့နံဘေးမှ 'နုစုမေဆိုဆေကီ' တစ်ယောက်သည်လည်း တိတ် တိတ်ကလေး ငြိမ်၍နေတော့၏။

အပြာဖျော့ဖျော့ကောင်းကင်ကြီးက တစ်ပြန့်တစ်ပြော တစ်မျှော်တစ်ခေါ် ကြီး တိမ်တွေရွေ့နေသည်။ အဖြူရောင်တိမ်အုပ်တွေ အဆုပ်လိုက် အထွေးလိုက်။ ကောင်းကင်ကို တွဲလွဲခိုလျက် တစ်ကွဲစီတခြားစီ စီးမျောလွင့်ပါးနေကြသည်မှာ စားကျက်လွင်ပြင်ကျယ်ကြီးထဲက နွားရိုင်းအုပ်တွေလိုဖြစ်၏။

ခဏကလေးမျှ သတိဖြင့် ကြည့်မနေဖြစ်ခဲ့လျှင် သူတို့တစ်တွေ တရွေ့ရွေ့ လေနှင့်အတူတွား၍ ရွေ့လျားသွားနေကြပုံကို သိပင်သိနိုင်လိုက်မည်မဟုတ်။ ညှင်သာလွန်းစွ။



www.burmeseclassic.com

www.burmeseclassic.com


ပြီးလျှင် တိမ်ရိပ်တွေ အသွင်ပြောင်းသွားပုံကလည်း လျှပ်တစ်ပြက်အတွင်း မြန်ဆန်လွန်းလှလေရာ စိတ်တွေကို စူးစိုက်ချည်နှောင်ထားရသေးသည်။ သူတို့သည် ကြည့်နေရင်း ကြည့်နေရင်းမှာပင် ...

"ပုပ္ပားကို ဒါကြောင့်ချစ်တာ"

ဆိုဆေကိုထံမှ တိုးညင်းမှိန်သဲ့စကားတစ်သံ ထွက်ကျလာ၏။ သူ့တစ်ကိုယ်တည်း ဘာသာ ညည်းလိုက်သည်လည်း ဖြစ်ကောင်းဖြစ်မည်။ သူ့ရှေ့၌ ဖြန့်ကျင်းထားသည့် ပုပ္ပားမြေ၏ အလှမြင်ကွင်းကြီးက သူ့ရင်ကိုထွင်း၍ မထွေးမမျိုနိုင် အန်ကျလာခြင်းလည်း ဖြစ်နေနိုင်သေးသည်။

ပုပ္ပားက လှလိုက်သည်မှ ရက်ရက်ရောရောကြီးကို လှနေသည်။ ဆောင်းနိုင်က မှုန်မှုန်ရီရီ၊ မိုးကြွင်းတွေ ကျန်နေသေးသည်ထင်သည်။ တုန်၍ချမ်းလောက်အောင် မအေးသေး။ နှင်းမှုန်စီစီကလေးတွေ မြူးကောင်းရုံမျှသာ။ မိုးနှောင်း၏ အရောင်အရိပ်အနံ့အသက်တွေက ထွေးထွေးယှက်ယှက် ဝန်းဖွဲ့တွယ်ငင်နေချင်သေးသည်။

"အကီကိုတစ်ယောက် မြူတွေနဲ့ဝေနေဆိုင်းနေတဲ့ အဲဒီပုပ္ပားနတ်တောင်ကြီးကိုကြည့်ပြီး ဖူဂျီယာမတောင်ကြီးနဲ့ တူလိုက်တာလို့ ဝမ်းနည်းပမ်းနည်းငိုခဲ့တာကို သတိရမိသေးတယ်။ အဲဒီတုန်းက မြစ်မိုးရည်လည်း ဘုမသိဘမသိ ရောပြီးငိုခဲ့သေးတာလေ။

ပထမဆုံးအကြိမ် ပုပ္ပားတောင်ရိပ်၌ ခိုဖြစ်ခဲ့ကြသည့်ခရီးကို တမ်းဆွဲသည့်အလွမ်းဟု သိသိမှတ်မှတ် ခံစားလိုက်ရသည်။ 'တောင်သာ-ဝဲလောင်လမ်း'ကို တစ်ပျော်တစ်ပါးကြီး စုစုဝေးဝေး လျှောက်လာခဲ့ကြရင်း တောင်သာမှအထွက် တောင်ကျချောင်းရေတွေ ပေါင်းလန်အောင်လျှံနေသည့် သဲချောင်းပြင်ကျယ်ကြီးအား လက်ချင်းချိတ်လျက် ခြေတစ်ရွေ့နှစ်ရွေ့ အရဲကိုးစမ်းရင်း ဖြတ်ကူးခဲ့ကြသည့် ပုံရိပ်တွေက အာရုံမှာ ပြက်ခနဲ စူးနစ်ထင်လာ၏။

"အဲဒီမှာ ပိတောက်နဲ့ စကားဝါပန်းရနံ့တွေရဲ့ ဖမ်းစားခြင်းကို ပထမဆုံး ခံလိုက်ကြရတာပဲလေ။ ပန်းကလပ်ရဲ့တောင်စွယ် စကားဝါပင်အရိပ်ကောင်းကောင်းမှာ ထိုင်ပြီး ဟိုးခပ်ဝေးဝေးက လွင်ပြင်၊ ငွေရောင်တလက်လက်ဖွေးနေတဲ့ ... ကောက်ကောက် လွန့်လွန့်လူးလူး ဧရာဝတီနဲ့ အနီသွေးကဲချင်ချင် ... ညို


www.burmeseclassic.com

www.burmeseclassic.com


သည်းဆာရဲ့အလှ။ အင်း ပုပ္ပားရဲ့ဖမ်းစားမှုတွေက အရမ်းညှင်သာပြီး အရမ်းလွှမ်းမိုးနိုင်လွန်တာပဲ”

ပုပ္ပားတောင်မကြီးပေါ်၌ သစ်ရာ၊ အင်ကြင်း၊ သမင်စာဖြူ၊ ဇီးဖြူ၊ ဆူးရစ်၊ ဥသျှစ်၊ သန်း၊ ဒဟတ်၊ ငုခပ်၊ ငုရွှေဝါနှင့် ပိတောက်တို့အကြား စကားဝါလိုက်မုဆိုးများ ဖြစ်ခဲ့ကြသည်ကိုလည်း မေ့မရနိုင်။ တောင်ခါးပန်းအရိပ်အေးမြမှာ ထိုင်လျက် တစ်သက်တာ မေ့ရက်နိုင်ဖွယ် အလျဉ်းမရှိ။

ထိုခရီး၌ စကားဝါပန်းနှင့် ပန်းကလပ်တောင်စွယ်ကိုသာမက ပုပ္ပား၏ သဘာဝစိမ့်စမ်းများ၊ ပရဆေးပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟာစနစ်များကို စူးစူးစိုက်စိုက် လေ့လာဖြစ်၊ ချစ်မက်မြတ်နိုးဖြစ်ခဲ့ကြရသည်။

‘ဆိုဆေကီ’က ထိုအလွမ်းထဲမှာ နစ်ကျွံနေဟန်။ ရီဝေဝေ ဆို့ဆိုင်းဆိုင်း။

“ပုပ္ပားတောင်မကြီးရဲ့အရှေ့မြောက်စူးစူးက ‘စင်မြင့်’ရွာမှာ နေဖြစ်ခဲ့ကြတာနဲ့ အဘ ‘ဘိုးမင်းခေါင်’နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံဆည်းခွင့်ကြုံခဲ့ကြတာတွေသာ မပါခဲ့ရင် မင်းရဲ့အလွမ်းတွေဟာ ပြည့်စုံမှာ မဟုတ်ဘူးနော် ... ဆိုဆေကီ။ ငါပြောတာ ဘယ်လိုလဲ”

‘ဆိုဆေကီ’ က တိုးတိုးညင်းညင်း ရယ်သည်။

တော်ဇင်း, မကျီးစောက်မှသည် ထရိုင်းတော၊ စံပြ၊ တောရွာ၊ ရွာလှ၊ ဆင်လူးအိုင်၊ ဂျမ်းလှီ၊ ရွှေစည်တိုင် စသည့် ရွာသိမ်ရွာငယ်ကလေးများကို ဖြတ်လျက် ‘ဗျတ္တပန်းဆက်လမ်း’ အတိုင်း နိမ့်ချီမြင့်ချီဖြင့် ပုပ္ပားတောင်ရိပ်ဆီ ပြေးဝင်ခိုလာခဲ့သည့်လမ်း။ နေကြာတွေ ဟိုတစ်ခု သည်တစ်ခု၊ မြူဝန်းရစ်ခိုသည့် ဖြူပြာပြာ အဝေးကြည့်မြင်ကွင်း လွင်ကျယ်ကြီး။ ဆွေးတမြေ့မြေ့ ချိုးကူသံ၊ အားလုံးသည် ချက်ချင်းပင် အသစ်တွေလို ဖြစ်လာနေကြပြန်တော့သည်။

တောရိပ်နှင့်တောင်နံ့၊ ရောင်စုံလိပ်ပြာကလေးများအရာ၊ အထောင်၊ အသောင်း ငှက်မျိုးရယ်စုံစုံ။ သားငယ်ကို ရင်မှာထွေးပွေ့ထားတတ်စမြဲ သားသည်မိခင်တွေသာ အများဆုံးပါလာတတ်သည့် မျောက်အုပ်များ။

မွှေးမြမြ စန္ဒကူးရနံ့၊ လန်းဆန်းအေးမြ သဘာဝလေညင်းတစ်ပြေး၏ မွတ်သပ်မှု၊ ကလေးငယ်ရယ်မြူးသံနှယ် ညိုးညိုးညံညံ စီးဆင်းတတ်မြဲ ချောင်းကြည်


www.burmeseclassic.com

www.burmeseclassic.com


ကိုကံကြီး သူငယ်ချင်းကို ယုံကြည်ပါတယ်။ ကိုယ်က တစ်ကောင်ကြွက်မို့ ဆွေမရှိ မျိုးမရှိဘူးလေ။ ဒီလိုသူငယ်ချင်းကောင်းတစ်ယောက် ကိုယ့်ဝန်းကျင်မှာရှိနေတာ ကံကောင်းတာပဲလို့ ယူဆပြီး စိတ်ရောကိုယ်ပါ ချမ်းသာလို့ အေးခဲ့ရလေရဲ့။

ဒီလိုနဲ့ သူတို့ကုန်ကားကြီးသုံးစီးဟာ ရှမ်းပြည်နယ်ရဲ့ခရီးစဉ်ကို ဆန်ခဲ့ကြတယ်။

ရှမ်းပြည်နယ်အရိပ်ကို ဝင်တာနဲ့ အအေးဓာတ်က ပိုလို့လာခဲ့တယ်။ လေးရက်မြောက်မှာ ကြားစခန်းအသီးသီးက ဌာနဆိုင်ရာများ မှာ အချို့ကုန်များကို သူ့အပိုင်းနှင့်သူ အပ်ခဲ့ပြီး တောင်ကုန်းတောင်တန်း အကွေ့အကောက်များကို တရိပ်ရိပ် ဖြတ်သန်းနေစဉ်မှာပဲ ...

"အုန်း ..."

"ဟာ ..."

"ဝုန်း ..."

"ဟ ... ဟ ... ဘာသံကြီးလဲဟ"

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

"ဖောက် ... ဖောက် ... ဖောက် ..."

"ဒိုင်း ... ဒိုင်း ..."

"ဝုန်း ..."

"အုန်း ..."

"သောင်းကျန်းသူ ... သောင်း ... ကျန်း ... သူ ... ပစ်ကုန်ပြီ။ ကားပေါ်က အမြန်ဆင်း"

ခေါင်းဆောင် ဆရာဦးချစ်ကောင်းရဲ့ အော်ဟစ်သတိပေးသံကြောင့် ကားများကိုရပ်ပြီး ဆင်းမလို့လုပ်ချိန်မှာပဲ ...

"အုန်း ..."

"ဂျိုင်း ..."

"အား ... မလေး"

ကိုကံကြီးတို့ကားကို လက်နက်ကြီးကျည်ဆန် ထိမှန်ပြီး တစ်ဖက်ရှိချောက်ထဲကို လူရောကုန်ကားပါ ထိုးကျသွားခဲ့တယ်။


www.burmeseclassic.com

www.burmeseclassic.com


ကြည် သဲချောင်းငယ်နှင့် စမ်းပေါက်များ။ ရင်ထဲ ရစ်ခွေနေဆဲသာဟု ယုံယုံရဲရဲ ထင်မိချင်ချင်။

"ဩော် ... ဒါနဲ့ မင်းဟန် ..'ဘိုးတော်ထွက်ပွဲ'ကို မှီနိုင်ပါဦးမလား"

"မပူပါနဲ့ သူငယ်ချင်းရယ် ... အားလုံး စီစဉ်ထားပြီးပါပြီ။ ဘကြီးအိုတို့ အရီးလေးငြိမ်းတို့ အစ်မဖရာဆိုတို့ ကိုကြီးတင်ခွေးတို့ ကိုပေကြီးတို့ဆီကို တတန် တက ကြိုလွှတ်ထားပြီးပါပြီ။ သူတို့ကလည်း သူငယ်ချင်းလာမယ်ဆိုလို့ မျှော်နေ ရှာကြတာ။ မြကျေးနဲ့ ဥကလေးတို့များဆို ငိုတောင်ငိုသတဲ့"

သည်တွင် စကားစကို အလိုက်တသိ ဖြတ်တောက်မျိုချပစ်လိုက်ရသည်။ တစ်နှယ်ဝင် တစ်စင်ပါ သီလာတန်းလာဦးမည့် ရှေးဖြစ်နောက်ကြောင်းတွေကြောင့် 'ဆိုဆေကီ' အား စိတ်ဝန်မပိစေလို။ ယခုပင်လျှင် ခမျှာ ပန်းလှရှာပြီ။

ပုပ္ပားတောင်သည် နတ်တို့ပျော်စံရာဖြစ်၍ 'ပုပ္ပားနတ်တောင်' ဟုပင် ခေါ်ကြရိုးထုံးစံ။ ပုပ္ပားနတ်သမိုင်းပုံတို့နှင့်အတူ ဘဝအလွမ်း၊ ဘဝအမောတွေက ထွေးထွေးလုံးလုံး ရစ်လိမ်ညစ်ကျုံနေတတ်စမြဲ။ ပုပ္ပားနတ်တောင်ကို 'အလွမ်း နတ်တောင်'ဟု 'အကီကို' က ကဗျာဖွဲ့ စပ်ဖူးခဲ့သေးသည်ကိုလည်း ဖြိုးခနဲ ဖျတ်ခနဲ မှတ်မိလိုက်ရပြန်သည်။

"အိမ်တွေနဲ့တူလိုက်တာ
ငါ ...
တိမ်
အိမ်မက်လေးတွေ သူ့မှာရှိခဲ့ပါတယ်။
တိမ်
တစ်ကြိမ်မက
လနဲ့မိတ်ဖွဲ့ဖူးတယ်
ညနဲ့ရင်းနှီးဖူးတယ်
နေနဲ့စိတ်ဆိုးဖူးတယ်
လေနဲ့ကွဲလွဲဖူးတယ်။
ငါနဲ့တူလိုက်တာ
တိမ် ..."


www.burmeseclassic.com

www.burmeseclassic.com


မြစိမ်းရည်က သူ့ငယ်ပေါင်းသူငယ်ချင်း ကဗျာဆရာ 'ငြိမ်းချမ်းသူ'' ၏ 'အင်တောထဲကတိမ်' ဆိုသည့် ကဗျာတစ်ပိုင်းတစ်ခုကို တလွမ်းတဆွေးညည်းရင်း သူ့မှတ်စုစာအုပ်ကလေးထဲ ဖွတ်အတင်း ကူးရေးထည့်ခိုင်းနေခဲ့သည်ကို သတိရမိသည်။

'ပုပ္ပားနတ်တောင်'က အပူပိုင်းဒေသ သဘာဝပေါက်ပင်များ အကြောင်း စာတမ်းတစ်စောင်တစ်ဖွဲ့ ကြိုးကုတ်ပြုစုနေသည့် 'ရုက္ခမုဆိုး' ယောဆနောအာကီကို (Yosano Akiko)သည် သိပ္ပံမဆန်လွန်းစွာ ပျောင်းနွဲ့လွန်းသူကလေးဖြစ်သည်။

တစ်ဖန် အံ့အားသင့်စရာ ကောင်းလောက်အောင်ပင် ဂျပန်ဟိုက္ကူ ကဗျာဆရာကြီးဘရှို(ခရစ် ၁၆၄၄-၁၆၉၄)၏ ယေဒိုခေတ်ကဗျာများကို သုတေသနပြုနေသူ ကဗျာဗေဒပညာရှင် ကဗျာဆရာမလေးလည်း ဖြစ်နေပြန်သည်။

ယခုဖြင့်မူ 'ဆိုဆေကီ'နှင့်အတူ အာကီကို ပါမလာလေတော့။

ထို့အပြင် ... မြစိမ်းရည်သည်လည်း ...

''ဘကြီးအိုကို မင်းတည်ခိုင်းထားတဲ့ 'လွမ်းစေတီ' ကလေးကိုလည်း မင်းဆွဲပေးထားတဲ့ မင်းရဲ့အိပ်မက်ထဲကပုံစံအတိုင်း တစ်ထပ်တည်းတူအောင် တည်ပြီးပြီ ... ဆိုဆေကီ။ ဘကြီးအိုရဲ့သားဦးပဥ္စင်း 'ဦးဉာဏဇေယျာ'က မြို့ပြအင်ဂျင်နီယာတွဲ့ရပြီးမှ ဘကြီးအိုရဲ့ဇနီး၊ ဦးပဥ္စင်းရဲ့မယ်တော်ကြီး 'ဖွားသည်းအူ' ကောက်ကာငင်ကာ ဆုံးသွားလို့ သံဝေဂရပြီး သာသနာ့ဘောင်ကို ဝင်သွားခဲ့တာ။

ပရိယတ္တိထက် ပရိပတ္တိကျင့်စဉ်ဘက်ကို ပိုအားသန်တယ်။ ပုပ္ပားတောင်ဟာ သာသနာ့မြေမို့ အဲဒီမြေပေါ်မှာပဲ သာသနာပြုရင်း အရိုးထုတ်တော့မတဲ့။ မင်းရဲ့ 'အလွမ်းစေတီ' ကိုလည်း ဦးပဥ္စင်းပဲကြီးကြပ်ပြီး တည်ထားပေးခဲ့တာ။ ဦးပဥ္စင်းကတော့ 'အိပ်မက်ရလွမ်းစေတီ' လို့ သူ့ဘာသာ ဘွဲ့ချည်ထားတာပဲ''

''ဩော် ... အိပ်မက်ရ လွမ်းစေတီတဲ့လား''

ဆိုဆေကီ လှုပ်ခနဲ တုန်သွားလိုက်သေးသည်ထင်၏။ သူ စကားပြောမှားမိပြန်ပြီ။ မေ့ချင်ယောင် တမင်ပြုထားသည့် အတိတ်သည် ဆွတ်ကျင်လွန်းစွာပင် ကိုယ်ထင်ပြလာခဲ့ပြန်ပြီ။

ဆိုရလျှင် ... သူရော၊ 'ဆိုဆေကီ'ရောသည် အတိတ်ကို မမေ့။ မမေ့နိုင်။ မြစိမ်းရည်ကို ပို၍မမေ့။ မေ့ကောင်းစရာဖြင့်လည်း မဟုတ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၂

❑

"မြန်မာ့ရိုးရာနတ်သမိုင်းရဲ့ အဦးအစ 'မင်းမဟာဂီရိနတ်'က။ ပုဂံခေတ်ဦး သေလည့်ကြောင်မင်းလက်ထက်မှာ စတင်ခဲ့တယ်လို့ဆိုပေမဲ့ ကျွန်မရဲ့သူငယ်ချင်း က သုတေသနပြုမယ့် 'အဘဘိုးမင်းခေါင်' ဆိုတာက ကာလလည်း သိပ်မဝေးသေး ပါဘူး ... ဘကြီးအိုရဲ့။

သီပေါဘုရင်ကလေး ပါတော်မမူခင် ၁၈၈၀ ပြည့်နှစ်၊ မေ(၂) ရက်မှာ 'စင်မြင့်ရွာ'မှာပဲ သာသနာပြုလုပ်ငန်းတွေ ဆောင်ရွက်ရင်းနဲ့ ၅-၉-၁၉၅၂ မှာ ကွယ်လွန်သွားခဲ့တာပါ။ ဘာရှိဦးမှာတုံး ... နှစ်ပေါင်း (၅၀)သာသာပဲ ရှိသေး တာဟာကို။"

မြစိမ်းရည်က ဘကြီးအိုကို တလေးတစားကြည့်ရင်း ထက်ထက်သန် သန်ကြီး ပြောနေသည်။ မန်ကျည်းပင်အိုသုံးပင် ဖိုခုံလောက်ဆိုင် ပင်ရိပ်နှင်းကြီး ... စေ့စေ့သိပ်လျက် အေးရိပ်ကို ပေးစွမ်း၏။ အညာနွေကို မှုဖို့မလို...

www.burmeseclassic.com


ထန်းကြောဖျာစိမ်းစိမ်းကလေးတွေ အပြည့်စပ်ခင်းထားသည့် ထန်းသား ကွပ်ပျစ်ကြီးကလည်း ကြီးလှ ကျယ်လှသဘိ။ အင်္ကီကိုက မြစိမ်းရှည်လိုပင် ကြဲ့ကြဲ့ ပွံ့ပွံ့ကလေး ထိုင်နေသည်။ မြကျေးနှင့် ဉကလေးတို့ ညီအစ်မတစ်တွေက သူတို့ အနီး၌ တောက်တဲ့ကပ် ကပ်လျက်။ သူနှင့် ဆိုဆေကီတို့က ခြေဆင်းလဲလူ ပေါ့ပေါ့ ပါးပါး ထိုင်နေမိကြသည်။

ထိုနေ့က ကိုကြီးတင်ခွေး၏ ပလေကပ်ပုဆိုးအသစ်စက်စက်ကို ဆိုဆေကီ ကစ၍ ဝတ်ကြည့်ဖြစ်ခဲ့သည်နေ့။ အဖြူသက်သက်အောက်ခံ၌ အညိုနုနုအကွက်စိပ် ကလေးတွေ ဖောက်ထားသည့် ပုဆိုးအဆင်အသွေးနှင့် စပို့ရှပ်လက်အတိုဝတ် ထားသည့် ဆိုဆေကီမှာ အသားအရည်ဝင်းဝင်း၊ မြင့်မြင့်မောင်းမောင်းမို့ ကြည့်၍ ကောင်းလှသည်။

"ဟုတ်တော့ဟုတ်သာပေါ့ . . . မိန်းကလေးရယ်။ ဟုတ်ပေသိ။ အဘ 'အောင်မင်းခေါင်'ဆိုသဟာ ဘအိုတို့ ပုပ္ပားနယ်သာမက မြန်မာပြည်ဘုရားရှင်တော် မြတ်ကြီးရဲ့ သာသနာ့အကျိုးကိုချည်းပဲ ဖောက်ချပြီး သာသနာပြု၊ ခုနစ်ရက်သားသမီး ဝဝနေယျတွေကိုပဲ ကယ်တင်နေခဲ့တာမဟုတ်လား . . . မိန်းကလေးရဲ့။

အဲသီတော့ . . . အဲသလို အဘ 'အောင်မင်းခေါင်'လို အကျော်ဇေယျ ပုဂ္ဂိုလ်မျိုးရဲ့ ရှေးဖြစ်နောက်ကြောင်းတွေကို ယုတ္တိယုတ္တ ရှိ၊ မရှိ သံသယအစွဲတွေ နဲ့ . . . ဘာတဲ့ . . . သုတေသနပြုကြမဟဲ့ဆိုသဟာ ဥပါဒ်မှ ကင်းကြပ့်မလားကွယ်။ ဘအိုက အဲသာကို ပြောချင်သာ"

ဘကြီးအိုက လေရှည်ကြီးပြောချလိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ကို ငွပ် စနဲ ငွတ်ခနဲ ကောက်သောက်နေသည်။ အရီးလေးငြိမ်းကိုလည်း 'ကြည့်ကျက် ပြောဦး' ဆိုသည့်သဘော မျက်နှာရိပ်ကို ကဲ၍ပြပြီး ဖြစ်၏။

"ဟုတ်သယ် . . . ကိုရင်တို့၊ မိန်းကလေးတို့ရဲ့။ အရီးတို့ကတော့ မိန်း ကလေး 'မြစိမ်း'ရဲ့ သူငယ်ချင်းတွေဆိုကတည်းက ဘာမှ ပြောစရာစကားမရှိတော့ ဘူးပ။ ဒါပေသိ ပုပ္ပားနယ်ဆိုတာ အဘ 'အောင်မင်းခေါင်'ရဲ့ နယ်မြေဖြစ်သလို ဖဟာသိ 'စင်မြင့်'မှာပဲ အချင်းဆေးခဲ့သာလေ။

သည်အရပ် သည်ရွာနေ ပြည်ထိုင်တွေက 'အဘအောင်မင်းခေါင်'ဆို ဘုရားတစ်ဆူ ဂူတစ်လုံးလို အယ်လဲကျောက်ကျက် ထားသဲ့ဟာ။ ဘယ့်နှယ် . . .


www.burmeseclassic.com

www.burmeseclassic.com


မယုံမကြည် စပ်စပ်စုစုတွေ မေးဦးမဟဲ့ စမ်းဦးမဟဲ့ဆိုတော့ 'ရှာလွန်ရှက်တိုက်' တွေများ ဖြစ်မနေပေဘူးလားလို့။ နို့ ပြီး ... လူကလေးတို့မှာက - တိုင်းခြား မြေခြား"

"အို ... အရိုးလေးကလည်း"

"ရော် ... ဟုတ်သာ ပြောရသာအေရဲ့"

မြစိမ်းရည်ခမျာ မျက်နှာကလေး ညှိုးသွားရှာသည်။

ဆိုဆေကီနှင့် အကီကိုတို့ကိုလည်း အားနာလှ၏။

ဆိုဆေကီသည် တိုကျိုတက္ကသိုလ်မှ အင်္ဂလိပ်စာပေဘွဲ့ကိုရသည်။ ဥရောပ တစ်ခွင် သွားရောက်လေ့လာခဲ့ပြီး ငါးနှစ်ခန့်ကြာမှ ဂျပန်နိုင်ငံသို့ ပြန်ရောက်ခဲ့၏။ ထို့နောက် တိုကျိုတက္ကသိုလ်၌ အလုပ်လုပ်ရင်းနှင့် စာပေအသိုင်းအဝိုင်းထဲ ဝင်လာပြီးလျှင် အဆာဟိရှင်ဘွန် (Asahi Shinbun) သတင်းစာ၌ သတင်းစာဆရာ ဝင်လုပ်သည်။

'တိုကျိုမျှော်စင်' နှင့် 'အနာဂတ်ဆီထွက်ပြေးခြင်း' ဝတ္ထုရှည်ကြီး နှစ်ပုဒ်ဖြင့် တစ်ဟုန်ထိုး နာမည်ကြီးလာခဲ့သူဖြစ်သည်။ တိုကျိုတက္ကသိုလ်အဝိုင်း၌ အစဉ်အလာကြီးသော 'စာဆိုလောက' စာပေမဂ္ဂဇင်းတစ်စောင်ကို တည်းဖြတ် ထုတ်ဝေနေသူလည်းဖြစ်သည်။

စင်မြင့်ရှာသူ မြစိမ်းရည်နှင့် တိုကျိုတက္ကသိုလ်မှာ ကြုံကြုံကြိုက်ကြိုက် ဆုံမိခဲ့ကြရခြင်းဖြစ်သည်။ မြစိမ်းရည်က တိုကျိုတက္ကသိုလ် မြန်မာစာဌာန၌ လက် ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ရင်း ဟိုက္ကုကဗျာပေဒက္ခမ်းကျင်သူ ရက္ခပေဒပညာရှင် အကီကိုနှင့် အဖွဲ့ကျ တွဲမိခဲ့ကြသည်။ ထိုမှသည် အကီကို၏ ဝမ်းကွဲအစ်ကို ဆိုဆေကီနှင့်ပါ ရင်းနှီးမိခဲ့ရခြင်းဖြစ်၏။

သူတို့နှစ်ဦးစလုံး မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းတွေနှင့် စိတ်ဓလေ့တွေကို နှစ်သက်သဘောကျကြသည်။ အထူးသဖြင့် ဘာသာတရား၏ပြင်ပမှ လူတို့အား လွှမ်းမိုးချယ်လှယ် ချုပ်ကိုင်ထားတတ်သည့် ယုံကြည်ကိုးကွယ်မှု အစွဲအလမ်းများ အကြောင်းကို ပို၍ စိတ်ဝင်စားကြသည်။

ပြောရလျှင် 'ဂမ္ဘီရ' တွေကိုသာပင် စကားကြုံတိုင်း မြစိမ်းရည် ပြောပြော ပြတတ်သည့် မြန်မာ့ဂမ္ဘီရ ဧေ့ တွေ့ရာရာ ဇာတ်လမ်းကလေးများ၊ ဒဏ္ဍာ


www.burmeseclassic.com

www.burmeseclassic.com


ဆန်ဆန်၊ ပုံပြင်ယောင်ယောင်ကလေးများကို အလေးတယူ မြတ်နိုးတနာ ရှိတတ်ကြလွန်းသည်။

စကားစပ်၍ 'အဘအောင်မင်းခေါင်' အကြောင်းနှင့် မြစိမ်းရည်သည် အဘအောင်မင်းခေါင်၏ ချက်မြုပ်ဇာတိ 'စင်မြင့်' ရွာသူဖြစ်ကြောင်း သိခွင့်ရကြသည့်အခါ ပါးစပ်မစေ့ကြတော့။ ပုပ္ပားကို လိုက်လည်ပါမည်တကဲကဲ နားပူနားဆာ လုပ်လျက် နသားပါရ မရောက်ရောက် တွန်းတွန်းတိုက်တိုက် လာခဲ့ကြသူတွေဖြစ်သည်။

နှလုံးအခံ စိတ်အနေ ဖြူဖြော့င်သိမ်မွေ့သူများဖြစ်၍လည်း သူတို့ခများ များကို စနိုးစနောင့် မငုံ့မရဲ မဖြစ်စေချင်။ သူတို့ဂျပန်ပြည်မှာ မြစိမ်းရည်ကို မျက်နှာတစ်ချက်မညှိုး၊ ရေစိမ်းတစ်ပေါက်မစင်အောင် တာဝန်ကျေခဲ့ကြသည်လေ။

"ဒီလိုပါ ... ဘကြီးအိုရဲ့။ ဆိုဆေကီတို့ အကီကိုတို့က လေ့လာမယ် ဆိုတာ ဒီဓလေ့တွေကို မယုံကြည်လို့မဟုတ်ပါဘူး။ သူတို့ဂျပန်မှာလည်း ဒဏ္ဍာရီတွေ၊ နတ်ချင်းတွေ၊ ကျေးလက်ပုံပြင်တွေ၊ ကျေးလက်ဂီတတွေ ရှိတာပါပဲ။

ဂျပန်တို့ကိုးကွယ်တဲ့ ဘာသာက 'ရှင်တိုဘာသာ'တဲ့။ 'ရှင်တို' ဆိုတာ 'နတ်တို့ရဲ့လမ်းစဉ်' လို့ဆိုတာပါ။ ဂျပန်ကအိမ်တွေမှာလည်း ရှင်တိုနဲ့ဆိုင်တဲ့ နတ်ဒေဝါတွေ၊ ဗုဒ္ဓဘာသာဆိုင်ရာ နတ်ဒေဝါတွေကို အတူတူ ကိုးကွယ်ကြတာပါပဲ။

အဲ ... အဘအောင်မင်းခေါင်ကိုကျ 'ထွက်ရက်ပေါက်ပုဂ္ဂိုလ်'ဆိုတဲ့ အဘရဲ့ ဂမ္ဘီရလမ်းနဲ့ လွန်ခဲ့တဲ့အနှစ်(၅၀) လူ့သက်တမ်းတစ်ဆက် သာသာလောက်က ထွန်းခဲ့တာဆိုတော့ ပိုပြီး အာရုံကျမိကြတာပေါ့။ အဘအောင်မင်းခေါင်ရဲ့ အတ္ထုပ္ပတ္တိ ဖြစ်ရပ်အမှန်ကို လေ့လာပြီး လူတွေရဲ့ ယုံကြည်ကိုးကွယ်မှုအပေါ် ဘာကြောင့် သိပ်သိပ်သည်းသည်း ထဲထဲဝင်ဝင် လွှမ်းမိုးနိုင်ရတာလဲဆိုတဲ့ အခြေခံအချက်ကို သိချင်တာပါ။ လေးစားရိုသေမှုနဲ့ပါ ဘကြီးရဲ့"

"ဟုတ်ပါတယ် ... ဘကြီးအို။ မင်းဟန်ပြောတဲ့ အတိုင်းပါပဲ"

ဆိုဆေကီက မြန်မာလိုပီပီသသ ထောက်ခံစကားဝင်ပြောသည်။

မြစိမ်းရည်ကြောင့် ဆိုဆေကီတစ်ယောက် မြန်မာစကားကို ပပ်ပပ်နပ်နပ်ဖြစ်အောင် ကြိုးစားသင်ယူခဲ့ရခြင်းဖြစ်ကြောင်း သူနှင့် အကီကိုတို့က အတင်းသိအစင်းသိ။


www.burmeseclassic.com

www.burmeseclassic.com



"အိမ်း ... ကိုရင်ပြောသာလည်း ဟုတ်တုတ်တုတ်"

ဘကြီးအိုက ရေနွေးကြမ်းခွက်စဥ့်ပန်းကန်ကို လက်ကမချနိုင်သေးဘဲ ခေါင်းတညိတ်ညိတ်။ အရိုးလေးငြိမ်းကမူ သူ့ပြောင်းဖူး ဖက်လိပ်ကြီးကိုသာ အားပါးတရဖွာရင်း မြန်မာစာသံတွေ ထွက်လာနေသည့် ဆိုဆေ့ကိကို လူထူးလူဆန်းသဖွယ် ငေးကြည့်နေဆဲ။

"ဘကြီးအိုလည်း အသိသားနဲ့။ နှစ် (၁၀၀) တောင် မကြာသေးဘူး၊ အဘဘိုးမင်းခေါင်းရဲ့ အကြောင်းတွေက တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ် ဆန်းတွေ ဖြစ်ကုန်ကြပြီ။ ဟို (၃၇) မင်းနတ်တွေနဲ့ ရောလိုရော။ အဲဒီ အောက်လမ်းနတ်တွေလိုပဲလို့ ထင်လိုထင်။

တချို့ကဆို ကိုကြီးကျော်တို့၊ မနဲ့လေးတို့နဲ့ နတ်ဆွေနတ်မျိုးဖွဲ့လိုဖွဲ့။ မတူခြားနားတဲ့အကြောင်းကို သိတဲ့လူတွေကလည်း ဂဃနဏမပြော။ ဒီလိုပဲ ရေငုံနှုတ်ပိတ်၊ ပါးစပ်ပိတ်နေခဲ့ကြရင် ဖုန်းဆိုးတောကြောင့် လယ်ကောဖြစ်သွားမှာကို မြင်ယောင်မိပါသေးရဲ့"

"အိမ်း ... မိန်းကလေးပြောသာလည်း ဟုတ်သားပဲ။ အဘ ဘိုးမင်းခေါင်းရဲ့ အမည်ရင်းက ဦးဘိုးအောင် ... တဲ့။ မွေးချင်း (၅)ယောက်ထဲမှာ ဒုတိယသား။ ရှင်သာမဏေဝတ်ခဲ့ပြီး ရဟန်းခံတဲ့အခါ ရှင်အာစိဏ္ဏလို့ ဘွဲ့ခံခဲ့သတဲ့။ ဆယ်နှစ် ဆယ်မိုး ပုပ္ပားမှာ သီတင်းသုံးပြီးမှ ရဟန်းဝတ်နဲ့ပဲ ခရီးထွက်သွားရော။

နှစ်ပေါင်း သုံးဆယ်ကျော်ကြာတဲ့အခါ ပုပ္ပားမြေကို လူ့ဝတ်ကြောင် 'ဘိုးမင်းခေါင်' အဖြစ် ပြန်လည်ရောက်ရှိခဲ့တာတဲ့ကွယ်။ ဂန္ဓာရီခရီး လှည့်နေစဉ်တုန်း 'မကောင်းသူပယ် ... ကောင်းသူကယ်' ဆင်းရဲဒုက္ခရောက်နေတဲ့သူတွေကို ကူညီစောင့်ရှောက် အသက်ဘေးက ကယ်တင် သာသနာလုပ်ငန်းတွေ လုပ်ခဲ့သတဲ့ကွယ့်။

'ဘုရားကလေးငယ်ငယ် ကိုးတောင်ပြည့်တည် ငယ်သာငယ် ပြည်ကယ်မယ့်ဘုရား' ဆိုတဲ့ တဘောင်လို တိုင်းခြားသား လူမျိုးခြား ကုလားဖြူကုလားမည်းတွေရဲ့ ကျူးကျော်ဖိနှိပ်မှုအောက်မှာ ဗုဒ္ဓသာသနာ မကွယ်ပရလေအောင် မြို့ပြည်ရွာအနှံ့ သဲပုံစေတီ၊ ကိုးတောင်ပြည့်စေတီတွေတည်ပြီး သာသနာ့တံခွန် လွှင့်ခဲ့တာပေါ့။ မန္တလေးတောင် ရသေ့ကြီးဦးခန္တီတောင်မှပဲ အဘဘိုးမင်းခေါင်ရဲ့ တပည့်ဆိုသာကိုး မိန်းကလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com


"အို ... ကိုကြီးအိုကလည်း ဘုန်းဘုရားကြီး ဘိုးပြည့်စုံပြောတာ၊ ဟောတာလိုပုံဖြင့် ဦးအာစိဏ္ဏကိုယ်တော်ဟာ ပုပ္ပားမှာ သီတင်းသုံးတဲ့ ရသေ့ကြီး တစ်ပါးဆိုပါကော။ တစ်နေ့သား အင်မတန်နာဖျားမကျန်း အနာသည်းလွန်းလို့ ပစ်လိုက်ရတော့မလားလို့ လက်လျှော့ရတော့မလို ဖြစ်နေကြတုန်း မြောနေရာက ရုတ်ခနဲ ထ,ထိုင်သတဲ့။

ကိုယ်ပေါ်က သင်္ကန်းတွေကိုချွတ်ပစ်ပြီး 'ငါ့ကို တိုက်ပုံအင်္ကျီတစ်ထည် ပေးစမ်း။ ငါ့ကို ပုဆိုးတစ်ထည်ပေးစမ်း' လို့ တောင်းသတဲ့။ ပုဆိုးတောင်မှ ကွက်တုံးကြီးကို ရအောင်ရှာပေးကြရပြီး 'ငါ အာစိဏ္ဏ မဟုတ်တော့ဘူးကွ။ အာစိဏ္ဏက သေပြီ။ ငါက မင်းခေါင်။ အောင်မင်းခေါင်ကွ' လို့အော်ပြီး လမ်းထလျှောက်သတဲ့။

'ဘိုးတော်ထွက်ပွဲ'ဆိုသဟာ အဘ ထွက်ရပ်ပေါက်သွားတဲ့ တော်သလင်း လပြည့်ကျော် (၂)ရက်နေ့မှာ အထိမ်းအမှတ်အနေနဲ့ လုပ်တာလေ။ နတ်ပွဲ မဟုတ်ပါဘူး။ အဘက ထွက်ရပ်ပေါက်သွားတဲ့ ဝိဇ္ဇာရေ ပုဂ္ဂိုလ်တစ်ပါးပါတော်ရဲ့"

"အေးလေ ... ရှင်မယ်ငြိမ်းရယ်။ မိန်းကလေး အဲသီဟာကိုပဲ ပြော နေသာပ။ သူ့သူငယ်ချင်းတွေကလည်း အဲသဟာမျိုးတွေကို စိုက်လိုက်မတ်တတ် စပ်စုချင်ကြသာကိုး"

"ရှာရှာကြံကြံတော် ... ကလေးတွေနှယ် ... အလုပ်မရှိ ကြောင်ရေချိုး လို့"

အားလုံး ခွေးခွေးထွေးထွေး ရယ်ဖြစ်ခဲ့ကြရ၏။

မြကျေးနှင့် ဥကလေးတို့၏ ပေါ့ပေါ့ပါးပါး ရယ်သံလွင်လွင် သည်ဝန်းကျင် ၌ မြူးရွှင်စည်ညံနေတော့သည်။

"အစ်မမြကလေး ... အစ်မတို့ ဖက်ပုပ်စမ်းဘက် သွားကြဦးမှာဆို။ သင့်ကာနေ နေပူချိုရော့မယ်။ ဦးပေစိကြီးကို လှည်းက,နိုင်းလိုက်တော့မနော်။ ဒီအချိန်လောက်ဆို အဘအောင်မင်းခေါင်ရဲ့ ဓာတ်နန်းမှာလည်း စည်လှရှိရော့မယ်။ တမြန်နေ့ဆီလောက်ကပဲ ဆိုင်ခန်းတွေ မှိုလိုပေါက်နေကြမင့်ဟာ"

"အေးလေ ... တို့ 'စကားဝါအိုင်' နဲ့ 'စန္ဒကူးတော' ဖက်ကိုပါ လှည့် ဝင်ကြသေးတာပေါ့။ အစ်ကိုလေးသန်းခေါင်း တယုတယ စိုက်နေပျိုးနေတဲ့ သူ့


www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးခြံကိုလည်း ဝင်ကြည့်ရအောင်လေ။ အဂါကိုနဲ့ ငါ့အတွက် သနပ်ခါး အမြစ်တုံးတွေ အဆင်သင့်လုပ်ထားသတဲ့''

"နေမညိုခင် သွားမယ်ဆို သွားကြလေ ... မိန်းကလေးတို့။ အိမ်ပြန် တော့ သိပ်မိုးမချုပ်ကြစေနဲ့။ တို့တောအရပ်မှာ မိန်းကလေးများ မိုးချုပ်နေဝင် ကိုးကုန်းကိုးကျင်း သွားသွားလာလာဆို မကြည့်သာချင်တတ်ကြဘူးကွယ့်''

"ဟုတ်ကဲ့ပါ ... အရီးလေး''

အဘအောင်မင်းခေါင် သီတင်းသုံးခဲ့ဖူးသည့် ကျောင်းအရာမ်နေရာနှင့် တောခြေမြိုင်လမ်းကို ရောက်ဦးတော့မည်။ အတိတ်နှင့်ပစ္စုပ္ပန် ဒဏ္ဍာရီတွေနှင့် ပစ္စက္ခဘဝ၊ ရောထွေးယှက်တင် ထွေးထွေးလုံးလုံး ရှိဦးရော့မည်။

ဆောင်း၏ကောင်းကင်၌ တိမ်ဖြူကလေး တစ်ဆုပ်နှစ်ဆုပ်ကိုသာပဲ မြင် ရ၏။ ပြာလွင်လွင်ကောင်းကင်သည် ကြည်စင်လွန်းလှသည်။

✿ ✿ ✿

## ၃

❑

ဖျတ်ခနဲနိုးလာတော့ မောဂျ်နေသည်။ ရင်တွေလည်း အရမ်းခုန်နေ၏။ အံ့ဩစိတ်ပြီးလျှင် ထူးထူးလည်လည် ဝမ်းမြောက်ဝမ်းသာစိတ်၊ ပီတိအဟုန်က ငယ်ထိပ်အထိ ဆောင့်တက်နေတော့သည်။

ချွေးစေးတွေဖြင့် ရွှဲနေသည့် အင်္ကျီတွေကို ချွတ်ပစ်လိုက်ပြီး မြစိမ်းရည် လျှော်ဖွပ်မီးပူတိုက်ပေးထားသည့် (100% Cotton)ဟု ရယ်ဟာဟာနှင့် ညွှန်းဖွဲ့ခဲ့ပေ အပြာနုနု အကွက်စိပ်ကလေးတွေ ခပ်ထွေးထွေး အညာဖျင်ကြမ်းထည်ပိတ်ဝ ကို ကောက်စွပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


လည်ချောင်းတွေပူနေအောင် ခြောက်သွေ့နေသဖြင့် 'ဖက်ပုပ်စမ်း' ရေထွက်မှ တကူးတကခပ်လာခဲ့မိသော ပုပ္ပားရေ ကြည်ကြည်အေးအေးကို အားရပါးရ တစ်ကျိုက်ချင်း မော့ချနေမိရပြန်သည်။

ယောဂီရောင်ဝတ်စုံပြည့်နှင့် ယုံကြည်ကိုးကွယ်သူများ အိုးစည်ဗုံမောင်းများ၊ အုန်းပွဲငှက်ပျောပွဲများ၊ အလှူအတန်းပြုသူများဖြင့် ခဲနေသည့် ဓာတ်နန်းကို ရုတ်ခနဲ ပြေးမြင်၏။

"အဘဘိုးမင်းခေါင်နဲ့ တွေ့ချင်ရင် ကန်တော့ပွဲပေးရသယ်။ အရက်မသောက်ရဘူး။ ကိုယ့်မွေးနေ့မနက်(၉)နာရီမှာ အဓိဋ္ဌာန်တင်ပြီး အဘကို ဆုတောင်းရသယ်။ သက်သတ်လွတ်စားရသယ်။ ပါရမီ အထုံအဆက်နီးရင်တော့ဖြင့် ချက်ချင်းလက်ငင်းပဲ ပုံစံတစ်မျိုးမျိုးနဲ့ အဘကို တွေ့ရတတ်သယ်တဲ့။ ပဋ္ဌာန်းဆက်ဝေးရင်ဖြင့် ကြာတတ်သာပေါ့"

အစ်ကိုကြီးတင်ခွေးက ယုံယုံကြည်ကြည်ကြီး ပြောပြနေခဲ့သည်ကိုလည်း အမှတ်ထင်ထင်။

"ဟင်း ... အဲဒါဆို ... ဒါ .. ဒါဟာ ... အဘဘိုးမင်းခေါင် ဆိုတာများလား"

ရင်တွေက တလှုပ်လှုပ် ခုန်လာပြန်တော့သည်။

ဆံပင် သန်သန်မည်းမည်းတွေနှင့် လေးထောင့်ကျကျ ကြည်ကြည်သန့်သန့် မျက်နှာနေ။ မေးရိုးနှစ်ခုက ထင်းနေသည်။ မျက်ဝန်းက စူးရှဝင်းပြက်။ နှာတံပြားပြား။ ပိရိသေသပ်သော နှုတ်ခမ်း၊ မျက်ဝန်းမျက်ဆံတွေက အညိုရောင်သန်းချင်သည်။

တစ်ပါးသူ၏ရင်ကို ထွင်းဖောက်လျက် တိုးလျှိုပေါက် မြင်နေလေသည့် ဟန်၌ ကရုဏာငွေ့က အကဲသာလွန်းနေသည်သို့ရှိ၏။ စွပ်ကျယ်ဖြူလက်စကပေါ်မှာ ဖျင်ပင်နီတိုက်ပုံကြမ်းကြီး အောက်ခံအဖြူပေါ်၌ အညိုနှင့်အနက်ကွက်တုံးကြီးတွေပါသည့် လက်ဖြစ်ရက္ကန်းထည် နှစ်နံ့စပ်ပုဆိုး။

ဖက်ပုပ်စိမ်း၏ စမ်းကြီးပေါက်ဝ သဲကျောက်တုံးဖြူဖြူပေါ်မှာ အမင့်သား ဖင်ပလ္လင်ခွေ ထိုင်နေခဲ့သည်ပဲ။ 'အဘဘိုးမင်းခေါင် ကိုယ်ထင်ပြလေရော့သလား'။ [illegible]ဝမက်က နေ့တစ်ခင်းမှာလို ကြည်လင်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



သေင်းကျန်းသူများဟာ တွေ့သမျှကို ပစ်ခတ်ရဲ့။ အချို့ ပြေးလို့လွတ်ရဲ့။ သူတို့က အင်အားများနဲ့ ရသမျှပစ္စည်းများကို သယ်ယူပြီးနောက် ကုန်ကားနှစ်စီးကို မီးရှို့ဖျက်ဆီးပစ်လိုက်ကြတော့တာပဲ။

✿ ✿ ✿

## ၅

❑

အဖြစ်ဆိုးဝါးလွန်းလှတဲ့သတင်း သူ့မထံ ရောက်ရှိလာရော။

"အမယ်လေး ... လုပ်ကြပါဦး"

တစ်ချက်အော်ပြီး မသရဖီ သတိလစ် မေ့မျောသွားခဲ့လေရဲ့။ ကိုမိုးခြိမ်းနဲ့ ချက်ကောင်းရယ်၊ အိမ်နီးနားချင်းများရယ်က မနည်းနှာနှပ်မှ မသရဖီ ပြန်သတိရလာတယ်။

ဒါပေမဲ့ 'အစ်ကိုရေ ... အစ်ကိုရေ' နဲ့ ကယောင်ကတမ်းအော်လိုက်၊ ပြေးလွှားလိုက်၊ ယောက်ျားလုပ်သူရဲ့ ဓာတ်ပုံကိုဖက်ပြီး လူးလိမ့်အော်ဟစ်လိုက်နဲ့ ပဒါမြေလူးဖြစ်တဲ့ဘဝကို ရောက်ခဲ့ရပါရော။

သက်ဆိုင်ရာ တာဝန်ရှိသူများရော၊ ဌာနဆိုင်ရာ တာဝန်ရှိသူများရော၊ အဲဒီသောင်းကျန်းသူများ တိုက်ခိုက်ခဲ့သည့် နေရာဝန်းကျင်ကို လိုက်လံတိုက်ခိုက် ရှာခဲ့လိုက်တာ ...

အလွန်နက်သည့်ချောက်ထဲမှာ ကားဟာ မီးလောင်ပျက်စီးသွားခဲ့ပြီး ဝန်ထမ်းသုံးဦးရဲ့ မီးလောင်ကျွမ်းစအလောင်းများကို ပြန်တွေ့ခဲ့ကြတယ်။

ကိုကံကြီးရဲ့အလောင်းကိုတော့ ပြန်မတွေ့ခဲ့ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



"လူကလေးရဲ့ ... ဘာအသွေးအရောင်၊ ဘာစကားတွေပဲပြောပြော၊ လူဟာ လူပဲပေါ့ကွယ်။ ရုပ်အစု နာမ်အစုရဲ့ ဖြိုင်တုံးဖြိုင်ခဲတွေချည်းပဲမဟုတ်လား။ ပရမာအနုမြူအဆင့်အထိ သေးသွားမှုန်သွားအောင်သာ စိတ်ဖြာပြီး ရှုကြည့်လိုက်ရင် အသက်ကောင် ဝိညာဉ်ကောင်ဆိုတာ ဘာရှိတော့လို့တုံး။ 'မြေ ... ရေ ... လေ ... မီး' ဓာတ်လေးပါး အစုအဝေးချည်း သက်သက်ပဲပေါ့။ ဟုတ်ဘူးလား။

အဲ ... နို့ပေတဲ့ ... လူနဲ့လူချင်း အသွေးအမွေး ပင်ကိုဓာတ်ခံမတူကြ၊ ခြားနားကွဲပြားသွားကြရတာက ကုသိုလ်, အကုသိုလ်တို့ရဲ့ လွှမ်းမိုးခြယ်လှယ်မှုတွေကို ခုခံဆန့်ကျင့်ပြီး ဘုရားအလိုတော်ကျအောင် ဘယ်လောက် လုပ်နိုင်လုပ်ဖြစ်သလဲဆိုတာပဲ ... လူကလေးရဲ့။

**အားမကျနဲ့ ...။** ကိုယ်တိုင် ကုသိုလ်ကမ္မတွေ ပြည့်စုံထမြောက်အောင် **လုပ်။ ဆုမတောင်းနဲ့။** လက်တွေ့လက်ငင်း ပစ္စုပ္ပန်ဘဝမှာရှိနေတဲ့ ကံနဲ့ ကမ္မဖလကိုပဲ ပုံလိုက်။ ပါရမီဆိုတာမရှိဘူး။ ကိုယ်ပြုတဲ့ကံနဲ့ ကံရဲ့ အကြောင်းအကျိုးဆက်တွေပဲရှိတယ်။

အဘအောင်မင်းခေါင်ကို မတ,နဲ့။ အောင်မင်းခေါင်က ဘယ်သူ့ကိုမှ ဘာမှ လုပ်မပေးနိုင်ဘူး။ ကိုယ့်ရဲ့ စိတ်,စေတသိက်, ဇော, အာရုံတွေနဲ့ ကံတွေကသာ ကိုယ့်ဘဝနဲ့လားရာကို ပြဋ္ဌာန်းစီရင်ပေး နိုင်တာပဲလို့မှတ်"

ဗုဒ္ဓေါရေ ... အဘ၏ မျက်ဝန်းစိမ်းလဲ့တွေက သူ့ကို တည့်တည့်ကြီး ကြည့်၍ ပြောနေပါသကော။ အဘပြောလေသမျှ မြန်မာစကားလုံးတွေကို အကုန် အစင် အကြွင်းတစ်စမရှိ သူနားလည်နေမိရသည်ကလည်း အံ့ချင်စရာ။

တကယ်ဆိုမူ မြစိမ်းရည်ကြောင့် အခြေခံမြန်မာအပြောစကား၊ အရေး စကားတွေကို တန်သင့်ရုံ တီးမိခေါက်မိသင်ကြားခဲ့သည်က မှန်သည်။ ခဲခဲကတ်ကတ် တွေဆိုလျှင် နားမလည်နိုင်တတ်သေး။ ယခုဖြင့်မူ အဘပြောသမျှ စကားတွေကို သူက နားလည်နေသည်။

ကြည့်စမ်း ... သူ မွေးခန် အိပ်ပျော်မသွားခင်ကလေးကမှ ဟေအိယံ ခေတ်ကဗျာ စာဆိုတာဒါညြမိ (Shimadano Tadaomi) (ခရစ် ၈၂၈–၈၉၁) ၏ သံဝေဂကဗျာတွေကို ဖတ်နေဖြစ်ခဲ့မိသေးသည်။

ဘဝနှင့် ဘဝ၏တည်ရာ၊ လူနှင့် လူ၏အဖြစ်၊ လူ့အဖြစ် လူ့ဘဝအတွင်း ဝိတ်မိနေသော လူ၏ ကုသိုလ်, အကုသိုလ်စိတ်တွေအကြောင်း။ ကဗျာက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com


စကားတွေ၊ အသံဖွဲ့စည်းမှုစနစ်တွေ၊ ကဗျာကပေးသည့် ဒဿနအတွေးတွေ တသီကြီးဖြင့် လုံးခြာလည်နေမိသေးသည်။

"လူ့ဘဝဆိုတဲ့ ကိုယ့်ရဲ့သံသရာ အကန့်ကလေးတစ်ကန့်မှာ ကိုယ်ဖြစ်ချင်သလို ဖြစ်လာဖို့ဆိုတာ ခဲယဉ်းသားပဲ ... လူကလေးရဲ့။ ကိုယ်ဖြစ်ချင်တဲ့ မျှော်လင့်ချက်ဆီကို ချဉ်းကပ်ရင်း ကိုယ့်ကိုပတ်ခြာဝိုင်းနေတဲ့ တခြားတစ်ပါးတွေရဲ့ 'ချင်ခြင်း' တွေထဲမှာပဲ ကူးနေခတ်နေကြရတာ။ အဲဒါဟာ ဘဝပဲ။

အရေးကြီးတာက ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ့်ကို အလေးထားသူတွေအပေါ် ရိုးသားမှုရှိဖို့ပဲ။ လူတွေ ဘယ်လိုထင်တာ၊ ဘယ်လိုပြောတာ စကားတွေက အမှန်တရားတွေမှ မဟုတ်တာ။ နားလည်ရဲ့နော် ... လူကလေး။

လူကလေးနဲ့ အဘာနဲ့က ဘဝချင်းနီးတယ်။ ပဋ္ဌာန်းဆက် အနွယ်ချင်းလည်းတူတယ်။ လူကလေးဟာ အဘာတို့ရဲ့ ဟောဒီပုပ္ပားတောင်မင်းခြေရင်းမှာ ခေါင်းချရမှာ အမှန်ပဲ။ အဲ ... မိန်းကလေးကတော့ ..."

မြစိမ်းရည် ... မြစိမ်းရည်က ဘာဖြစ်မှာတဲ့လဲ။ ဘာတွေ ဆက်ပြောလာလေဦးမည်လဲ။ တဒိတ်ဒိတ်ရင်ဖြင့် မျှော်လင့်တကြီးစောင့်နေမိသည့်တိုင် ..

"ဖြစ်ချင်တာတွေထက် ဖြစ်သင့်တာတွေပဲ ရွေးလုပ်ပေါ့ ... လူကလေးရယ်။ အဲဒါမှလည်း ရခဲတဲ့လူ့ဘဝ ရသခိုက်၊ ဖြစ်ခွင့်ကြုံသခိုက် အဓိပ္ပာယ်ရှိပေတော့မပေါ့။

"ဟောဟိုမှာ မြင်သလား ... လူကလေး။ အဲဒီတောအုပ် အုပ်ကလေးဟာ နောင် သနပ်ခါးခြံ၊ သနပ်ခါးတောကြီး ဖြစ်လာလိမ့်မယ်ကွယ့်။ အဲဒီအချိန်ကျရင် လူကလေးနဲ့အဘာ တစ်ကြိမ် ပြန်ဆုံကြရပေလိမ့်မယ်။ အဲ ... လူကလေးက မိန်းကလေးကို စောင့်ရှောက်ပေးနေရတဲ့ ဘဝနဲ့လေ။ ကံလမ်းတွေက ဆန်းပေသကိုး ... လူကလေးရဲ့။

အခြေခံလူ့သီလတွေနဲ့ ဝေနေယျတွေအပေါ် အကျိုးလိုလားတဲ့ ချစ်ခြင်းတရားကို စောင့်ရှောက်မွေးမြူထားနိုင်ခဲ့ရင် အဘာနဲ့တွေ့ကြရဖို့က နီးပါသကွာ။ ဟုတ်စ ... လူကလေး"

လင်းခနဲ ဝင်းခနဲ၊ ဖြိုးခနဲ ပြက်ခနဲ။

ထိုအချိန်၌ ဆိုဆေကီ လန့်နိုးလာခဲ့ခြင်းဖြစ်သည်။ အိပ်မက်ပဲဟု သိသားသည့်တိုင် အဟုတ်လိုလို၊ တကယ်လိုလို။ ဟုတ်ယောင် ထင်နေမိသဲ့ အဘာ


www.burmeseclassic.com

www.burmeseclassic.com


ဘိုးမင်းခေါင်' နှင့် တွေ့ခဲ့ရသည်ဟု ပြောမိချေက အကီကို၊ မင်းဟန်နှင့် မြစိမ်းရည် တို့က ဘာတွေပြောကြမည်လဲ။ ဘကြီးအိုတို့၊ အရီးလေးငြိမ်းတို့၊ ဘကြီးဦးကြာယုံ တို့ကကော ဘာပြောကြဦးမည်လဲ။

အဘနှင့်တွေ့ခဲ့ရသည်ကဖြင့် အဟုတ်တကယ်ဖြစ်သည်။ ယုံချင်သူယုံ၊ မယုံချင်နေ။ ဆိုဆေကီက တကယ်ဟုပဲ တစ်ထစ်ချယုံထားလိုက်မိတော့သည်။

✿ ✿ ✿

## ၄

❑

"ဟုတ်တယ် ...။ အိပ်မက်ထဲမှာ တွေ့ခဲ့ရတဲ့ အဘက အဲဒီဓာတ်ပုံ ထဲက အတိုင်းပဲ"

ဗုဒ္ဓေါ ... မြတ်စွာဘုရား။ ဟုတ်မှ ဟုတ်ပါလေစ။

ဆိုဆေကီက ဘကြီးအိုထုတ်ပြသည့် ဓာတ်ပုံတွေကိုကြည့်ပြီး အစ်မ မတ်ချကြီး ပြောနေလေလေ ကြုံလာရသည့်အဖြစ်ကို အံ့သြမှင်သက်ကြရလေ လေ။

ဘကြီးအိုထုတ်ပြသည့် ဓာတ်ပုံက ဖက်ဆစ်ဂျပန်တို့ ဓားမိုး၍ အုပ်စိုးခဲ့ သည့် ကာလပျက်ကြီးအတွင်း 'အဘအောင်မင်းခေါင်' ထုတ်ဝေခဲ့သည့် 'ဗုဒ္ဓယတြာ' သာသနာပြု ငွေစက္ကူတွေပေါ်က အဘ၏ပုံနှင့် အဘအောင်မင်းခေါင် ထွက်ရပ်စခန်း သို့ မြန်းမည့် နောက်ဆုံးနေ့က တပည့်သာဝက သံသရာဝဇနေယျအများ ဒါနပါရမီမြောက်စေဖို့ ကာလများစွာ ပယ်ဖြစ်ထားခဲ့သည့်ဆွမ်း၊ ဘောဇဉ်များကို မှီဝဲသုံးဆောင်နေသည့် ဓာတ်ပုံနှစ်ပုံ။


www.burmeseclassic.com

www.burmeseclassic.com


ဆိုဆေကိက 'သည်ပုံမှသည်ပုံပါပဲ' ဟု တန်းတန်းစွဲကြီး ပြောနေ၍ အံ့သြရသည့်အထဲ အဘညွှန်ခဲ့သည့် တောအုပ်ညို့ညို့ကလေးဆိုတာသည် အစ်ကိုလေး သန်းခေါင်၏ သနပ်ခါးခြံ၊ သနပ်ခါးတောကလေးပင် ဖြစ်နေပြန်သည့်အခါ ဘယ်လိုရယ်ဟု မသိတတ်နိုင်ဘဲ ရင်တဖိုဖိုနှင့် ထပ်တွန့် ရင်သပ်နေကြရပြန်တော့သည်။

"ကြဲကြီးစည်ရာတွေကွယ် ...။ ကြဲ့ရပေတယ်လို့"

အဘိုးက သည်မျှသာ မှတ်ချက်ပြုသည်။ အရီးလေးငြိမ်းတစ်ယောက်ကဖြင့် ဆွေ့ဆွေ့ခုန်။

"ကံထူးပေသကွယ့် ... ကိုရင်လေးနယ်။ ကျုပ်တို့များ တစ်သက်လုံး တစ်သောင်လုံး အနန္တငါးပါးနဲ့ တစ်ဂိုဏ်းထဲထားပြီး အဘဘိုးမင်းခေါင်ကို ဆည်းကပ်လာခဲ့မင့်ဟာ ... ဟော ခေါင်းဖြူစွယ်ကျိုးကြီးသာဖြစ်ကရော ... အဘရဲ့ ကိုယ်ငွေ့ကို ရိပ်ရိပ်တောင် မသိခဲ့ရဖူးဘူး။ ပဌာန်းဆက်ကလည်း နီး,နီးပါပေ့။ သာဓုပါတော် ... သာဓု .. သာဓုပါ။ မနက်ဖြန် ဓာတ်နန်းကိုသွားပြီး ကန်တော့ပွဲများလည်း သွားဆက်ချေဦး"

'အကီကို' က မယုံတစ်ဝက် ယုံတစ်ဝက်။

မြစိမ်းရည်က လျှာကလေး တစ်လစ်ထုတ်လို့။

ထိုအဖြစ်တွေသည် ထိုမျှဖြင့်ပြီး ဆုံးသွားခဲ့လျှင်အကောင်းသား။ သို့နှင့်တိုင် ... ထိုအဖြစ်တွေကို အတိတ်ဟု တကြောင့်ကြကြ လွမ်းတနေရသည့် သည့်ကနေ့တွင်မှ ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၅

❑

"မင့်လွှမ်းစေတီကလေးကို ရောဝတီကို စီးမိုးမြင်နေရတဲ့ သနပ်ခါးတော
ရဲ့ ခေါင်းရင်းက ကုန်းတန်းခင်ကြောကလေးပေါ်မှာ တည်ထားတယ် ...
သူငယ်ချင်း။ အစ်ကိုလေးသန်းခေါင်ကတော့ သူ့သနပ်ခါးတောကို ချုံ့ရင်းချုံ့ရင်
နောက်ပေါက်ခြံသစ်တွေနဲ့ ပေါင်းလိုက်ရင် အစုစု ဆယ်ကေနီးပါး ပြည့်လုပြည့်
ဆိုတော့ တကယ့်သနပ်ခါးတောအုပ်ကြီးလို ဖြစ်နေတာပဲတဲ့။

စန္ဒကူးပင်ပျိုတွေကို စမ်းစိုက်ထားတာကလည်း အောင်လို့တဲ့။ ခြံဝ
'စန္ဒကူးမြိုင်'လို့ ဆိုင်းဘုတ်ကလေးတောင် ရေးကြီးသုတ်ပြာ တင်ထားလေရဲ့။

"သူ့သနပ်ခါးခြံကို လေးငါးခြောက်နှစ် ပိုးမွေးသလို မွေးခဲ့ပြီးမှ အစ်
လေးက အခု ဘာဆက်လုပ်မှာတဲ့လဲ ... မင်းဟန်"

"အင်း ... မြစိမ်းရည်ဟာ သူ့ရဲ့ညီမဝမ်းကွဲဆိုပေမယ့် သူ့သမီးက
လို သူ သိပ်ချစ်တာကို။ လွှမ်းစေတီကလေးနဲ့ မင်းရဲ့ 'မေတ္တာရဂုံ' အိမ်ကြီး
ဖွင့်ဖြစ်ပြီဆိုတဲ့အခါ ဒီသနပ်ခါးတောကြီးမှာ သူ့ညီမ သိပ်ပျော်ရှာမှာတဲ့ စိတ်တုံး
ချပြီး မင်းလက်ကို ထိုးအပ်ခဲ့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com


သူကတော့ မင်းထုတ်ပေးတဲ့ငွေနဲ့ ပုပ္ပားရဲ့ အနောက်မြောက်ဘက် 'သပြေပင်' နဲ့ 'ရေယဉ်စမ်း' နားမှာ နောက်ထပ် ခြံသစ်တစ်ခြံတည်ဖို့ အလုပ်ရှုပ်နေလေရဲ့။ ဒီဘက်ခြံမှာတော့ ကိုပေသီးကြီးနဲ့ ဘိုးညဏ်တို့တစ်တွေ ကျန်ခဲ့ကြလိမ့်မယ်''

''မေတ္တာရဂုံမှာ ဆရာဝန်တွေ သူနာပြုတွေရောက်ကြ၊ စုံကြပြီလား ...ဟင်''

''မနက်ဖြန် နေချိုတုန်း မင်း တစ်ခေါက်လိုက်ကြည့်ထားဦးပေါ့။ အားလုံးစုံလို့ 'Public clinic' ဖွင့်ဖြစ်တာပဲ တစ်ပတ်လောက်ရှိနေပြီ။ အနီးဝန်းကျင်ရွာကလေးတွေကတော့ ဝမ်းမြောက်ဝမ်းသာ ပြေးလာနေကြတော့တာပဲ။

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာသီရိနွယ်တို့ရဲ့ 'အလင်းကုသိုလ်' ဌာနမှာလည်း မျက်စိခွဲစိတ်ကုခံမယ့်လူနာ ၂၀၀ ကျော်ကျော် စာရင်းပေးထားကြပြီးပြီ။ ဆိုင်ရာတွေနဲ့ညှိပြီးရင် မကြာခင် တို့ 'မေတ္တာရဂုံ'မှာပဲ ခွဲစိတ်ကုသပေးကြလိမ့်မယ်။ မူလတန်းကျောင်းသစ်ကလေးက လာမယ့်စာသင်နှစ်မှပဲ စ, ဖွင့်ရမှာဆိုတော့ အဲဒီနေရာမှာပဲ ကျယ်ကျယ်ဝန်းဝန်း စီစဉ်ထားပေးတယ် သူငယ်ချင်း''

''အင်း ...ကျေးဇူးပဲ မင်းဟန်။ မင်းကို သိပ်ကျေးဇူးတင်တာပဲ''

သူ လှိုက်လှိုက်လှဲလှဲပြောနေမှန်း သိသည်။

တိုးတိုးနှင့် တိမ်ဝင်သွားသည့် ဆိုဆေကီ၏အသံသည် အတိတ်တွေထဲမှာ နစ်ကျုံ့နေဟန်။ သူ အင်္ဂါကိုနှင့် မြစိမ်းရည်တို့ကို သတိရနေပြန်ပြီ။

မြူတွေနှင့်ဆိုင်းနေသည့် ပုပ္ပားလွင်ပြင်သည် လွမ်းချင်အောင် တစ်ဖန်ဖန်နေသလိုချည်းဖြစ်သည်။

ဆောင်းငွေ့က တဖြည်းဖြည်း သိပ်သည်းလာ၏။ နည်းနည်း အေးချင်ယောင်ရှိသည်။

စံကားစိမ်းပန်းနံ့ကလေးက တကြူကြူသင်းလျက်။

ဆိုဆေကီသည် ကျောက်ပြားကိုကျောခင်း၍ လှဲချလိုက်သည်။

''ကမ္ဘာကျော်အဲ့ဖွယ်ခုနစ်ပါးထက် ငါ့နှစ်လုံးသားထဲက ပုပ္ပားက အသဲရာ,ထောင် အံ့သြစရာ ပိုကောင်းပါသေးတယ် မင်းဟန်။ မြစိမ်းရည် သိပ်ရောက်ချင် သွားချင်ခဲ့တဲ့ အဲဒီအံ့ဖွယ်နေရာအားလုံးကို ငါ ရောက်ခဲ့ပြီးပြီ။


www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးတွေအတွက် အံ့ဩစရာပျော်ရွှင်စရာ၊ ကြည့်ချင်စရာတွေနဲ့ လည်းမဝ ပတ်မဝတဲ့ အဲဒီနေရာတွေဟာ ငါ့အတွက်တော့ ခြောက်သွေ့နေတဲ့ မီးလောင်ပြင်ကြီးထဲ လျှောက်သွားနေရသလိုပဲ အဓိပ္ပာယ်လည်း မဲ့လွန်းလှတယ်။

ညညမက်တဲ့ အိပ်မက်ထဲမှာ မြစိမ်းရည်ပျော်နေတာ မြင်ရလို့သာ အဲဒီခရီးကို ဆုံးအောင်သွားဖြစ်ခဲ့ရတာ။ ငါ့စိတ်က ဟောဒီစကားဝါမြေ ပုပ္ပားနတ်တောင်နဲ့ ဒီရွာ ဒီမြေ ဒီတောနဲ့ တောင်နဲ့တွေဆီကိုပဲ တဝဲလည်လည် ရောက်နေခဲ့တာကို။''

''ဩ . . . ဒါဆို မြစိမ်းရည်နဲ့ အကီကို စိတ်ကူးနဲ့ရှုးခဲ့ကြတဲ့ အဲဒီ ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးစလုံးကို မင်းရောက်ခဲ့ပြီးပြီပေါ့''

''ဟုတ်တယ် . . . မင်းဟာန်။ ရောက်ခဲ့ပြီးပြီ။ အေး . . ဒါပေမဲ့ ငါတစ်ယောက်တည်းတော့ မဟုတ်ဘူး''

ဆိုဆေကီကို ကြည့်ဖြစ်ရသည်။ သူ ဘာပြောချင်တာပါလိမ့်။

''မြစိမ်းရည်နဲ့ . . .။ မြစိမ်းရည်နဲ့ အတူတူ သွားဖြစ်ခဲ့ကြတာ''

သူ့မျက်ဝန်းကိုမှိုးထားသည့် ပြာမှုန်မှုန် ကောင်းကင်ပြင်ကျယ်ကြီးကို မျက်နှာချင်းဆိုင်လျက် ပက်လက်ကမထဘဲ ဖြေးဖြေးဆေးဆေး ပြောနေသည်။ သူ့စကားကို ကြားမိလျှင်ပင် ရင်ထဲမှာ တရိရိ ဆွေးသွားမိတော့၏။ ဩော် . . . ဆိုဆေကီရယ်။

''အဲဒီခရီးကိုသွားဖြစ်ဖို့ စပြောခဲ့တာလည်း မြစိမ်းရည်ပဲ။ ကိုယ်တို့နှစ်ယောက် ဘဝသစ်တစ်ခုကို တည်ဆောက်ခွင့်ရခဲ့ရင် သုံးကြဖို့ ဘဏ်မှာစုထားတဲ့ငွေက နည်းမှမနည်းပဲ။ ကိုယ့်စာအုပ်အသစ် 'အလွမ်းအိပ်မက်ပန်းအိပ်မက်' ကလည်း အထိုက်အလျောက် အရောင်းသွက်ခဲ့တော့ အစစ ပြည့်စုံခဲ့တာပေါ့။ ဒါပေမဲ့ ကိုယ်က အဲဒီခရီးကို မေ့နေခဲ့တာ။ အိပ်မက်ထဲမှာ မြစိမ်းရည်က သွားကြရအောင်ဆိုမှပဲ . . .''

ငြိမ်သွားပြန်သည်။

သူ့ခရီးကို သူပြန်တွေးနေ ပြန်သတိရ ပြန်လွမ်းနေလေဟန်။

''အဲဒီခရီးတစ်လျှောက် မြစိမ်းရည်က ကိုယ်နဲ့အတူ ပါလာခဲ့တယ်။ သူ သိပ်ပျော်နေခဲ့တာပဲ။ ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါး (ရှေးဟောင်းကမ္ဘာ)ကို သူ သိပ်ရောက်ချင်ခဲ့ရှာတာကို။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . . ထူးထူးဆန်းဆန်း၊ သူပန်လေ့ရှိတဲ့ သနပ်ခါးပန်း အနံ့လေးတွေကိုလည်း ကိုယ်ရနေခဲ့တယ်။ ကိုယ့်စိတ်က ဖက်ပုပ်စမ်းနဲ့ နံ့သာတောကိုပဲ ပြန်ပြန်ရောက်နေခဲ့မိတာလေ"

ဆိုဆောက်က တစ်ကိုယ်တည်း တေးညည်းသလို ဆက်ပြောနေခဲ့သေးသည်။ တချို့ မပီမသ၊ တစ်ဝက်က ပီပီသသ။

သူ့ကိုကြည့်ရင်း ရင်မှာ လှိုက်လာသည်။

မြစိမ်းရည်ကိုလည်း လွမ်း၏။

✿ ✿ ✿

## ၆

❑

၂၀၀၇ ခုနှစ်၊ ဇူလိုင် (၇)ရက်နေ့၌ ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်း(Lisbon) မြို့တွင် ကြေညာခဲ့၏။ ၂၀၀၁ ခုနှစ်မှစတင်၍ ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးအသစ်ကို ရှာဖွေခဲ့ကြရာ ၇-၇-၇၇ ၌ တိုက်တိုက်ဆိုင်ဆိုင် သတ်မှတ်ကြေငြာနိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်၌ ခရစ်(၅)ရာစု (ဘီ-စီ)မှ ၁၆ရာစု(အေ-ဒီ)အထိ အထပ်ထပ် အခါခါ ပြင်ဆင်ဆောက်လုပ်ခဲ့ကြသော မဟာတံတိုင်းကြီး (Great Wall of China) က ထိပ်ဆုံးကပါသည်။ ပထမဆုံး တရုတ်ဧကရာဇ် Qin Shi Huang ၌ (220-206 B.C) က စတည်ခဲ့သည် . . . တဲ့။

မိုင်ပေါင်း ၅,၅၀၀ ကျော် ရှည်လျား၊ တံတိုင်းကြီးပေါ်မှာ လူပေါင်းကင်္ဂါသန်းကျော် စောင့်နိုင်သည်တဲ့။ တံတိုင်းကြီးဆောက်ရင်း နှစ်ကာလများစွာဖတွင်းလူပေါင်း သုံးသန်းနီးပါး သေခဲ့ရသည်။ ကြီးကျယ်မှုတွင် အံ့ဖွယ်အံ့မခန်း

www.burmeseclassic.com

www.burmeseclassic.com



ပင်။ သို့နှင့်တိုင် ခမ်းနားလှချည့်ဟု မဆိုချင်။ တင်းမာကြေကွဲမှုတွေကသာ စိုးနေခဲ့သည်။

နောက်တစ်နေရာက ပတ်တရာ (PEZTRA) ။

နာဘာတီယမ်စ် (Nabateans) လူမျိုးများ B.C 100 ခန့်က တည်ထားခဲ့သည့် သူတို့၏ နှင်းဆီမြို့တော်။ ပင်လယ်သေ(Death Sea) မှ အက္ကာဘာပင်လယ်ကွေ့ (Gulf of Aqaba) အထိ ကျယ်ပြန့်သည့် ဟော (HOR) တောင်တန်း၏ တောင်ကြားဒေသ။ ကျဉ်းမြောင်းသည့် ကျောက်တောင်အက်ကွဲကြောင်းကြီး။ AL Khazneeh ရတနာသိုက်။ ရောမ ကျောက်ထွင်းဇာတ်စင်။ သချိုင်းဂူ အဆောက်အဦးအမျိုးမျိုးစသည့် အံ့မခန်းစရာ ရှေးဟောင်းလက်ရာများ။

တတိယမှာ စရိုက်(စ်)သီရီဒီမား (Christ the Redeemer) သို့မဟုတ် ခရစ်တော်ရုပ်တုကြီးဖြစ်၏။ ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျာနေရို (Rio De Janeiro) မြို့တော်၏ ပယ်လယ်ကို မျက်နှာမူထားသည့် ကော်ကိုဗာဒိုး (Corcovado) တောင်ထိပ်တွင်ရှိသည်။

အမြင့် (၁၂၀) ပေ၊ လက်နှစ်ဖက်ဆန့်ထားသည့် အကျယ် (၉၈) ပေ၊ အလေးချိန် (၆၃၅) တန် လေးသည်တဲ့။ (Soap Stone) ကံ့ကူကျောက်ဖြင့် ထုဆစ်တည်ဆောက်ထားသည်။ ၁၉၂၂–၁၉၃၁ အထိ တည်ဆောက်ချိန် (၉)နှစ်ကြာခဲ့ပြီး ၁၂၊ အောက်တိုဘာ၊ ၁၉၃၁ တွင် ဖွင့်လှစ်နိုင်ခဲ့သည်တဲ့။

“သိလား ... မင်းဟန်။ အဲဒီလို အံ့ဩစရာ နေရာဒေသ သဘာဝအခင်းအကျင်းနဲ့ အဆောက်အအုံတွေထဲကို လျှောက်သွားရင်း သူများတကာက အဲဒီ ရုပ်ဝတ္ထုတွေအပေါ် အံ့ဩချီးကျူး ရင်သပ်ရှုမောဖြစ်နေကြတဲ့အချိန်မှာ အဲဒီ အံ့ဩဖွယ်အရာကြီးတွေ ဖြစ်လာတည်လာအောင် ချွေးတစ်ပေါက် လက်တစ်မြှောက်နဲ့ ထုခဲ့ဆစ်ခဲ့တည် ဆောက်ခဲ့ကြသူတွေရဲ့ စေတနာနဲ့ နှလုံးသားကို ငါက ပိုပြီး အံ့ဩနေမိခဲ့တယ်။

အညတြသာမန် လူသားတွေရဲ့ သာမန်မျှ လုပ်အားအသီးအပွင့်တွေမဟုတ်ဘူး။ အံ့မခန်းလောက်စရာ ဖြစ်ကျန်ခဲ့စေရော့လို့လည်း တမင်ရည်ရွယ်ခဲ့ကြတာ မဟုတ်ဘူး။ ဒါပေမဲ့ သူပို့ရဲ့ အကောင်းဆုံးဖန်တီးမှုတွေကို လက်ရာနှိုက်ထုတ်သုံးခဲ့ကြတာတော့ဖြစ်ငံ့ မယုံ ျင်လို့ကို မရနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com


သူတို့တွေမှာ အဲဒီလိုဖန်တီးမှုဝိညာဉ်တွေ ထက်သန်နိုးကြားလာအောင် ... ဘာက စေ့ဆော်ခဲ့တာလဲ။ ဘာက ဆွဲဆောင်ညှို့ယူခဲ့တာလဲ။ အဲဒီအဖြေကို ငါရှာနေမိခဲ့တော့ ...

"ကွာ ... ဒါပေမဲ့ ... ငါ့ရင်ထဲက ပုပ္ပားနတ်တောင်ကို သူတို့ အစားထိုးပြီး ဝင်မလာနိုင်ခဲ့ကြပါဘူး။ ငါ့နှာခေါင်းဝက သနပ်ခါးပန်းအနံ့နဲ့ စကားစိမ်းပန်းရနံ့ကိုတောင် ပြယ်သွားအောင် လွှင့်သွားအောင် မစွမ်းနိုင်ခဲ့ကြပါဘူး။ ပြီးတော့ ငါ့ရဲ့ မြစိမ်းရေညှိ"

အနောက်မိုးကုပ်စက်ဝိုင်းမှာ နေလုံးနီနီကို သစ်ရိပ်မည်းမည်းတွေက တစ်ဝက် မျိုချထားလိုက်ပြီ။ ပုဇွန်ဆီသွေးဖျော့ဖျော့ ရောင်စဉ်တွေ အန်ကျနေဆဲဖြစ်သည့်တိုင် မှောင်ရိပ်သန်းစပြုပြီ။

ဆိုဆေကီက သူ့အဲ့ဖွယ်ခုနစ်ပါးအကြောင်းတွေကို ဆက်ပြောနေပြန်သေးသည်။

နောက်ရောက်ခဲ့သည်က စတုတ္ထအံ့ဖွယ် မာချူပီချူ (Machu Picchu)။ 'ရှေးဟောင်းတောင်ထိပ်' ဟု အဓိပ္ပာယ်ရသည် ... တဲ့။ ကိုလံဘီယပ်အင်ကာယဉ်ကျေးမှုမှ အင်ကာလူမျိုးတို့၏ ပျောက်ဆုံးနေသော မြို့တော် (The Lost City) ဟုလည်း ထင်ရှားသည်။

ပီရူးနိုင်ငံ၊ ကုဇ်ကို (Cuzco) မြို့၏ အနောက်မြောက် မိုင်(၅၀) အကွာ ဥရူဘမ်ဘာ (Urubamba) တောင်ကြား၏ ကျောပေါ်၌ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၈, ၀၀၀)မှာ အင်ကာတို့၏ ဂန္ထဝင်ဟန်အတိုင်း တည်ဆောက်ထားသည့် မြို့တော်ဟောင်းက (၃၂၅) စတုရန်းကီလိုမီတာရှိသည်။ တကယ့်အိပ်မက်ထဲမှ ကမ္ဘာတစ်ခုနှယ် ရင်သပ်ရှုမောဖွယ်။

ပဉ္စမအံ့ဖွယ်ကလည်း ၂၀၁၂ ခုမှာ ကမ္ဘာကြီး အကြွင်းမဲ့ ပျက်သုဉ်းပျောက်ကွယ်သွားတော့မည်ဟု ရှေ့ဖြစ်နိမိတ်ဟောခဲ့ကြသည့် ရှေးဟောင်းမာယာလူမျိုး (Maya) တို့၏ 'ချီချင်နိုစ်က (Chichen Itza) ရှေးဟောင်း မက်ဆီကိုဒေသ။ မက်ဆီကိုနိုင်ငံ၊ ယူကာတန် (Yucatan) ကျွန်းဆွယ်မှာရှိသည်။

'ရေတွင်းဝ'၊ 'ပဥ္စလက်ဆန်တဲ့ရေ'၊ 'ရေရဲ့စုန်းမများ'ဟု အဓိပ္ပာယ်အမျိုးမျိုးကွဲနေသည့်တိုင် အေဒီ(၆)ရာစုက ရှေးဟောင်းမာယာတို့၏ အထွတ်အမြတ်ဒေသသည် ဆွဲဆောင်မှုရှိနေဆဲ။


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေရာကမူ အံ့ဩဖွယ်ပင်ဖြစ်သော်လည်း ရင်ခုန်စရာတစ်ခု ဟုကား သူ မတွေးဖြစ်ခဲ့။ အီတလီနိုင်ငံ၊ ရောမ(Rome) မြို့တော်၏မြို့လယ်မှ ရောမ အဆောက်အအုံကြီး။ ရောမကေရာဇ်ဗစ် ပါစ်ရှင်းလက်ထက် (70-72,AD) တွင် စတင်တည်ဆောက်ခဲ့ပြီး ကေရာဇ်တီတပ်စ် (Titus) လက်ထက် (80,AD) ၌ ပြီးစီးခဲ့သည်။ Amphitheatrum Flavivm) ဟု ခေါ်ကြသည်။

ပွဲကြည့်ပရိသတ်ငါးသောင်း ထိုင်ကြည့်နိုင်သည့် ပတ်လည်ပွဲကြည့်စင်ကြီး က ဟိန်းလို့။ ထိုဇာတ်ရုံကြီး၌ ရောမခေတ်သုံ့ပန်း ငါးသိန်းကျော်နှင့် တိရစ္ဆာန် ရိုင်း သားရဲကောင်ရေ တစ်သန်းခန့် သေဆုံးခဲ့ရဖူးသည် ... တဲ့။ ကဲ ... လွမ်းချင့်စရာ ဖြစ်လောက်သည်မဟုတ်ဘဲ။ ကြောက်ရွံ့ထိတ်လန့်စဖွယ်ကြီးသာ မဟုတ်ပေလား။

"နောက်ဆုံးနေရာကတော့ မြစိမ်းရည် သိပ်ပျော်ခဲ့တဲ့ နေရာပဲ ... မင်းဟာန်။ မြစိမ်းရည်ပျော်နေပုံကို မင်း မြင်စေချင်တယ်။ အဲဒီနေရာကနေ မခွဲရက် သေးလို့တဲ့၊ သုံးရက်တောင် သွားဖြစ်ခဲ့ကြရတယ်။ ကိုယ်လည်း ပျော်ပါတယ်။ ဒါပေမဲ့ မဖြစ်စဖူး အဲဒီနေရာမှာ ကိုယ် မျက်ရည်ကျခဲ့ရတယ် ... သိလား"

အိန္ဒိယပြည်၊ အာဂရာ (Agra) မြို့၌ရှိပြီး မရိုကေရာဇ်မင်းရှားဂျပန်က သူ၏ကြင်ယာတော်မွမ်တပ်(စ်) မဟာအတွက် တည်ဆောက်ပေးခဲ့သည့် အမှတ်တရ သင်္ချိုင်းဂူဗိမာန်ကြီးမို့ အသစ်သဂေါ်တဟု တစ်ကမ္ဘာလုံးက သိမှတ်ထားခဲ့ကြသော တာ့ချ်မဟာလ် (Taj Mahal) ဗိမာန်ကြီးဖြစ်မည်ကို ဆိုဆေကီ မပြောမီကတည်းက သိနေခဲ့ပြီး ဖြစ်သည်။

ကျောက်ဖြူသားတွေဖြင့် ဖွေးဖွေးလက်နေမည့် မူဂါလ်မြို့ ဗိသုကာလက်ရာ အဆောက်အဦးကြီးသည် ချစ်ခြင်းတရား၏ ရနံ့တွေ စိမ့်ထုံကြိုင်လှောင်နေပေ လိမ့်မည်။

"ကိုယ် အဲဒီအံ့ဖွယ်ခုနစ်ပါး(ရှေးဟောင်းကမ္ဘာ) နေရာတွေကို သိပ်ပြီး သတိမရတော့ပါဘူး။ ဒါပေမဲ့ မြစိမ်းရည်ကို ချစ်တဲ့အချစ်က ခုချိန်ထိ ရင်ထဲ မှာ ရှိနေဆဲပါပဲ။ ပိုလို့တောင် ပြင်းပြနိုးကြားလာခဲ့သေးတယ်ဆိုရင် ယုံမလား ... သူငယ်ချင်း"

ဆိုဆေကီ၏ အသံငွေ့ ပင်လား။



www.burmeseclassic.com

www.burmeseclassic.com



အချစ်သည်းသူ၏ နှလုံးပွဲကြွေသံပင်လား။ ဝေခွဲမရနိုင်။ ဆည်းဆာမှုန်မှုန်ထဲမှာ မလှုပ်မယှက်ငြိမ်တိတ်နေသည့် ယောက်ျားပျိုသည် အသံတိတ် ငိုကြွေးနေလေသည်လား။

အမှောင်သည်ပင် ငိုဖို့ဟန်ပြင်နေသလိုရှိတော့သည်။ ငြိမ်တိတ်လို့။

✿ ✿ ✿

## ၇

❑

"အဲဒီတော့ချ်မဟာလ်မှာ ကိုယ် အဘနဲ့ တစ်ကြိမ်ပြန်တွေ့ခွင့်ရခဲ့ပြီး ဟောဒီပုပ္ပားမြေရဲ့ ရင်ခွင်ကို ပြန်ခိုခဲ့မိတာ။ အဲဒီလိုမှ မဟုတ်ခဲ့ရင် ဘယ်အချိန် ဘယ်ကာလအထိ 'ဂျစ်ပစီ' ကိုယ် လေလွင့်နေမိဦးမလဲမသိဘူး"

"ဟင် ... ဘယ်လို"

အာမေဍိတ်သံတွေ ထိတ်လန့်တကြား ထွက်သွားခဲ့မိရသည်။ ဆိုဆေကိဆိုသည့်သည် ဂျပန်လူငယ်စာရေးဆရာသည် 'အဘဘိုးမင်းခေါင်' နှင့်အိန္ဒိယနိုင်ငံက ကမ္ဘာကျော်တော့ဂျ်မဟာလ်မှာ နောက်တစ်ကြိမ် တွေ့ခဲ့ရသေးသတဲ့လား။

"အဲဒီနေ့က ... ကိုယ့်ရဲ့ ရှေးဟောင်းကမ္ဘာတစ်ပတ်လည်ခရီး ပြီးသွားတဲ့နေ့ပေါ့။ ရှေ့ကို ဆက်လုပ်စရာ ဘာအစီအစဉ်မှလည်း မရှိတော့ဘူး။ ကိုယ့်စာအုပ်တွေကို ထုတ်ဝေပေးနေတဲ့ မစ္စတာမောကု အာမိ (Mr. Mokuami) ကလည်း ကိုယ့်ရဲ့ 'ချစ်ကြိုးခွေ' စာမူကို အချောသတ်ပေးဖို့ တပူပူတဆာဆာဖြစ်နေပြီ။ ဒါပေမဲ့ ကိုယ့်ရင်ထဲမှာ ဘာဆိုဘာမှမရှိဘူး။ ဟာလာဟင်းလင်းချည်း။ ဘယ်သွား၊ ဘယ်လာ၊ ဘာလုပ်ရမယ်မှန်းလည်း မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တစ်သက်မှာ အဲဒီအချိန်လောက် မှောင်မှောင်မည်းမည်းကြီးထဲ လမ်းပျောက်ခဲ့ရတာမျိုး မရှိခဲ့ဖူးဘူး။ တာ့ရ်မဟာလ်ရဲ့ အစွန်ဆုံး ကျောက်ဖြူဗိမာန်ကနေ ဟိုးအဝေးက ခိုင်ဘာရ်တောင်တန်းကြီးဆီကို အမိပ္ပာယ်မဲ့ ငေးကြည့်လို့ပေါ့''

ကျောက်ဖြူသားက အေးအေးမြသည်။

ဖွေးလက်ရှင်းသန့်နေသော အဆောက်အဦးနှင့် ဗိမာန်ကြီးသည် တိမ်ငွေ့တွေထဲမှာ စီးစီးမိုးမိုးကြီး လွင့်နေတော့၏။ တောင်ကိုကျော်၍ ဖြတ်ပြေးလာခဲ့သည့်လေက လန်းဆတ်မွှေးရီ။

''နွေဦးနံနက် ပန်းပွင့်သည်ကို မြင်ရသောအခါ၌လည်းကောင်း၊

ဆောင်းဦးညနေပန်းကြွေသည်ကို မြင်ရသောအခါ၌ လည်းကောင်း၊

ဆီးနှင်းပြိုက်ကျ လှိုင်းများထသည်ကို ကြေးမုံပြင်၌ တစ်နှစ်ပြီးတစ်နှစ် စောင့်ကြည့်ရင်း သက်ပြင်းကြီးချမိသောအခါ၌လည်းကောင်း၊

မြက်ပင်ပေါ်မှကျသော နှင်းပေါက်သည် ယခုမြင်၊ ယခုပျောက်သည်ကို ရှုရင်း လူ့ဘဝသက်တာတိုတောင်းသည်ကို ဆင်ခြင်မိသောအခါ၌လည်းကောင်း။

မနေ့ကချစ်၍ ယနေ့မုန်းကြသော ဘဝကိုတွေ့ရသောအခါ၌လည်းကောင်း၊

ကဗျာကဝိပညာရှိတို့သည် လက်ာဖွဲ့၍စပ်ဆိုကြကုန်၏။''

အသံသည် ကြည်ကြည်လင်လင်၊ အေးအေးမြမြ၊ ကျောက်ဖြူသားနံရံကို ပဲ့တင်ပြန်လျက် လွင့်ပျံလာနေ၏။ အလို ... ကဗျာပေါင်း (၁၁၁၁)ပုဒ်ပါသည့် 'ကောကင်ရှု ကဗျာပေါင်းချုပ်ကျမ်း' ထဲမှ ဝက, ကဗျာ ***(Waka Poem)*** တစ်ပုဒ်ပါတကား။ အံ့ဩဝမ်းသာစိတ်ဖြင့် ငေါက်ခနဲ ထရပ်လိုက်မိသည်။ ဘယ်လိုပုဂ္ဂိုလ်မျိုးက ရှားတောင့်ရှားပါး ဂျပန်ရှေးဟောင်းကဗျာတစ်ပိုဒ်ကို ရွတ်ဆိုနေပါလိမ့်။

ဗလာကျင်းနေသည့် ရင်အပြင်သည် မွတ်သိပ်မှုတို့သိပ်သည်း တင်းကြပ်လျက် ရှိန်းကြွနေတော့သည်။

''လူကလေး ... တို့များ ဆုံကြရပြန်ပြီကောကွယ့်''

''ဟင် ... အဘ''

အဘမှ အဘအစစ်ပင်။ ဖက်ပုပ်စမ်း၏ စမ်းကြီးပေါက်ဝ သဲကျောက်တုံးများအပေါ်မှ သူ့အား ဆုံးမပဲ့ပြင်သွားခဲ့ဖူးသူ။ ထိုစဉ်က ဝတ်စားဆင်ယင်မှုအတိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



အသားအရေ မူဟန်အတိုင်း။ စကားသံ ချိုချိုသြသြသည်ပင်။ လေသံအဖိအဖော့ မပြောင်းလဲ။ ကရုဏာသံစဉ်တို့ ကဲကဲဝှန်ဝှန်။

"လမ်းပျောက်နေတဲ့အခါတိုင်း ရောက်တဲ့အရပ်မှာ အသာကလေး ခြေစုံရပ်ပြီး ကိုယ့်ရင်ထဲက အသံကို နားထောင်ကြည့်ကွယ့်။ သိပ်တိတ်ဆိတ်လွန်း သွားတဲ့အခါ၊ သိပ်အထီးတည်း ဖြစ်နေတဲ့အခါမျိုးမှာ ကိုယ့်ရင်ထဲကအသံဟာ ကိုယ့်အဖော်ပဲ။ ကိုယ့်လမ်းပြပဲ။

လူသားတစ်ယောက်အဖြစ် ကိုယ်လုပ်ချင်စရာ အလုပ်တွေက ခမ်းခြောက် သွားတဲ့အခါ ကိုယ့်စိတ်ကို ဟင်းလင်းဖွင့်ပြီး ဘာသာတရားရဲ့ အရိပ်အောက်ပဲ ဖြစ်ဖြစ်၊ ကိုယ့်ကိုလိုအပ်နေတဲ့ လူ့အသိုက်အဝန်းထဲကိုဖြစ်ဖြစ် ဝင်ခိုကြည့်လိုက်။ ကိုယ့်စိတ်ကိုယ့်ကိုယ်က နိုင်သမျှ စွမ်းသမျှ အဲဒီအတွက် မတွယ်မတာ မငဲ့မကွက် ဘဲ ရက်ရက်ရောရော စွန့်လှူကြည့်လိုက်။

ရုပ်ပွားတစ်ဆူကို တောပန်းကလေးတစ်ပွင့် ပူဇော်လိုက်တာပဲဖြစ်ဖြစ်၊ ရေမွတ်သိပ်နေတဲ့လူဆီ ရေကြည်ရေသန့်ရေအေးအေးလေး တစ်ခွက်တစ်ပေါက် ကမ်းပေးလိုက်တာမျိုးပဲ ဖြစ်ဖြစ်ပေါ့။

"ကိုယ့်ဘဝကို ကိုယ့်ဘဝချည်း ကွက်မကြည့်ဘဲ တခြားတစ်ပါးဘဝ မဟွနဲ့ စနစ်တကျ ပေါင်းရုံးဖွဲ့စည်းလိုက်တဲ့အခါမှာ အသွေးအရောင်စုံ၊ ရုပ်လုံး ကြွလာမယ့် ပန်းချီကားတစ်ချပ်လို မြင်ကြည့်။ အဲဒီအခါမှာမှ ဘဝက ပိုအဓိပ္ပာယ်ရှိ လာလိမ့်မယ်။

"လူကလေးရေ ... လူကလေးပုပ္ပားကို ပြန်သွားပါ။ ပုပ္ပားမှာ လူကလေး လုပ်စရာ အလုပ်တွေ အများကြီးက စောင့်ကြိုနေတယ်။ လူကလေးမှပဲ လုပ်လို့ ဖြစ်မယ့် တကယ့်အလုပ်တွေလေ။ မိန်းကလေးကလည်း လူကလေးကို ပုပ္ပား မြေမှာပဲ လူသားဆန်ဆန် အဓိပ္ပာယ်ရှိရှိ အလုပ်လုပ်နေတာကို မြင်ချင်ရှာမှာပဲ ထင်ရဲ့ကွယ့်"

မျက်စိကိုမှိတ်၊ ဦးထိပ်၌ လက်အုပ်အစုံကို ပင့်ချီ။

ရင်၏ ဟိုးအတွင်းပိုင်းဆီက လက်လက်လင်းပြက်လာနေသည့် ရောင်စဉ် ကန်းများ။ ပုပ္ပားနတ်တောင်ကို ပြန်သွားရမည်။ ဖက်ပုပ်စမ်းနှင့် နံ့သာတောင်ကို ပြန်သွားရမည်။ စင်မြင့်ရွာကလေးဆီ၊ ဘကြီးအို၊ အရီးလေးငြိမ်း၊ ဘကြီးကြာယုံ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးတင်ခွေး၊ မြကျေး၊ ဥက္ကလေး၊ အစ်ကိုလေးသန်းခေါင်တို့ဆီ၊ မြစိမ်းရည် ... အကီကိုတို့ရှိရာ စကားဝါမြေဆီ။

အို ... အလို ... မြစိမ်းရည်က သူနှင့်အတူ ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးကိုပါ တစ်ပတ်လှည့်လည် လိုက်ပါလာခဲ့ပြီးပြီ မဟုတ်လား။ အဘ ... အဘ ... မြစိမ်းရည်ကလေ ...

သူ့ အိပ်မက်မှ လန့်နိုးချိန်တွင် စကားစိမ်းပန်းနံ့မွှေးမြမြ တစ်ညင်းတစ်ခ... မှ တစ်ပါးလူသူအရိပ်အယောင် တစ်စမမြင်။

"အိပ်မက်ပါပဲလား"

မည်သို့ပင်ဖြစ်စေ ...

ပုပ္ပားကို သူပြန်သွားရမည်။ သည်အပြန်ခရီးသည် သူ့တစ်ဘဝတာ... ရာသက်ပန်ရိုးမြေကျ ခေါင်းချဖြစ်ကောင်းလည်း ဖြစ်နေပေလိမ့်မည်။

✿ ✿ ✿

## ၈

❑

နေထန်းတစ်ဖျားခန့်မှာမှ အလှူအတန်းကိစ္စဝိစ္စ သဗ္ဗနပေါင်းတွေ အကု... အစင် ပြီးစီးခဲ့ရသည်။

စင်မြင့်ရှာဦးထိပ်က မူလတန်းကျောင်းကလေး ကျောင်းအပ်ပွဲ (၁... ဓကနီးနီး သနပ်ခါးခြံကျယ်ကြီးအတွင်းမှ 'မေတ္တာရဂုံ' ကုသိုလ်ဖြစ် ဆေးကု... ကလေးနှင့် 'အေးမြရိပ်' သက်ကြီးစောင့်ရှောက်ရေး ဂေဟာဖွင့်ပွဲ၊ 'လွမ်းဆွေ... 'အိပ်မက်ရစေတီ'ဟုသာပဲ အရပ်ခေါ်, ခေါ်နေကြသည့် 'လောကသရ...' စေ... တော်ကလေး ထီးတော်တင်ပွဲ၊ စင်မြင့်ရှာလယ်က အဝီစိစက်ရေတွင်းသစ်နှ...



www.burmeseclassic.com

www.burmeseclassic.com


ဂါလန်(၃၀၀၀)ဆန့် သောက်ရေကန် လှူဒါန်းပွဲ၊ ပြီးလျှင် . . . 'ဆိုဆေကီ'ဟူသည့် ဂျပန် လူငယ်စာရေးဆရာလေး၏ ဘ၀တစ်ဖြစ်လည်း 'အရှင်ဥာဏပဏ္ဍိတ' ၏ပဥ္စင်းလေး၏ ရဟန်းခံသိမ်တက်ပွဲ။

အပျော်တွေနှင့် မောခဲ့ရသည့် နေ့တွေ ညတွေ လွန်ခဲ့ပြီ။ ဖက်ပုပ် ၈မိုင်အနီးက တောရကျောင်းသင်္ခန်းသစ်ကလေး၌ ဘကြီးအိုနှင့် အစ်ကိုတင်ခွေးကို ကပ္ပိယကာရကပြုလျက် သီတင်းသုံးမည့် ရဟန်းငယ်သည်ပင်လျှင် ဆွမ်းသပိတ်ကို ပိုက်လျက် တောရကျောင်းကလေးဆီ ပြန်ကြွသွားခဲ့လေပြီ။

"အင်း . . . ရင့်ကျက်တည်ငြိမ်သွားလိုက်သာများ လူကလေးရယ်။ ဂါတော် သုံး,လေးဆယ်ရ မထေရ်ကြီး ကျနေသာပဲ။ မိန်းကလေး 'မြကလေး'ကို မြင်စေ့ချင်လိုက်သာ။

မိန်းကလေးနဲ့ သူ့သူငယ်ချင်းဂျပန်မလေး ပုပ္ပားကိုအလာ ကျောက်ပန်း တောင်းကအထွက်မှာ ကားမှောက်ပျက်စီးခဲ့တုန်းကများဆို အရှုံးကြီးတစ်ပိုင်းလိုလို ကို ဖြစ်နေခဲ့တဲ့ပုံနဲ့ ခုပုံများ ကွာချက်တော့။ မိန်းကလေးခများလည်း တမလွန်က အသေဖြောင့်ရှာရှာ့ပကွယ်။ အင်း အင်း . . ."

စကားဆုံးပြန်တော့ သူ့တဘက်မျှားကလေးနှင့် မျက်ရည်သုတ်နေရှာပြန် သည့် အရီးလေးငြိမ်းကို မကြည့်ရက်။ မြကျေးနှင့်ဥကလေး တို့ညီအစ်မ မျက်ဝန်း၌ လည်း မျက်ရည်တောင်ကျယ်လည် အိုင်၍နေတော့သည်။

"ကိုရင်ရယ် . . . ခုပုံသာသိခဲ့ရင် မိတစ်ဆိုး, ဖတစ်ဆိုး မိန်းကလေး 'မြကလေး' ကို သေကွဲ ဘယ်အကွဲခံခဲ့ပါ့မလဲ။ တစ်မြေရပ်ခြား တိုင်းတစ်ပါးသား ၍ 'စောင့်လေမျိုးနွယ်' ဆိုတဲ့ ဝတ္တုရားအတိုင်း ထိန်းခဲ့ရသာပ။ ကိုယ့်ရင် ကိုယ့်မြေ ပုပ္ပားတောင်ရိပ်မှာ ရာသက်ပန်ရိုးမြေကျ ခေါင်းချမယ်လို့များ ကြိုသိခဲ့ရရင် . . . အင်း . . . အင်း . ."

ဖျတ်ခနဲ သတိရလိုက်သည်။ ယခုမှသာ သတိရမိသည့် သူ့သတိကို တဖွဖွ အပြစ်တင်၍မဆုံး။ ဆိုဆေကီအား မြန်မာနိုင်ငံသား လျှောက်ပေးဖို့ ကိစ္စဝိစ္စတွေ ကို ပြီးပြတ်အောင် ဆောင်ရွက်ရဦးမည်။

သူလွှဲအပ်ထားခဲ့သည့် ငွေကြေးကိစ္စ အရပ်ရပ်တွေဖြင့် သူ ရာသက်ပန် စောင့်ရှောက်ထိန်းသိမ်းသွားရဦးမည့် ကုသိုလ်ဖြစ် လူမှုအကျိုးပြုလုပ်ငန်းများအတွက် စီမံပွယ်တွေကို စီမံရဦးမည်။


www.burmeseclassic.com

www.burmeseclassic.com


တစ်ခုတော့ရှိသည်။

ပစ္စက္ခဖြစ်ရပ်တွေကဖြင့် အိပ်မက်မဟုတ်။

အိပ်မက်တွေက ဟိုးတစ်ဖက်ကမ္ဘာသေတစ်ခြမ်းမှာ အိပ်စက်ခြင်းများနှင့် အတူကျန်ရစ်ခဲ့ပြီ။

နေ့အလင်းသည် ဝင်းဝင်းပြက်ပြက်၊ တောက်ထိန်ဝင်းမှည့်နေ၏။

"သိုးကလေး ...

ပုပ္ပားနတ်တောင် အခေါင်မြင့်ဖျား

စုံတောပြား၌ နှံ့ရှားကြိုင်လွင့်

ခါတန်ဖွင့်သည့်

ရွှေနှင့်ယိုးမှား ... ပန်းစကား" ... တဲ့။


စကားဝါ, စကားစိမ်းပန်းတွေ ပုပ္ပားမှာ ဝေနေကြပြန်သည်ကောလေ။

မေတ္တာဖြင့်

**ဇေယျာမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ၁

❑

ကိုကျော်သာ မြို့သစ်ဘက်တွင် အိမ်တစ်လုံး ဝယ်လိုက်၏။ အိမ်မှာ ပျဉ်ထောင် နှစ်ထပ်အိမ်ကြီးဖြစ်ပြီး ပေ (၄၀×၆၀) မြေကွက်ပေါ်တွင် ပေ (၂၅×၄၅) ဆောက်လုပ်ထားသော အိမ်ကြီးဖြစ်၏။ ဈေးလည်း မဆိုးလှပါ။ ရေမီးပါ၏။ အဝီစိတွင်း။ အိမ်ကဈေး၊ ကျောင်းတို့နှင့်လည်း မဝေးလှ။ ကားမှတ်တိုင်နှင့်လည်း ဝေးလှသည်ဟု မဆိုနိုင်။

မြို့သစ်ဘက်ကအိမ်ဟုဆိုသော်လည်း ခြံထဲတွင် အရိပ်ရပင်တချို့ရှိသဖြင့် အိမ်မှာ အေးချမ်း၏။ ပူလောင်ခြင်းမရှိ။ ဒါကလည်း သဘောကျစရာ တစ်ချက်ဖြစ်၏။ ပတ်ဝန်းကျင်ကလည်း ကောင်း၏။ ပေ (၄၀×၆၀) မြေကွက်တွေမှာ အိမ်များ ဆောက်လုပ်ထားကြခြင်းဖြင့် တစ်အိမ်နှင့်တစ်အိမ် မကပ်လှ။ အနည်းဆုံး ဆယ်ပေလောက်တော့ ကွာ၏။

ကိုကျော်သာ ဝယ်လိုက်သည့်အိမ်၏ ခြေရင်းခေါင်းရင်းတွင် မြေကွက် အလွတ်တွေသာရှိပြီး အိမ်ဆောက်ခြင်းမရှိသေး။ သို့သော် ခြံဝင်းတော့ ခတ်ထား



www.burmeseclassic.com

www.burmeseclassic.com


ထိုနေရာတစ်ဝိုက်၌ နေထိုင်ကြသူများမှာလည်း ဆူဆူပူပူမရှိ။ အေးအေးချမ်းချမ်း နေထိုင်ကြသူများဖြစ်သဖြင့် ကိုကျော်သာ ပတ်ဝန်းကျင်ကိုလည်း လွန်စွာ သဘော ကျမိကာ ဝယ်ယူလိုက်ခြင်းလည်း ဖြစ်၏။

လူနေမှုပုံစံတွင် ပတ်ဝန်းကျင်သည် အလွန်အရေးကြီးသည်။ ကိုကျော်သာ ဘဝ၏ နံပါတ်တစ်အချက်သည် ဆူဆူညံညံမဖြစ်ဖို့ပင်ဖြစ်၏။ အေးချမ်းသော ပတ်ဝန်းကျင်တွင် နေထိုင်ရခြင်းကပင် ချမ်းသာသုခတစ်ခုပင်ဖြစ်၏။

ဆူညံရှုပ်ထွေးနေသော ပတ်ဝန်းကျင်တွင် နေထိုင်ရခြင်းသည် ဆင်းရဲ ဒုက္ခပင်ဖြစ်၏။ ထို့ကြောင့် ကိုကျော်သာသည် ပတ်ဝန်းကျင် အေးချမ်းသာယာသော ဤအိမ်ကြီးကို ဝယ်ယူလိုက်မိခြင်းဖြစ်သည်။ အိမ်ကြီးမှာ သေသေသပ်သပ် ခိုင်ခိုင် ခန့်ခန့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး နေချင်စဖွယ်ပင်ဖြစ်၏။

ကိုကျော်သာ့ဇနီး မလှယဉ်မှာ အိမ်ကြီးကိုကြည့်ပြီး သဘောကျနေ၏။ ကိုကျော်သာတို့ ဇနီးမောင်နှံတွင် သားတစ်ယောက်၊ သမီးတစ်ယောက်ရှိရာ သူတို့ ဇနီးမောင်နှံနှင့်ဆိုလျှင် ပေါင်း မိသားစုလေးဦးသာရှိသောကြောင့် အိမ်ကြီးမှာ သူတို့ မိသားစုအတွက် အတော်ပင် ကြီးမားနေသည်ဟု ဆိုနိုင်၏။

ကိုကျော်သာဝယ်ယူလိုက်သော ထိုအိမ်ကြီးမှာ အိမ်ရှင်ဖြစ်သူ နေထိုင်ခြင်း မရှိဘဲ သော့ခတ်ထားသော အိမ်ကြီးဖြစ်၏။ အိမ်ရှင်မှာ ငွေကြေးအဆင်ပြေသူဖြစ်ရာ အိမ်ကြီးကို ဒီအတိုင်းသော့ခတ်ထားခြင်းဖြစ်၏။ အိမ်ကြီးကို ရောင်းချခြင်းမှာလည်း အိမ်ရှင်၏တူမဖြစ်သူက ရောင်းချခြင်းဖြစ်၏။ အိမ်ရှင်အဘိုးကြီးက တူမဖြစ်သူအား အိမ်ကြီးကို လွှဲအပ်လိုက်ရာ တူမဖြစ်သူက ပြန်လည်ရောင်းချခြင်းဖြစ်ပေ၏။

တူမဖြစ်သူမှာလည်း အိမ်ကြီးကိုရောင်းချပြီး မကြာမီ သူ့ချစ်သူနှင့်လက်ထပ် ကာ ချစ်သူအိမ်၌ လိုက်နေမည်ဖြစ်သဖြင့် ဤအိမ်ကြီးကို ရောင်းချခဲ့ခြင်းဖြစ်၏။

ကိုကျော်သာတို့မိသားစု ဤအိမ်ကြီးကို ရောက်ရှိပြီး နှစ်ပတ်ကျော်ခန့် မှာ ထူးခြားမှုတစ်ခုနှင့် ကြုံတွေ့ရလေ၏။ ကိုကျော်သာသည် ညဘက်တွင် နှစ်ခါ သုံးခါလောက် တစ်ရေးနိုးတတ်သူဖြစ်၏။ ထိုညက သူ တစ်ရေးနိုးပြီး အပေါ့ထ သွား၏။ အပေါ့သွားပြီး အိပ်ရာထဲဝင်ရန်ပြင်စဉ် အိမ်ကြီးမှာ ရုတ်တရက် လှုပ်ရမ်း သည်ကို တွေ့လိုက်ရ၏။


www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ လျှောင်လှုပ်သည်ဟု ထင်လိုက်မိ၏။ ပထမတော့ စိတ်လှုပ်ရှား မှုက ညင်ညင်သာသာရှိ၏။ မကြာမီ ညင်ညင်သာသာ လှုပ်နေရာမှ ခပ်ကြမ်း ကြမ်း လှုပ်လာ၏။ ထို့နောက် အိမ်ကြီးကို ဆုပ်ကိုင်ခါရမ်းလိုက်သလို တစ်ချက်လှုပ် လိုက်ပြီးနောက် ရပ်သွားလေ၏။ သူ့ဇနီးနှင့် သူ့သားသမီးများမှာ အိပ်ပျော်နေ ကြ၏။ လျှောင်လှုပ်တာတော့ ရပ်သွားသဖြင့် သူလည်း အိပ်ရာထဲ ပြန်ဝင်အိပ် လိုက်၏။

မနက်မိုးလင်းသောအခါ ညက လျှောင်လှုပ်သည့်အကြောင်း ဇနီးသည် ကို ပြောပြလိုက်၏။ သို့သော် လမ်းထဲတွင်တော့ လျှောင်လှုပ်သည့်အကြောင်း တစ်စုံ တစ်ရာပြောကြားသံ မကြားရပေ။

ထို့နောက် တစ်ညတွင် ကိုကျော်သာတို့မိသားစုအိပ်ပျော်နေခိုက် အိမ်ကြီး မှာ ရုတ်တရက် လှုပ်ယမ်းလာရာ ကိုကျော်သာတို့ လင်မယားမှာ လန့်နိုးလာ လေ၏။

"လျှောင်လှုပ်နေတယ် ကိုကျော်သာ"

"ဟုတ်တယ် မလှယဉ် ... ဟုတ်တယ်။ လျှောင်လှုပ်နေတာ"

အိမ်ထဲတွင်ထွန်းထားသော မီးချောင်း၊ မီးသီးများမှာ လှုပ်ယမ်းနေ၍ မိနစ်ဝက်ခန့်အကြားတွင် ရပ်သွား၏။ ရပ်ပြီးမကြာမီ အိမ်ကြီးကို တစ်စုံတစ်ယောက် က ဆောင့်ပြီးတွန်းလိုက်သလို ယမ်းခါသွားပြန်၏။ သုံးလေးငါးချက် ဆောင့်၍ ဆောင့်ကာ ရမ်းခါပြီးနောက် ရပ်တန့်သွားလေသည်။

"ဒီတစ်ခါ လျှောင်လှုပ်တာ တော်တော်ကြမ်းတယ် ... ကိုကျော်သာ"

"အေး ... ဟုတ်တယ်ကွ"

မနက်မိုးလင်းသောအခါ ညက လျှောင်လှုပ်သွားကြောင်း လမ်းထဲ၌ တစ်စုံတစ်ရာ ပြောဆိုသံမကြားရပေ။

ထိုနေ့ညနေဘက်တွင် ကိုကျော်သာအိမ်သို့ မိတ်ဆွေဖြစ်သူ ကိုလှနိုင် အလည်ရောက်လာ၏။ ကိုကျော်သာက ကိုလှနိုင်အား လမ်းထိပ်ရှိ လက်ဖက်ရည် ဆိုင်သို့ ခေါ်သွားကာ လက်ဖက်ရည်တိုက်၏။ လက်ဖက်ရည်တိုက်ရင်း စကားပြော ကြ၏။ စကားပြောကြရင်းမှ ကိုကျော်သာက ညက လျှောင်လှုပ်သည့်အကြောင်း ပြောလိုက်၏။ ကိုလှနိုင်က ...



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်လား ... ညက လျှောင်လှုပ်လို့လား။ ကျွန်တော်တောင် မသိလိုက်ဘူးဗျာ"

ဟု ပြောလေ၏။ ထိုအခါ ကိုကျော်သာက ...

"ဟုတ်တယ် ... ကိုလှနိုင်။ ညကလှုပ်တာ တော်တော်ကြမ်းတယ်။ ဟိုတစ်နေ့ညက လှုပ်တာထက်တောင် ပိုကြမ်းတယ်"

ဟုပြောလိုက်ရာ ကိုလှနိုင်က ...

"ဟိုတစ်နေ့ညက လှုပ်သေးလို့လား။ ကျွန်တော်တောင် မသိလိုက်ဘူး"

ဟု ပြောလိုက်သည်။

ထိုအခိုက် ကိုကျော်သာတို့စားပွဲ၏ အနောက်နားရှိ စားပွဲတွင် ထိုင်နေသူ လူရွယ်တစ်ယောက်က ကိုကျော်သာတို့အား လှမ်း၍ ...

"အစ်ကိုတို့ လျှောင်လှုပ်တဲ့အကြောင်းပြောနေတာ ကျွန်တော် ကြားပါတယ်။ ကျွန်တော် တစ်ခုပြောပါရစေ အစ်ကို"

ဟုပြောကာ သူ့နေရာမှထ၍ ကိုကျော်သာတို့ဝိုင်းသို့ ဝင်ထိုင်လာသည်။ ပြီးတော့ ကိုကျော်သာကို ကြည့်ကာ ...

"အစ်ကိုက ဟိုတစ်လောက ကျွန်တော်တို့လမ်းထဲကို ပြောင်းလာတဲ့သူ မဟုတ်လား အစ်ကို"

"ဟုတ်ပါတယ် ... ညီလေး။ အစ်ကို့နာမည် ကိုကျော်သာပါ"

"ကျွန်တော့်နာမည်က မင်းမောင်ပါ အစ်ကို။ ကျွန်တော် တစ်ခုပြောပါရစေ"

"ပြောပါ ညီလေး ... ပြောပါ"

"ကျွန်တော်က စေတနာနဲ့ပြောတာနော် အစ်ကို။ အစ်ကိုတို့ အခုဝယ်လိုက်တဲ့အိမ်ဟာ ညဘက်ကျရင် လျှောင်လှုပ်သလို လှုပ်နေတယ်လို့ အစ်ကိုပြောနေတာ ကျွန်တော်ကြားတယ်။ အဲဒါ လျှောင်လှုပ်တာမဟုတ်ဘူး အစ်ကို။ အစ်ကိုတို့အိမ်ကြီးက လှုပ်နေတာ"

"ဟင် ... ဘယ်လို ... ငါ့ညီပြောတာ အစ်ကို နားမရှင်းဘူး"

ကိုကျော်သာက ပြောလိုက်ရာ လူငယ်က ...



www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုပါ . . . အစ်ကို။ အစ်ကိုက ဒီအိမ်ကြီးအကြောင်း သေသေချာချာ မစုံစမ်းဘဲ ဝယ်လိုက်တာကိုး။ အမှန်က ဒီအိမ်ကြီးဟာ မကြာမကြာ ညဘက် ရောက်ရင် အဲဒီလိုလှုပ်တတ်တယ် အစ်ကို။ အဲဒီအကြောင်းကို ကျွန်တော်တို့ တစ်လမ်းလုံးသိတယ်"

"မကြာမကြာ အဲဒီလိုလှုပ်တတ်တယ် ဟုတ်လား"

ကိုကျော်သာ တအံ့တသြ မေးလိုက်မိသည်။

"ဟုတ်တယ် အစ်ကို။ အဲဒီလို မကြာမကြာ လှုပ်တတ်တယ်။ အကြောင်း မသိရင် ငလျင်လှုပ်တယ်လို့ ထင်ရတယ်"

"အဲဒီလို ဘာကြောင့် လှုပ်ရတာလဲ ညီလေး။ မင်းသိရင် ပြောပြပါ လား"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူးအစ်ကို။ ပြီးတော့ အဲဒီအိမ်ကြီး နဲ့ပတ်သက်ပြီး ထူးခြားတာတွေလည်း ရှိသေးတယ်"

"ဘယ်လိုထူးခြားတာတွေလဲ ညီလေး"

"ကျွန်တော်လည်း သေသေချာချာတော့ မသိဘူး။ အဲဒီအိမ်ကြီးမှာ သရဲတစ္ဆေရှိနေသလိုလို ပြောနေကြတာပဲ။ အဲဒါ အစ်ကိုတို့ သတိပြီရိယနဲ့ နေကြ ပေါ့"

ကိုကျော်သာ လူရွယ်ကို အကဲခတ်ကြည့်လိုက်တော့ လူရွယ်က သူသိထား သောအကြောင်းတွေကို အကုန်အစင် ပြောချင်ပုံမရကြောင်း တွေ့ရလေသည်။

လူရွယ် ပြောချင်ပုံမရကြောင်း တွေ့ရသဖြင့် ကိုကျော်သာလည်း ဆက်ပြီး မမေးတော့ပေ။ ထို့နောက် လူရွယ်က သူ့အား နှုတ်ဆက်ပြီး ထပြန်သွားသည်။

"ဘယ်လိုလဲ . . . ကိုကျော်သာ။ စောစောကလူ ပြောသွားသလိုဆိုရင် ခင်ဗျားတို့အိမ်ဟာ ငလျင်လှုပ်တာကြောင့် လှုပ်ယမ်းနေတာမျိုးမဟုတ်ဘဲ သူ့ အလိုအလျောက် လှုပ်ယမ်းနေတာလို့ ဆိုရမယ်"

"ဟုတ်တယ် ကိုလှနိုင်။ ကျွန်တော်လည်း အဲဒါ စဉ်းစားလို့ မရဘူးဖြစ် နေတယ်"

"ကျွန်တော့်အမြင် ပြောရရင်တော့ ခင်ဗျားဝယ်လိုက်တဲ့အိမ်ဟာ မသန့် ဘူးလို့ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လို ... အိမ်မသန့်ဘူး။ ဟုတ်လား"

"ဟုတ်တယ် ... ကိုကျော်သာ။ မသန့်တဲ့အိမ်တွေဟာ ညဘက်ကျရင် အဲ့ဒီလို လှုပ်ယမ်းတတ်ကြတယ်လို့ ကျွန်တော့်ဘကြီး ပြောဖူးတယ်"

"အိမ်ဟာ ဘယ်လိုမသန့်တာလဲ ကိုလှနိုင်"

"အဲဒီအိမ်မှာ လူသေဖူးပြီး မကျွတ်မလွတ်ဘဲ အိမ်မှာစွဲနေရင်လည်း မသန့်ဘူးဖြစ်တတ်တယ်။ ပြီးတော့ အိမ်ဆောက်လုပ်ထားတဲ့ သစ်တွေထဲမှာ သစ်ဆိုး သစ်ကြမ်းတွေ ပါနေရင်လည်း အိမ်မသန့်ရှင်းဘူး ဖြစ်တတ်တယ်လို့ ဘကြီး က ပြောဖူးတယ်။ ကျွန်တော်ကတော့ အဲဒီအကြောင်းတွေ သိပ်မသိဘူး။ ကျွန် တော့်ဘကြီးနဲ့ ခင်ဗျား လာတွေ့လိုက်ပါလား။ ဘကြီးက ဒါတွေ ပိုပြီးနားလည် တယ်"

"အေးဗျာ ...။ တစ်နေ့လောက် ခင်ဗျားဘကြီးဆီလာပြီး မေးဦးမှပဲ"

သို့သော် ကိုကျော်သာတစ်ယောက် ကိုလှနိုင်၏ ဘကြီးဆီသို့ မရောက် ဖြစ်ခဲ့ချေ။

တစ်ည ကိုလှနိုင် ဖျတ်ခနဲ လန့်နိုးလာတယ်။ အိမ်အပေါ်ထပ်မှ တစ်စုံ တစ်ယောက်၏ ညည်းညူသံကြီးကို ကြားလိုက်ရသောကြောင့် ဖြစ်၏။ ကိုကျော်သာ တို့ မိသားစုလေးယောက်မှာ အောက်ထပ်တွင်သာ။ အပေါ်ထပ်တွင် မအိပ်ကြ ပေ။ ယခု အပေါ်ထပ်မှ ညည်းညူသံကြီး ထွက်ပေါ်လာသည်ကို ပီပီသသကြီး ကြားလိုက်ရသဖြင့် ရုတ်တရက်တော့ ထိတ်ခနဲ ဖြစ်သွားမိ၏။

သူ့ကလေးနှစ်ယောက်နှင့် ဇနီးမှာတော့ အိပ်ပျော်နေကြ၏။ ကိုကျော် သာ သူ့ကိုယ်သူ နားကြားလွဲသည်ထင်မိ၍ အသံကို သေချာစွာ နားစွင့်လိုက်မိ၏။ အသံက ရုတ်တရက် ရပ်သွား၏။ အသံရပ်သွားပြီး မကြာမီ သိမ့်ခနဲ သိမ့်ခနဲ တုန်လာ၏။ ကိုကျော်သာ ဘာလုပ်ရ မှန်းမသိဘဲ အခြေအနေကို စောင့်ကြည့် နေမိ၏။

တစ်မိနစ်ခန့်ကြာလျှင် သိမ့်ခနဲ ... သိမ့်ခနဲ တုန်နေတာက ရပ်သွား။ ရပ်သွားပြီး မကြာမီ အိမ်ပေါ်ထပ်မှ ညည်းညူသံကြီးက ထွက်ပေါ်လာပြန်၏။

"ဟင်း ဟင်း ဟင်း"

"ဟီး ဟီး ဟီး"


www.burmeseclassic.com

www.burmeseclassic.com


မိနစ်ဝက်ခန့် ထွက်ပေါ်နေပြီးနောက် ရပ်သွားပြန်၏။ ရပ်သွားပြီး မကြာမီ အိမ်ကြီးက သိမ့်ခနဲ ...သိမ့်ခနဲ တုန်လာပြန်၏။ တစ်မိနစ်နီးပါးခန့် သိမ့်ခနဲ သိမ့်ခနဲ ဖြစ်နေပြီးနောက် ရပ်သွားပြန်၏။ ထို့နောက် အိမ်ပေါ်ထပ်မှ ညည်းညူသံကြီးက တဟင်းဟင်း ထွက်ပေါ်လာပြန်၏။ မိနစ်ဝက်ခန့်ညည်းနေပြီးနောက် ညည်းညူသံကြီးက ပျောက်သွားပြန်သည်။

ကိုကျော်သာသည် အိပ်ရာထဲတွင် ဘာလုပ်ရမှန်းမသိဘဲ ထိုင်နေမိ၏။ ကလေးနှစ်ယောက်နှင့် ဇနီးသည်တို့ အိပ်မောကျနေ၍ တော်သေး၏။ နို့မဟုတ်က ထိတ်လန့်နေကြပေလိမ့်မည်။

ကိုကျော်သာ အခြေအနေကို စောင့်ကြည့်နေရာ နာရီဝက်ခန့် ကြာသည်အထိ မထူးခြားတော့သဖြင့် အိမ်ပေါ်ထပ်သို့ တက်ခဲ့လေ၏။ မီးခလုတ်များကို ဖွင့်လိုက်ရာ အပေါ်ထပ်တစ်ခုလုံး လင်းထိန်သွားသည်။ အပေါ်ထပ်တွင် ဘယ်သူမှ မရှိ။ အိမ်ထောင်ပရိဘောဂများသာ ရှိလေ၏။

ဒါဆိုလျှင် စောစောက ညည်းညူနေသူသည် ဘယ်သူလဲ။ ကိုကျော်သာသည် အပေါ်ထပ်တစ်အိမ်လုံး အနှံ့လိုက်လံရှာဖွေရာ မည်သူ့ကိုမျှ မတွေ့ရပေ။ ထူးတော့ ထူးခြား၍နေလေပြီ။ ကိုလှနိုင်ပြောသလိုပင် မသန့်သောအိမ်တစ်လုံးကို ဝယ်ယူနေထိုင်နေမိလေပြီလော။

နောက်တစ်နေ့ညတွင် အိမ်နောက်ဖေးဘက်မှ ချိုးချိုးချွတ်ချွတ်အသံများကို ကြားရလေ၏။ ကိုကျော်သာ သူခိုးဝင်သည်ထင်၍ ထကြည့်ရာ ဘာကိုမှ မတွေ့ရပေ။ ထို့ကြောင့် အိပ်ရာထဲ ပြန်ဝင်၏။ အိပ်ရာထဲဝင်ပြီး မကြာမီ နောက်ဖေးဘက်မှ ချိုးချိုးချွတ်ချွတ်အသံများ ထွက်ပေါ်လာပြန်၏။ ကိုကျော်သာ ထကြည့်ပြန်၏။ ဘာကိုမှ မတွေ့ရပေ။

ကိုကျော်သာ့စိတ်ထဲတွင် သင်္ကာမကင်းဖြစ်လာ၏။ ဤအိမ်ကြီးသည် သာမန်ရိုးရိုးအိမ်တစ်လုံး မဟုတ်တော့။ တစ်စုံတစ်ရာ ထူးခြားမှုရှိနေသော တစ်စုံတစ်ရာ လျှို့ဝှက်မှုရှိနေသော အိမ်ကြီးပင် ဖြစ်ရပေမည်။

ထို့နောက်ပိုင်းတွင် အိမ်ကြီးမှာ သန်းခေါင်ကျော်ချိန်ရောက်သည်တိုင်း နက် လျှောင်လှုပ်သကဲ့သို့ တသိမ့်သိမ့် တုန်ခါနေတတ်လေ၏။ တစ်မိနစ်နီးပါးခန့် တုန်ခါနေပြီး ငြိမ်သက်သွားတတ်၏။ တစ်ခါ အိမ်အပေါ်ထပ်မှ ညည်းညူသံကြီး


www.burmeseclassic.com

www.burmeseclassic.com


ထွက်ပေါ်လာပြန်၏။ ညည်းညူသံကြီး တိတ်သွားလျှင် နောက်ဖေးဘက်မှ ချိုးချိုး ရှုတ်ချွတ်အသံတွေ ထွက်ပေါ်လာပြန်သည်။

တစ်ရက်ခြား နှစ်ရက်ခြားဆိုသလို ထိုကဲ့သို့ ကြုံတွေ့ရလေရာ ကိုကျော်သာမှာ အိပ်ရေးပျက်သည့်ညတွေ များလာပြီး အိမ်ကြီးကို စိတ်ပျက်သလို ဖြစ်လာမိလေသည်။ သူ့မိန်းမနှင့် ကလေးနှစ်ယောက် ကလည်း အိမ်ကြီးကို ကြောက်လန့်နေကြ၏။ ထို့ကြောင့် ညဘက်ဆိုလျှင် ကိုကျော်သာရှိမှ နေရဲကြ၏။

. တစ်ညတွင်မူ အိမ်ကြီးမှာ ခပ်ကြမ်းကြမ်းပင် လှုပ်ယမ်းလေရာ ကိုကျော်သာတို့မိသားစုအားလုံးမှာ အိပ်ပျော်ရာမှ လန့်နိုးကာ ထထိုင်နေကြရလေ၏။ ဒီတစ်ခါ လှုပ်ယမ်းနေသည်မှာ အတော်ပင် အချိန်ကြာသဖြင့် ကိုကျော်သာကိုယ်တိုင်ပင် ထိတ်လန့်သလို ဖြစ်လာလေ၏။ လှုပ်လွန်းသဖြင့် အိမ်ကြီးတစ်ခုလုံးပင် ပြိုကျတော့မလား ထင်ရ၏။ ကလေးနှစ်ယောက်မှာ အလွန်ကြောက်လန့်နေကြပြီဖြစ်၏။

"အစ်ကို ... ကျွန်မတို့ အိမ်ပြင်ဘက်ထွက်နေကြရင် ကောင်းမလား မသိဘူး။ အိမ်ကြီးက အရမ်းလှုပ်ယမ်းနေပြီ။ တော်ကြာ ပြိုကျသွားရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

ဇနီးသည်က စိုးရိမ်တကြီးပြောရာ ကိုကျော်သာမှာ ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ ထိုအခိုက်မှာပင် အိမ်ကြီးက လှုပ်ယမ်းနေရာမှ ရုတ်ခြည်း ငြိမ်သက်သွားလေ၏။

ကိုကျော်သာတို့မိသားစုမှာ အခြေအနေကို အတော်ကြာသည်အထိ စောင့်ကြည့်နေသော်လည်း အိမ်ကြီးမှာ တစ်စုံတစ်ရာလှုပ်ယမ်းခြင်း မရှိတော့ပေ။ ထို့ကြောင့် အိပ်ရာဝင်ခဲ့ကြလေ၏။ ကိုကျော်သာမှာ တော်တော်နှင့်အိပ်မပျော်။ မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့လေသည်။

မနက်မိုးလင်းသည်နှင့် ကိုကျော်သာ ဘာမျှမစဉ်းတော့ဘဲ ကိုလှနိုင်တို့အိမ်ဆီသို့ ထွက်ခဲ့၏။ ကိုလှနိုင်ကို အိမ်၌ အခန့်သင့်ပင် တွေ့ရ၏။

ကိုကျော်သာက သူ့အိမ်ကြီး၏အခြေအနေကို ကိုလှနိုင်အား ပြောပြလိုက်၏။ ထိုအခါ ကိုလှနိုင်က ကိုကျော်သာအား ဘကြီးဖြစ်သူနှင့် တွေ့ပေးလေ၏။ ကိုကျော်သာက သူ့အိမ်ကြီး၌ ကြုံတွေ့နေရသော ထူးခြားဆန်းကြယ်နေမှုများကို ဘကြီးဦးဘမောင်အား ပြောပြလိုက်သည်။ ကိုကျော်သာ့စကား ဆုံးသွားသောအခါ ဘကြီးမောင်က ...


www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါ့တူတို့အိမ်ကြီးက အိမ်ကြမ်းလို့ ပြောရတော့ မယ်ထင် တာပဲ"

"အိမ်ကြမ်း ... ဟုတ်လား ဘကြီး"

"ဟုတ်တာပေါ့ကွယ်။ အိမ်ကြမ်းတွေဟာ အဲဒီလိုခြောက်လှန့်တတ် တယ်။ နောက်ဆိုရင် မှတ်ထား ငါ့တူ။ အိမ်တစ်အိမ်ကို ဝယ်ပြီးလို့ အဲဒီအိမ်ပေါ် တက်တော့မယ်ဆိုရင် သပြေသားကို ထမ်းပြီး တက်ရတယ်"

"ဘယ်လိုသပြေသားကို ထမ်းတက်ရမှာလဲ ဘကြီး"

"အိမ်ကြမ်း၊ မြေကြမ်း၊ သပြေထမ်းတက်တဲ့။ မိမိဝယ်လိုက်တဲ့အိမ်က ဘယ်လိုအိမ်မျိုးလဲ မသိနိုင်ဘူး။ အိမ်ကြမ်းသလား၊ မြေကြမ်းသလား၊ ဘယ်လို လုပ် သိနိုင်မလဲ။ ဒါကြောင့် အိမ်အသစ်ဝယ်လို့ အိမ်ပေါ်တက်တဲ့အခါ သပြေသား ကို ထမ်းပြီး တက်ရမယ်ဆိုတာက သပြေသား တစ်ထွာသာသာလောက်ကို လက် ကကိုင်ပြီး မိမိဝယ်လိုက်တဲ့ အိမ်ပေါ်ကို တက်ရမယ်လို့ ဆိုလိုတာပါ"

အဲဒီလိုတက်ရင် အိမ်ကြမ်းဆိုတဲ့ အိမ်တွေဟာ မကြမ်းရဲတော့ဘူးလို့ ရှေးလူကြီးသူမတွေက ဆိုခဲ့ကြတယ်။ တကယ်လို့ အိမ်ကြမ်းမကြမ်း မသိရင်တောင် သပြေသားကို ကိုင်ပြီးတက်တဲ့အတွက် အိမ်ဟာ ကျက်သရေမင်္ဂလာအဖြာဖြာ အောင်နိမိတ်ပန်းလို့ ဘကြီးတို့ မြန်မာတွေ အယူရှိကြတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ ဘကြီး"

"အိမ်တစ်အိမ် ဝယ်တော့မယ်ဆိုရင် အိမ်ပတ်ဝန်းကျင် ကောင်းမကောင်း ကြည့်ရသလို၊ မိမိဝယ်မယ့်အိမ်အနေအထား ကောင်းမကောင်း ကြည့်ရတာမှန် ပေမယ့်၊ မိမိဝယ်မယ့်အိမ်အကြောင်း ကောင်းမကောင်း ကြည့်ရတာတော့ ခက် တယ်။ မိမိကိုယ်တိုင် နေကြည့်ပြီးမှ သိနိုင်တယ်"

"ဟုတ်ကဲ့ပါ ... ဘကြီး။ ဒါဆိုရင် ကျွန်တော် အခုဝယ်လိုက်မိတဲ့အိမ် က အိမ်ကြမ်းပေါ့"

"ငါ့တူပြောပုံအရဆိုရင်တော့ အိမ်ကြမ်းဖြစ်ဖို့ များတယ်။ လူမှာ လူကြမ်း ဆိုတာရှိတယ်။ ကြမ်းတမ်းခက်ထန်တဲ့ စရိုက်ရှိသူကို လူကြမ်းလို့ခေါ်တယ်။ လူကြမ်းနဲ့တွေ့ရင် ကိုယ် ဒုက္ခရောက်တတ်တယ်။ အဲဒီလိုပဲ အိမ်မှာလည်း အိမ်ကြမ်း ဆိုတာရှိတယ်။ အိမ်ကြမ်းဆိုတာ ကြမ်းတမ်းခက်ထန်တဲ့ အခြေအနေမျိုးရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com


ပေါ့။ အခု ငါ့သားတို့လို အိမ်မျိုးပေါ့။ အဲဒီလို အိမ်ကြမ်းနေထိုင်မိရင်လည်း နေတဲ့လူ ဒုက္ခရောက်တတ်တယ်"

"အိမ်က ဘာကြောင့် ကြမ်းရတာလဲ ဘကြီး"

"အိမ်ကြမ်းတယ်ဆိုတာ အကြောင်းအမျိုးမျိုးရှိတယ်။ ယေဘုယျပြောရရင်တော့ သရဲတစ္ဆေတွေ မကျွတ်မလွတ်ဘဲ စွဲမှီနေရင်လည်း အိမ်ကြမ်းဖြစ်တတ်တယ်။ ပြီးတော့ အိမ်ဆိုတာ သစ်နဲ့ဆောက်လုပ်ထားတာဖြစ်တဲ့အတွက် အိမ်ကိုဆောက်လုပ်ထားတဲ့ သစ်ပင်တွေမကောင်းရင် ညံ့နေရင်လည်း အိမ်ကြမ်းဖြစ်တတ်တယ်"

"မကောင်းတဲ့သစ်၊ ညံ့တဲ့သစ်ဆိုတာ ဘယ်လိုသစ်မျိုးလည်း ဘကြီး"

"မကောင်းတဲ့သစ်နဲ့ပတ်သက်ပြီး ရှေးကစာဆိုတောင် ရှိခဲ့ဖူးတယ်"

"ဂေဟာညစ်ကျု အမြန်စုတွင်
ဆစ်ဖုချိုင်ရှောင်း အိုင်အပေါင်းကို
ကိုင်းကြောင်းဓားခွန် အသားမုန်ဟု၊
အားသွန်ခုတ်သော်၊ ပင်ယုတ်ခေါ်ကြ
ငုတ်ပေါ်ထောင်နွဲ့၊ အခေါင်တွဲ၍
ရှောင်ဆွဲတွယ်တိုင်း စလွယ်သိုင်းဖြင့်၊
နွယ်ဆိုင်းရစ်ဖူး၊ သစ်ဘီလူးဟု၊
အူနာခေါင်းသက်၊ အောင်ပုရွက်နှင့်
စောင်းတစ်ဖက်ပုပ် အခက်ရှုပ်မှာ
ငှက်ယုတ်နားဝဲ၊ ပျားအစွဲပါ၊
များတဲ့ဝဋ်ကပ်၊ မိုက်လူတတ်တို့၊
ကွက်လပ်မကောင်း သစ်အပေါင်းတို့ . . . တဲ့။

အဲဒီလို ဆိုခဲ့ကြတယ်။ အိမ်တွေဆိုတာက သစ်ပင်ရဲ့ပင်စည်တွေ ဖြစ်တဲ့အတွက် သစ်ပြန်၊ သစ်ဖူး၊ သစ်ဘီလူးဆိုတဲ့ သစ်ဆိုးတွေ ပါလာတတ်တယ်။ အဲဒီလို သစ်ဆိုးတွေ အိမ်ဆောက်တဲ့အထဲပါလာရင် အိမ်နေလူတွေကို ဒုက္ခမျိုးစုံပေးတော့တာပဲ။

အဲဒီသစ်ဆိုးတွေဟာ လူတောက်ခေါက်သလို တောက်ခေါက်တတ်ကြတယ်။ ကြိမ်းဝါးတတ်ကြတယ်။ ပြီးတော့ ချိုးချိုးချွတ်ချွတ် မြည်တတ်တယ်။


www.burmeseclassic.com

www.burmeseclassic.com



ညည်းညူသံကြီး ထွက်ပေါ်လာတတ်တယ်။ တစ်စုံတစ်ရာ အကြောင်းမရှိပဲ အိမ်ကြီးဟာ လှုပ်ယမ်းနေတတ်တယ်။ ပြီးတော့ တသိမ့်သိမ့် တုန်နေတတ်တယ်"

"ဟုတ်တယ် . . . ဘကြီး။ ကျွန်တော့်အိမ်ကြီးလည်း အဲဒီလို ဖြစ်နေတာပဲ"

"အဲဒီလိုဖြစ်ပြီး ကြာလာရင် အဲဒီအိမ်မှာနေထိုင်နေတဲ့ လူတွေဟာ စီးပွားရေး တစ်စတစ်စ ဆုတ်ယုတ်ပျက်စီးလာတယ်။ လူတွေ နေထိုင်မကောင်းဖြစ်ပြီး ကျန်းမာရေးညှိုးဖျော်းလာမယ်။ ပြီးတော့ အိမ်သားအချင်းချင်း ကတောက်ကဆဖြစ်လာမယ်။ အိမ်တွင်းရေး မချမ်းမသာ ဖြစ်လာမယ်။ ပြောရရင်တော့ . . . ငါ့တူရယ် . . . အဲဒီ သစ်ဆိုးသစ်ညံ့ကြောင့် အဲဒီအိမ်မှာနေတဲ့ မိသားစုက စီးပွားရေး၊ ကျန်းမာရေး၊ အိမ်တွင်းရေး၊ တစ်စတစ်စ ဆုတ်ယုတ်ပျက်စီးလာလိမ့်မယ်။ နောက်ဆုံးမှာ စီးပွားပျက်၊ အနာရောဂါတွေဖြစ်၊ မိသားစုဖရိုဖရဲဖြစ်ပြီး ပျက်စီးသွားတတ်တယ်။ ဒါကြောင့် သစ်ဆိုးသစ်ညံ့ဆိုတာ အင်မတန် ကြောက်စရာကောင်းတယ်"

"ဟုတ်ကဲ့ပါ ဘကြီး"

"တစ်ခါက ဘကြီးတို့ရွာမှာနေတဲ့ လူတစ်ယောက် သူက ဒါတွေကို အယုံအကြည်မရှိဘူး။ သူ့အိမ်တိုင်တစ်လုံးက သစ်ဘီလူးဖြစ်နေတယ်။ အဲဒီလိုပဲ ညညကျရင် တောက်ခေါက်သံတွေ ကြိမ်းဝါးသံတွေ ကြားကြားနေရတယ်"

အဲဒီလိုကြားရင် သူက ထပြီး အဲဒီတိုင်ကို ခြေနဲ့ကန်တယ်။ အုတ်နဲ့ရိုက်တယ်။ ဆဲဆိုကြိမ်းဝါးပစ်တယ်။ ဓားနဲ့ တိုင်ကိုခုတ်တယ်။ ဓားနဲ့တိုင်ကို ထစ်ပစ်တယ်ပေါ့။ တိုင်ကိုတော့ ဘယ်လိုဖြုတ်လို့ရမလဲ။ တိုင်ကိုဖြုတ်ရင် အိမ်ပါ ပြိုသွားတော့မှာပေါ့။ နောက် မကြာပါဘူး။ အဲဒီအိမ်မှာ နေကြတဲ့သူတွေ မကြာခဏ နေထိုင်မကောင်းဖြစ်၊ နာမကျန်းဖြစ်ကြတယ်။ စီးပွားရေးလည်း ကျလာတယ်။

နောက်ဆုံးမှာ အိမ်ကိုရောင်းပြီး ပြောင်းပြေးသွားရတဲ့ အခြေအနေအထိ ရောက်သွားတယ်"

"ဟင် . . . ဒါဆို အဲဒီအိမ်ကို ဝယ်လိုက်တဲ့သူတွေလည်း အဲဒီလို ဒုက္ခရောက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ပါဘူး ... ငါ့တူ။ နောက်ဝယ်လိုက်တဲ့လူက အဲဒီအိမ်က ဒုက္ခပေးနေတဲ့ သစ်ဘီလူးတိုင်ထဲကို သစ်မင်းအသားကို ညှပ်ပြီး ရိုက်သွင်းလိုက်တယ်။

အဲဒီတော့ သစ်ဘီလူးတိုင် ငြိမ်သွားတော့တာပေါ့ ...

ခြောက်လှန့်တာတွေ ဘာတွေလည်း ဘာမှမပြုနိုင်တော့ဘူး။ အဲဒီအိမ်ဝယ်လိုက်တဲ့သူတွေ စီးပွားရေးတောင် ပိုပြီး ကောင်းလာတယ်"

"ဒါဆိုရင် သစ်မင်းသားက တော်တော်စွမ်းတာပေါ့ ဘကြီး"

"စွမ်းတာပေါ့ကွယ်။ သူက သစ်ဆိုးသစ်ညံ့တွေအားလုံးကို နိုင်တယ်။ ဒါကြောင့် သစ်မင်းလို့ခေါ်တာပေါ့ ငါ့တူ။ အချို့ သစ်ခြောက်ဆိုတာရှိတယ်။ သူလည်း သစ်ဆိုးအမျိုးစားထဲမှာပါတယ်။ သစ်ခြောက်ဆိုတဲ့အတိုင်း အဲဒီသစ်က အင်မတန် အခြောက်အလှန့်ကြမ်းတာ။

အဲဒီသစ်ခြောက်ပင်ရတဲ့ သစ်သားတိုင်ကို အိမ်တိုင်လုပ်မိရင် သွားရောပဲ။ တစ်အိမ်လုံး နေလို့မရအောင်ကို ခြောက်တာ။ အဲဒီလိုခြောက်ရင် သစ်မင်းအသားကိုချွန်ပြီး အဲဒီသစ်ခြောက်ထဲ သပ်ရိုက်သွင်းပေးရတယ်။ ဒါဆိုရင် မခြောက်လှန့်နိုင်တော့ဘူး။

အချို့သစ်ခြောက်ပင် ပင်စည်လုံးတွေထဲမှာဆိုရင် အထဲမှာ သစ်ခေါင်းလုံးသဏ္ဍာန်ဖြစ်နေပြီး အဲဒီသစ်ခေါင်းထဲ သံသေဒဇအသွင် အရုပ်ကလေးတွေတောင် ရှိနေတတ်ကြတယ်"

"သံသေဒဇအရုပ် ... ဟုတ်လား ဘကြီး"

"အေး ... သံသေဒဇအရုပ်တွေပေါ့"

"အံ့ဩစရာပါပဲ ဘကြီး။ ဒါနဲ့ သူတို့ကို ဘာလို့ သံသေဒဇအရုပ်တွေလို့ခေါ်တာလဲ"

"ရေညှိ၊ အပုပ်အညှိ စတာတွေ ဖြစ်တဲ့အတွက် သူတို့ကို သံသေဒဇရုပ်ကလေးတွေလို့ ခေါ်တာပေါ့ကွယ်။ အရုပ်ဆိုပေမယ့် သူတို့က ရိုးရိုးအရုပ်မဟုတ်ဘူး။ နာမ်ဝိညာဉ်နဲ့ စွဲကပ်တွယ်မှီနေတဲ့ အရုပ်ကလေးတွေဖြစ်တယ်။ ဒါကြောင့် သံသေဒဇအရုပ်လို့ ခေါ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com


ဘကြီးတို့ငယ်ငယ်က ဘကြီးတို့ရွာ ဘုန်းကြီးကျောင်းကို ဆောက်လုပ်ထား တဲ့ တိုင်လုံးကြီးတွေအနက်က တိုင်လုံးကြီးတစ်လုံးဟာ အဲဒီလိုမျိုး သစ်ခြောက်တိုင် လုံးကြီး ဖြစ်နေတယ်လို့ ကြားဖူးတယ်။

အဲဒီသစ်ခြောက်တိုင်လုံးကြီးဟာ အတွင်းမှာ အခေါင်းပေါက်ဖြစ်နေပြီး အဲဒီ အခေါင်းပေါက်ထဲမှာ သံသေဒဖအရုပ်ကလေးတွေ အများကြီးပဲတဲ့။

နောက်တော့ အဲဒီတိုင်လုံးကြီးကိုဖြတ်ပြီး ရေထဲမျှောပစ်လိုက်ကြတယ်။

ကိုကျော်သာ တအံ့တဩ နားထောင်နေမိ၏။

"အဲဒီတိုင်လုံးကြီးထဲကို သစ်မင်းနဲ့ ရိုက်မသွင်းဘူးလား ... ဘကြီး"

"အဲဒါတော့ ဘကြီးလည်း သေသေချာချာ မသိခဲ့ဘူး။ တကယ်လို့ သစ်မင်း နဲ့ရိုက်သွင်းလိုက်ရင် အထဲက သံသေဒဖအရုပ်တွေ ထွက်ပြေးကုန်ကြမယ်လို့ ထင်တာပဲ။ အဲဒီလို ထွက်ပြေးကုန်ရင် အဲဒီတိုင်လုံးကြီးလည်း မခြောက်လှန့်နိုင် တော့ဘူးပေါ့"

"ဟုတ်တယ် ဘကြီး။ အဲဒီအတိုင်း ဖြစ်နိုင်တယ်"

"နောက်ပြီး သစ်မင်းက သရဲတစ္ဆေ မကောင်းတဲ့မိစ္ဆာနဲ့ အနှောင့်အယှက် ပေးမယ့် အရာမှန်သမျှကို မိမိအိမ်ထဲ မဝင်နိုင်အောင် အကာအကွယ်ပေးနိုင်သည်။ သစ်မင်းပင်ကို ပန်းအိုးလေးထဲ ထည့်စိုက်ပြီး အိမ်တံခါးဝ၊ ခြံတံခါးဝမှာ စိုက်ထား ရင် အဲဒီလို အကာအကွယ်တွေ ပေးနိုင်တယ်"

"သစ်မင်းပင်ဆိုတာ အပင်ကြီးမျိုးလား၊ အပင်သေးမျိုးလား ဘကြီး"

"သစ်မင်းပင်ဆိုတာ အပင်ကြီးမျိုးလို့ ဆိုရမယ်။ တချို့ သစ်မင်းပင်ကြီး တွေကတော့ ပေတစ်ရာကျော် ပေနှစ်ရာလောက်အထိ အမြင့်ရှိကြတယ်။ ဒါပေမဲ့ သစ်မင်းပင်ကြီးတွေရဲ့ ပင်ခြေမှာ အပင်ပွားကလေးတွေကို အမြစ်ပါလာအောင် တူးယူပြီး ပန်းအိုးထဲမှာစိုက်ရင် ရပါတယ်။

သစ်မင်းအပင်ဟာ သစ်ပင်အားလုံးကို စိုးမိုးအုပ်ချုပ်နိုင်တဲ့ သစ်ပင်ပါ ဌါတူ။ အခု ဌါတူအိမ်မှာဖြစ်နေတဲ့ ထူးဆန်းတဲ့အဖြစ်အပျက်တွေဟာ အဲဒီ သစ်ဆိုးသစ်ညံ့တွေကြောင့် ဖြစ်တယ်လို့ဆိုရင် အဲဒီသစ်မင်းသားကို အဲဒီသစ်ခြောက် ဖြစ်နေတဲ့ အိမ်တိုင်ထဲကို ရိုက်သွင်းထည့်လိုက် ရုံပါပဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဒါဆိုရင် ဘကြီးအိမ်မှာ သစ်မင်းသားရှိသလား . . . ဘကြီး။ ဘကြီးကိုပဲ အားကိုးပါရစေတော့"

"အေး . . . ဘကြီး ကူညီပါ့မယ်ကွာ။ နယ်မှာနေတဲ့ ဘကြီးတပည့်တစ်ယောက်တော့ရှိတယ်။ သူ့ခြံထဲမှာ သစ်မင်းပင် တစ်ပင်ရှိတယ်။ သူ့ဆီက သစ်မင်းသားတောင်းပြီး ဘကြီးလုပ်ပေးမယ်။ ဟုတ်ပြီလား"

"ကျေးဇူးပါပဲ ဘကြီးရယ်"

"သစ်မင်းဟာ သုံးတတ်ရင် အင်မတန်အစွမ်းထက်တယ်။ ဘကြီးရဲ့ မိတ်ဆွေတစ်ဦး ပြောပြဖူးတယ်။ ဘကြီးရဲ့မိတ်ဆွေက ထူးဆန်းတဲ့ ဂမ္ဘီရပစ္စည်းမျိုးတွေဆိုရင် သူက သိပ်ပြီး ဝါသနာပါတာ။

သူ့မှာ (သစ်မင်းဝါးထွင်း) တစ်ခုရှိတယ်။ အဲဒီသစ်မင်းဝါးထွင်းကို ဆောင်ထားရင် စီးပွားရေးကောင်းစေနိုင်တယ်။ မီးလည်းကွင်း စေတယ်လို့ဆိုတယ်။ ဒီလို (သစ်မင်းဝါးထွင်း)ကို (သစ်မင်းဝါးလုံး) အဆောင်လို့ ခေါ်တယ်။ သစ်မင်းဝါးလုံး အဆောင်ဟာ ဘာကြောင့်အစွမ်းထက်သလဲဆိုတာကို သူက ရှင်းပြတယ်။

ဥပမာ (သံပရာ) ကိုကြည့် . . .

| (သ) | (ပ) | (ရာ) |
|---|---|---|
| (သောကြာ) | (ကြာသပတေး) | (ဗုဒ္ဓဟူး) |

"အဲဒီမှာကြည့် သောကြာ (သံ)ရဲ့ အမြစ်ဟာ ကြာသပတေး (ပ) မဟုတ်လား"

"ဟုတ်ပါတယ် ဘကြီး"

"ကြာသပတေး (ပ) ရဲ့ အမြစ်ဟာ ဗုဒ္ဓဟူး (ရာ)မဟုတ်လား"

"ဟုတ်ပါတယ် ဘကြီး"

"အေး . . . အဲဒီတော့ သံပရာက အညွန့်ကနေပြီး အမြစ်ဆီကိုသွားတဲ့ နိစဉ်တွဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘကြီး"

"အဲဒီတော့ သံပရာဆိုတဲ့အဆုံး (ရာ) ဗုဒ္ဓဟူးရဲ့အဆက်မှာ ဘာနံရှိသလဲ။ အင်္ဂါရှိတယ် မဟုတ်ဘူးလား။ ဗုဒ္ဓဟူးရဲ့အမြစ်ဟာ အင်္ဂါမဟုတ်ဘူးလား။ (စိန်) ဆိုတာ အင်္ဂါမဟုတ်ဘူးလား။ အဲဒီတော့ (စိန်) နဲ့ (သံပရာ) ကို တွဲဖက်လိုက်ရင် လူကို အသက်အန္တရာယ်ပေး သတ်ဖြတ်တဲ့ အဆိပ်ဖြစ်သွားပြီ"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါရဲ့ ဘကြီးရယ်"

"အေး ... နောက်ဥပမာတစ်ခု ဘကြီးပြောပြဦးမယ်"

(အိမ်ထောင်) တဲ့ အိမ်ထောင်ဆိုတာ ...

(အိမ်) (ထောင်)

တနင်္ဂနွေ စနေ

"အညွန့်ကနေ အမြစ်ကိုသွားတဲ့နံတွဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘကြီး"

"တနင်္ဂနွေရဲ့အမြစ်ဟာ စနေ။ စနေရဲ့အမြစ်ဟာ သောကြာမဟုတ်ဘူးလား။ သောကြာရဲ့အမြစ်ဟာ ကြာသပတေးမဟုတ်ဘူးလား။ အဲဒီတော့ (သားသမီး) ဆိုတာဟာ (သောကြာနဲ့ကြာသပတေး) မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘကြီး"

(သား) (သမီး)

(သောကြာ) (ကြာသပတေး)

"အဲဒီတော့ (အိမ်ထောင်) တစ်ခုမှာ (သားသမီး) ဆိုတာ မထွန်းကားရင် အဲဒီအိမ်ထောင်ဟာ လုံးဝအဓိပ္ပာယ်မဲ့ပြီး အဆင်ပြေတယ်လို့ မရှိတော့ဘူးပေါ့။ ပြည့်စုံမှုလည်း မရှိတော့ဘူး။ ဒါကြောင့် သားသမီးဆိုတာ အိမ်ထောင်ရဲ့ အဓိပ္ပာယ်ပဲ အနှစ်သာရပဲ၊ သားသမီးမရှိတဲ့ အိမ်ထောင်တစ်ခုက ဆားမပါတဲ့ဟင်းလို ပေါ့ပျက်ပျက်ကြီးဖြစ် နေလိမ့်မည်။ ဒါကို သားသမီးမရှိတဲ့ အိမ်ထောင်ရှင်တိုင်း သိကြပါလိမ့်မယ်"

"ကဲ ... အဲဒီတော့ (သစ်မင်း) ကိုကြည့်။ (သစ်မင်း) ဆိုတာ (သောကြာ + ကြာသပတေး) နံတွဲမဟုတ်ဘူးလား။ အညွန့်ကနေ အမြစ်ကိုသွားတဲ့ နံတွဲပေါ့"

(သစ်) (မင်း)

သောကြာ ကြာသပတေး

"အဲဒီတော့ ကြာသပတေးရဲ့ အမြစ်ဟာ ဗုဒ္ဓဟူးမဟုတ်ဘူးလား။ ဗုဒ္ဓဟူးဟာ (ဝါးလုံး) မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘကြီး"


www.burmeseclassic.com

www.burmeseclassic.com



(ဝါးလုံး)

ဗုဒ္ဓဟူး

"အဲဒီတော့ (သစ်မင်း) နဲ့ ဝါးလုံးကို ပေါင်းဖက်ပေးလိုက်ရင် နေအိမ်ခြံဝင်းတွေမှာ ဈေးဆိုင်၊ အလုပ်ရုံ၊ ရုံး စတဲ့နေရာတွေမှာ အေးချမ်းစေမှု၊ သာယာစေမှု စွမ်းအားတွေကို ရရှိပြီပေါ့။ အဲဒီအတွက် (သစ်မင်းဝါးလုံး) အဆောင်ကိုတော့ အဲဒီနေရာတွေမှာ ဆောင်ထားရမယ်။

(သစ်မင်း) ဆိုတဲ့ (ကြာသပတေး + သောကြာ) နံတွဲကနေ (ဝါးလုံး)ဆိုတဲ့ (ဗုဒ္ဓဟူး) ပေါင်းစပ်လိုက်တော့ ဗုဒ္ဓဟူးဂြိုဟ်အရ စီးပွားရေးအမြော်အမြင်တွေရှိခြင်း၊ စီးပွားရေးပွင့်လန်းခြင်းပေါ့။ လိမ္မာပါးနပ်ခြင်း၊ အဆွေခင်ပွန်း မိတ်ဆွေသင်္ဂဟကောင်း ရရှိခြင်း အကျိုးတွေကို ရရှိနိုင်တာပေါ့။

သစ်မင်းဝါးထွင်းကို ဘယ်လိုလုပ်ရသလဲဆိုတော့ သစ်မင်းဟာ အခွံအကြေမာပြီး အတွင်းအသားပွတဲ့အတွက် အူအတွင်းသားကို ဝါးလုံးသစ်နဲ့ ထွင်းထုတ်သန့်စင်လိုက်ရတယ်။ ပြီးရင် အဲဒီသစ်မင်း အရှည်တစ်ထွာ၊ ဝါးလုံးအရှည် တစ်ထွာလောက်ဆိုရင် ရပါပြီ။

တချို့ကတော့ တစ်ထွာလောက်ရှိတဲ့ သစ်မင်းရဲ့ အခေါင်းပေါက်အတွင်း တစ်ထွာလောက်ရှိတဲ့ဝါးသစ်ကို လျှိုသွင်းပြီး ဆောင်ထားတတ်ကြတယ်။

အဲဒီလိုဆောင်ထားရင် အနှောင့်အယှက် အတိုက်အခိုက်တွေ လျော့ပါးကင်းဝေးပြီး ပေါက်မြောက်အောင်မြင် ကြီးပွားစေနိုင်ပါတယ်။

"ဟုတ်ကဲ့ပါ ဘကြီး"

"စောစောကစကားကို ပြန်ကောက်ရရင် (သံပရာ) နဲ့ (စိန်) အညွန့်ကနေပြီး အမြစ်ကို တွဲသွားတယ်။ နောက်ဆုံးတော့ အင်္ဂါ(စိန်) ဟာ အင်္ဂါဂြိုဟ်ပရိယာယ်အရ ပြီးပေါက်အမြောက်ဖြစ်ခြင်း။ ဝါးဘီလူး ရန်သူရန်ဖက်သဘောဖြစ်တဲ့အတွက် အဆိပ်ဖြစ်သွားရတယ်။

ပြီးတော့ (အိမ်ထောင်)နဲ့ (သား) (သမီး) အညွန့်ကနေ အမြစ်ကို တွဲသွားတယ်။ (သား) သောကြာဂြိုဟ် ပရိယာယ်အရ ဆင်၊ မြင်း၊ ကျွဲ၊ နွား ခေးကမ်း စွန့်ကြဲတာတွေနဲ့ ဆိုင်တယ်။ ရောင်းဝယ်ဖောက်ကားခြင်း၊ ဇနီးမယား စတာတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့လည်း ဆိုင်တယ်။ ဒါကြောင့် သားမွေးလာရင် ဆင်၊ မြင်း၊ ကျွဲ၊ နွားရှိသလို အား ဖြစ်စေတယ်။ ဇနီး မယား (သားရဲ့မိခင်) အတွက်လည်း ဂုဏ်တက်စေတယ်။

ပြီးတော့ သမီးဆိုရင်လည်း ကြာသပတေးဂြိုဟ် ပရိယာယ်အရ ရဟန်း သူတော်စင်တို့ကို မိုဝဲဆည်းကပ်ရခြင်း၊ စီးပွားချမ်းသာ၊ ဉာဏ်ပညာ၊ မောင်နှမ သားချင်း၊ စီးပွားချမ်းသာတို့နဲ့ ပတ်သက်တယ်။

အဲဒီတော့ (အညွှန်းကနေ အမြစ်ကိုသွားတဲ့ နံစဉ်တွဲ) တွေမှာ ဂမ္ဘီရစွမ်း အား လျှို့ဝှက်ချက်တွေရှိတယ်ဆိုတာ ထင်ရှားနေတယ်"

"ဟုတ်ကဲ့ပါ ဘကြီး"

"အခု ဘကြီးပြောခဲ့တဲ့ (သစ်မင်းဝါးလုံး) ဟာ အဲဒီဂမ္ဘီရစွမ်းအား လျှို့ဝှက် ချက်ကို ဖော်ထုတ်ပြီး အသုံးပြုလိုက်တာပါပဲ"

ကိုကျော်သာသည် ပညာဗဟုသုတစုံလင်သော ကိုလှနိုင်၏ ဘကြီးဦးမောင် ကို အံ့သြမဆုံး ဖြစ်နေမိ၏။

✿ ✿ ✿

## ၂

❑

နောက်တစ်နေ့တွင် ဘကြီးဦးမောင်သည် ကိုလှနိုင်နှင့်အတူ ကိုကျော်သာ တို့အိမ်သို့ ရောက်ရှိလာ၏။ ထို့နောက် ကိုကျော်သာတို့အိမ်အား သေသေချာချာ ကြည့်ရှုလေ့လာလေ၏။ အထူးသဖြင့် အိမ်တိုင်လုံးများနှင့် အုတ်၊ ကျောက်တို့ကို စစ်ဆေးကြည့်ရှုလေ၏။

အိမ်ပေါ်ထပ်သို့ တက်ရောက်စစ်ဆေးကြည့်ရှုစဉ် ခြေရင်းဘက် တိုင် တစ်လုံး၌ ထူးခြားမှုတစ်ခုကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


ဦးဘမောင် ထိုအိမ်တိုင်ကိုကြည့်ပြီး အံ့သြသွား၏။ တရားခံကို တွေ့ရလေပြီ။ တရားခံကား ထူးခြားသော တရားခံပေတည်း။

ကိုကျော်သာသည် ဦးဘမောင်၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး–

"ဘကြီး ... ဘာတွေထူးခြားတာ တွေ့လိုက်လို့လဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ ဦးဘမောင်က ...

"ဟောဒီအိမ်တိုင်ဟာ သစ်မပဲ"

ဟု ပြောလိုက်လေရာ ကိုကျော်သာနှင့် ကိုလှနိုင်တို့နှစ်ဦး ဦးဘမောင်နားသို့ တိုးကပ်သွားကာ အိမ်တိုင်ကို သေသေချာချာ ကြည့်လိုက်ကြလေ၏။ ပြီးနောက် သူတို့မျက်လုံးထဲတွင် မည်သည့်ထူးခြားမှုကိုမှ မတွေ့ရ။

"မင်းတို့ မတွေ့ဘူးမဟုတ်လား။ ဟောဒီမှာကြည့်"

ဟုဆိုကာ ဦးဘမောင်က တိုင်တစ်နေရာကို လက်ညှိုးဖြင့် ပြလေ၏။ ကိုကျော်သာနှင့် ကိုလှနိုင်တို့နှစ်ဦးသား အနီးကပ် ကြည့်လိုက်မိ၏။

"အဲဒီတိုင်နေရာဟာ လူမိန်းမရဲ့ ယောနိနဲ့ပုံသဏ္ဍာန် တူမနေဘူးလား"

"ဟာ ... ဟုတ်တယ်။ တူနေပါတယ် ဘကြီး"

ကိုကျော်သာရော ကိုလှနိုင်ပါ အံ့သြတုန်လှုပ်သွားကြ၏။

"အဲဒါကြောင့် အဲဒီသစ်မျိုးကို သစ်မလို့ခေါ်တာပေါ့။ ပြီးတော့ သစ်ကမြင်းလို့လည်း ခေါ်သေးတယ်။ ဒီသစ်ကမြင်းဟာ အင်မတန် ကြောက်စရာကောင်းတဲ့ သစ်ဆိုးတစ်မျိုးပဲ။ အခု ငါ့တူတို့အိမ်မှာ ဖြစ်ပျက်နေတာတွေဟာ အဲဒီသစ်ကမြင်းကို အိမ်တိုင်လုပ်ထားမိတဲ့အတွက်ပဲ။ အိမ်ဆောက်လုပ်တဲ့ လက်သမားဆရာကလည်း သစ်နဲ့ပတ်သက်ပြီး ပညာဗဟုသုတမရှိတော့ ပိုဆိုးတာပေါ့"

ပြီးတော့ အိမ်တိုင်လုပ်မယ့်သစ်ကို သေသေချာချာ စေ့စေ့စပ်စပ် မကြည့်ရှု မစစ်ဆေးတာလည်း ပါတယ်။ ဒါကြောင့် အိမ်တိုင်အဖြစ် ဆောက်လုပ်ပြီး ညည့ကျ ခြောက်လှန့်နေတော့တာပေါ့။

အခု အသိမြန်လို့ပေါ့ ငါ့တူ။ ကြာရင် ဒီအိမ်မှာနေထိုင်တဲ့ အိမ်သားအားလုံးကို ဒုက္ခပေးနိုင်တယ်။ သစ်ဆိုးသစ်ညံ့တွေရဲ့ ထုံးစံအတိုင်း မိမိရဲ့ စီးပွားလာဘ်လာဘကို ဆုတ်ယုတ်ပျက်စီးစေလိမ့်မယ်။ အိမ်သားတွေ တစ်ဦးပြီးတစ်ဦး နာမကျန်းဖြစ်စေ


www.burmeseclassic.com

www.burmeseclassic.com


လိမ့်မယ်။ အိမ်သားအချင်းချင်း တစ်ဦးနဲ့တစ်ဦး ကတောက်ကဆဖြစ်၊ ရန်ဖြစ်ပြီး အိမ်တွင်းရေး ပူလောင်စေလိမ့်မယ်။ ပြီးတော့ သူက သစ်မလို့ခေါ်တဲ့ သစ်ကမြင်း ဖြစ်နေတာကြောင့် အိမ်ထောင်ရေးကိုပါ ပြိုကွဲသွားစေနိုင်တယ်။

ဒီလို သစ်ကမြင်းရှိတဲ့အိမ်မှာ နေမိရင် နေတဲ့ ယောက်ျားမိန်းမများဟာ ဖောက်လွှဲဖောက်ပြန် ဖြစ်တတ်ကြတယ်"

"အမယ်လေး ... တော်ပါသေးရဲ့ ဘကြီးရယ်။ ဘကြီးတွေ့ လိုက်လို့သာ ပေါ့။ ဘကြီးသာ မတွေ့လိုက်ရင် ကျွန်တော်တို့အိမ်တော့ မတွေးရဲစရာပါပဲ"

"ဒီလို သစ်ကမြင်းပါတဲ့အိမ်မျိုး ဘကြီး တစ်ခါတွေ့ဖူးတယ်။ တွေ့တဲ့အခါ ကျတော့ တော်တော်နောက်ကျနေပြီ။ အဲဒီအိမ်မှာနေတဲ့ လင်ရော၊ မယားရော ဖောက် လွှဲဖောက်ပြန်တွေ လုပ်နေကြပြီ။ မကြာပါဘူး အိမ်ကြီးကိုရောင်းချပြီး လင်မယား နှစ်ယောက် တစ်ယောက်တစ်ဝက်စီယူပြီး ကွာရှင်းပြတ်စဲသွားကြတယ်"

ကိုကျော်သာ ကြက်သီးမွေးညင်းများ ထသွားမိလေသည်။

"တော်ပါသေးရဲ့ အသိမြန်ပေလို့။ နို့မို့ဆိုရင်တော့လား မတွေးရဲစရာ"

ကိုကျော်သာ အတွေးမဆုံးမီ ဦးဘမောင်က ...

"တချို့လူတွေက အဲဒီလို သစ်ဆိုးသစ်ညံ့မျိုးတွေဟာ အဲဒီအိမ်မှာ နေထိုင်မိတဲ့ လူတွေအပေါ် ဆိုးကျိုးပေးနိုင်တယ်ဆိုတာ ဟုတ်ပါ့မလားလို့ သံသယ ဝင်တတ်ကြတယ်။ အဲဒါဆိုရင်တော့ ကိုယ်တိုင်နေကြည့်လို့ပဲ ပြောချင်တယ်"

ဟုပြောလေ၏။ ထို့နောက် ဆက်၍ ...

"ဒီလို သစ်ကမြင်းဆိုရင် ဖောင်သမားတွေ အင်မတန်ကြောက်ကြတယ်။ သစ်ကမြင်းပါလာတဲ့ဖောင်က လှိုင်းလေငြိမ်သက်ပြီး ရေငြိမ်နေတဲ့အချိန် ကမ်းမှာ ဆိုက်ကပ်ထားတဲ့ အချိန်မှာတောင် ဖောင်တဖျင်းဖျင်း တဖျင်းဖျင်းနဲ့ ဂဏှာမငြိမ် သောင်းကျန်းနေလေ့ရှိတယ်။

သစ်ကမြင်းပါလာတာကိုမသိဘဲ ဖောင်ဖွဲ့စုန်လာခဲ့မိရင် လမ်းမှာ သစ်က မြင်းဆော့တဲ့အတွက် ဖောင်ပျက်တတ်တယ်။ ဒါကြောင့် ဖောင်သမားတွေဟာ သစ်ကမြင်းဆိုရင် အင်မတန်ကြောက်ကြတယ်။

သစ်ကမြင်းပါလာတဲ့ဖောင်ဟာ တစ်ခါတလေ ဖောင်စထွက်ချိန်မှာလည်း ဘာမှမဖြစ်ဘူး။ လမ်းခရီးတစ်လျှောက်မှာလည်း ဘာမှမဖြစ်ဘူး။ ဒါပေမဲ့ ကမ်းကပ်


www.burmeseclassic.com

www.burmeseclassic.com


လို့ ဖောင်ဆိုက်ပြီဆိုတဲ့အချိန်ကျမှ ဖောင်တစ်ခုလုံး ဖြုန်းဖြုန်းဖျင်းဖျင်း ဝရှန်းသုန်းကားဖြစ်ပြီး ဖောင်ပျက်သွားတာတွေလည်း ရှိတယ်။

ဒါကြောင့် သစ်ကမြင်းကို ဖောင်သမားတွေက 'အထွက်မဖျက် အဝင်ပျက် သစ်ကမြင်းမ,ဖျက်' လို့ စာဆိုခဲ့ကြတယ်။

ဒါပေမယ့် အချို့ သစ်ကမြင်းပါလာတဲ့ ဖောင်တွေကျတော့ ဖောင်ဖွဲ့ပြီးလို့ ကမ်းကထွက်တဲ့အချိန်မှာပဲ ဖြုန်းဖြုန်းဖျင်းဖျင်း သောင်းကျန်းလို့ ဖောင်ပျက်သွားတတ်ကြတယ်။ ဒါကြောင့် အထွက်မပျက် အဝင်ဖျက်လို့ ဆိုခဲ့ကြတာပေါ့။

တချို့သစ်ကမြင်းပါလာတဲ့ ဖောင်တွေကျတော့ လမ်းတစ်ဝက်မှာတင် သစ်ကမြင်းသောင်းကျန်းလို့ ဖောင်ပျက်သွားတတ်ကြတယ်။

ဒါကြောင့် ဝါရင့်ဖောင်သမားကြီးတွေက ''အထွက်မပျက် တစ်ဝက်ပျက်၊ တစ်ဝက်မပျက် အဝင်ပျက်'' လို့တောင် စာချိုးခဲ့ကြတယ်။

သဘောကတော့ သစ်ကမြင်းပါလာတဲ့ ဖောင်ဟာ ဘယ်တော့မှ ကောင်းကောင်းမွန်မွန် မရှိနိုင်ဘူး။ တစ်နေရာရာမှာ ပျက်ကို ပျက်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဒါကြောင့် ဖောင်သမားတွေဟာ ဖောင်ဖွဲ့မယ့် သစ်လုံးတွေမှာ သစ်ကမြင်း ပါ၊ မပါ စေ့စေ့စပ်စပ် သေသေချာချာ ကြည့်ရှုစစ်ဆေးကြရတယ်''

''တကယ်လို့ သစ်ကမြင်းပါလာရင် ဘယ်လိုလုပ်ကြမလဲ ဘကြီး''

ကိုလှနိုင်က စိတ်ဝင်တစား ဝင်မေး၏။

သစ်ကမြင်းဆိုတာ သစ်မင်းလို သီးသန့်အပင်တစ်မျိုးမဟုတ်ဘူး။ သစ်ကမြင်းဆိုတာက သစ်ပင်တိုင်းမှာ ပါနိုင်တယ်။ ဘယ်လို သစ်ပင်အမျိုးအစားမှာမဆို သစ်ကမြင်းပါလာနိုင်တယ်။ စောစောက ပြောခဲ့တဲ့အတိုင်း သစ်ပင်တစ်ပင်မှာ၊ သစ်လုံးတစ်လုံးမှာ ယောနိပုံသဏ္ဌာန်ရှိနေရင် အဲဒါကို သစ်ကမြင်းလို့ခေါ်တယ်။ ဒါကြောင့် ကျွန်းသား၊ အင်သား၊ မျဉ်းကတိုးသား၊ ယမနေသား၊ နှောသား၊ ကညင်သား၊ ဘယ်သစ်သားမှာမဆို ဘယ်သစ်ပင်မှာမဆို သစ်ကမြင်း ပါလာနိုင်တယ်။

အဲဒီလိုပါလာခဲ့ရင် ပါလာတဲ့အစိတ်အပိုင်းကို ဖြတ်တောက်ပြီး လွှင့်ပစ်လိုက်ရတယ်။ အသုံးမပြုရဘူး။ ဒါမှမဟုတ် အဲဒီသစ်ကမြင်းပုံသဏ္ဌာန်ဖြစ်ပေါ်နေတဲ့အရာကို ပုဆိန်၊ ချွန်း၊ ဓား စတာတွေနဲ့ ပုံသဏ္ဌာန်ဖြစ်ပေါ်နေတဲ့နေရာကို ခုတ်ထစ်ပစ်ရတယ်။


www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် တံစူးသစ်နဲ့ အဲဒီသစ်ကမြင်းနေရာကို စို့ရိုက်ပေးရတယ်။ အကောင်းဆုံးကတော့ သစ်မင်းအသားနဲ့ အဲဒီသစ်ကမြင်းနေရာကို သပ်ရိုက်ပေးတာက အကောင်းဆုံးပါပဲ။ အဲဒါဆိုရင် သစ်ကမြင်းဟာ မသောင်းကျန်းနိုင်တော့ပါဘူး''

ထို့နောက် ဦးဘမောင်က သစ်သားချောင်းငယ်တစ်ခုကို တံစူးသစ်ပြုလုပ်စေကာ ထိုတံစူးသစ်ဖြင့် သစ်ကမြင်းခေါ် သစ်မနေရာကို စို့ရိုက်ပေးရန် ပြင်ဆင်လေသည်။

''ဘကြီး ဒီသစ်ကမြင်းကို စို့ရိုက်ပေးမယ်။ ဟုတ်ပြီလား''

''ဟုတ်ကဲ့ပါ ဘကြီး''

ထို့နောက်တွင် ကိုကျော်သာတို့မိသားစုမှာ ကောင်းမွန်စွာ အိပ်စက်ရလေ၏။ ညည်းညူသံကြီးကိုလည်း မကြားရတော့ပေ။ ချိုးချိုးချွတ်ချွတ်အသံများကိုလည်း မကြားရတော့ပါ။ ညအခါ အိမ်ကြီးမှာ လျှောင်လှုပ်သကဲ့သို့ သိမ့်သိမ့်တုန်နေခြင်းလည်း မရှိတော့ပေ။

တံစူးသစ်စို့ရိုက်ပြီး နှစ်ပတ်ကျော်ခန့်အကြာတွင် ဦးဘမောင်ကိုယ်တိုင်ရောက်လာကာ သစ်မတွင်ရိုက်သွင်းထားသော တံစူးသစ်ကို ပြန်နှုတ်ကာ သစ်မင်းသားအချွန်ဖြင့် သစ်မနေရာကို သေသေချာချာ သပ်ရိုက်သွင်းပေးလေသည်။

''ရိုးရိုးတံစူးသစ်ထက်စာရင် သစ်မင်းသားကို သပ်ရိုက်သွင်းထားတော့ ပိုပြီး စိတ်ချရတာပေါ့ ငါ့တူ။ ကဲ ... ဒီနေ့ကစပြီး အေးအေးချမ်းချမ်း နေထိုင်ကြပေတော့''

ဟု ပြောလိုက်လေသည်။

စင်စစ် သစ်မ (ခေါ်) သစ်ကမြင်းဟူသည် ရုက္ခနယ်ပယ်၏ ဆန်းကြယ်မှုပင်လော၊ သို့တည်းမဟုတ် ပရနယ်ပယ်၏ ဆန်းကြယ်မှုတစ်ခုပင်လော သို့တည်းမဟုတ် ...


ရုက္ခနှင့်ပရ ဆက်စပ်ပတ်သက်နေသော ဆန်းကြယ်မှုတစ်ခုပင်လော။

သို့တည်းမဟုတ် ...

မြဘုန်းထက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ၁

❑

ထန်းရည်ဆိုင်တွင် ကျွန်တော်သောက်နေရင်း သူဝင်လာသည်။ သူ့မျက်နှာကို ကြည့်ရခြင်းအားဖြင့် ပြဿနာရှာတော့မည်ကို ကျွန်တော် သိနေသည်။ သို့အတွက် စကားနည်း ရန်စဲသဘောမျိုးဖြင့် မသိကျိုးကျွန်ပြုကာ ထန်းရည်လက်ကျန်ရှိနေသော ဝါးဆစ်ခွက်ကို ကောက်ယူမော့သောက်နေလိုက်စဉ် ...

''ဒီမှာ ... ဟော့ကောင်၊ မင်းနဲ့ငါ စာရင်းရှင်းစရာရှိလို့ လိုက်ရှာနေတာ ရွာထဲလည်း နှံ့နေပြီ။ မင်းက ဒီမှာလာငြိမ့်နေတယ်ပေါ့လေ။ ဟုတ်လား''

သူ၏ မာကျောပြီး ဂျွတ်ဆတ်ဆတ်နိုင်သော ရန်လိုသည့်စကားကြောင့် အလွန်အမင်း စိတ်အနှောင့်အယှက် ဖြစ်သွားမိသည်။ သူနှင့်လည်း မဆုံတွေ့လို၍ သဖြင့် ရွာထိပ်ထန်းရည်ဆိုင်ဆိုလျှင် မတွေ့နိုင်၊ လိုက်မလာနိုင်ဟု အထင်နှင့် ရှောင်ထွက် အချိန်ဖြုန်းနေပါလျက် သူက ကျွန်တော့်ကို လိုက်ရှာဖြစ်အောင် ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကြောင့် ရင်တွင်းဖြစ်ဒေါသကို ထိန်းချုပ်လျက် ဝါးဆစ်ခွက်ကိုချ၊ ထရပ်လိုက်ပြီး မသိကျိုးကျွန်ပြုကာ သူ့အကြည့်ကို ရှောင်ဖယ်လျက် နောက်ဖေးကိုလှည့်ကာ ဆိုင်အပြင်သို့ ထွက်ခွာတော့မည့်အလုပ် …

"ဟော့ကောင် … မင်း ယောကျ်ားမဟုတ်လား။ ဘာလဲ ငါနဲ့မျက်နှာချင်းဆိုင်ရမှာကို ကြောက်နေလို့လား"

သူက ကျွန်တော့်ပခုံးကို ခပ်ကြမ်းကြမ်းလေး ဆောင့်ဆွဲကာ သူ့ဘက်ကို အလှည့်ခိုင်းသည်။ ကျွန်တော်က ပခုံးကိုကိုင်ထားသည့် သူ့လက်ကို ခပ်ဆတ်ဆတ်ကလေး ရိုက်ထုတ်လိုက်ရင်း ဒေါသခိုးထွက်နေသည့် မျက်လုံးအကြည့်နှင့် စိုက်ကြည့်ပစ်လိုက်မိသည်။

သို့တိုင်အောင်ပင် ရင်တွင်းဖြစ်ဒေါသကိုတော့ ထိန်းချုပ်ထားဆဲ။ သည်တွင်ပင် သူ့အသံက အယုံအကြည်မဲ့၊ အထင်သေး၊ မသ်ကာ သောလေသံနှင့် ဆက်ပြောနေသည်က …

"မင်း မနေ့က ငါ့ချစ်သူခင်သစ်ကို တောထဲခေါ်သွားပြီး ဘယ်နေရာမှာ အယုံသွင်း အကြည်ဆိုက်နေတာလဲ။ ငါနဲ့ လူကြီးချင်း စေ့စပ်ထားပြီး မကြာခင်လက်ထပ်ကြတော့မဲ့ ဖနီးလောင်းဆိုတာကို တစ်ရွာလုံးသိတယ်။ မင်း မသိဘူးလား။ ကြောင်တောင်ဝင်နှိုက်တာလား"

သူ့အပြောက ရင့်သီးရိုင်းပျလွန်းနေသည်မို့ ကျွန်တော် စိတ်ကိုထိန်းရင်း ပြန်မေးလိုက်မိသည်က …

"မင်း … ငါပြောရင် ယုံမှာလား"

"မင်း အမှန်အတိုင်းပြောရင်တောင် ယုံဖို့အတွက် ငါစဉ်းစားရမယ်။ ငါ မင်းကို ထပ်သတိပေးလိုက်ချင်တာက လိမ်ဖို့ထပ်မကြိုးစားနဲ့။ ငါ့အကြောင်း မင်းသိတယ်မို့လား"

"အေး … လူတိုင်းဟာ သိကြတာရော၊ မသိကြတာရော ရှိကြတယ်ကွ။ အဲဒီသိကြတဲ့အထဲမှာ အကြောင်းရင်းမှန်ကို သိတာနဲ့ မသိတာ ကွာတယ်လေ"

ကျွန်တော်ပြောလိုက်သည့် စကားကြောင့် သူ ဒေါပွသွားပုံရသည်။

"ဟော့ကောင် …၊ ကြောင်သူတော်လုပ်ပြီး စကားကို ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့။ ငါ့အကြောင်း မင်းသိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါသနှင့် အော်လိုက်သည့်အတွက် ရိုင်းပျရင့်သီးလှသည့် စကားတို့ကြောင့် ဒေါသဖြင့် ထိုးပစ်ရန် လက်ကိုမြှောက်လိုက်စဉ် . . .

"ခွပ်"

သူ၏ အားပါသောလက်သီးချက်က ကျွန်တော့်မေးရိုးနှင့် ပြင်းပြင်းထန်ထန်ပင် ထိခံလိုက်ရသည့်အတွက် 'ခွပ်'ခနဲမြည်လိုက်သော အသံကြီးနှင့်အတူ မျက်လုံးအတွင်း မီးပွင့်ကာ ထန်းရည်ဆိုင်အတွင်း မှောက်သွားပေတော့သည်။

အခြား ထန်းရည်သောက်နေကြသူတို့၏ ဗလုံးဗထွေး အော်ဟစ်လိုက်ကြသည့် အသံများနှင့်၊ ခေါင်းထဲတွင် အီနောက်နောက်ဖြစ်လာသလို၊ ကြယ်စဉ်မျိုးစုံကို တွေ့လိုက်ရသည်။ ဖျောက်ဆိတ်ကြယ်လား၊ ကျွတ္တိကာကြယ်လား၊ ခုနစ်စင်ကြယ်လား၊ သောကြာကြယ်လားဆိုသည်ကိုပင် မသိတော့။ အမှောင်ဖုံးကာလောကကြီးနှင့် အဆက်ပြတ်သွားသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

✿ ✿ ✿

## ၂

❑

တောကြီးတစ်ခွင်လုံး မြူနှင်းတို့အတိနှင့် လွှမ်းခြုံရစ်သိုင်းနေသည်။ ခပ်ဝေးဝေးဆီတွင် နှင်းမှုံတို့အကြား လှမ်းမြင်တွေ့နေရသော ပန်းတောင်၊ စိန်တောင်၊ ဝိဇ္ဇာတောင်၊ ပျားကြီးတောင်၊ စောဖြူတောင်၊ သံမှိုတောင်မြင့်မြင့်ကြီးတို့ပင် သူတို့ပတ်ဝန်းကျင်တစ်ခွင်လုံး မြူရစ်သိုင်းထားသဖြင့် သဲသဲကွဲကွဲပင် မမြင်တတ်သေး။ မှိုင်းပျပျရယ်သာ။

ထိုတောင်တန်းကြီးတို့ဘေးမှ ရစ်ခွေကာ စီးဆင်းနေသည့် တောင်ကျရေတို့စီးဆင်းရာ ချောင်းကြီးဖြစ် ၁ည့် မဟူရာချောင်းအတွင်း လက်ကျန် စမ်း



www.burmeseclassic.com

www.burmeseclassic.com


ရေကြည်တို့သည်ပင် နံနက်ခင်းတိုက်ခတ်လာသည့် လေနုအေးကလေးတို့ကြောင့် ထွက်ပြူစနေရောင်အောက်တွင် လှိုင်းကြက်ခွပ်ကလေးတို့က တပြောင်ပြောင် တလဲ့လဲ့။ ရိုးမကြီးရင်ခွင်အတွင်း ဆောင်းမြင်ကွင်းကား သာယာလွန်းလှသည်။

မနေ့က သစ်ခုတ်သမားတို့အပြောအရ စားပင်တို့အောက်တွင် သားကောင်တို့ လာရောက်စားသောက်နေကြသည်ကို မကြာခဏ တွေ့မြင်ခဲ့သည်ဆိုသည့် စကားကြောင့် မုဆိုးတစ်ဦးဖြစ်သည့် ကျွန်တော်က ယနေ့နံနက် တောပုန်းချောင်းမြောင်းပစ်ခတ်ရန် ထွက်လာခဲ့ခြင်းဖြစ်သည်။

လျှောက်လှမ်းရာလမ်းကျောသည် ကျောက်သားဆန်နေသည်မို့ ဂဝံမြေနီလမ်းကလေးအတိုင်း လက်စွဲတော်သေနတ်ကို ကိုင်ဆွဲကာ စားပင်အောက် ဝင်ရောက်စားသောက်ကြမည့် သားကောင်တို့ကို ပစ်ခတ်ရန် တောပုန်းချောင်း ထွက်ခဲ့ခြင်းပင်။

ရိုးမကြီးအတွင်းဆိုသော်လည်း မဟူရာချောင်းကြီးနှင့်အတူ အင်းအိုင်၊ လျှိုမြောင်တို့အပြင် သစ်ကြီးဝါးကြီး၊ ချုံနွယ်တောတို့ ရောနှောနေသည့် တောကြီးမို့ နံနက်စောစော သားငှက်မျိုးစုံတို့၏ တေးသီသံ၊ မျောက်အုပ်တို့ အော်ဟစ်သံ၊ ရစ်ဖကြီးတို့ အတောင်ခါသံတို့ကို ကြားနေရသည်။ ထိုအထဲမှ ငှက်ယဉ်ကြားကလေး တစ်ကောင်က ...

"ရေကြီးပြည့်တော့မယ်ဆို ... အီး ... အီး ... အီး ..."

လူတစ်ယောက် ပီပီသသ စကားပြောလိုက်သည့်အသံ ကြားလိုက်ရသည့်အတွက် တောအတွေ့အကြုံ နည်းပါးသူများတို့အဖို့ ထိတ်လန့်ကြောက်ရွံ့စရာပင်။ ကျောက်သားဆန်သောလမ်းမျိုးမို့ သားကောင်ခြေရာကို ရှာဖို့က မလွယ်လှ။

ဝဲဘက်ရှိ မြက်ရိုင်း၊ ထိကရုန်းနှင့် မြေကပ်ပင်ငယ်တို့ကို အလေးထား ကြည့်ရှုရင်း လျှောက်လှမ်းနေခဲ့ပေမယ့်လည်း ကျေးငှက်သံ၊ မျောက်အော်သံတို့မှတစ်ပါး သားကောင်တို့၏အသံကို မည်သို့မှ မကြားရသည်က ဆန်းနေသည်။

သားရဲပေါသော သည်လိုတောကြီးအတွင်း ယခုလိုစားပင်တို့ ဖူးပွင့်သီးမှည့်ချိန်တွင် ဟိုအနားသည်အနားတို့ဆီမှ ဆတ်တစ်သံ၊ ဒရယ် (ဂျီ) သံ၊ ချေ ...က် သံမျိုးကို အနီးပတ်ဝန်းကျင်မှမဟုတ်တောင် ခပ်လှမ်းလှမ်းနေရာမျိုးဆီမှ ကြားနေ


www.burmeseclassic.com

www.burmeseclassic.com



သင့်ပါလျက် ယခုလို တောကြီးက ငြိမ်သက်နေအခြေအနေမျိုးကို စိတ်တွင်းက သက်ာမကင်း ဖြစ်လာမိသလို၊ ပိုမိုဂရုစိုက်သတိထားရတော့မည့် အခြေအနေကို လည်း အသိက ဝင်လာမိသည်။ ထိုအချိန်တွင်ပင် ...

"ဦ ... ဖွဖွ၊ ဦ ... ဖွဖွ"

တောလုံငှက်တစ်ကောင်က ပီပီသသ ကျယ်ကျယ်လောင်လောင်နှင့် တောင်စွန်းပင်ကြီး ထိပ်ဖျားထက်ဆီမှ အော်ဟစ်ပျံသန်း ပြေးထွက်သွားသည်ကို မြင်တွေ့လိုက်ရသည်နှင့်အတူ ကျွန်တော့်ရင်အစုံသည်လည်း ဒိတ်ခနဲ ခုန်သွား မိလိုက်သည်။ ခေါင်းမှ ဆံပင်မွေးတို့ပင် ထိုးထိုးထောင်ထောင် ဖြစ်သွားမိသည် ကအမှန်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော့် ထင်မြင်ချက်၊ ယူဆချက်က အမှန် အတိုင်း ဖြစ်လာနိုင်ချေ ရှိသည့်အတွက်ကြောင့်ဖြစ်သည်။ သို့အတွက် ရင်ခုန်နှုန်း ကလည်း မြန်လာသလို၊ ခေါင်းနားပန်းတို့လည်း ကြီးသွားပေသည်။

အကြောင်းက မှဆိုးတစ်ယောက်အတွက် ယခုကဲ့သို့ တောပုန်းချောင်း ထွက်ရင်း ယခုကဲ့သို့ တောလုံငှက်က အော်ဟစ်ပျံပြေးထွက်သွားသည့် လက္ခဏာ ပြချက်မျိုးသည် လူကိုအန္တရာယ်ပေးမည့် သားကောင်ကြီးတစ်ကောင်အနီးသို့ ရောက်ရှိနေတတ်သောသဘောကို သိရှိထားသည့် အတွက်ကြောင့်ဖြစ်ပေသည်။

ကျွန်တော်က သတိနှင့် အသိတရားကိုကပ်လိုက်ပြီး သေနတ်၏မောင်း ခလုတ်ကို ရှေ့သို့တွန်းပို့လိုက်ပြီး ဝန်းကျင်ကို ရေးကြီးသုတ်ပျာ ရှာဖွေကြည့်လိုက် မိသည်။ ကျွန်တော်ရောက်ရှိနေသောနေရာသည် ကွက်သာဟုဆိုသော်လည်း ခင်တန်းဆန်ဆန် တောချုံပုတ်ပင်တို့က ဟိုအနားတစ်စု၊ သည့်အနားတစ်စုအပြင် ဝါးရုံတောများ ပိတ်ဆို့နေကြသည်ကို သတိပြုလိုက်မိသည်။

သို့အတွက် လှမ်းလက်စခြေလှမ်းကို ရပ်လျက် သားကောင် ပုန်းအောင်း နေနိုင်သည့် ချုံပုတ်၊ ဝါးတောတို့အကြား ရှိနိုင်မည့် နေရာတို့ကို ကျီးကန်း တောင်းမှောက် လိုက်လံကြည့်ရှုနေလိုက်စဉ် ...

"အား ... ကယ်ကြပါဦးရှင် ... ကျားကြီး .... ကျား"

လက်ဝဲဘက် ချုံနွယ်တောကြီးအတွင်းဆီမှ မိန်းမတစ်ယောက် အော်ဟစ် သံကို ကြားလိုက်ရသလို သားကောင်ကြီးတစ်ကောင်၏ ဟိန်းဟောက်မာန်ဖီ လိုက်သည့် အသံနှင့်အတူ၊ ဝရုန်းသုံးကား ခွေးဟောင်လိုက်သည့်အသံအပြင်



www.burmeseclassic.com

www.burmeseclassic.com


လူးလိမ့်ကိုက်ခဲ မာန်သွင်းသံတို့ကိုပါ ဆက်တိုက်ကြားလိုက်ရသဖြင့် အခြေအနေကို လှမ်းအကဲခတ်လိုက်သည်။

အခြေအနေက မိန်းမတစ်ယောက် အဖော်ခွေးနှင့် သွားလာလှုပ်ရှားရင်း ကျားလိုအကောင်နှင့်တိုးကာ သခင့်အားရန်လုပ်သည့် သားကောင်ကြီးကို ခွေးက ဝင်ရောက်ဟန့်တား ကာကွယ်နေသည့်အသွင်။

များမကြာမီအချိန်တွင် အဖော်ခွေး၏ ငယ်သံငယ်ရင်းပါအောင် အော်ဟစ်ညည်းတွား လူးလိမ့်သံ၊ သားကောင်ကြီး၏မာန်သွင်းကာ ကိုက်ခဲနေသံကို ကြားလိုက်ရသည်။ တစ်ဆက်တည်းဆိုသလို သားကောင်ကြီးမှာ လူကိုပါဆက်ပြီး အန္တရာယ်ပေးတော့မည့်အသိကြောင့် ထိုနေရာဆီသို့ ပြေးထွက်လိုက်မိပေသည်။

အနီးဆီသို့ရောက်သဖြင့် မြင်ကွင်းကို ကြည့်လိုက်တော့ ကျားသစ်ကုတ်ဖဲ့ကိုက်ခဲ ခါယမ်းခြင်းကို ခံလိုက်ရသော ခွေးမှာ မြေပြင်တွင် ဘေးတိုက်လဲကျအူပွင့်လျက် ခွေခွေကလေးနှင့် အသက်ငင်နေရင်း တအိုင်အိုင် ညည်းတွားနေသည့်မြင်ကွင်း။

ထိုစဉ် ဒဏ်ရာရခွေး၏ ဘေးချုံပုတ်ကြီးအတွင်းဆီမှ ကျားသစ်ကြီးတစ်ကောင်က အထုပ်ကြီးတစ်ထုပ်ကို မြေပြင်သို့ချ၍ တအံ့တဩ ကြောက်ရွံ့စွာ အော်ဟစ်နေသည့် မြေပြင်ထက်ထိုင်နေသူ မိန်းမပျိုကို ခုန်အုပ်လိုက်သည်ကို တွေ့မြင်လိုက်ရသည်မို့ ကျွန်တော်က ခုန်ဝင်လာသည့် ကျားသစ်ကောင်ကြီးအား အနီးကပ်လေထဲတွင်ပင် မောင်းခလုတ်နှစ်ခုကို ဆွဲဖြုတ်ချလိုက်မိပေတော့သည်။

"ဒိုင်း ... ဒိုင်း ..."

အရှည်ပျော့သော သားကောင်တစ်ကောင်အတွက် (၉)လုံး ကျည်တစ်တောင့်နှင့်ပင် လုံလောက်ပြီဖြစ်သော်လည်း လူကိုပါအန္တရာယ် ပေးတော့မည်မို့ ပို၍သေချာစေရန် အထွက်ဘယ်ပြောင်းရှိ (၆)လုံးကျည်ကိုပါ ပစ်သွင်းလိုက်ပေသည်။

အနီးကပ်ပြင်းထန်သော ပေါက်ကွဲသံကြီးနှင့်အတူ ကျည်ခဲလုံး (၁၅)လုံးက ကျားသစ်ကောင်ကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖြတ်ဖောက်ကာ အရှိန်နှင့် နောက်ကိုပြန်ပါသွားပြီး မြေပြင်သို့ ဘုန်းခနဲပစ်ကျသွားလျက် ဘေးတိုက်အနေအထားဖြင့် တုပ်တုပ်ပင်မလှုပ်တော့ဘဲ အသက်ပျောက်သွားသည်ကို တွေ့မြင်လိုက်ရပေသည်။


www.burmeseclassic.com

www.burmeseclassic.com


သေနတ်ဖက်ကို လျင်မြန်စွာချိုး၊ ကျည်ခွံကိုထုတ်၊ ကျည်သစ်နှစ်တောင့် ပြောင်းရင်းဆီသို့ ထိုးထည့်လိုက်ပြီး ယိုင်လျက်အနေအထားနှင့် ကြောက်ရွံ့တုန်လှုပ်နေသည့် မိန်းကလေးကို လှမ်းကြည့်လိုက်မိသည်။ တကယ်ပင် အံ့သြသွားရသူက ကျွန်တော်ရယ်ပါ။ မျက်စိအောက်တွင် အထင်အရှား တွေ့မြင်နေရသော မိန်းကလေးကား နုပျိုငယ်ရွယ်သော မိန်းကလေးတစ်ဦး ဖြစ်နေသောကြောင့်ပင်။

"ဘုရား . . . ဘုရား၊ တောများမှောက်ပြီလား၊ အခြောက်ပဲ ခံရပြီလား။ သူယောင်မယ်ဆိုတဲ့ အမျိုးသမီးတွေရဲ့ အပြုအမူမျိုးလည်း မဟုတ်ပါလား"

နှုတ်ဖျားကထွက်လာသည့် အသံတော့ဖြင့်မဟုတ်။ စိတ်ထဲကနေ ပြောလိုက်မိသည့်စကားများပင်။ အမြင်တို့က မဝေးကွာသလို အနီးရှိ မြေပြင်ထက်တွင် ကြောက်ရွံ့တုန်လှုပ်စွာ ထိုင်လျက်အနေအထားနှင့် ကိုယ့်ရှေ့တွင်ဖြစ်နေသည့်ကိစ္စမို့ ပြတ်ပြတ်သားသားရယ်သာ။

မိန်းမငယ်ကို ထပ်မံကြည့်လိုက်မိပြန်သည်။ တကယ်ပင် အံ့သြသွားရသူက ကျွန်တော်သာပင်။ တွေ့မြင်နေရသည့် မိန်းမငယ်မှာ အမှန်ပင်နုပျိုသည့်လှသော မိန်းကလေးတစ်ဦးပင် ဖြစ်သောကြောင့်ပင်။

သူမအသွင်က မြေပြင်တွင် ဒူးတုပ်လျက် ပုဆိုးဟောင်းကလေးကို ခေါင်းခအသွင်လုပ်ထားကာ လက်နှစ်ဖက်နှင့်ဆုပ်ကိုင် ရင်ကိုကပ်လျက် ကျားသစ်သေကြီးကို ငူငူငိုင်ငိုင် စူးစိုက်ကြည့်ရင်း ကြောက်ဒူးတုန်နေသော မိန်းမငယ်ဆီသို့ တိုးကပ်လျက် ပခုံးစွန်းကိုလက်နှင့် တို့ထိကာ သတိပေးလိုက်ရင်း . . .

"ကလေးမက . . . ဘယ်လို ဒီကိုရောက်လာပြီး ကျားသစ်နဲ့ တိုးရတာလဲ။ ခွေးက တန်ဆာခံ ဝင်လိုက်လို့ပေါ့ကွာ။ စောစောစီးစီး"

"ဟို . . . ဟို . . . ဟို . . ."

ပြန်ဖြေလိုက်သည်က ဆွံ့ဆွံ့အအရယ်သာ။ အသိတရားတို့ကို စုစည်းကာ ပြန်ဖြေလိုက်သော်လည်း အထစ်ထစ် အငေါ့ငေါ့နှင့်။ သို့အတွက် ရေဘူးကိုဖွင့်ကာ ပေးလိုက်တော့ သောက်လိုက်ပြီးပါမှ စိုးရိမ်စိတ်တို့က ပြေသွားဟန်ထင့်။

ယခုမှပင် သူမကို အသေအချာကြည့်လိုက်မိသည်။ ညို့ညက်ညက် အသားအရည်တို့နှင့် ပိုလန်းဆန်းပြီး သူမ၏မျက်ဝန်းအစုံတို့၏ အောက်တွင် ချွန်မြသော နှာတံ၊ ခပ်ဖူးဖူးလေးအသွင် နှုတ်ခမ်း၊ နှုတ်ခမ်းနီမဆိုးဘဲ ရဲရဲနီရှဲနေသည်။


www.burmeseclassic.com

www.burmeseclassic.com


မပြုပြင်ဘဲ ပင်ကိုယ်အလှပိုင်ရှင် သူမ၏အလှကို အသေအချာ ကြည့်လိုက်တော့မှ မချယ်သဘဲ လင်းသလို၊ လှဲ့သလိုနှင့် ကျစ်လစ်ခိုင်မာသော ကိုယ်ကာယ အလှပိုင်ရှင်ကလေးပါကလားရယ်လို့ ထင်လိုက်မိပေသည်။ ထိုကဲ့သို့ သူမကိုကြည့်ရင်း တွေးတောနေလိုက်စဉ် သူမအသံက ထွက်လာသည်။

"ကျွန်မ ... ကျွန်မ ရေနက်ကြီးရွာက ဦးသန်းမောင်ရဲ့သမီးပါ"

"ဪ ... ရေနက်ကြီးက မုဆိုးကြီးဦးသန်းမောင်ရဲ့ သမီးလား။ အစ်ကိုက ဥတိုရွာကပါ။ ရွာချင်းကပ်နေပေမယ့် တစ်ခါမှ မတွေ့မိဘူးပါလား"

"ဟုတ်တယ် အစ်ကို။ ညီမက အဒေါ်တွေနဲ့ မြို့မှာသွားနေတာ။ တစ်လောက တောဆင်ရိုင်းတွေ ဝင်ပြီးနင်းလို့ အမေသေသွားတယ်လေ။ ဒါကြောင့် အဖေဆီ ပြန်လာခဲ့တာ သိပ်မကြာသေးဘူး"

"ခု ဒီနေရာကို ခွေးတစ်ကောင်နဲ့ ဘာလာလုပ်တာလဲ ညီမ"

"မှိုကျင်းသွားတူးပြီးအပြန် ကျားသစ်နဲ့တိုးတာ။ ခု အစ်ကိုပစ်လိုက်တဲ့ အကောင်ကြီးပေါ့"

မိန်းကလေးကိုတော့ ကျွန်တော်မသိတာ အမှန်။ သူပြောသည့်စကားအရ ဟိုတစ်နှစ်တုန်း နွေကာလဆီတွင် တောဆင်ရိုင်းအုပ်များ နယ်ကျွန်ကာ သူမတို့နေထိုင်သည့် ရေနက်ကြီးကျေးရွာထိ ဝင်မွှေသွားရုံမက မရမ်းချောင်းကျေးရွာအပြင် ကျွန်တော်နေထိုင်သည့် ဥတိုကျေး ရွာဆီထိဆင်းကာ လူတွေကို လိုက်လံနင်းချေသတ်ဖြတ်သွားသလို တဲများကိုလည်း ဆွဲဖျက်ရမ်းကားသွားကြသည်။

လူတွေသေကြသည့်အထဲတွင် မုဆိုးကြီး ဦးသန်းမောင်တစ်ယောက်၏ ဇနီးလည်း သေသွားသည့်အဖြစ်ကို ကျွန်တော် သိလိုက်သည်။ ထိုအချိန်မှစတင်ကာ ဦးသန်းမောင်တစ်ယောက် သူချစ်လှစွာသော ဇနီးမယားအတွက် စိတ်သောကရောက်ပြီး အတိဒုက္ခရောက်နေရှာသည်ကို ကျွန်တော်သိထားမိသည်မို့ ကိုယ်ချင်းစာစိတ်နှင့် ...

"မှိုကော နှုတ်ခဲ့ပြီးပြီလား ညီမ"

သူမက ပုဆိုးအဟောင်းတစ်ထည်ကို ဟိုဘက်အစ၊ သည်ဘက်အစများကို နွယ်ကြိုးနှင့်စည်းနှောင်ထားသည့်အထုပ်ကြီးကို လက်ညှိုးထိုးပြလိုက်ရင်း..

"ဟုတ်ကဲ့ ...။ အဖေရဲ့ အမဲလိုက်ကောင်းတဲ့ခွေးကို အဖော်ပြုပြီး စောစောသွားနှုတ်ပြီး အိမ်ကိုပြန်ရောက်တာနဲ့ မင်းကုန်းဈေးကို သွားပြီး ရောင်းပေးရမှာမို့ စောစောသွားပြီးအပြန်မှာ ခုလိုဖြစ်ရတာပါပဲလေ"


www.burmeseclassic.com

www.burmeseclassic.com



သူမ ပြောလိုက်သည့်စကားအတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိသွားမိသည်က အမှန်။ အဘယ့်ကြောင့်ဆိုသော် ရေနက်ကြီးတွင် မုဆိုးဟူ၍ ဦးသန်းမောင်တစ်ဦးတည်းသာရှိသည်။ သူ အမဲလိုက်ထွက်နေစဉ် ရွာနှင့် အနီးဝန်းကျင်ရှိ မရမ်းချောင်းရွာ၊ ဥတိုကျေးရွာ သုံးရွာကို တောဆင်ရိုင်းအုပ် ဝင်ရောက်မွှေနှောက် နင်းချေဖျက်ဆီးသွားကြသဖြင့် ရွာတွေပျက်ခဲ့သလို လူတွေလည်း သေကြေပျက်စီးရသည့်အထဲတွင် မုဆိုးဦးသန်းမောင်ဇနီးလည်း အပါအဝင်ဖြစ်ပေသည်။

သူ့အနေနှင့် ယူကြုံးမရ တသသရှိသော်လည်း တောဆင်ရိုင်းတို့နှင့်ပတ်သက်ပြီး နိုင်ငံတော်က ဥပဒေတစ်ရပ် သတ်မှတ်တားဆီးပိတ်ပင်ထားသည်မို့ တောဆင်ရိုင်းတို့ကို လက်စားပြန်ချေလိုသော်လည်း မတ့်မရဲ လက်စားပြန်မချေရဲ။

နိုင်ငံတော်မှ ထိုအကျပ်အတည်းကို မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို စောင့်စားနေစဉ် တပ်မတော်လေတပ်အပါအဝင် အခြားသော တပ်မတော်သားတို့နှင့် ကျေးရွာလူထုပေါင်းစည်းကာ စာရေးဆရာ၊ ဒါရိုက်တာ၊ ဆရာဦးတင်သန်းဦးတို့အပါအဝင် ထိုတောဆင်ရိုင်းအုပ်ကို တောကြီးထဲသို့ ပြန်လည်မောင်းသွင်းလိုက်ပေသည်။ (မြဝတီရုပ်မြင် သံကြားမှ ထိုအခြေအနေကို ပြည်သူသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။)

ထိုအခြေအနေလောက်ကို ဦးသန်းမောင်မကျေနပ်။ သူ့စိတ်က ဇနီးဖြစ်သူကို နင်းချေသတ်ဖြတ်သွားသည့် တောဆင်ရိုင်းကြီးကို လက်စားပြန်ချေချင်သည့်စိတ်က လွှမ်းမိုးကြီးစိုးခြင်းကို ခံစားနေရပေသည်။ သို့အတွက် အခြားသော အမဲသားကောင်တို့ကို မပစ်လိုတော့။ သူပစ်ခတ်လိုသည်က တောဆင်ရိုင်းတို့ကိုသာပင်။

တစ်ဖက်က နိုင်ငံတော်ထုတ်ပြန်ထားသည့် တရားဥပဒေ။ သူ့ဆန္ဒက လက်စားပြန်ချေလိုသည်က တောဆင်ရိုင်းလို အကောင်မျိုး။ မလှုပ်သာမလှုပ်သာမို့ အခွင့်အခါကို စောင့်နေသည့်အချိန်၊ သမီးဖြစ်သူက မြို့ကနေ ဖခင်ဖြစ်သူဆီကို ပြန်လည်ရောက်ရှိလာပြီး ကြုံရာကျဘမ်း လုပ်ကိုင်ရှာဖွေကျွေးမွေး ပြုစုစောင့်ရှောက်နေရသည့်အဖြစ်။

သို့အတွက် ယခုကဲ့သို့ မှိုတွင်းရှိရာဆီသို့ နံနက်စောစောသွားရောက်ပြီး ကိုယ့်မှိုတွင်းကို ကိုယ်တိုင်ခူးယူနုတ်ယူပြီး ဈေးတွင် ဖောက်သယ်ပေးရသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com


တောသူတောင်သားတို့သည် ရိုးမကြီးရင်ခွင်အတွင်း ယခုလို အချိန်မျိုးတွင် မှိုတို့ထွက်သော ကာလမျိုးပင်။ အချို့သောဒေသတို့တွင် မိုးဦး၊ မိုးလယ်နှင့် မိုးနှောင်းကာလတွင် မှိုများထွက်ကြသော်လည်း သည်ရိုးမကြီးဘက်တွင် မှိုကျင်းများ ယခုအချိန် ထွက်ကြသည်။

ထွက်ရှိသောမှိုတို့ကလည်း ငုက်စို့မှို၊ တောင်ပို့မှို၊ မှိုအုန်းနက်၊ ဝါးရုံမှို၊ ဂျိုမှို၊ ဆန်ကွဲမှို၊ မှိုအဂ္ဂ၊ မှိုဥ၊ နွားချေးမှို၊ ကောက်ရိုးမှိုတို့ သူတို့ကျင်းများဆီတွင် ဖူးပွင့်ထွက်ရှိလာတတ်ကြရာ တောသူတောင်သားတို့က မှိုထွက်ထားသည့်အချိန်တွင် ကိုယ်မှတ်သားထားသော ကျင်းဆီသို့သွားကာ ခူးကြသည့်ပုံစံမျိုးပင်။

ယခုလည်း မိန်းမပျိုကလေးမှာ အမှတ်အသားလုပ်ထားသည့် မှိုကျင်းဆီသို့ မည်သူ့ကိုမှ အဖော်မခေါ်ဘဲ သွားရောက်နှုတ်ယူပြန်လာခဲ့ခြင်းပင်။

မှတ်ချက်။ ။ (တောသူတောင်သားများတို့သည် ယခုလို မှိုကျင်းကို တွေ့ရှိမှတ်သားထားလျှင် မည်သူ့ကိုမှ ပြောလေ့၊ အသိပေးလေ့မရှိကြ။ အဘယ့်ကြောင့်ဆိုသော် ကိုယ်မှတ်သားထားသည့် မှိုကျင်းအား ပြောလိုက်၊ ပြသလိုက်လျှင် အခြားသူ ဝင်ရောက်နှုတ်ယူသွားမည့်အတွက် မပြော၊ မပြသခြင်းဖြစ်ပေသည်။)

"ဘာမှိုလဲ ညီမ"

"ဂျိုမှိုမျိုးပါ အစ်ကို"

ယခုလိုအချိန် ရိုးမကြီးအတွင်း မှိုအမျိုးမျိုး ပေါ်ထွက်ကြသည့်အကြား၊ အခြားသော မစားကောင်းသည့် အရောင်မျိုးစုံတို့ကလည်း အများအပြား ပေါက်ရောက်ကြသည်။ သို့အတွက် မှိုအားလုံးကို စားလို့မရ။ စားလို့ရသည့်မှိုနှင့် အဆိပ်အတောက်ဖြစ်တတ်သည့် မှိုဆိုသည်ကို သူတို့သာ ခွဲခြားတတ်ကြပေသည်။

ယခု သူမနှုတ်ယူလာခဲ့သော ဂျိုမှိုဆိုသည်က သစ်တောထူထပ်ရာ အောက်ခြေရှင်းသည့် မြေနေရာမျိုးတွင်သာ ပေါက်သည်။ မြက်ထူရာနှင့် ကျောက်သားဆန်သည့် နေရာတို့တွင်လည်း မပေါက်။ သို့အတွက် မှိုရှာသွားကြရာတွင် တောထူရာတို့ဘက်ဆီသို့ သွားလာကြရပေသည်။ ဂျိုမှိုဆိုသည်က (နီညိုရောင်) ငုက်စို့မှို၊ တောင်ပို့မှိုများကဲ့သို့ နေရာအနှံ့မပေါက်။ သစ်တောကြီးတို့ အရိပ်အောက်တွင်သာ ပေါက်သည်။

မှိုသားက မာကျောပြီး အသားကိုစားရသကဲ့သို့ စေးစေးပိုင်ပိုင်နှင့် စားလို့မကောင်းပြီး လူကြိုက်များသည့်အမျိုး။ ထိုမှိုမျိုးတွင် (နီညို +အနီ+ အဝါ+ အညို)


www.burmeseclassic.com

www.burmeseclassic.com


စသည့် အရောင်အမျိုးမျိုးနှင့်ရှိသော်လည်း အရသာမှာ အတူတူချည်းဖြစ်သည်။ အပွင့်ကသိပ်မကြီး။ ခပ်လတ်လတ် အရွယ်သာဖြစ်သည်။ အထူးသဖြင့် ကြီသတ္တဝါလို အကောင်၏ အရောင်အဆင်းဖြစ်သည့်အတွက် ကြိုမှိုဟုလည်း ခေါ်ကြသည်။

သူတို့သားအဖနှစ်ယောက်၏ စားဝတ်နေရေးအတွက် စိတ်မကောင်းဖြစ်သွားမိသည်မို့ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်သည်က ပစ်ခတ်လို့ရထားသော သားကောင်ကို ပေးလိုက်သလို ထမ်းပြီးပို့ရန် ဆုံးဖြတ်လိုက်သည့်အတွက် . . .

''ကဲ . . . သွားလိုက်ကြရအောင် ညီမ။ ကျားသစ်ကောင်ကိုတော့ ညီမနဲ့ပတ်သတ်ပြီး ရလိုက်တာမို့ ညီမပဲယူတော့။ မှိုထုပ်ကို ညီမရွက်။ ကျားသစ်ကို ထမ်းပြီး လိုက်ပို့ပေးမယ်နော်''

မိန်းမပျိုကား ကျားသစ်ကောင်ကြီးကို လှမ်းကြည့်နေရာမှ အသက်ပျောက်နေပြီဖြစ်သော အူပွင့်နေသည့် သူ့ခွေးကိုကြည့်ကာ စိတ်မကောင်းဟန်နှင့် . . .

''ရန်လုံလည်း အသက်ပျောက်သွားပြီ။ အဖေ့ကိုရှာကျွေးနေတဲ့ ခွေးလေ။ စိတ်မကောင်းလိုက်တာ။ အဆူခံရဦးမလားတောင် မသိပါဘူး''

သူပြောလိုက်သည့် 'ရန်လုံ' ဆိုသော ခွေးကား အနံ့သေပြီး အမဲလိုက်ကောင်းသည့် ခွေးတစ်ကောင်ပင်။ ချင်းခွေးဖြစ်သည်။ ရွှေစက်တော် ဘုရားဖူးသွားသည့်ဦးသန်းမောင်ကို ဆရာတစ်ယောက်က ဝယ်ယူပြီး လက်ဆောင်ပေးထားသည့် ခွေးတစ်ကောင်ဖြစ်သည်။

''အမှန်တော့ သူကြားခံလိုက်လို့ ညီမ အသက်ချမ်းသာရတာပဲ။ ဟိုကိုရောက်တော့ အစ်ကိုရှင်းပြပေးပါ့မယ်''

ပြောပြောဆိုဆို ခွေးကို မြေမြှုပ်လိုက်ပြီး မှိုထုပ်ကို ခေါင်းပေါ်တင်ပေးကာ ကျွန်တော်က ကျားသစ်ကောင်ကို ထမ်းလိုက်၍ ရေနက်ကြီးကျေးရွာဆီသို့ လျှောက်လှမ်းခဲ့ကြပေတော့သည်။

ကျားသစ်ကောင်ကြီးကိုထမ်းကာ သူမနောက်က လိုက်ခဲ့ရင်း ကျွန်တော့်ဖြစ်ရပ်ကို ပြန်လည်စဉ်းစားနေလိုက်မိသည်က လူဆိုတာ အမှတ်မထင် ဖြစ်ရပ်ကလေးတွေကစပြီး အမှတ်ထင်ထင် ဖြစ်ရပ်မျိုးထိ တိုးလာတတ်ကြတယ်ဆိုတဲ့ သည်စကားကလေးကို ကိုယ်အရမ်း နှစ်သက်သဘောကျမိတဲ့ စကားကလေးပါ မိန်းကလေးရယ်။


www.burmeseclassic.com

www.burmeseclassic.com



သည့်စကားရပ်ကလေးကို ကြားဖူးနားဝရှိခဲ့ပေမယ့် ကိုယ့်ဘဝထဲကို ရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မျှော်လင့်မထားသလို၊ တောင်းလည်း မတောင်းတမိခဲ့ပါဘူးလေကွယ်။ ခုတော့ အမှတ်မထင်ကနေ အမှတ်ထင်ထင်ဖြစ် ရအောင် ကိုယ့်ဘဝကိုလှုပ်ပြီး နှလုံးသားရပ်ဝန်းထိ လျှောက်လှမ်းတိုးဝင်လာသူ ဟာ မင်းကလေးပါလို့ ...။

✿ ✿ ✿

## ၄

❑

ကျွန်တော်သတိရတော့ အိမ်ကိုပင် ပြန်ရောက်နေပေပြီ။ အမေက ကျွန် မတော့်ဘေးတွင် ကျုံ့ကျုံ့ကလေးလာထိုင်ရင်း တရှိုက်ရှိုက်ငိုကြွေးနေသလို၊ သူငယ်ချင်း အပေါင်းအသင်းနှင့် အိမ်နီးနားချင်းတို့ကလည်း ကျွန်တော့်အဖြစ်ကို မခံမရပ်နိုင်ဖြစ် ပြီး တက်တခေါက်ခေါက်၊ စုပ်တသပ်သပ်တို့နှင့်။ ကျေးရွာဥက္ကဋ္ဌဖြစ်သူ ဦးဟန်ထွန်း ယခုမှရောက်လာသည်မို့ အဖြစ်အပျက်ကို မေးနေသည်။

"ကျွန်တော် အရေးပေါ်အစည်းအဝေးကိစ္စနဲ့ လှည်းကူးမြို့နယ်ရုံးကို သွား နေတာ။ ခုပဲ ပြန်ရောက်တုန်း ဒီသတင်းကြားလို့ ထွက်လာခဲ့တာ။ ဒေါ်သော်သော် ... ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး"

ဦးဟန်ထွန်းဆိုသူက ကျွန်တော်တို့နေထိုင်သည့် ဦးတိုကျေးရွာတွင် နေထိုင်သူ၊ ဝန်းကျင်(၁၀)ရွာ၏ ဥက္ကဋ္ဌတင်မြှောက်ခြင်း ခံထားရသူ။ လူချစ်လူခင် ပေါများသလို သမာသမတ်ရှိသူမို့ အများပြည်သူ ကြည်ညိုလေးစားခံရသူတစ်ဦး ပင်။ မည်သည့်ကိစ္စမျိုးမဆို တိကျပြတ်သားပြီး တိကျစွာ လုပ်ကိုင်ဆောင်ရွက်ပေးတတ် သူပင်။

www.burmeseclassic.com

www.burmeseclassic.com


သူ့အမေးကို အမေက ဝိုကြွေးနေသည်မို့ ပြန်မဖြေနိုင်။ သူငယ်ချင်းဖြစ်သူ အောင်သူက ...

"ဒီလိုဖြစ်တာ ... ဥက္ကဋ္ဌကြီးရဲ့။ လွန်ခဲ့တဲ့ (၃)ရက်လောက်က တောပုန်း ပစ်ထွက်ရင်း လမ်းမှာ မှိုနုတ်ပြီးပြန်လာတဲ့ ရေနက်ကြီးရွာက မုဆိုးဦးသန်းအောင် သမီး ခင်သစ်ကို ကျားသစ်ကိုက်မယ်လုပ်တော့ ဝင်ပြီးကယ်လိုက်တယ်တဲ့လေ"

"အေး ... အဲဒီကိစ္စကို ငါသိလိုက်တယ်ကွ။ ကျားသစ်ကိုပါ ပေးခဲ့ တယ်လေ"

"ဟုတ်တယ် ...။ အဲဒီအကောင်ကို ရောင်းလိုက်တော့ သူတို့သားအဖ ငွေတွေအတော်ကလေး ရလိုက်ကြတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျေးဇူးတင်လို့ အိမ်ကိုလိုက်လာပြီး လက်ဆောင်ပစ္စည်း လာပေးတဲ့ကိစ္စနဲ့ ဖြစ်တာခင်ဗျ"

"အေးပါ ... အောင်သူရယ်။ အဲဒီကိစ္စနဲ့ ရန်ဖြစ်တဲ့ကိစ္စက ဘယ်လို ပတ်သက်လို့လဲ။ သူ့ကိုထိုးသွားတာ ဘယ်သူလဲ။ ဘာကြောင့် ခုလိုထိုးသွားရတာ လဲ။ ဘယ်ရွာကကောင်လဲ။ ဘယ်သူ့သားလဲဆိုတာ ပြောပါဦးကွ"

"ဟုတ်ကဲ့ ... ဥက္ကဋ္ဌ။ ရေနက်ကြီးကျေးရွာက ဦးလှမြင့်ရဲ့သား သီဟက သူတစ်ဖက်သတ်ကြိုက်နေတဲ့ ကောင်မလေးနဲ့ အဆက်အသွယ်လုပ်ရမလားဆိုပြီး ရန်စထိုးသွားတာပဲ"

"ရေနက်ကြီးက လှမြင့်ဆိုတော့ ဘယ်လှမြင့်လဲကွ"

"တောထွက်ပစ္စည်းတွေချုပ်ဝယ်ပြီး ပြန်ရောင်းနေတဲ့ ကုန်သည်ဦးလှမြင့် ပါ ဥက္ကဋ္ဌ။ ဒီကောင်သီဟက သူ့မိဘပိုက်ဆံကိုဖြုန်းပြီး ရွာမှာ လူ့တွင်ကျယ် ဆရာကြီး လုပ်နေတဲ့အကောင်လေ။ လူကြီးတွေမျက်နှာရှိလို့။ နို့မို့ ... သွားတောင် ရိုက်သတ် ပစ်လိုက်ချင်တယ်"

အောင်သူက လူငယ်တစ်ဦးဖြစ်သလို ကျွန်တော့်အတွက် မခံချင်စိတ် နှင့် ပြောလိုက်သည်မို့ ဦးဟန်ထွန်းက အကြောင်းစုံကို ရိပ်မိသွားကာ ခေါင်း တညိတ်ညိတ်လုပ်ရင်း ပြန်ပြောလိုက်သည်က ...

"ကဲ ... ကဲ ... ဒီလောက်ဆိုရင် ငါသဘောပေါက်ပြီ။ ငါ ရေနက်ကြီး က သူတို့သားအဖကို ဆင့်ခေါ်လိုက်မယ်။ မင်းတို့လူငယ်တွေကို ငါမှာချင်တာ ဒီကိစ္စနဲ့ နောက်ထပ် ဘာဖြစ်တဲ့အသံကိုမှ မကြားချင်ဘူး။

မင်းတို့မကျေနပ်တာရှိရင် ငါနဲ့ ငါ့အဖွဲ့ဝင်တွေရှိတယ်။ သူတို့ သဘော ထားရမှ လုပ်ကြရမယ်။ ကြားကြရဲ့လား ... ဟဲ့ကောင်တွေ။ ငါ့ သွားတော့မယ်


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သော်သော့်ကိုလည်း ကျွန်တော် တောင်းပန်ပါတယ်။ အစစအရာရာ ကျွန်တော်တို့ကို သတိပေးလုပ်ကြပါနော်"

ကျေးရွာဥက္ကဋ္ဌ ဦးဟန်ထွန်း မည်ကဲ့သို့ ဟန့်တားလိုက်သည်တော့ဖြင့်မသိ။ နောက်တစ်နေ့တွင် ဘခင်ဦးလှမြင့်နှင့်အတူ သီဟတို့သားအဖ အမေ့ထံလာပြီး တောင်းပန်သွားသည်။ ထိုအချိန် ကျွန်တော် အမဲပစ်ထွက်နေသည့်အချိန်မို့ မတွေ့လိုက်ရပေ။

✿ ✿ ✿

## ၄

❑

အမှန်တော့ သည်လမ်းခရီးကို ထွက်စရာ အကြောင်းတော့မရှိ။ ယခုထွက်လာခဲ့ရခြင်းက မိခင်ကြီးကျန်းမာရေးအတွက် လိုအပ်သော ဆေးဝယ်ရန်အတွက် ထွက်လာခဲ့ရခြင်းပင်။

ခုတစ်လော မိခင်ဖြစ်သူမှာ ချောင်းဆိုးရင်ကျပ်ဖြစ်နေသည်မှာ ရက်ပင်ကြာညောင်းခဲ့ပေပြီ။ ကောင်းနိုးရာရာ ဆေးမြီးတိုနှင့် ကုသော်လည်း မသက်သာ။ သို့အတွက် လိုအပ်သောဆေးကိုစပ်ကာ ရောင်းချသည့်နေရာက မင်းကုန်းဈေးတွင်သာရှိသည်မို့ အမေ့အခြေအနေကို ပြောပြကာ ဆေးစပ်နိုင်းရန် ထွက်လာခဲ့ခြင်းပင်။

အိမ်မှ အဆာပြေထမင်းစားပြီး လိုင်းကားကို စောင့်စီးရသည်။ ဈေးကိုရောက်တော့ ဆိုင်တွင် အမေ့အခြေအနေကိုပြောလျက် ဆေးစပ်နိုင်းပြီး အိမ်ကိုပြန်မည်အလုပ် ဆိုင်ကယ်ကယ်ရီဆွဲနေသော သူငယ်ချင်း အောင်ဖော်နှင့်တွေ့ပြီး လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကုန်းဈေးကား ဈေးရောင်းသူ၊ ဝယ်သူတို့နှင့် သက်ဝင်လှုပ်ရှားနေပြီမို့ လူတွေ စည်ကားနေသည်။ တောထဲတွင် အမှတ်မထင် တွေ့မြင်ကာ အသက်ကိုကယ်လိုက်ရသော ခင်သစ်တစ်ယောက်ကို တွေ့ရလိုတွေ့ရငြား လက်ဖက်ရည်သောက်ရင်း လူတွေအကြား လိုက်လံရှာဖွေကြည့်နေလိုက်သည်ကို အောင်ဇော်မသိတာက အမှန်။ အဘယ်ကြောင့်ဆိုသော် မှိုရောင်းရင်း လာလေမလားရယ်လို့ဖြင့်။ မတွေ့မြင်သဖြင့် လက်ဖက်ရည်ကိုသောက်နေစဉ် အောင်ဇော်က ...

"မင်း ရွာကိုပြန်မှာမို့လား။ ငါလည်း နှစ်ကြောင်းပဲ ဆွဲရသေးတယ်။ လူပါးတဲ့အချိန် အိမ်ကို ထမင်းစားပြန်မှာမို့ လိုက်ခဲ့မလား"

"အေး ... ငါလည်း အမေ့အတွက် ဆေးဝယ်ပြီးပြီပဲ။ ရွာကို ပြန်ရုံပဲပေါ့။ သွားကြမယ်"

အောင်ဇော်က ငွေရှင်းပြီး ပြန်ကြမည်လုပ်တော့ ကိတ်မုန့်ရောင်းသည့်ဆိုင်မှ မုန့်(၂)လုံး အမေ့အတွက် ဝယ်သည်။ နှစ်ဦးသား ဆူပါကဒ် (DREAM) ကို စက်နှိုးကာ ထွက်ခဲ့သည်။ လမ်းကြောင်းက မင်းကုန်းလမ်းဟိုဘက်မှာ။

ညာဘက်ကိုချိုးလိုက်လျှင် မင်းကုန်းရဲဘက် စခန်းရှေ့နားဆီတွင် လိုင်းကားမှတ်တိုင်တွင် မလှပသော မြင်ကွင်းတစ်ခုက နံနက်ခင်း၏ လှပသောအဆင်းကို ဖျက်ဆီးနေသည့်မြင်ကွင်းကို ရှေ့တွင် တွေ့မြင်လိုက်ကြရပေသည်။ ထိုမြင်ကွင်းကြောင့် ကျွန်တော်က ...

"အောင်ဇော်ရေ ... ရှေ့ကမြင်ကွင်းက စောစောစီးစီး မင်္ဂလာရှိတဲ့ မြင်ကွင်းမျိုး မဟုတ်ဘူးကွ။ အနားမှာရပ်လိုက်"

လူငယ်သုံးယောက်နှင့် မိန်းကလေးအကြား တိုးဝင်ကာ ဆိုင်ကယ်ကို ရပ်လိုက်တော့ မိန်းကလေးက ဒေါသသံနှင့် ပြောလိုက်သည့် စကားက ...

"ရှင်တို့ မပိုက်ရိုင်းကြနဲ့နော်။ ကျွန်မ မိကောင်းဖခင်သားသမီးရှင့်။ ဘာမှတ်နေလို့လဲ"

"ငြင်းမနေစမ်းပါနဲ့ ခင်သစ်ရာ။ ငါနင့်ကို ဘယ်လောက်ချစ်နေတာကို နင်အသိပဲဟာ။ မကြာခင် လက်ထပ်ကြဖို့ လူကြီးတွေလည်း သဘောတူထားတဲ့ဟာပဲ"

ထိုစကားကြောင့် ထိုလူငယ်ကို လှမ်းကြည့်လိုက်တော့ ထန်းရည်သောက်နေရင်း ကျွန်တော့်ကိုထိုးသွားသည့် သီဟပင်။ မိန်းကလေးက ကျွန်တော် အသက်



www.burmeseclassic.com

www.burmeseclassic.com


ကယ်လိုက်သည့် ခင်သစ်။ သူတို့အကြား ကျွန်တော် ဝင်လာမှန်းသိ၍လားတော့ မသိ။ သီဟက ခင်သစ်လက်ကို လှမ်းဆွဲလိုက်သည်မို့ လက်တစ်ဖက်တွင်ကိုင်ထားသည့် ဈေးတောင်းကို မြေပြင်သို့ပစ်ချလိုက်ပြီး ပါးကို လှမ်းရိုက်လိုက်ရင်း ...

"နှင် ငါ့အသားကို မထိနဲ့။ ငါ့လက်ကို မဆွဲနဲ့နော် သီဟ"

အခြေအနေက တင်းမာလာပြီမို့ နှစ်ဦးသား ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ကြပြီး အောင်ဇော်က ...

"ဟေ့ကောင်တွေ ... ဒီလကို တော်သလင်းလထင်ပြီး မိန်းကလေးတစ်ယောက်ကို မင်းတို့သုံးယောက် ဝိုင်းပြီး မြှင်လိုက်နေကြတာလားကွ"

အောင်ဇော်က မလှပသောမြင်ကွင်းကြောင့် ပက်ပက်စက်စက်ပြောဆိုကာ ခင်သစ်လက်ကို လှမ်းကာဆွဲဖို့ ကြိုးစားနေသည့် သီဟ၏ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်နှင့်အတူ ထိုးရန် လက်ကိုရွယ်လိုက်သည်။ သို့အတွက် သီဟက နောက်ကိုပြန်ဆုတ်ကာ မကျေမနပ်အသွင်မျိုးနှင့် သူတို့ကိစ္စကို ဝင်ရှုပ်ရကောင်းလားဟူသော အကြည့်မျိုးနှင့် ကျွန်တော့်ကိုကြည့်နေစဉ် အဖော်လိုက်လာသူတစ်ဦးက ...

"မင်းတို့က ဘာကောင်တွေလဲကွ။ ကိုယ့်လမ်းကိုယ်သွား။ ကိုယ့်အလုပ်ကို လုပ်ပါလား။ ဘာကြောင့် ဝင်ရှုပ်နေကြရတာလဲ"

မှုန်သိုးသိုးမျက်နှာပေးတို့ဖြင့် သုံးယောက်သား အောင်ဇော့်ဆီသို့ တိုးဝင်လိုက်စဉ် ခင်သစ်က လှမ်းသတိပေးလိုက်သည်က ...

"အစ်ကို ... ဒီလူယုတ်မာတွေကို သတိထားနော်"

ထိုအချိန် အောင်ဇော်က နောက်ကို တစ်လှမ်းပြန်ဆုတ်လိုက်ပြီး လွယ်အိတ်အတွင်း လက်ကို ထိုးနှိုက်လိုက်ရင်း ...

"ငါ့ကို ဘာကောင်များ ထင်နေသလဲ။ မင်းတို့ကို ခုပဲဖမ်းပြီး အချုပ်ထဲကိုပို့မယ်။ သတ္တိရှိတဲ့ကောင် ရှေ့ကိုတိုးခဲ့ကြ"

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို မင်းကုန်းရဲဘက်စခန်း တာဝန်ကျနေသူသုံးဦးက သေနတ်များကိုကိုင်ဆောင်ရင်း ကျွန်တော်တို့ဆီသို့ ပြေးချလာနေသည်ကို တွေ့မြင်သွားသော သူတို့သုံးယောက်က ဘယ်လိုသဘောပေါက်သွားသည်တော့ဖြင့်မသိ။ သီဟက သူ့အဖော်နှစ်ဦးအား ...

"ဆန်းထွန်းနဲ့ငှက်ရိုး ... ဟိုမှာ သုံးယောက် သေနတ်တွေနဲ့ လာနေတယ်။ ပြေးကြစို့"


www.burmeseclassic.com

www.burmeseclassic.com


သုံးဦးသား နောက်ကျောတွင်ကျန်ရစ်သည့် မင်းကုန်းဈေးဘက် လူများရာဆီသို့ ပြေးလွှားဝင်ရောက် ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရပေသည်မို့ ကျွန်တော် တအံ့တသြနှင့် လိုက်လံကြည့်နေစဉ် အောင်ဇော်က ...

"ခွေးမသားတွေ ... သတ္တိလည်းမရှိဘဲနဲ့။ တောက် ..."

အောင်ဇော် ကြိမ်းဝါးနေစဉ် အကျဉ်းဝန်ထမ်းသုံးဦး အနီးသို့ရောက်လာပြီး ဖြစ်စဉ်ကို မေးသည့်အတွက် ကျွန်တော်တို့ အခြေအနေကို ရှင်းပြလိုက်တော့ သူတို့နာမည်နှင့် နေထိုင်ရာရွာ၊ မိဘအမည်များကို မှတ်သားကာ မကျေမနပ်နှင့် ပြန်သွားကြပေသည်။ ကားမှတ်တိုင်ဆီတွင် ကျွန်တော်တို့သုံးဦးသာ ကျန်ခဲ့သည်။ ထိုအချိန် ခင်သစ်က ...

"အစ်ကို ... ဘယ်ကပြန်လာခဲ့တာလဲဟင်"

"အမေ့အတွက် ဈေးမှာ ဆေးလာစပ်တာလေ။ အပြန်မှာ အောင်ဇော်နဲ့တွေ့ပြီး လက်ဖက်ရည်သောက်ရင်းတောင် ညီမကို တွေ့လိုတွေ့ငြား ရှာကြည့်မိသေးတယ်။ ညီမက ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲ"

"ဟိုလေ ... မို့နှတ်ပြီး ဖောက်သည်လာသွင်းတာ။ ညီမဈေးကို လာမယ်မှန်းသိလို့ သူတို့ နောက်ကလိုက်လာကြတာ။ ခု ပြန်ဖို့ ကားစောင့်နေရင်း အတင်းဝင် ဆွဲလားလွဲလား လုပ်နေကြတာ။ အစ်ကိုတို့ရောက်လာကြလို့ပေါ့၊ နို့မို့ဆိုရင် ..."

ကျွန်တော်နှင့် ခင်သစ်တို့နှစ်ယောက် ပြောနေသည့်စကားတွေကြောင့် သူ သဘောပေါက်သွားဟန်ထင့် ကျွန်တော့်ကိုပြုံးပြရင်း ပြောလိုက်သည်က ...

"ဒီကညီမက ဘယ်ရွာကလဲဟင်"

"မုဆိုးဦးသန်းမောင်သမီး ခင်သစ်တဲ့ကွ။ ရေနက်ကြီးကလေ"

"ဒါဆို ဟိုကောင်တွေကရော ဘယ်ရွာကလဲ"

"သူတို့လည်း အဲဒီရွာကပဲကွ။ မိဘတွေက အထိုက်အလျောက် ငွေကြေးပြည့်စုံတော့ အရှိန်နဲ့ ဆိုးသွမ်းနေတဲ့ အကောင်တွေ။ ခင်သစ်ကို အသေရရ၊ အရှင်ရရ ကောင်တွေကွ"

"ကဲ ... ဒီလိုဆိုရင် ငါသွားနှင့်မယ်။ မင်း သူနဲ့အတူ ကားစီးလာခဲ့။ မရမ်းချောင်းရွာကားဂိတ်ကစောင့်ပြီး သူ့အိမ်အထိ လိုက်ပို့ပေးမယ်။ ဒီအကောင်တွေရဲ့အခြေအနေလည်း စုံစမ်း ်းပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဆိုင်ကယ်စီးကာ ထွက်သွားပေသည်။ ကျွန်တော်နှင့် ခင်သစ်တို့နှစ်ယောက် လွတ်လပ်စွာ စကားပြောစေချင်သည့်အတွက် ရှောင်ပေးသွားဟန်ပင်။ သူမအသွင်က ကျွန်တော်နှင့် အခုလို နှစ်ယောက်ထဲရှိနေသည်ကို ပျော်နေသည့်အသွင်။

လိုင်းကားဝင်လာသဖြင့် စီးခဲ့ရာ မရမ်းချောင်းရွာကားဂိတ်ရောက်တော့ ဆင်းလိုက်ကြသည်။ အောင်ဇော်က ခင်သစ်အား ဆိုင်ကယ်နှင့်လိုက်ပို့ရန် ရေနက်ကြီးရွာဆီသို့ မောင်းထွက်သွားပေသည်။ ထိုကျေးရွာ(၃)ရွာက တြိဂံပုံသွင်မို့ သိပ်ဝေးလှသည်တော့ဖြင့်မဟုတ်။ ဗိုခုံလောက်ဆိုင်ရွာများပင်။

✿ ✿ ✿

## ၅

❑

မိခင်သေဆုံးပြီးနောက် ဖခင် ကျန်းမာရေးမကောင်းသော်လည်း တောထွက်သယံဇာတပစ္စည်းတို့ကို ရိုးသားစွာ ရှာဖွေရန်းကန် လှုပ်ရှားစားသောက်နေရတဲ့ ဇာဝကနေထွက်ပြီး မုန်တိုင်းအကြား စွန့်စားတိုးဝင်လိုက်ရတဲ့ ငှက်ငယ်တစ်ကောင် (သို့) လောကအကြောင်းကို နားမလည်သေးဘဲ လောကရေဲထဲကို ခြေချလိုက်မိတဲ့ ကျွန်မအတွက် အေးချမ်းစွာနားခိုစရာ၊ ဖြေသိမ့်နိုင်စရာကို အရမ်းသိချင်တယ် ... ဖစ်ကိုရယ်။

ဘာဖြစ်လို့လဲဆိုတော့ ခင်သစ်ဆိုတဲ့ကျွန်မက မုန်တိုင်းအကြား ဖြတ်သန်းနေရတဲ့ ငှက်ကလေးရယ်ပါ။ ဒီလိုမဟုတ်ဘူးဆိုရင်လည်း လောကရေဲထဲ ရောက်နေတာမယ့်သူက ကျွန်မသာ ဖြစ်နေရလို့ပါပဲ။

"ဝေါင်း ... ဝုတ် ... ဝုတ် ..."

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်ခေါင်းချကာ အိပ်တော့မည်လုပ်တုန်း အမဲလိုက်ခွေးထန်းသီးက လေ့ခါးထစ်တွင်အိပ်နေရင်း ခေါင်းထောင်ကာ အပြင်ထိုးဟောင်သံ ကြားလိုက်ရသည်မို့ စိတ်တိုတိုနှင့် ...

"ကျွတ် ... မိုးချုပ်တော့မှ ဘယ်သူက လာရပြန်တာတုံးကွာ"

အမေကာ အိပ်ရာထဲ ဝင်နေပြီ။ မီးခွက်ကို မှုတ်မည်လုပ်ရင်း သည်အတိုင်းထားကာ လက်နှိပ်မီးဖြင့် ခြံအပြင်ကို ကြည့်လိုက်တော့ တွေ့လိုက်ရသည်က မိန်းကလေးတစ်ယောက်။ နှုတ်ကလည်း ...

"ဟဲ့ကောင် ... ထန်းသီး၊ ကိုယ့်နေရာကိုယ် ပြန်အိပ်နေစမ်း"

စိတ်တိုတိုနှင့် ခွေးကို နေရာတွင် ပြန်အိပ်ခိုင်းလိုက်ရင်း ဝင်လာသူကို လှမ်းကြည့်လိုက်တော့ ...

"ဟင် ... ခင်သစ်၊ မိုးကြီးချုပ်ကာမှ ဘယ်လိုဖြစ်လာတာတုံး"

နေရာမှထကာ ခရီးဦးကြိုပြုလိုက်ရင်း ကျွန်တော်ပြောလိုက်သည့်ကို ကျွန်တော့်ကိုကြည့်ရင်းက နှုတ်ခမ်းတို့ တဆတ်ဆတ်တုန်ကာ မျက်ရည်လည်ရွဲ ဖြစ်နေသည်ကို ကြည့်ရင်း ကျွန်တော် အံ့သြနေမိသည်။ ထိုစဉ် အမေ့အသံက ပေါ်လာသည်။

"သား ... ဘယ်သူများတုံးကွယ့်။ ညကြီးမင်းကြီး"

"အမေ မအိပ်သေးရင် ထပါဦးအမေရယ်။ ဟိုဘက်ရွာက မိန်းကလေးတစ်ယောက် လာနေလို့ပါ"

မီခင်ဖြစ်သူ ဒေါ်သော်သော်က အိပ်ရာထက်မှ လူးလဲထလိုက်ရင်း ကျွန်တော်တို့နှစ်ဦးဆီ လှမ်းကြည့်ကာ လျှောက်လှမ်းလာနေချိန် ခင်သစ်ကလည်း ထိုင်လိုက်သည်။ အနီးကိုရောက်လာသော အမေ့အား ကျွန်တော်က ...

"အမေ ... ဒီမိန်းကလေးက ရေနက်ကြီးက အဖေ့သူငယ်ချင်း ဦးသန်းမောင်ရဲ့သမီး ခင်သစ်တဲ့"

ကျွန်တော့်အပြောကြောင့် အမေက သူ့ရင်ဘတ်ကို လက်နှင့်ဖိရင်း ...

"ဘုရား ... ဘုရား ... သန်းမောင်သမီးတဲ့လားကွယ်။ ညည်းကတော့ အတွက်နဲ့ ငါ့သားလေး အစော်ကားခံလိုက်ရတယ်လေ။ ခု ဘာကြောင့် ဒီအိမ် ရောက်လာရတာလဲ။ သွားပါ ... ကလေးရယ်၊ အမေတို့မိသားစုနှစ်ယောက် အေးအေးနေတဲ့ဘဝလေးကို ထ ပြီး ဒုက္ခမပေးပါနဲ့တော့။ သွားတော့နော်သမီး၊



www.burmeseclassic.com

www.burmeseclassic.com


အမေက သူ့ခံစားချက်နှင့် ပြောလိုက်သည့်စကားကြောင့် ခင်သစ်တစ်ယောက် တရှိုက်ရှိုက်ငိုလိုက်ရင်းက အတင်းနှင်လွှတ်နေသော အမေ့ကို ကျွန်တော် ဘာကိုဝင်ပြောရမှန်းမသိဖြစ်နေစဉ် သူမ အိမ်ပေါ်မှ ဆင်းရန်ပြင်လိုက်ရင်းက ...

"အစ်ကိုရယ် ... အဟင့် ... အဟင့် ..."

အားငယ်ခြင်း၊ စိုးရွံ့ခြင်းတို့နှင့်အတူ အကူမဲ့ခဲ့ပြီမို့ နစ်မြုပ်ရတော့မည့် လှေငယ်တစ်စီးပမာ အိမ်ပေါ်မှဆင်းသွားတော့မည့် သူမကိုကြည့်နေလိုက်စဉ်..

"ဝုန်း"

အမှောင်ထုအကြား ခံစားမှုတစ်ခုက ကျွန်တော့်ရင်ကို လှိုင်းထသွားမိသည်။ ထိန်းချုပ်ခြင်း ကင်းလွတ်သွားသည်နှင့်အတူ လဲပြိုသွားသူကို ကျွန်တော် ပြေးထွက်မ,ယူ ပွေ့ထားလိုက်မိသည်က မြေပြင်ထက်ဆီသို့ ယိုင်လဲကျသွားသည့် ခင်သစ်၏ ခန္ဓာကိုယ်ကလေး။

✿ ✿ ✿

## —၆—

❑

"ငါ မတင်အေးဆီက သတင်းရခဲ့တယ်။ ခင်သစ် မနက်ကို ပန်းတောကုန်းရွာဘက်ကို သူတို့နဲ့ သပြေချိုးထွက်မယ်တဲ့ကွ။ ဘယ်လိုသဘောရလဲ"

ဆန်းထွန်းက သူရခဲ့သည့်သတင်းကို အရက်ဝိုင်းတွင် ထိုင်သောက်နေကြသည့် သီဟနှင့်ကျန်နှစ်ယောက်ကို ပြောပြလိုက်တော့ ..

"ငါ့သဘောကတော့ အပိုင်သုတ်ချင်ပြီကွာ။ ခက်နေတာ မတင်အေးအပြင် အခြားအဖော်တွေလည်း ပါကြဦးမယ်ဆိုတော့ စဉ်းစားရ ကြပ်နေတယ်။ ဘယ်လိုလုပ်ရင် ကောင်းမလဲ"


www.burmeseclassic.com

www.burmeseclassic.com



သူတို့(၄)ဦးသား အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ ဆန်းထွန်းထံမှ အသံထွက်လာသည်က ...

"သူတို့ တောသွားကြတဲ့အထဲမှာ မတင်အေးနဲ့ အေးမူတို့နှစ်ယောက်လည်း အမြဲပါတယ်ကွ။ မှိုနှုတ်ရင်သာ တစ်ယောက်တည်း သွားကြတာ။ သပြေချိုး၊ ဇရစ်ရိုးနှုတ်၊ မျှစ်ချိုးဆိုရင် အဖွဲ့နဲ့သွားကြတယ်။ အဲဒီအဖွဲ့ထဲမှာ အမျိုးသမီးနှစ်ယောက်ကို ငါပိုင်တယ်ကွာ။ ဟိုရောက်တော့ လူခွဲခိုင်းပြီး သုတ်ကြမယ်။ မကောင်းဘူးလား။ နဲနဲတော့ ပေးကမ်းရမှာပေါ့"

ထိုစကားကြောင့် သီဟ တက်ကြွစွာနှင့် ...

"ပေးမယ်ကွာ။ အဲဒီနှစ်ယောက်ကို မင်းပိုင်သလား"

"ပိုင်တယ်ကွာ ...။ ဇာတ်တိုက်ရမှာပေါ့။ ဖြစ်မယ်ဆိုရင် ငါသွားမယ်။ မနက်ကို ဘယ်မှာ လူဆုံကြမလဲ။ ဘယ်နေရာကို ပင့်မှာလဲ ပြော"

သီဟက ဘောင်းဘီအိတ်အတွင်းမှ ငွေတချို့ကို ထုတ်ပေးလိုက်ရင်း ပြောလိုက်သည့်စကားတို့က ...

"သူတို့သပြေချိုးမှာက ပန်းတောကုန်းရွာထိပ်၊ ဖုန်းဆိုးတောမှာကွ။ ဒါကြောင့် စက်ပစ်ကွင်းမှာ ငါတို့ဆုံကြမယ်။ မင်းသွားပြီး ဇာတ်တိုက်ထား။ မနက်မှ ငါတို့တွေ အဲဒီမှာ ဆုံကြမယ်။ ခပ်စောစောနော် ဆန်းထွန်း။

ဆန်းထွန်းက ပိုင်းသိမ်းကာ အရင်ထွက်သွားသည်။ သူတို့ သုံးဦးသား အသေးစိတ် တိုင်ပင်လိုက်ကြပြီး ဝိုင်းသိမ်းလိုက်ကြတော့ ညဉ့်ပင် အတော်နက်နေပေပြီ။ ဆန်းထွန်းတစ်ယောက် အမှန်ပင် ထိုညက မတင်အေးနှင့် အေးမူတို့နှစ်ယောက်နှင့် အကွက်ချစီစဉ်ခဲ့သည်မှာ မှန်သော်လည်း နောက်ပိုင်း ဘေးချင်းကပ်နေသည့် ခင်သစ်အိမ်သို့ အေးမူတစ်ယောက် ဝင်လိုက်ပြီးနောက် ယခု ကျွန်တော့်ဆီသို့ ခင်သစ် ရောက်နေသည့်အဖြစ်ကိုတော့ မသိရှိတာ အမှန်ပင်ဖြစ်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၇

❑

"ကျွန်မအမေက ပြီးခဲ့တဲ့နှစ်က တောဆင်ရိုင်းတွေ နင်းသတ်လို့ သေခဲ့ရပါတယ်။ အမေဆုံးပြီးတဲ့နောက် အဖေကလည်း စိတ္တဇဖြစ်ပြီး ကျန်ရစ်ခဲ့တာမို့ အဖေ့ကို သမီး လုပ်ကိုင်ရှာဖွေ ကျွေးမွေးပြုစုနေရတာကို အမေအသိပါ"

မီးတိုင်ခွက်ကို အလယ်တွင်ထွန်းကာ သတိပြန်ရလာသည့်အချိန်တွင် ခင်သစ်ပြောလိုက်သည့် စကားတို့ကြောင့် အမေက နုနုနယ်နယ်မလေး၏ ဆိုးဝါးသော မိသားစုဖြစ်စဉ်ကို ကရုဏာသက်သွားရှာသည်။ သူ့အနေအထားက သနားခြင်း၊ ကိုယ်ချင်းစာစိတ်ထားတို့က ကပ်ပါလာသည်။

ရွာကနေ တောထွက်ပစ္စည်းတွေကို လက်ခံဝယ်၊ ကုန်သည်တွေကို ပြန်ရောင်းနေတဲ့ ဦးလှမြင့်သား သီဟဆိုတဲ့ကောင်က မိန်းကလေးတော်တော်များများကို ငွေပေးပြီး ဖျက်ဆီးနေတဲ့သူပါ။ သူ့ကြောင့် မျက်ရည်ကျခဲ့ရပေါင်း များပါပြီ။ အချို့ဆိုရင် ဘယ်လိုကလေးရပြီး ဖခင်မရှိဘဲ ကလေးမွေးကြသူတွေလည်း သုံးလေးယောက်ပါပဲ။ ရှက်လို့ တောထဲပြောင်းပြေးကြတဲ့သူတွေလည်း ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုနေ့ကလည်း မင်းကုန်းဈေးကို မှီသွားရောင်းတဲ့ ကျွန်မကို သူတို့အုပ်စု အတင်းဆွဲ အဓမ္မကြံကြပါသေးတယ်။ အစ်ကိုနဲ့တွေ့လို့ ဘာမှမဖြစ်ခဲ့ပါဘူး။ မနက်ဖြန်ကိုလည်း သပြေချိုးထွက်မဲ့ ကျွန်မကို အပိုင်ကြံဖို့ စီစဉ်နေကြပါတယ်။ သူငယ်ချင်း အေးမူပြောပြလို့ အဖေ့ကို သူတို့နဲ့အပ်ပြီး ကျွန်မ အမေနဲ့အစ်ကိုတို့ဆီ အားကိုးတကြီး ပြေးလာခဲ့တာပါ"

"အလိုကွယ် ... ဒါဆို သမီးအဖေကြီး သိတယ်ဟုတ်လား"

"အဖေ့ဆီမှာ သူတို့ စကားကမ်းလှမ်းကြပါတယ်။ သမီး သဘောထားလည်း မပါဘူး။ အဖေကလည်း မသိပါဘူး။ ဒီကောင် လူရှုပ်လူပွေဆိုတာသိနေတဲ့ သမီးကလည်း ဘယ်လိုမှလက်မခံဘူး။ ဒါကြောင့် ဒီကိုအားကိုးပြီး ထွက်လာခဲ့တာပါ။ သမီးမှာ အခြားအားကိုးစရာ၊ တွယ်တာစရာလည်း မရှိပါဘူး။ အဟင့် ... အဟင့် ..."

"မငိုပါနဲ့ ကလေးရယ်။ အမေသိချင်တာက သမီး အခုပြောနေတာတွေက အမှန်တွေချည်းပဲနော်"

"အမှန်တွေပါ အမေရယ်။ သမီး မညာတတ်၊ မလိမ်တတ်ပါဘူး"

"အင်း ... ဒါဆိုရင် သမီး အားမငယ်နဲ့တော့။ သမီး အမေတို့နဲ့နေပေါ့။ သမီးအဖေ ကျန်းမာရေးကိစ္စ၊ စားသောက်နေထိုင်ရေး ကိစ္စတော့ နောက်မှ စဉ်းစား လိုက်ကြတာပေါ့"

အမေပြောလိုက်သည့်စကားကြောင့် ခင်သစ်က ...

"သမီး ဝမ်းသာလိုက်တာ အမေရယ်။ ကျေးဇူးလည်း အထူးတင်မိပါ တယ်"

"အေး ... သမီးမှတ်ထားဖို့က တရားစကားပေါ့ကွယ်။ မကောင်းတာ လုပ်တဲ့သူက သူ့အကုသိုလ်အကျိုးပေးနဲ့ သူ့သဘောသူ ဆောင်ပေမပေါ့။ တရားကို ဖြေနိုင်အောင်သာ ကြိုးစားကွယ့်။ မှတ်ထား သမီး"

အမေပြောလိုက်သော စကားတို့သည် သူမအတွက် တုန္ဒိုင်းမဲ့သော လှိုင်း နွေးထွေးမှုကို ဖန်တီးပေးလိုက်သည်ကတော့ အမှန်ပင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၈

❑

မှိုခိုအားထားရာ အရိပ်ကိုရှာရင်း အဲဒီအရိပ်အောက် ရောက်လာခဲ့တဲ့အခါ တွေ့မြင်နေရတဲ့ ရိုးသားဖြူစင်၊ တည်ကြည်ခြင်းနဲ့ ငုံ့ညွှာသနားတတ်ခြင်းတို့ဟာ ဖြူစင်သန့်ရှင်းခြင်းတို့နဲ့အတူ ခင်သစ်ဆိုတဲ့ ကျွန်မကို ဆွဲဆောင်မြှူဆွယ်ခဲ့တယ်လေ။ ဒါဟာ တွယ်တာခြင်း၊ မြတ်နိုးခြင်းတွေ ပြည့်နေသည့် အိုအေစစ်လားတော့ဖြင့်မသိ။ တွယ်တာမြတ်နိုးခြင်း အစဆိုလျှင် အဲဒါရဲ့ဟိုဘက်မှာ ဘာတွေဖြစ်လာမယ်ဆိုတာလဲ သိချင်လာတယ်။

ကာလညောင်းလာတော့ အချိန်နဲ့အမျှ တွေးမိလေတိုင်း ရင်တထိတ်ထိတ်ခုန်ရင်း ဆက်မတွေးရဲလောက်အောင် ကြောက်ရွံ့နေမိတယ်။ ကြောက်ကြောက်ကလေးနဲ့ပဲ တွယ်တာမြတ်နိုးမှုတွေရဲ့ ဟိုဘက်ဆီမှာ ဘာတွေရှိလာမယ်ဆိုတာကိုပေါ့။

အမေက အိပ်တုန်းမို့ ကဲလားတံခါးကို ဖွင့်လိုက်တော့ နံနက်ဗိုက်ဖြည့်ရန်ထမင်းကြော်နှင့်အတူ ချောင်းငါးကလေးတွေကို ကြော်ထားသည့်အပြင် အဖန်ရည်တိုက အသင့်။ သူမက ခြံဝင်းအတွင်း သန့်ရှင်းရေးလုပ်နေသည်ကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်နှာကိုသစ်ပြီးမှ ဗိုက်ဖြည့်မည့်အလုပ် အနီးသို့ ခင်သစ်ရောက်လာသည်။ သို့အတွက် ကျွန်တော်က …

"လာ … ညီမ။ အဆာပြေ အတူစားလိုက်ကြရအောင်"

"စားပါ … အစ်ကို။ ခင်သစ် စားပြီးပြီ။ ဒီနေ့ တောလည်ထွက်ဦးမလို့လား"

"အေး … အောင်ဇော်လည်း တောလည်လိုက်မယ်လို့ ချိန်းထားတယ်ကွ။ သူလာရင် ထွက်ကြမယ်"

ထမင်းကို စားလိုက်၊ အဖန်ရည်ကိုသောက်လိုက်၊ စကားပြောလိုက် လုပ်နေစဉ် ဒူးလေးနှင့် မြားကျည်တောက်ကိုထမ်းကာ အောင်ဇော်တစ်ယောက် ရောက်ရှိလာသည်။ သို့အတွက် …

"လာ … သူငယ်ချင်း၊ အဆာပြေ ဗိုက်ဖြည့်လိုက်ဦး"

"ငါစားပြီးပြီကွ။ မလုပ်နဲ့တော့။ အပြန်မှစားမယ်ကွာ။ ကောင်မလေး … ငါ့အတွက်ပါ ပိုချက်ထားနော်"

အောင်ဇော်ပြောလိုက်သည့်စကားကြောင့် ခင်သစ်က …

"စိတ်ချပါ အစ်ကို။ အဆင်သင့် ဖြစ်နေရပါစေ့မယ်"

ကျွန်တော် ဗိုက်ဖြည့်ပြီးဖြစ်သည်မို့ အိမ်ခန်းအတွင်းမှ သေနတ်နှင့် ကျည်ခါးပတ်ကိုယူလျက် ကျည်ဆန်အနေအထားကို စစ်ဆေးနေစဉ် ထန်းသီးက ဖိနပ်ချွတ်တွင် အိပ်နေရင်းက ခေါင်းထောင်ကာ အပြင်ကိုလှမ်းကြည့်ပြီး ဟောင်လိုက်သည်မို့ သူတို့အကြည့်ကလည်း အပြင်သို့ ရောက်သွားကြသည်။ တွေ့မြင်လိုက်ရသည်က ဦးလှမြင့်နှင့် ရွာသားသုံးဦး။

"သူတို့ပုံစံကြည့်ရတာ ပြဿနာပေါ်လာတဲ့ ပုံစံပဲကွ"

အောင်ဇော်ပြောလိုက်သည့် စကားပင်။ ဟုတ်ပေသည်။ ရေးကြီးသုတ်ပျာနဲ့ ခြံအတွင်းသို့ လေးဦးသား ဝင်လာကြသည်မို့ ကျွန်တော်က …

"လာပါ … ဦးလှမြင့်။ ရေးကြီးသုတ်ပျာနဲ့ ဘယ်လိုအရေးအကြောင်းများ ဖြစ်လာကြတာလဲ ခင်ဗျာ။ ကျွန်တော် ဘယ်လိုအကူအညီပေးရမလဲဟင်"

သူတို့ရောက်လာသည့်အတွက် အမေကလည်း အိပ်ရာထက်မှထကာ ကျွန်တော်တို့အနီးသို့ ရောက်လာပြီး …

"ကိုလှမြင့် … ဘာအရေးအကြောင်းများ ပေါ်လာလို့တုံး။ ကျွန်မတို့ ဘာများ အကူအညီပေးရမလဲ။ ပြောပါ အားမနာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com


အမေက ပြောလိုက်သော်လည်း ဦးလှမြင့်ထံမှ စကားသံက ထွက်မလာ။ အမေ့ကိုကြည့်လိုက်၊ ကျွန်တော်တို့နှစ်ယောက်ကို ကြည့်လိုက်၊ ခင်သစ်ကို ကြည့်လိုက်နှင့် တအံ့တဩ ဖြစ်နေရှာသည်။ ပြီးတော့မှ ...

"ခင်သစ် ... သမီး ဒီကိုရောက်နေတယ် ဟုတ်လား။ ဘယ်တုန်းက ရောက်တာပဲ"

"ဟုတ်ကဲ့ ... ဦး။ သမီး ဒီကိုရောက်နေတာ ဒီနေ့ပါဆို နှစ်ညအိပ် သုံးရက်"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

ဦးလှမြင့်တစ်ယောက် ထိုကဲ့သို့ပြောလိုက်ပြီး သူ့ခေါင်းမှဆံပင်များကို ဆုပ်ဆွဲကာ ငိုနေသည့်အတွက် လိုက်လာကြသူသုံးဦးကလည်း ယောင်ဝါးဝါးဖြစ်နေကြသည်မို့ နားမလည်နိုင်သည့် အောင်ဇော်က ...

"ကဲ ... ဘယ်လိုဖြစ်တယ်ဆိုတာ သိရမှ ကျွန်တော်တို့ ကူညီလို့ရမှာပါ။ အဖြစ်အပျက်ကို ရှင်းပြကြပါဦး ... လူကြီးမင်းတို့"

ဦးလှမြင့်က ကြုံကြုံပါအောင် ငိုနေသည့်အတွက် အဖော်ဖြစ်သူ ခေါင်းပေါင်းနှင့် လူကြီးတစ်ဦးက ...

"အဖြစ်က ဒီလိုကွယ့် ... ကလေးတို့ရဲ့။ သူ့သား သီဟတစ်ယောက် တစ်နေ့မနက်က အစောကြီး အိမ်က အပေါင်းအသင်းတွေနဲ့ ထွက်သွားကြတယ်။ တစ်နေ့လုံး၊ တစ်ညလုံး အိမ်ကို ပြန်မရောက်လာခဲ့ဘူးလေ။

ဒါတိုင်းလည်း သွားနေကျမို့ အချိန်တန် ပြန်လာမယ် အောက်မေ့နေတာ။ ခုမနက်ကြားရတဲ့သတင်းက ပန်းတောကုန်းရွာနောက်ကျော ဖုန်းဆိုးတောကြီးထဲမှာ သီဟနဲ့ သူငယ်ချင်းဆန်းထွန်းကို ကျားဆွဲခံလိုက်ရပြီး အသက်ပျောက်နေတဲ့ အကြောင်းသိရလို့ ညီလေးတို့ဆီ အကူအညီတောင်းရအောင် လာခဲ့တာပါပဲကွယ်"

"ဒါဆိုရင် သူတို့ အဲဒီကို တောကြက်ပစ်သွားကြတာလား ဟင်။ အဲဒီက ဝါးတောတွေမှာ ကြက်အိပ်တန်းရှိသလို၊ ကြက်တူရွေး၊ အောက်ချင်းငှက် အိပ်တန်းတက်ကြတယ်လေ"

ကျွန်တော်က ကြားဖြတ်မေးလိုက်သည့်အတွက် ထိုလူကြီးက ပြန်ဖြေလိုက်ပုံက ...

"ဒီလိုပါ ... ညီလေးတို့ရယ်။ အဲဒီညက သူတို့အပေါင်းအသင်းတွေ စားကြသောက်ကြရင်းနဲ့ တိုင်ပင်ကြတယ်ဆိုတာ နောက်မှ သိရတာပါ။


www.burmeseclassic.com

www.burmeseclassic.com



ဟိုကလေးမခင်သစ် သပြေချိုး မနက်သွားမယ်ဆိုတာကို သူတို့လိုက်ပြီး ကောင်မလေးကို အပိုင်စီးပြေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သွားကြတာပဲကွယ်။ အဲဒီလိုအသွားမှာ ကျားဆွဲခံလိုက်ရတာပဲလေ။ နှစ်ယောက်စလုံးကို ကိုက်သတ်သွားတာ"

"ဟုတ်နိုင်ပါ့မလား ... ဦးရယ်။ ခု သူတို့ကိုကျားဆွဲတဲ့ ဖုန်းဆိုးတောဒီဘက်မှာ ပန်းတောကုန်းရွာရှိတယ်။ ဖောင်ကြီးကျောင်းရဲ့ စက်ပစ်ကွင်းလည်းရှိတယ်။ ဒီဘက်က မင်းကုန်းရွာ၊ မင်းကုန်းဈေး၊ မင်းကုန်းနဲ့ရဲဘက်စခန်းတွေ ပိုင်းနေပြီး လူသိပ်မပြတ်တဲ့နေရာ ကျားဝင်ဆွဲခံရတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ စဉ်းစားပါဦး။

နောက်တစ်ချက်က အဲဒီရွာတွေက မုဆိုးတွေနဲ့ တောတက်နေသူတွေ အသံလည်း မကြားမိလိုက်ဘူး။ ဘယ်သူ့ကိုမှ ဆွဲတဲ့အသံ မကြားရသလို အိမ်မွေးတိရစ္ဆာန်ကို ဆွဲတယ်ဆိုတဲ့အသံလည်း မကြားရ၊ မကြားမိပါလား"

သူတို့ပြောသည့်သတင်းမှာ ဖြစ်နိုင်ချေရှိမရှိ၊ တိကျခိုင်လုံမှုကို ကျွန်တော်က ရှင်းပြလိုက်ရာ သူတို့ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေသည့်အတွက် ဖခင်ဖြစ်သူဦးလှမြင့် စိတ်ချမ်းသာစေရေးအတွက် ကျွန်တော်က သူငယ်ချင်းဖြစ်သူမျက်နှာကို ကြည့်ကာ သဘောထားတောင်းလိုက်တော့ ...

"ကဲ ... သွားကြည့်လိုက်ကြမယ်။ ဦးတို့ပါ တစ်ခါတည်း လိုက်ခဲ့ကြမလား"

အောင်ဇော်က ပြောပြောဆိုဆို သူတို့သဘောထားကို တောင်းလိုက်တော့ ဖခင်ဖြစ်သူ ဦးလှမြင့်က ...

"လိုက်ပါ့မယ်ကွယ်။ လိုက်ပါ့မယ်"

"ခင်သစ် ... ညီမအဖေကြီးဆီကို ထမင်းသွားပို့လိုက်နော်။ ပြူးကျယ်ကို အဖော်ခေါ်သွားလိုက်။ ကြားလား"

ကျွန်တော် မှာကြားလိုက်ရင်း ကျွန်တော်တို့ အခင်းဖြစ်ပွားရာ ပန်းတောကုန်းအနောက်၊ ဖုန်းဆိုးတောကြီးဘက်ဆီသို့ ထွက်ခဲ့ကြပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၉

❑

ပဲခူးရိုးမကြီးအခြေကို အမှီပြုကာ ရွာတည်ပြီး တောထွက်သယံဇာတ ပစ္စည်းတွေနှင့် လုပ်ကိုင်စားသောက်နေကြသော ပန်းတောကုန်းကျေးရွာ၊ ဦးတို၊ မရမ်းချောင်းနှင့် ရေနက်ကြီးကျေးရွာကလေးတို့မှာ သီဟနှင့် ဆန်းထွန်းတို့ သတင်းကြောင့် အတော်ကလေး ထိတ်လန့်လျက် ရှိနေကြသည်။

အကြောင်းမှုကား လူနှစ်ယောက်စလုံးကို ကိုက်သတ်လျက် အသားကို စား သွားသည့်သတင်းကြောင့်ဖြစ်ပေသည်။ ထိုကျားသည် တောကို မှီတွယ်လုပ်ကိုင် ရှာဖွေစားသောက် အသက်မွေးလျက်ရှိကြသော မျှစ်ချိုး၊ မှိုနှုတ်၊ မီးသွေးဖုတ်၊ သစ်ဝါးနှင့် ထင်းခုတ်၊ စလူ၊ ခနုံး၊ တောင်ထန်း၊ ကြိမ်ခုတ်နှင့် သားကောင်ငယ်တို့ကို ရှာဖွေပစ်ခတ် ဖမ်းယူကြသည့် မုဆိုးတို့ပါမကျန် လတ်တလော ထွက်ပေါ်လာသည့် ကျား ကြီးသတင်းကြောင့် ဝန်းကျင်ကျေးရွာများတွင် တောမီးလောင်နေခဲ့ကြပေပြီ။

လမ်းတွင်တွေ့ရသည့် ရွာသားတို့နှင့် မုဆိုးတို့ကို မေးမြန်းကြည့်ရာ ယခင် အချိန်တွင်တော့ ရွာသားတို့မှာ ဝမ်းစာရေးအတွက် တောထဲသို့ နေ့စဉ် သွားလာ ရှာဖွေ လုပ်ကိုင်စားသောက်နေကြသည်မှာ ယခင်က အပူအပင်မရှိ သွားလာရှာဖွေ လုပ်ကိုင်စားသောက်နေရသော်လည်း ယခုအခါ လူနှစ်ဦးကို တစ်ပြိုင်တည်း ကိုက်

www.burmeseclassic.com

www.burmeseclassic.com



သတ်ကာ လည်ချောင်းသွေးစုပ်ကာ စားလိုက်သည့် ကျားကြီး၏သတင်းဆိုးကြောင့် ရက်ပိုင်းကလေးအတွင်း အခက်အခဲအကျပ်အတည်းတို့က ဖြစ်လာခဲ့ရသည်ကို သိလိုက်ရပေသည်။

ကျွန်တော်တို့အဖွဲ့ ဖုန်းဆိုးတောကိုရောက်တော့ သီဟနှင့် ဆန်းထွန်းတို့၏ အလောင်းနှစ်လောင်းကို တွေ့လိုက်ကြရသော်လည်း အသားတို့မှာ ကုန်သလောက်နီးပါးဖြစ်ကာ မည်သို့မျှ မတင့်တယ်သည့်အတွက် ထိုနေရာဆီတွင် မြေမြှုပ်ခဲ့ရသည်။ သူတို့မိဘများကား မျက်ရည်နှင့် မျက်ခွက်ရယ်သာ။

နောက်(၁၅)ရက်လောက်ကြာတော့ လေးအိမ်စုရွာမှ လှည်း (၁၀)စီးဖြင့် ရွာသားများတို့ ဝါးခုတ်ရန် ရိုးမကျောပေါ်သို့ တက်ခဲ့ကြသည်။ ဝါးတို့ကို စည်းနှောင်ရန် ကြိုးနှင့်ဓား၊ ရိက္ခာအပြည့်အစုံကိုယူလျက် ထွက်ခဲ့ကြရာ စိမ်းညို့မည်းမှောင်နေသော ဝါးတောရှိရာဆီသို့ ရောက်ခဲ့ကြသည်။

"ကဲ ... ဒီမှာအထိုင်ချပြီး ဒီမှာပဲ ခုတ်လိုက်ကြမယ်"

အတွေ့အကြုံလည်းရှိ၊ ဝါလည်းရင့်သော လှည်းအဖွဲ့ခေါင်း ဆောင်လုပ်သူ ဦးကြီးညိုမှိုင်းက နေရာကိုရွေးချယ်ကာ လှည်းတို့ကို ဝိုင်းလျက် ရပ်လိုက်သည်။ ဦးစွာ တောပိုင်တောင်ပိုင်တို့ကို မြှောက်တင် တောင်းပန်တိုးလျှိုးလိုက်ပြီး နွားတို့ကို ဖြုတ်ကာ ဝန်းကျင်ရှိသစ်ပင်တို့တွင်ချည်ကာ လွန်ထားလိုက်ကြသည်။ လှည်းထက်တွင် ယူဆောင်လာခဲ့ကြသော ကောက်ရိုးတို့ကို ချကျွေးထားလိုက်သည်။

အချိန်က စောသေးသဖြင့် ဓားများကိုင်ကာ တောင်စောင်းအလိုက် ဆင်ခြေလျှောတွင် စောင်းလျက် ပေါက်နေကြသော မျှင်ဝါး၊ ဝါးယား၊ ဝါးနက်ဝါးတို့ကို တစ်ချက်ခုတ်လျှင် တစ်ပင်နှုန်း တိခနဲ ပြတ်ကျသွားအောင် ခုတ်နေကြပေသည်။ ဝါးတို့မှာ ဆင်ခြေလျှောတောင်စောင်းအတိုင်း တဝေါဝေါဖြင့် ထိုးကျလျက်ရှိပေသည်။

ခုတ်ပြီးသားဝါးတို့ကို အတိုင်းအတာအရ လိုသလောက်ဖြတ်၊ လှည်းပေါ်သို့ တင်ကြရမည်။ အပုံသာကျန်ရှိတော့သည်မို့ အားလုံးနံနက်စာထမင်းကို ဝိုင်းကာ စားလိုက်ကြပေသည်။ ထမင်းစားသောက်အပြီး ခုတ်ပြီးသားဝါးကို အတိုင်းအတာအရ (၁၂)တောင်ခန့် သတ်မှတ်ဖြတ်ပိုင်း လှည်းပေါ်တင်နေကြချိန် ချည်နှောင်ထားသောနွားတို့က သူတို့နှင့် မဆိုင်သဖြင့် ကောက်ရိုးများကိုစားကာ စားမြုံ့ပြန်နေစဉ်အတွင်း ...

"ရှူး ... ဖူး ... ဖူး ... ဖူး ..."



www.burmeseclassic.com

www.burmeseclassic.com


သစ်ပင်တွင် ချည်နှောင်ထားသော နွားတို့၏ နှာမှုတ်သံပြင်းပြင်းကို ကြားလိုက်ရသလို၊ အခြားသောနွားတို့ကလည်း တထိတ်တလန့်ဖြစ်နေသည်ကို ဦးကြီးမှိုင်း သတိပြုမိသလို၊ ဝါးသယ်နေကြသူတို့ကလည်း သတိထားလိုက်မိချိန် ...

"အားလုံး သတိထားကြပေဟေ့။ နွားတွေ တစ်ခုခုကို ထိတ်လန့်နေသလိုပဲ။ ဓားတွေ အသင့်ကိုင်ပြီး နွားတွေအနားကို ကပ်ကြ"

ဦးကြီးမှိုင်း သတိပေးလိုက်သည့်အသံ ပေါ်လာသလို၊ တောသဘာဝအတိုင်း သွားသတိ၊ စားသတိရှိနေကြသော ဝါးခုတ်သမားတို့ကလည်း အခြေအနေကို အကဲခတ်လိုက်မိသောအချိန်၊ ဦးကြီးသိန်းဝင်းနှင့် ဦးတင်ထွန်းတို့ကလည်း လှမ်းသတိပေးနေပြန်သည်။

သို့အတွက် မြတ်မင်းဟန်၊ နေစိုးသော်တို့နှစ်ယောက်က နွားများကို စုပ်သပ်၍ ထိန်းသော်လည်း အကြောက်လွန်နေသည့် နွားတို့က ဘယ်လိုမှ ထိန်းမရ။ နွားလှန်ကြိုးတို့ကို စောင့်ရုန်းပြီး ထွက်ပြေးဖို့ ဦးတည်နေကြသည်။

အချို့သောနွားတို့မှာ ကြိုးပြတ်ပြီး ခြေဦးတည့်ရာကို ထွက်ပြေးကြသည်ကိုလည်း တွေ့လိုက်ကြရပေသည်။ ဓားကိုယ်စီကိုင်ကာ ရပ်နေကြသော ဝါးခုတ်သမားတို့ ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေစဉ် အလျှားထိုးပြေးဝင်လာသော ကျားကြီးတစ်ကောင်သည် သစ်ပင်တွင် ချည်နှောင်ထားသော နွားတစ်ကောင်ကို ခုန်အုပ်ကာ လည်မျိုကို ကိုက်ခဲသွေးစုပ်နေသည်ကို အားလုံး မြင်တွေ့လိုက်ကြရပေသည်။

"အောင်မယ်လေး ... လုပ်ကြပါဦးဗျာ။ ရှိစုမဲ့စု ဒီနွားကလေး ကျားကိုက်ခံရလို့ ကျွန်တော်တို့မိသားစု ဒုက္ခကောင်းကောင်းရောက်ပါပြီ။ ဟီး ဟီး ဟီး"

ချုံးပွဲချငိုကြွေးနေသူက အခြားသူအသံမဟုတ်။ ဝါးခုတ်လာကြသည့်အထဲမှ ဝင်းစိန်တစ်ယောက်ပင်။ ကျားကြီးက သူတို့ရှေ့တွင် လည်ကုပ်ကိုကိုက်ထားသည့် နွားကြီး၏သွေးကို စုပ်ယူလိုက်ပြီး ဝမ်းဗိုက်ကို ညာလက်နှင့်ပုတ်ကာ ခွဲချလိုက်သည်။ ထွက်လာသော ဝမ်းတွင်းသားများကို ဓားကိုကိုင်ထားကြသည့် သူတို့တို့ရှေ့တွင်ပင် စားပြလိုက်သည်။ တစ်ယောက်မှ မလှုပ်ရဲ။

ကျားကြီးက နွား၏ဝမ်းဗိုက်သားတို့ကို စားပြီး အာသာပြေသွားဟန်ထင့်။ နောက်ကျောကို လှည့်ကာ သူ့လမ်းကြောင်းအတိုင်း တန့်နွဲ့နွဲ့ လျှောက်လှမ်းပျောက်ကွယ်သွားသည်ထိ ကြောက်ရွံ့စွာ ဓားကိုင်ကြည့်နေကြသူတို့အထဲမှ အသံက ထွက်လာသည် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျားမကြီးကွ။ နဲတာကြီးမဟုတ်ဘူး။ ကြီးလိုက်တာကွာ"

သူ့အသံကြောင့် အားလုံး အသက်ဝင်လာခဲ့ကြသော်လည်း သူ ဘာကို မြင်လိုက်၍ ဘာက ဘယ်အထိကြီးသည်ကိုတော့ မည်သူမျှ သတိမထားလိုက်မိကြ။ အော်ဟစ်ပြောလိုက်သည့် အသံကတော့ ဦးကြီးညိုမှိုင်းအသံ။ သူ ဘာကို မြင်လိုက်သဖြင့် ယခုလိုပြောလိုက်သည်ကိုတော့ မည်သူမှ မသိလိုက်ကြ။

ကျားကြီး နွားဇါ်လည်ချောင်းသွေးကို စုပ်ယူပြီး နောက်ကျောသို့ လှည့်ထွက်အသွား ဝါးခုတ်သမားတို့ တိုင်ပင်ထားကြသကဲ့သို့ ပုဆိုးကို စွန်တောင်စွဲ ထွက်ပြေးကြရာ ရပ်ရွာဆီသို့ပင် ပြန်ရောက်ကုန်ကြ၏။

လေးအိမ်စုမှ ရွာသားတို့စုကာ ဓား၊ လှံ၊ လေး၊ မြားတို့ဖြင့် ကျန်ရစ်ခဲ့သည့် လှည်းနှင့်နွားတို့ကို ပြန်ကောက်ဖို့ တောထဲသို့ ပြန်ရောက်သွားကြသည့်အခါ အကိုက်ခံရသောနွားကို ဆွဲသွားသည့် စွပ်ကြောင်းကြီးနှင့် သွေးတို့သာ တွေ့လိုက်ကြရပေသည်။

ထိုဖြစ်ရပ်ပြီးသည့်နောက် (၁၀)ရက်ခန့်အကြာ ကရင်စုကျေးရွာမှ ရွာသူ တစ်သိုက် ဖောင်ကြီးစံပြဘက်ဆီတွင် ဈေးကောင်းရသော မှိုအတွက် တောကိုတက်ကာ မှိုတွင်းရှာကြသည်။ အုပ်စုဖွဲ့ကာ သွားကြသော်လည်း အုပ်စုခွဲထွက်သွားသည့် မိစမ်းဆိုသော မိန်းကလေးအား ထိုကျား လိုက်လံချောင်းမြောင်းကာ ပိုင်လောက်သည်နှင့် ချုံကွယ်မှ တိုးထွက်ကာ ကိုက်ချီပြေးတော့သည်။

တစ်ယောက်တည်း လောဘတက်ကာ အုပ်စုခွဲထွက်သွားသည်မို့ မည်သူမှ မသိလိုက်ရဘဲ အချိန်တန်လို့ ရွာကိုပြန်မရောက်သဖြင့် ရွာသားများအကူ အညီနှင့် ခင်ပွန်းဖြစ်သူ မောင်ဖြူက လိုက်လံရှာဖွေရာ အရိုးချည်းသာ တွေ့လိုက်ကြရပေသည်။ ထိုအဖြစ်နှင့် မရှေးမနှောင်း (၃)ရက်ခန့်အကြာ ရှမ်းဝါးတာရွာ မိခင် ဒေါ်တင်အေးနှင့်အတူ သားဖြစ်သူ ချိုတူးတို့နှစ်ယောက် မှေးတွင်းတူးကြရာမှ သား ဖြစ်သူကို ကျားမကြီးက ဝင်ဆွဲပြီး လေးအိမ်စုဘက်ဆီသို့ ဆွဲသွားသော သတင်း ဖြစ်ပေသည်။

ဖခင်ဖြစ်သူ ကိုကျော်မြင့်က သူ့သားကို ကိုက်သတ်သွားသည့် ကျား နောက်ဆီသို့ လှံကိုကိုင်ပြီး လိုက်လံလက်စားချေမည်လုပ်သဖြင့် ရွာသားတို့ က အတင်းဆွဲထားကြရသည်။ ချိုးတူးအလောင်းကိုတွေ့တော့ အရိုးချည်းသာ ကျန်ခဲ့သည်မို့ နေရာတွင် တွင်းတူးမြှုပ်နှံလိုက်ရသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

"နေစမ်းပါဦးကွ ..။ ရွာနီးချုပ်စပ်တွေမှာ ကျားတစ်ကောင် ဒီလောက် သောင်းကျန်းနေတာ မင်းဘာလုပ်နေတာလဲ။ ဘာလဲ မင်းနဲ့ မဆိုင်လို့လား။ အေးပေါ့ ... မင်းအနားကို ဟိုတစ်ယောက်က ရောက်နေတော့ ကျန်တာတွေ မင်းနဲ့မဆိုင်တော့ဘူးပေါ့။ ဟုတ်လား ..."

ကျွန်တော်နှင့်ခင်သစ်တို့ မာလကာသီးခူးနေစဉ် ဆိုင်ကယ်နှင့်ရောက်ချလာသော အောင်ဇော်၏ အပနာမစကားပင်။ ကျွန်တော်က သူ့ကို တအံ့တဩနှင့် ကြည့်နေစဉ် ရှက်အမူအယာလေးနှင့်ဖြစ်နေသော ခင်သစ်က ...

"အစ်ကိုအောင်ဇော်နော် ... စကားကိုကြည့်ပြော။ ဟင်း ... လွန်လွန်းတယ်"

ခင်သစ် အငေါ်ထူးလိုက်သည့် စကားကြောင့် သဘောကျစွာ တဟားဟားရယ်မောနေစဉ် ကျွန်တော်က ...

"ကြားပါတယ် ... သူငယ်ချင်းရယ်။ ငါ့မှာ ကျည်အားနည်းနေလို့ ရန်ကုန်အဖွဲ့ကို စောင့်နေတာပါ။ လိုက်သွားပြီးခါရင် ကောင်းမလားလို့ စဉ်းစားနေကာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ခုမှ စဉ်းစားနေတုန်းရှိသေးတယ်။ ရွာတွေမှာ ကျားဆွဲလို့ လူတွေကုန်တော့မယ်။ ပြောင်းပြေးကြတဲ့လူတွေလည်း မနည်းတော့ဘူးကွ။ ရန်ကုန် အဖွဲ့မလာရင် မစဉ်းစားတော့ဘူးလား။ မင်းကုန်းရဲစခန်းမှာ မင်းနဲ့အတူပစ်နေတဲ့ ထောင်ထွက်ကြီးတစ်ယောက် ရှိနေတယ်မို့လား။ သူ့အကူအညီကို တောင်းပါ လား"

သူသတိပေးလိုက်သည့် စကားကြောင့် ကျွန်တော် ပြန်လည်သတိရ လိုက်မိတာ ပြောလိုက်သည်က ...

"အေး ...ဟုတ်သားပဲ။ မင်းပြောမှ ငါလည်းသတိရတယ်။ သူက မင်းပြောသလို ထောင်ထွက်ကြီး မဟုတ်ပါဘူးကွ။ ထောင်မှူးကြီးသိန်းဝင်းဆိုတဲ့ သူပါဟ"

ကျွန်တော့်အပြောကြောင့် သူက ဟားတိုက်ရယ်လိုက်ရင်းက ...

"ငါမှမသိဘဲကွ။ ဒါဆိုရင် မင်းအခုလိုက်ခဲ့ သူ့ဆီကို အကူအညီသွား တောင်းမယ်။ ဒါကြောင့် ငါ ဆိုင်ကယ်ပါ ယူလာခဲ့တာ"

"ကဲ ...သွားလိုက်ကြရအောင်။ မင်း ဗိုက်ဖြည့်လိုက်ဦးမလား။ ဆတ်သားခြောက်ဖုတ်နဲ့ အဖန်ရည်သောက်လိုက်ဦး။ ပြီးတော့ သွားလိုက်ကြ မယ်"

"ငါ့ကို ခုမှ လာဖားမနေနဲ့။ ခုပဲသွားမယ်။ ဟိုရောက်မှ စားကြမယ်"

သူ့စကားကြောင့် ကျွန်တော် ဘာမှပြန်မပြောလိုက်သော်လည်း ခင်သစ် လှမ်းထိုးလိုက်သည့် မျက်စောင်းက နဂါးတစ်ကောင်ဖြစ်ခဲ့ပါမူ ပြာကျလောက် သည်ပင်။

နှစ်ဦးသား 'မင်းကုန်းရဲစခန်း' ထောင်မှူးကြီးသိန်းဝင်းနှင့်တွေ့ကာ အကျိုး အကြောင်း ပြောပြလိုက်တော့ သူနှင့်တပည့်နှစ်ယောက် ထိုကိစ္စကို တင်ပြပြီး ညနေရောက်လာမည်။ သေနတ်လည်း (၃) လက်ပါမည်ဟုပြောကာ ကျွန်တော့် အား တိုက်ထွက်(ပတ်ကားကျည်) ၅ တောင့်နှင့် (ကက်ယမ်း) များပေးကာ ထမင်းပါကျွေးပြီး လိုအပ်သည်တို့ကို ကြိုတင်ပြင်ဆင်ထားရန် မှာကြားပြီး ပြန် လွှတ်လိုက်ပေသည်။

ကျွန်တော်ကအပြန် ကျေးရွာဥက္ကဋ္ဌ 'ဦးဟန်ထွန်း'အား အကျိုးအကြောင်း ဝင်ပြောကာ ကာလသားခေါင်း၊ ဘစ်ဆင့် လူငယ်များနှင့် သန်မာသည့်အမျိုးသား

www.burmeseclassic.com



များကို လူစုနိုင်းလျက် လိုအပ်မည့် အရံအထားလုပ်ငန်းတို့ကို သူငယ်ချင်းအောင်ဇော်နှင့်အတူ လုပ်ကိုင်နေစဉ် မင်းကုန်းရဲဘက်စခန်းမှ ထောင်မှူးကြီးသိန်းဝင်းနှင့် သူ့တပည့်နှစ်ဦး ရောက်ရှိလာကြခဲ့သည်။ သူနှင့်ပါရှိလာသူနှစ်ဦးကား ဝန်ထမ်းများ မဟုတ်ဘဲ ရဲဘက်များအတွင်းမှ မုဆိုးအတွေ့အကြုံရင့်ကျက်သည့် လက်ရင်းတပည့် များပင်။

တစ်ဦးအမည်က မျောက်တင်သောင်းဖြစ်သည်။ ကျန်တစ်ဦးကား ပုပု သေးသေးကလေး မျက်မှန်ဝိုင်းဝိုင်းကလေးနှင့် ကိုမြင့်ထွန်းတို့ပင်။

"ကျွန်တော် ညွှန်မှူးကို ဒီမှာဖြစ်နေတဲ့ကိစ္စကို တင်ပြပြီး ခွင့်ပြုချက်တောင်းတော့ ပေးတယ်ဗျ။ ဒါပေမဲ့ ကျွန်တော် ဒီတစ်ညပဲ နေလို့ရမယ်။ ရဲဘက်အသစ်တွေ ထပ်ရောက်လာလို့ နေလို့မရဘူး။ ပါလာတဲ့တပည့်နှစ်ယောက်နဲ့ သေနတ်တွေ ထားခဲ့မယ်။ သူတို့နှစ်ယောက်က အတွေ့အကြုံရင့်တဲ့ မုဆိုးတွေပါ။ ဘာတွေများ စီစဉ်ပြီးပြီလဲ"

"ကျွန်တော်တို့အဖွဲ့ လက်လှမ်းမီသလောက် ခြံစည်းရိုးတွေကို ပြန်ခတ်ကြပြီးပါပြီ။ လွတ်နေတဲ့ နေရာသုံးနေရာကတော့ သစ်ပင်ထက်မှာ လင့်ထိုးထားပြီး အခြားဝင်နိုင်တဲ့နေရာတွေမှာ 'သံညှပ်၊ သုတ်ကိုင်း၊ တုံးဘိ၊ လေးချက်တွေ' ကို ဆင်ထားပါတယ် ထောင်မှူးကြီး"

"ကျန်တာတွေကထားပါ။ လေးချက်ကတော့ ဂရုစိုက်ရမယ်။ လေးချက်ထောင်ချောက်ကို ဘာနဲ့ထောင်သလဲဗျ"

ဝင်ရောက်မေးမြန်းလိုက်သူက တပည့် ကိုမြင့်ထွန်းပင်။ သူ မေးလိုက်သည်ကလည်း ဟုတ်တော့ဟုတ်သည်။ အဘယ့်ကြောင့်ဆိုသော် 'လေးချက်ထောင်ချောက်မျိုးဆိုသည်က ယခုလို ရွာနီးချုပ်စပ်၊ လူသူများသလို အိမ်မွေးတိရစ္ဆာန်တို့ သွားလာလှုပ်ရှားမှုများသည့် နေရာမျိုးတွင်ထောင်သည့် ထောင်ချောက် မျိုးမဟုတ်။

တောနက်ကြီးတို့အတွင်း (လူသူအရောက်အပေါက် နည်းပါးပြီး အိမ်မွေး တိရစ္ဆာန်တို့ လုံးဝမရောက်လာနိုင်သည့် နေရာမျိုးတွင်သာ ထောင်ကြသည့် ထောင်ချောက်မျိုးပင်။

သားကောင် သွားလမ်းပြန်လမ်း ခြေရာကိုကြည့်၊ သားကောင်၏ အနိမ့် အမြင့် အနေအထားကိုကြည့်၊ သေနတ်ကို မောင်းခလုတ်တင်ကာ နွယ်ကြိုးနှင့် ဆက်ပြီး သစ်ပင်တွင်သေနတ်ကိုကပ်ကာ ချည်နှောင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ဖြုတ်ရန် ကြိုးကို သားကောင် ဝင်လမ်းထွက်လမ်းတွင် ကန့်လန့်ဖြတ်တားကာ ချည်နှောင်ထားလိုက်ခြင်းအားဖြင့် ထိုလမ်းအတိုင်းလာသော သားကောင်မှာ ကြိုးကိုတိုက်မိပြီး သေနတ်မောင်းပြုတ်ကာ သေပွဲဝင်ရသော ထောင်ချောက်မျိုးဖြစ်ပေသည်။ အလွန် အန္တရာယ်များလှပေသည်။

လေးချက်ထောင်ချောက်အကြောင်းနှင့် အလွန်အန္တရာယ်ကြီးပြီး အမှားမခံသည့် ထိုထောင်ချောက်အတွက် သူက မေးလိုက်သည်။ သို့အတွက် ကျွန်တော်က ထိုထောင်ချောက်မျိုးသည် အန္တရာယ်အလွန်ကြီးသည်ကို သိရှိကြောင်း၊ လတ်တလော ထောင်မှူးကြီးသိန်းဝင်းနဲ့အဖွဲ့ ရောက်လာကြမည်ဖြစ်သည့်အတွက် ယနေ့ညအတွက်သာ စီစဉ်ပြီး ရသည့်အချိန်ကလေးတွင် ရသည့်ထောင်ချောက်မျိုးကို အလွယ်တကူဆင်ထားရပြီး ဖြစ်ပေါ်လာမည့် အန္တရာယ်တို့အတွက် ရွာသားတို့နှင့် အပြင်အာဏာပိုင်အဖွဲ့အစည်းတို့နှင့်ပါ ကြိုတင်ညှိနှိုင်းထားပြီး လတ်တလော လုပ်ဆောင်လိုက်ရကြောင်း တောင်းပန်ရှင်းပြလိုက်ရ၏။ သူတို့အတွက် စားဖွယ်သောက်ဖွယ်တို့နှင့် ပြုစုညှိခံလိုက်ပေသည်။

ကျေးငှက်တို့ အိပ်တန်းတက်သံ၊ တောကြက်ဖင်ယ်တို့၏ ဟိုအနားသည်အနားတို့ဆီမှ တွန်သံများအကြားမှ ထောင်မှူးကြီး သိန်းဝင်းက ...

"မင်းတို့ပြောတဲ့ စကားအရဆိုရင် ဒီအကောင်ဝင်မွှေနေတာ (၇)ရွာလောက်ရှိမယ်ကွ။ ဝင်မွှေနေတဲ့အကျောကို ကြည့်တော့လည်း မင်းတို့အပိုင် (၁၀)ရွာအုပ်စု တစ်ကျောတည်းအတွင်းဆိုတော့ အခြားရွာတွေကို ဘယ်လိုစီစဉ်ထားကြသလဲ။ လုပ်ပါဦး"

"အခြားရွာတွေတော့ ကောင်စီဥက္ကဋ္ဌ ဦးဟန်ထွန်း အစီအမံနဲ့ ခုလိုပဲ ကျေးရွာသားတွေကိုစု၊ ခြံစည်းရိုးကာ၊ လေးမြားတွေနဲ့ အသင့်စောင့်ခိုင်းထားတို့ကို စီမံထားပါတယ်။ အကယ်၍ ဒီအကောင်ကြီး အခြားရွာကိုဝင်ရင် အချက်ပေးစနစ်နဲ့ အသိပေးရင် ကျွန်တော်တို့ သွားရောက်ပစ်ခတ်ကြဖို့ စီစဉ်ထားပါတယ်"

"အေး ... ကောင်းပါတယ်။ ဒါနဲ့ ဆိတ်တစ်ကောင်လောက် ရနိုင်မလား"

"ဘာလုပ်ဖို့လဲ ထောင်မှူးကြီး"

"ငါးစာတပ်ဖို့ပါ။ လင့်စောင့်မဲ့တစ်နေရာမှာ ကြိုးနဲ့ချည်ပြီး သူ့ကိုမျှားလေ"



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးက သူ့သဘောထားကို ရှင်းပြနေစဉ် ဉာဏ်လင်းထက်ဆိုသည့် ကာလသားခေါင်းဆောင်က …

"ဟာဗျာ … ကူတော့ ကူညီချင်ပါတယ်။ ကျုပ်က ကျားကို ကြောက်တယ်ဗျ"

"မကြောက်ပါနဲ့ဗျာ။ ခင်ဗျားတို့ အကူအညီဆိုတာက ကျားနဲ့ နပန်းလုံးခိုင်းမှာ မဟုတ်ပါဘူး။ ဒီကျားအကြောင်းကို ကျွန်တော် တွေးနေတာက သူတို့ဟာ တော်ရုံတန်ရုံနဲ့ လူကိုဝင်ဆွဲ၊ ဝင်ကိုက်ကြတဲ့ အကောင်မျိုး မဟုတ်ပါဘူး။ ကျွဲတွေ၊ နွားတွေကိုလည်း ဝင်ဆွဲပြီး စားလေ့မရှိပါဘူး။

သားပေါက်နေတဲ့ သားရဲတွင်းနားကို ရောက်သွားတဲ့အခါမျိုး၊ လူနဲ့ ရင်ဆိုင်ထိပ်တိုက်တိုးကြတဲ့အခါ မလွှဲသာမရှောင်သာ ကိုက်ရတာမျိုး၊ သဘာဝအရ သူတို့စားသောက်ဖို့အတွက် တောတွင်းသားကောင် ရှားပါးတဲ့အတွက် ရွာတွေကိုချဉ်းကပ်ပြီး လူမွေးတိရစ္ဆာန်တွေ ဝင်ဆွဲတတ်ကြတာမျိုး ရှိကြတယ်ဗျ။

ခု ဒီကျားကြီးလုပ်ရပ်ကို ကျွန်တော် ကောက်ချက်ဆွဲတာကတော့ မှန်တာမမှန်တာတော့ ဒီအကောင်ကြီးကိုရတော့မှ အဖြေသိကြပေါ့ဗျာ။ ကျွန်တော့်အထင်တော့ ဒဏ်ရာရထားတဲ့ အကောင်ကြီးဖြစ်ဖို့ များတယ်။

သဘာဝကြောင့် အိုမင်းရင့်ရော်တဲ့အကောင်လား၊ လူသားတွေလက်ချက်နဲ့ ဒဏ်ရာရတာလား၊ သူတို့တောတွင်း သားကောင်အချင်းချင်း ကိုက်ရင်း၊ ခိုက်ရင်းလား တစ်ခုခုပဲလို့ ထင်တယ်ဗျ"

ထိုသို့ ပြောကြားနေစဉ် တဲရှေ့မှရွာသား ကျောက်ခဲအသံက …

"ဆိတ်ကို ဆွဲလာပြီဗျို့။ ဘယ်နားမှာ ချည်ရမလဲ"

"ရွာစွန်မှာရှိတဲ့ လင့်စင်အောက်မြေပြင်ကို ငုတ်စိုက်ချည်ထား။ ပစ်ကွင်းဖြစ်ပစေနော်။ မျောက်တင်သောင်း မင်းလိုက်သွားပြီး အခြေအနေ ကြည့်စီစဉ်ခဲ့။ မင်းလည်း အဲဒီမှာပဲနေ။ ငါတို့ နောက်ကလိုက်ခဲ့မယ်"

ပြောပြောဆိုဆို သေနတ်တစ်လက်ကိုကိုင်လျက် မျောက်တင်သောင်းနှင့် ကျောက်ခဲတို့နှစ်ယောက် ဆိတ်တစ်ကောင်ကိုဆွဲကာ ထွက်သွားကြသည်ကို တွေ့လိုက်ရပေသည်။ ကျွန်တော်တို့အဖွဲ့ အတန်ကြာတော့ အမှောင်က မင်းမူလာပြီမို့ မုဆိုးအသုံးအဆောင်တို့ကို ယူငင်ကာ လင့်စင်အသီးသီးတွင် နေရာယူရန် ထွက်ခဲ့ကြမည်အလုပ်တွင် …



www.burmeseclassic.com

www.burmeseclassic.com



"ရွာက လူတွေ၊ ကျွဲတွေ၊ နွားတွေ အပြင်ကို လုံးဝမထွက်ကြဖို့ အကြောင်းကြားထားနော်။ အရေးအကြောင်းရှိရင် အချက်ပေးဖို့ မှာထားလိုက်ကြ"

ထောင်မှူးကြီးက ကျန်ရစ်ခဲ့သည့် ရွာသားတို့ကို မှာကြားကာ နေရာယူဖို့ နေရာအသီးသီးဆီသို့ ကိုယ့်အုပ်စုနှင့်ကိုယ် သွားလိုက်ကြပေတော့သည်။

ကျွန်တော်၊ ထောင်မှူးကြီးနှင့် သူ့တပည့် (၃) ယောက်တို့ ရွာထိပ်သပြေပင်ကြီး ခွဆုံကိုင်းတွင် တည်ဆောက်ထားသည့် လင့်ထက်ဆီသို့ တက်ရောက်နေရာယူလိုက်ကြပြီး ဝန်းကျင်ကိုကြည့်ရာ မလှမ်းကမ်းတွင် မြေကြီးကိုငုတ်ရိုက်ကာ ကြိုးချည်ထားသော ဆိတ်တစ်ကောင်ကို တွေ့လိုက်ရသည်။ ထိုစဉ် ခပ်လှမ်းလှမ်းဆီမှ ဆတ်တစ်လိုက်သည့် အသံမျိုးကြားလိုက်ရသည်မို့ ကျွန်တော်က ..

"ဟော ... ဆတ်တစ်သံဗျ။ ကြားလိုက်ကြရဲ့လား"

"ကြားပါတယ်။ အဆုံးအဖြတ် မစောနဲ့။ အခြားသားကောင်တွေ ဘာသံထွက်လာဦးမယ်ဆိုတာ စောင့်နားထောင်။ ကျွန်တော်ကတော့ မထင်"

ထောင်မှူးကြီးက ထိုသို့ပြောလိုက်ရင်း ဆက်ပြောလိုက်သည်က ...

သူ ဘာကိုရည်ရွယ်ပြောလိုက်သည်ကို ကျွန်တော်မသိ။ သို့အတွက် သူ့မျက်နှာကိုကြည့်လိုက်တော့ ဆက်ပြောလိုက်သည့် စကားတို့က ...

"ဒီမှာ ... မုဆိုးဘိုလေး။ ကျားဆိုတဲ့အကောင် ဘာကြောင့် တစ်သလဲဆိုတာ သိရဲ့လား"

"ဟာ ... မသိဘူး ထောင်မှူးကြီး"

လင့်ထက်ဆီသို့ရောက်ပြီး ကျားအဝင်ကို စောင့်နေသည့်အချိန် တွေရာလေးပါးပြောကြရင်း ထောင်မှူးနှင့်စကားပြောနေစဉ် မျောက်တင်သောင်းက ..

"အာစရိ ... ကျားတို့သဘာဝ အော်ကြတာမို့လား"

သူ့အထင်ကို ပြောလိုက်သည်ကြောင့် ပြုံးလိုက်ရင်း လွယ်အိတ်အတွင်းမှ ပုလင်းပြားကလေးကို မော့လိုက်သည်။ တစ်ဝက်နီးပါး သောက်လိုက်ပြီးမှ .

"ယေဘူယျတော့ မှန်တယ်ကွ။ ဒါပေမဲ့ မုဆိုးလုပ်တဲ့သူတွေအတွက်တော့ မတိကျဘူးကွ။ မင်းကြားဖူးမှာပေါ့။ လူမရဲရင် ဟစ်တယ်၊ ကျားမရဲတော့ တစ်တယ်တဲ့။ ကျားတွေလည်း ထိတ်လန့်စရာကိုတွေ့ ရင်တုန်လှုပ်ကြတာပေါ့ကွာ။ သူတို့စိတ်ထဲမှာ ကြောက်ရွံ့စရာ၊ ထိတ်လန့်စရာပေါ်လာရင် တစ်ကြတယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်က သူတို့ တစ်သံပေးကြတဲ့အသံက ဆတ်တစ်သံနဲ့ တူတယ်ဆိုတော့ အခြားသားကောင်တွေရော လူတွေပါ အထင်မှားပြီး သူ့ကို မကြောက်ရန် မှားတဲ့အသံမျိုးကွ။ ဒါကြောင့် အဆုံးအဖြတ်မစောနဲ့။

အခြားသော သားကောင်တွေ အော်ဟစ်သံကို နားထောင်ကြည့်ဦးလို့ ပြောတာပေါ့။ ခုတော့လည်း အဲဒီဆတ်တစ်သံမျိုးအပြင် အခြားသားကောင်တွေ အော်ဟစ်သံ မကြားရဘူးလေ။ ဒါကြောင့် မသင်္ကာစရာ အသံမျိုးကွ"

နောက်တစ်ချက်က ဒီအကောင်တွေ အသံတု လုပ်တတ်ကြတယ်။ ဥပမာ တောကြက်ပေါက်စလေးတွေ အော်တဲ့အသံမျိုး၊ ချောင်းဆိုးတဲ့အသံမျိုး၊ အရက်မူးပြီး အော့အန်သံမျိုး စတာတွေကို အသံတု လုပ်တတ်ကြတယ်ကွ"

သူပြောပြနေသည့် ကျားတို့၏ စရိုက်လက္ခဏာတွေသည် မည်မျှ တွေ့ကြုံထားသည်ကိုတော့မသိ။ အမှန်တွေပင် ဖြစ်ပေသည်မို့ တလေးတစား ဖြစ်မိသည်။ ထိုစဉ် သူဆက်ပြောလိုက်သည်က ...

"အေး ... မုဆိုးကြီးတွေ ပြောစကားအရ သူတို့ပြောစကားတွေကို မှတ်သား နာယူရင် အန္တရာယ်ကင်းတယ်ကွ။ ဒါကြောင့် စကားပြောတာကို ရပ်ကြတော့။ ညဉ့်နက်လာပြီဆိုတော့ ကျားတွေထွက်ချိန် နီးပြီ။ လူသံကြားရင် ဟိုက ဆိတ်ဆိ ကပ်မှာမဟုတ်ဘူး"

သူက အရက်ပုလင်းကိုထုတ်ပြီး မော့နေသည်မို့ ကျွန်တော်ကလည်း ကျောပိုးအိတ်အတွင်းက ပုလင်းကိုထုတ်ကာမော့နေစဉ် မျောက်တင်သောင်းက–

"ကျွန်တော်တို့က ငြိမ်နေပါပြီတဲ့။ ကြာလာလို့ ဒီမှာ ကျွန်တော်တို့ရှိတာ သိသွားရင် ခုန်ဆွဲမလား အာစရိ"

"ကျားတို့ ဆင်တို့က အပင်ပေါ်ကို မော့ကြည့်တဲ့ အကောင်မျိုးမဟုတ် ဘူး။ သစ်ပင်လည်း မတက်တတ်ကြဘူး။ ကျားသစ်ဆိုရင် ဟုတ်တာပေါ့။ အင်မတန် ပါးတဲ့ အကောင်မျိုးလေ။ ဒါကြောင့် လရောင်နဲ့ လက်တို့ ခြေတို့ ပြောကြမယ်။

သစ်ပင်မတက်တတ်ဘူးဆိုလို့ အထင်တော့မသေးနဲ့။ သစ်ပင် ခွဆုံကိုင်း မှာ ရှဉ့်၊ ရှဉ့်နီပေါ၊ လင်းသက်၊ ရှူးပျံဆိုတဲ့အကောင်တွေ အိပ်နေမှန်းသိရင် သတ်စားပစ်တယ်ကွ။ ကျားကုတ်ကျားခဲဆိုတဲ့ စကားက အဲဒါကိုရည်ညွှန်းပြီး ပေါ်ပေါက်လာတဲ့စကားပဲ။ မှတ်ထားကြ"

ဝထောင်မှူးကြီးက စကားကို လက်စသတ်လိုက်သည်။ အောက်တွင် ကြိုးချည်ထားသော ဆိတ်မှာလည်း ခပ်လှမ်းလှမ်းသိမှ ခွေးအ,တို့ အူကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်နေဟန်ထင့်။ အမှောင်တွင်းမှ 'တပဲပဲ' အော်ရင်း ရှန်းကန်နေသည့် အသံကို ကြားလိုက်ရပေသည်။

တိတ်ဆိတ်လွန်းသောညတွင် ဆိတ်အော်သံမှာ ကျယ်လောင်လွန်းလှသည်။ ကျွန်တော်တို့ သောက်နေကြရင်း ထောင်မှူးကြီးက လက်တို့ခြေတို့နှင့် အထာပြ လိုက်သည့်အတွက် ခေါင်းညိတ်ပြလိုက်သည်။ သူ့ပစ်ခိုင်းမှ ပစ်ကြရန်ကို ပြသ ပြောကြားခြင်းပင်။

ညသန်းခေါင်ကျော်ပြီး (၂) နာရီသာသာတွင် အောက်တွင်ရှိသော ဆိတ် သည် အော်နေရုံပင်မက တအားကုန်းရုန်းနေသည်။ ထိုစဉ် မျောက်တင်သောင်း ကို လက်နှိပ်မီးလှမ်းပေးလိုက်ပြီး သူထိုးခိုင်းမှ မီးထိုးရန် ကျွန်တော်တို့နှစ်ယောက် ပစ်ပြီးမှ သူက စခန်းသိမ်းပစ်ခတ်ရန် အထာပြလိုက်ပေသည်။

ထိုအချိန်တွင် ညဥ့်ငှက်တို့ ပျံသန်းအစာရှာဖွေကြရင်း အော်မြည်သံ တို့အကြားမှ အတန်အလှမ်းဝေးရာဆီမှ တောကောင်ကြီး ဝင်ကပ်သဖြင့် ခြောက် လှန့်မောင်းထုတ်သည့် အသံတို့ကို ကြားလိုက်ကြရသဖြင့် ခန့်မှန်းလိုက်ကြတော့ လေးအိမ်စုရွာဘက်ဆီလောက်မှဟု ခန့်မှန်းလိုက်ကြသည်။

ထိုရွာသည် ကျွန်တော်တို့ရွာနှင့် (၇) ရွာခြားသဖြင့် အလှမ်းဝေးသည် ဆိုသော်လည်း လျင်မြန်သွက်လက်သည့် အကောင်မျိုးမို့ ရောက်မလာဟု ပြော လို့ကမရ။ သို့အတွက် ငြိမ်နေကြသော်လည်း အောက်တွင် ကြိုးချည်ထားသည့် အိတ်ကတော့ စောစောပိုင်းက အော်သည်ထက် ပိုအော်သလို ပိုမိုရုန်းကန်နေသည် ကို သတိပြုလိုက်မိကြပေသည်။

ဆိတ်မှာ အော်ဟစ်ရုန်းကန်နေရုံသာမက မြေကြီးကို ခွာနှင့်ယက်ကာ ဂဏှာမငြိမ်လည်း ဖြစ်နေသည်။ ထိုအချိန် ထောင်မှူးကြီးက အောက်ကိုစိုက်ကာ သေနတ်နှင့် ချိန်ရွယ်လိုက်သလို ကျွန်တော်ကလည်း ချိန်ရွယ်ထားလိုက်ကာ အခြေ အနေကို လရောင်နှင့် ရှာဖွေ ကြည့်ရှုနေလိုက်မိပေသည်။

အတန်ကြာကြာ စောင့်ဆိုင်းနေလိုက်စဉ် ရှဉ့်မတက်ချုံတောဘက်ဆီမှ 'ဟဲ'ခနဲ မာန်းသွင်းသံကြီးကို ကြားလိုက်ရပြီး လရောင်အောက်တွင် လွှားခနဲ တော ပင်တို့ကို ခုန်လွှားလိုက်သော အကောင်ကြီးကို ချို့တဲ့သောလရောင်နှင့် ရိပ်ခနဲ တွေ့လိုက်ရသည်မို့ မျောက်တင်သောင်းကိုင်ဆောင်ထားသည့် လေးခဲထိုး မီးရောင်က အမှောင်ထုကို ထိုးဖောက်တန်းဆင်းသွားကာ သားကောင်ကြီး ... တစ်လံသာသာ မြေပြင်ကို စိုက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်အောက်တွင် အနီတစ်ကန့်၊ အနက်တစ်ကန့်နှင့် ကြီးမားသော ဟင်းကောင်ကြီးက အမှတ်မထင်ပေါ်လာသည့် မီးအလင်းတန်းကို တအံ့တသြအသွင်နှင့်ဖြစ်ကာ အပေါ်ကို မော့အကြည့် ရဲရဲတောက်နေသော မျက်လုံးနှစ်လုံးကြားသို့ ထောင်မှူးကြီးသိန်းဝင်း ကိုင်ဆောင်ထားသည့် (၃၀ ၀ ၀၆ စပရင်းဖီးလ်) ၏ ပေါက်ကွဲမြည်ဟိန်းသံကြီးက ဝန်းကျင်တစ်ဝိုက်နှင့် ရွာအတွင်းကို ဖုံးလွှမ်းသွားပေသည်။

"ဒိုင်း ..."

သေနတ်သံကြီးနှင့်အတူ သားကောင်ကြီးမှာ လူတစ်ရပ်သာသာ အပေါ်သို့ ခုန်တက်ပြီး မြေပြင်သို့ပြန်အကျ၊ နာကျည်းရန်လိုသံကြီးနှင့် လူးလိမ့်နေသော ဟင်းမျိုးကြီးအား ကျွန်တော်ကိုင်ဆောင်ထားသည့် သေနတ်နှင့် ပစ်သွင်းလိုက်သည့်အသံက ဖုံးလွှမ်းသွားပြန်သည်။

အပေါ်မှ အောက်ကိုစိုက်ကာ ပစ်လိုက်ကြရသည့်မို့ တိုးတိမ်သွားလင့်ကစား ကျည်ခဲလုံးတို့က မျက်လုံးနှစ်လုံးအကြား ဦးနှောက်ကို ဖြတ်ဖောက်သွားခြင်း ခံလိုက်ရသလို နှစ်လုံးသားကိုလည်းအထိခံ ဖြတ်ဖောက်ခြင်းခံလိုက်ရသည့်မို့ အသက်ပျောက်ကာ ငြိမ်သက်သွားသည်ကို တွေ့လိုက်ကြရပေတော့သည်။

မီးကို ထောက်ထိုးထားသော မျောက်တင်သောင်းက သွေးသံရဲရဲနှင့် အသက်ပျောက်နေသော ကျားကြီးအခြေအနေကို ကြည့်လိုက်ရင်းမှ ကျားကြီးနှင့် တစ်လံယာသာတွင်ရှိသော ကြိုးချည်ထားသည့် ဆိတ်ရှိရာဆီသို့ မီးထိုးကြည့်လိုက်တော့ မြေပြင်တွင် ဘေးတိုက်လဲကျနေသည်ကို အံ့သြဖွယ်တွေ့မြင်လိုက်ကြရပေသည်။

"နေပါဦး ... ဆိတ်က ဘယ်လိုဖြစ်ရတာလဲဗျ။ ဘယ်သူမှမပစ်ဘဲနဲ့"

မျောက်တင်သောင်း ပြောလိုက်သည့်စကားကြောင့် ထောင်မှူးကြီး သိန်းဝင်း ပြန်ဖြေလိုက်သည်က ...

"အကြောက်လွန်ပြီး သေသွားတာလေကွာ။ သူ့နေရာမှာ မင်း ဝင်ခံစားကြည့်ပါလားကွ"

"ဝူး ... ဝူး ... ဟေး ..."

အတန်ကြာကြာ စောင့်စားနေလိုက်ကြစဉ် ရွာဘက်ဆီမှ လူအူသံပေးကာ ခေါ်နေသည့်မို့ ပြန်လည်အချက်ပေး ခေါ်ယူလိုက်သည့်အတွက် မီးတုတ်များနှင့် ရရာလက်နက်တို့ကို ဆွဲကိုင်ထားကြသည့် လူများရောက်ရှိလာကြသည့်မို့ ကျွန်တော်တို့ လင့်အောက်ကိုဆင်းကာ ကျားကြီးကို ကြည့်လိုက်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးမှာ ကျားမကြီးဖြစ်ပြီး လက်တစ်ဖက်က ပြတ်နေကာ ပုပ်နေသည့်အပြင် ဒဏ်ရာတွင် လောက်များပင်တက်နေသည်ကို တွေ့လိုက်ကြရပေသည်။ သို့အတွက် တောတွင်းထွက် အစာကို ရှာမစားနိုင်တော့သည့်အတွက် ရွာတွေကို ကပ်ကာ ဒုက္ခပေးနေခြင်းဖြစ်ပေမည်။ ကြည့်ရသည်မှာ သံညှပ်မိကာ ပြတ်သွားသည့်အသွင်မျိုးပင်။

"ကဲ ... ကာလသားခေါင်းကြီး၊ ခင်ဗျားတို့ ရွာသားတွေကို နှစ်ဖွဲ့ခွဲပြီး တစ်ဖွဲ့က ဆင်ထားတဲ့ထောင်ခြောက်တွေ လိုက်ဖြုတ်၊ ကျန်တဲ့အဖွဲ့က ဒီအကောင်တွေကို ရွာထဲသယ်ခဲ့ကြဗျာ။ ကျုပ်တို့ သွားတော့မယ်"

ထောင်မှူးကြီးသိန်းဝင်းက ကာလသားခေါင်းနှင့် ရွာသားတို့ကို မှာကြားလိုက်ပြီး ကျွန်တော်တို့သုံးဦးသား ပြန်ခဲ့ကြပေသည်။ ကျားနှင့်ဆိတ်သေ ရွာကိုရောက်တော့ မိုးစင်စင်လင်းနေပြီမို့ သူတို့အဖွဲ့အား ကျေးဇူးတင်နေသော ရွာသားများနှင့် ကျေးရွာဥက္ကဋ္ဌကို နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြပေတော့သည်။

✿ ✿ ✿

## ၁၁

❑

ကြားနေရသော သီချင်းသံ ချိုရှရှကလေးသည် တောတွင်းက မိုးလင်းကာပြန်လာသော ကျွန်တော့်ခြေလှမ်းတို့ကို တဒင်္ဂ ရပ်တန့်သွားစေသည်။ လရောင်တို့ စွန်းထင်းနေသော ဖြူလွလွ သူမ၏သဏ္ဌာန်သည် ကျွန်တော့်ရင်ကို ကြည်နူးစွာ လှုပ်ခတ်သွားသည်ကိုတော့ ခင်သစ်တစ်ယောက် သိမည်မဟုတ်။

ကျွန်တော့်နှလုံးသားကို ညို့ငင်ဖမ်းစားသွားသည့်အလား မီးမှိန်မှိန် လရောင်ဖြင့် သူမအနီး တရွေ့ရွေ့ တိုးကပ်လိုက်သည့်တိုင် သီချင်းဆိုသံ ကြားနေ



www.burmeseclassic.com

www.burmeseclassic.com


တုန်းရှိသေး။ နောက်ကျောမှ လရောင်စွန်းသည့် သူမအလှအား ကျွန်တော်ရပ်လျက်ကြည့်နေလိုက်မိသည်။

"ဘယ်အခါဘယ်အဝေးပြေးပစေ ××× သတိရနေချင် ×××
ခင်မင်သူလေးမျက်နှာ ××× တရေးရေးသာမြင် ×××
အတွေးများစွာကျယ် ××× ချစ်စိတ်တွေရယ် ×××
မောင့်ရင်မှာပဲ သိမ်းဆည်းထားမယ်ကွယ် ×××
ကိုယ်တို့နှစ်ဦး ချစ်ရည်လူးဖို့ရာပင် ×××
တူယှဉ်ပြိုင်မြူးဖို့ရာ ××× အရေးကလေးမျှော်မြင် ×××
တွေးဆွေးမနေချင် ××× ခန်းစက်ရာဝင် ×××
ဖူးရွှေလက်အား နာမှာအလွန်စိုးချင် ×××
ချစ်သူ ××× ဝေးဝေးမသွားစေချင် ××× "

တေးသွားမဆုံးမီ ခင်သစ် ကျွန်တော့်ကိုမြင်သွားသည်မို့ ...

"ဟင် ... အစ်ကို ဘယ်အချိန်က ရောက်လာပြီး ခိုးနားထောင်နေတာလဲ"

တေးသွားပင် မဆုံးသေး ရပ်လိုက်ပြီး ကျွန်တော့်ကို တအံ့တသြနှင့်မေးလိုက်သည်။ သူဆိုနေသည့်တေးသွားက မီမီဝင်းဖေဆိုသော တစ်ပါးသူမနှမ်းစေချင်ဆိုသည့် တေးသွားဖြစ်သည်ကို ကျွန်တော် သိရှိနေသည့်အတွက် ရှက်စနိုးအမူအရာနှင့် ...

"ကလေးမ ... ခုချိန်ထိမအိပ်သေးဘဲ ဘယ်သူ့ကို စောင့်နေတာလဲ"

ကျွန်တော့်အမေးကြောင့် ခပ်မော့မော့ မျက်နှာနုနုလေးမှ ကျွန်တော့်အမေးစကားတို့ကို ငြင်းဆန်ရန် အစရှာသော်လည်း အောင်မြင်ဟန်မတူ။ ထွက်လာသည့်စကားတို့က ...

"ဟင်း ... ပြောမှာပေါ့။ လာ ... ထိုင် အစ်ကို"

သူမနှင့် ခပ်ခွာခွာကလေး ဝင်ထိုင်ဖို့ သေနတ်ကို မာလကာပင်ကိုင်းတွင်ချိတ်ဆွဲလိုက်သည်။ ပြီးနောက် အသာဝင်ထိုင်လိုက်စဉ် ညလေနုအေး သယ်ဆောင်လာသည့် လေနှင့် ကိုယ်သင်းနံ့ ချိုချိုကလေးတို့ကို ရရှိလိုက်သည်က ကျွန်တော့်ရင်ကို တုန်လှုပ်သွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် လရောင်ဆမ်းသည့် ညဝန်းကျင်သည် ကျွန်တော်တို့နှစ်ဦး၏ရင်ကို အေးမြစေသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

စောစောက ခပ်ခွာခွာထိုင်နေရာမှ ယခုတော့ ချစ်သူခင်သစ် အနား တိုးကပ်လိုက်ရင်း ပခုံးနုနုကို ဆုပ်ကိုင်ကာ ဖက်လိုက်ရင်း အနမ်းမိုးကျဲကျဲ ရွာချလိုက်သည်။ ချစ်သူကို ပွေ့ဖက်ထားရင်းက နောင် ဖြစ်ပေါ်လာမည့်အရေးတို့ကို အများကြီး ကျွန်တော်ပြောပြချင်သော်လည်း ပြောရမည့်စကားတို့က ကျွန်တော့် ရင်တွင်းတွင် ခြောက်ကပ်နေသည်မို့ ကျွန်တော်တို့နှစ်ဦး၏အဖြစ်ကို တိတ်တခိုး မာလကာရွက်အကြိုအကြားတို့က ချောင်းကြည့်နေသည့် ဘော်ငွေရောင်လမင်း ကြီးကို ရှက်စနိုးအမူအရာနှင့် လက်ညှိုးထိုးကာပြနေသော ချစ်သူအပြုအမူကြောင့် ကောင်းကင်ထက်ဆီသို့ မော့ကြည့်လိုက်စဉ် ...

"အဟင်း ... အဟင်း ..."

နောက်ကျောဆီမှ ချောင်းဟန့်သံ ကြားလိုက်သဖြင့် နှစ်ဦးသား တထိတ် တလန့် လှည့်ကြည့်လိုက်တော့ နောက်ကျောပေးကာ အိမ်ဘက်ဆီသို့ လျှောက်လှမ်း နေသည့် မိခင်ကြီးကို နှစ်ဦးသား လရောင်အောက်တွင် တွေ့မြင်လိုက်ကြရပေ သည်။

ထိုအဖြစ်ကြောင့် ခင်သစ်က ကျွန်တော့်ရင်ခွင်တွင်းဆီသို့ တိုးဝင်ဖက် တွယ် ရှက်စနိုးဖြင့် သူ့မျက်နှာကို အပ်ထားသည်မို့ တင်းကြပ်စွာ ပြန်လည်ဖက် ထားလိုက်မိပေတော့သည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့နှစ်ဦးလုံး၏ ရင်တွင်းဖြစ်ခံစားမှုနှင့် သောက အချို့သည် နောင်ကြိုးဖွဲ့ရင်း နံနက်ခင်းသစ်မှ စတင်ကျော် ဖြတ်ကြရပေတော့ မည်။

အချိန်များစွာ၏ ကာလတစ်ခုခု၌မူ ...

လေးမောင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ၁

□

ဘေးဘယာတွေဝေးအောင် ဘယာကြော်ကို ဒါနပြုကြ၏၊ ကျေးကြ၏၊ ဘယာကြော်ဖြင့် ယတြာချေကြခြင်းပင်။ ဘယာကြော်လှူရင် ဘေးဘယာကို ကျော်ကြသတဲ့။ အခုရေးနေသည့် ဘယာကြော်ကတော့ လူတစ်ဦးရဲ့နာမည်ပါ။ ဘယာကြော်ရောင်းစားခဲ့ဖူး၍ သူ့ကို လူတွေက ဘယာကြော်ဟုသာ ခေါ်ကြ၏။ မြစ်ဝကျွန်းပေါ်ဒေသ မြိုင်သာမြို့ကလေးမှာ ဘယာကြော်ဆို လူသိများကြ၏။ အမည်ရင်းက သူ့ဘဝနဲ့ဆန့်ကျင်ဖက်၊ ကိုစိန်းငွေးကြွယ်တဲ့။

ဘယာကြော်ရဲ့ ဘဝကတော့ လက်လုပ်လက်စားအိမ်ကလည်း ယိုင်တံယိုင်ထိုး၊ မြစ်ကမ်းဘေးမှာ ခြေတံရှည်ဝါးအိမ်နဲ့ နေရသူ။ မိန်းမက ကုလားမ၊ ကုလားပေါင်းစုံစပ်ထားသော ဇာတ်ပျက်နေသည့် ကုလားမ။ ဝက်သားရော အမဲသားပါစား၏။ ကုလားစကားလည်း တစ်လုံးမှမတတ်။ မြန်မာစကားကိုပီအောင် ပြောတတ်သော ကုလားမလေးပေ့ါ။ ဘယာကြော်တစ်ယောက် အပေါင်းအသင်းမြှောက်ပေးလို့ ဘယာကြော်ရောင်းတဲ့ ကုလားမလေးကို ရည်းစားစကားပြောရာက ငြိစွန်းသွားပြီး အိမ်ထောင်ကျခဲ့ရခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com


ကုလားမလေးရဲ့ အဖေကလည်း အရက်သမား၊ ဘယာကြော်ကလည်း ဆိုက်ကားနင်းရင်း အရက်သောက်တော့ အပွနားနဲ့ပေါင်းမိပြီး သူ့သမီး ခါလီမာကို ရပါလေရော။

"တောက် ... ကုလားမယူရင် ဒူလာကောင်းတယ်ဆိုလို့ ဆိုက်ကားနင်းနေရတဲ့ ငါ့ဒူး ပြန်ကောင်းမယ်မှတ်တာ ဘာမှမထူးဘူး။ ညကျရင် နံတာရော စကားများတဲ့ဒဏ်ပါ လိုမ့်ခံနေရတယ်။ ခွေးမသား ဆန်းလင်း၊ ငနန်းနဲ့ ကြေျုတို့ မြှောက်ပေးလို့ဖြစ်ရတာ။ တွေ့မယ် ... ဒီကောင်တွေကို သုံးပိုင်းပိုင်းပြီး မြစ်ထဲ မျှောပစ်မယ်။

ဘယာကြော်ကြိမ်းဝါးနေပြီ။ လူက လူ့ဗလံလေး။ ဗေလုဝလောက်တောင် ဗလ၊ အရပ် ရှိတာမဟုတ်ဘူး။ ပြောလိုက်ရင် လူမိုက်စကားချည့်ပဲ။ ဆိုက်ကားဂိတ်ကလူတွေက သူ့ကို ရယ်စရာလို့ သတ်မှတ်ပြီး သူ့အော်ဆဲ ဆော်တုတ်ရင် ပြန်နောက်ပြောင် ရယ်မောကြတယ်။ ဘယာကြော် ဒေါသထွက်လေ ပိုရယ်ရလေပေါ့။ ဘယာကြော်ကလည်း သူ့ကိုယ်သူ လူမိုက်၊ သွေးမကြောင်၊ ဗိုလ်တကာ့ထိပ်ခေါင်လို့ ကြဲဖန်ပြီး သွေးနားထင်ရောက်နေရှာသူ။

ဆိုက်ကားဂိတ်ကကောင်တွေနဲ့ ရန်ဖြစ်ပြီး တုတ်ကြိမ်း၊ ဓားကြိမ်း ကြိမ်းပြီး ဆဲဆိုထွက်လာခဲ့တယ်။ ဂိတ်ကကောင်တွေက သူ့ကိုမခံချင်အောင် စနောက်တာပေါ့။ ကုလားမလင်ဖြစ်ပြီး ဘယာကြော် လိုက်ရောင်းနေတော့တာပဲ။ လင်ဗန်းမယေးနဲ့ သင်္ဘောဂိတ်၊ ကွန်ဒေါင်းဂိတ်၊ ကားဂိတ်တွေ လိုက်ရောင်းတယ်။

သူ့ယောက္ခမအပွနားကြီးဆုံးတော့ ဖဲဝိုင်းလုပ်လိုက်တာ ဖဲရှုံးပြီး အရင်းပြုတ်ရော။ အဲဒီမှာတင် ဘယာကြော်က ဆိုက်ကားပြန်နင်း၊ သူ့မိန်းမ ခါလီမာက အိမ်တွေမှာ အဝတ်လိုက်လျှော်ပေါ့။ ဘယာကြော်ကလည်း နင်းလို့ရတဲ့ပိုက်ဆံ အရက်သောက်ပစ်လိုက်တာ များတယ်။ မိန်းမနဲ့ တကျက်ကျက်ရန်ဖြစ်ရတယ်။ ဘယာကြော်က သူထင်ရာ သူလုပ်တာပဲ။

ဘယာကြော်ရဲ့ ဆွေမျိုးတွေရှိပေမယ့် ဘယာကြော်က အခေါ်အပြော လုပ်တာ မဟုတ်ဘူး။

"ဆင်းရဲပေမယ့် ဆင်းရဲသားမာနရှိတယ်ကွ။ ကိုယ်ကစပြီး ဘယ်တော့မှ မခေါ်ဘူး"

ကိုယ့်ဖက်က လူတွေကလည်း ခေါ်ပါဘူး။ တိုင်မှတ်လို့ နှပ်သုတ်တာ ကောင်မဟုတ်ဘူး။ ဘယာကြော်မှာက အမျိုးတွေတော့ရှိတယ်။ ဒါပေမဲ့ ... ကင်ကောင်ကြွက်လိုပဲ။ ဘယာကြော်ရဲ့မိဘတွေက စီးပွားရေးကျပ်လွန်းလို့ ဘခြား



www.burmeseclassic.com

www.burmeseclassic.com



မြို့ရွာ ပြောင်းသွားတယ်။ ဘယာကြော်ပဲ မြိုင်သာမြို့မှာ ကျန်ရစ်ခဲ့တာ။ ကုလားမနဲ့ အိမ်ထောင်ကျနေပြီကိုး။

"ဘယာကြော် ဒီနေ့ ဘယ်လောက်ရပြီလဲ"

"နေ့လယ်စာတောင် ရောက်ခါနီးပြီ ဈေးဦးတောင် မပေါက်သေးဘူး။ ဆိုက်ကားနင်းရတာလည်း မဟန်ပါဘူးကွာ။ တစ်နေ့ ခြောက်ရာရလိုက်၊ လေးရာရလိုက်နဲ့ ဆန်တစ်ပြည်တင် ခုနစ်ရာပေးနေရတာ။ ငါ့မိန်းမပိုက်ဆံနဲ့ စားနေရတာကွ။ ငါလည်း စိတ်ညစ်ပြီးရတဲ့ပိုက်ဆံ အရက်သောက်ပစ်တာပဲ။ မင်းရော ဘယ်လောက်ရပြီလဲ။

"ခုန ကားဂိတ်ကို ပို့ပေးလိုက်တာ လူနှစ်ယောက်ဝိတ်ကြီးကို ကုန်းပေါ် မနည်းကျားကန်တက်ပြီးနင်းရတာ လိပ်ခေါင်းထွက်မတတ်ပဲ။ ငါးရာပဲရသေးတယ်။ ကျုပ်ဝင်ငွေမကောင်းတော့လို့ ကျုပ်မိန်းမက နောက်ယောကျ်ားနောက်လိုက်သွားပြီ။ ကျုပ်လည်း စိတ်အရမ်းညစ်နေတာ၊ အရက်သွားသောက်မယ်ဗျာ။ ဖျော်စပ် တစ်လုံးသုံးရာ အမြည်းတစ်ရာဖိုးဝယ်ကျန်တာ ကွမ်းနဲ့ဆေးလိပ်တစ်ရာဖိုး သောက်ကြတာပေါ့"

"အေး ... သွားမယ်၊ ဒါနဲ့ မင်းရဲ့ကလေးတွေရော ဘယ်မှာလဲ"

"ကျုပ်အမေအိမ်မှာပေါ့ဗျာ နှစ်ယောက်ထားခဲ့တယ်။ မနေ့က ရုံးမှာ သွားကွာကြတာ ဝက်နဲ့ကလေး ဘယ်ဟာရွေးမလဲတဲ့၊ ကျုပ်လည်း ကလေးတွေကို ရွေးလိုက်ရင် ဒီမိန်းမမပြတ်နိုင်ဘဲ ကျုပ်နောက်လိုက်လာမှာ ထင်ခဲ့တာနဲ့ ကလေး နှစ်ယောက်ကိုပဲ ရွေးလိုက်တာ။ အဲ့ဒါ မသာမကမွေးထားတဲ့ ဝက်နှစ်ကောင်ပေး ပြီး ဒီမနက်ကပဲ ယူသွားပြီဗျ။ အီးယီးယီး တော်တော်အကြင်နာကင်းတဲ့မိန်းမ ရက်စက်လိုက်တာ"

"ဟုတ်ပ့ါကွာ ... သတ်ပစ်ဖို့ကောင်းတဲ့ကောင်မ။ အဲဒါတွေကြောင့် ငါ က ကလေးမယူတာကွ။ စိတ်ညစ်စရာတွေ ပြောမနေပါနဲ့ကွာ။ ဘာဖြစ်ဖြစ် တစ်ပင်လဲရင် တစ်ပင်ထူပေါ့။ သူ့အိုးနဲ့သူ့ဆန် တန်ရာရမှာလို့"

"သွားစမ်းပါဗျာ ကျုပ်တို့ကို ပိုက်ဆံမရှိတဲ့ကောင်ကို ဖာသည်တောင် အကပ်ခံတာမဟုတ်ဘူး။ မိန်းမတွေကို စိတ်နာတယ်၊ နေနန်းတို့ကြတော့ မိန်းမ ပြေလည်နေတော့ အေးဆေးပေါ့"

နေနန်းက ဆိုက္ကားကူရှင်ပေါ်မှာထိုင်ပြီး မှတ်ဆိတ်မွေးနုတ်နေရာက

"နေပါ ... တော်ပါ ... ငါ့မိန်းမ အပေါက်ဆိုးကြမ်းရှိုင်းတဲ့ဒဏ် မင်းများ ခံနိုင်လို့လား။ မင်းတို့တောင် ဆလံသထားပါတဲ့ မိန်းမကြမ်းကြီးကွ။ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com


လိုက်သောက်ချင်တယ်။ ငါးရာပဲ ရသေးတယ်။ အဲဒီဟာမကြီး လိုက်ကြမ်းမှာစိုးလို့ မသောက်ရဲတာ"

ကြေျူက ဆိုက်ကားနင်းပို့ပြီး ပြန်ရောက်လာ၏။ ကြေျူဘဝ ပိုဆိုး၏။ မိန်းမက ဝင်ငွေမကောင်းဘဲ အရက်ချည်းသောက်နေသည့် ကြေျူကို ပစ်ထားခဲ့၏။ ကြေျူ့မိန်းမလည်း ပျက်စီးသွားပြီး မကောင်းတဲ့လမ်းကြောင်းပေါ်ကို ရောက်သွားပြီ။ သားတွေ သမီးတွေ ကြီးကောင်ဝင်ခါနီးမှ အိမ်ထောင်ရေးပြိုကွဲသွား၏။ စီးပွားရေးပျက်ကပ်က မြန်မာပြည်အထိ ရိုက်ခတ်လိုက်တာ လင်မယားတွေ အတော်ကွဲကုန်၏။ များသောအားဖြင့် လက်လုပ်လက်စားတွေ ခံစားကြရတာများ၏။

"ကြေျူ ။ ။ မင်းလိုက်သောက်ဦးမလား"

"ငါ့ဘဝမှာ အရက်ပဲရှိတော့တယ်၊ လိုက်မယ် ဒီတစ်ကြောင်းထဲနင်းရတာ သုံးရာတော့ရှိတယ်"

"လောက်တယ် နှစ်လုံးကို သုံးယောက်သောက်လို့ရတယ်၊ သွားကြမယ်"

သုံးယောက်သား ဆိုက်ကားတွေ ဂိတ်ထိုးပြီး ဒေါ်အင်တုံကြီးရဲ့ ဖျော်စပ်အရက်ဆိုင်ကို ချီတက်ကုန်ကြ၏။

✿ ✿ ✿

— ၂ —

❑

ဘယာကြော်မှုးလာပြီဆိုရင် လမ်းထဲက ခွေးတွေရော၊ မြို့ငယ်လေးတွေက ခွေးတွေရော အကုန်ရှောင်တိမ်းကုန်ကြ၏။ ဘယာကြော်က ခွေးဆို အလွန်မုန်းတီး၏။ ဘယာကြော်ရဲ့အဘွားက ဘယာကြော်ကို သိပ်ချစ်၏။ ရပ်တကာအကြော်လိုက်ရောင်းပြီး ဘယာကြော်ကို မုန့်ဖိုးပေး၏။ အလိုလိုက်၏။ ဘယာကြော်ကလည်း အဘွားကို မိခင်၊ ဖခင်ထက်ပင် ပို၍ချစ်သေး၏။

ဘယာကြော်သိပ်ချစ်တဲ့ အဘွားကို ခွေးကိုက်လိုက်၏။ ခွေးက ခွေးရူး၊ အဘွား ခွေးရူးပြန်ရောဂါနှင့် ဆုံးသွား၏။ ဘယာကြော် ဆယ်နှစ်သားမှာပေါ့။ အဲဒီ

www.burmeseclassic.com


ကတည်းက ခွေးဆို အလွန်မုန်း၏။ တွေ့တဲ့နေရာ ခဲနှင့်ပေါက်၊ တုတ်နဲ့လိုက်ရိုက်၏။ လေးခွနဲ့လောက်စာ အမြဲဆောင်ထား၏။ တွေ့တဲ့နေရာ အခွင့်သာတာနဲ့ လိုက်ပစ်၏။ ပိုင်ရှင်ရှိတဲ့ ခွေးလောက်သာ သူပစ်လို့မရ။ ခွေးလေးခွေးလွင့်တွေကတော့ ခေတ်ပြီးသွားပဲ။ ဘယာကြော်ဆိုရင် ခွေးတွေကလည်း အသေကြောက်၏။ ခွေးအုပ်စုတောင့်ရင်တော့ ဘယာကြော်ကို ဝိုင်းဟောင်ကြ၏။ ဘယာကြော်ကလည်း ဦးရာ တုတ် ခဲနဲ့ လိုက်ရိုက်၊ လိုက်ပေါက်တတ်၏။

ဘယာကြော်ဘဝမှာ ခွေးဆိုတာ ရန်သူပဲ။ သို့ပြား ခြွင်းချက်အဖြစ် ဘယာကြော် မချစ်သော်လည်း အောင့်ကာနမ်းရသော ခွေးဝဲစားကြီးတစ်ကောင် တော့ရှိ၏။ ဗေဒင်ဆရာနာမည်ကြီး ဆရာဟိန်းခိုင်မော် မွေးစားထားသော ခွေးကြီးပေါ့။ ဘယာကြော်က ဟိန်းခိုင်မော် သွားလာစရာရှိတိုင်း လိုက်ပို့ပေးရ၏။ ဟိန်းခိုင်မော်ကလည်း ဘယာကြော်ဆို လက်စွဲတပည့်လုပ်ထား၏။ စီးတော်ယာဉ်ပေါ့။ ဆိုက်ကားခလည်း မြို့မြို့မြက်မြက်ပေးတဲ့ အခါပေး၊ မပေးတဲ့အခါ အကြွေးပေါ့။ ဟိန်းခိုင်မော်ဆို ဘယာကြော်က မလှန်ရဲ။ ဟိန်းခိုင်မော်မွေးထားသော ခွေးကြီးကို ဟိန်းခိုင်မော် သဘောကျအောင် ဘယာကြော်တည့်အောင် ပေါင်းရ၏။ ဟိန်းခိုင်းမော်က သူ့ခွေးကြီးကို ရမ်ဘိုဟု အမည်ပေးထား၏။ ရမ်ဘိုကြီးက ဘာမဆို အကုန်စားသည့် ခွေးငတ်ကြီး။ ဘယ်လောက်ငတ်သလဲဆိုလျှင် ခွေးချင်းတောင် ပြန်စားတတ်သည့် ကောင်ကြီး။ ဟိန်းခိုင်မော်ကလည်း ဗေဒင်ဟော ကောင်းတဲ့နေ့ ခွေးကြီးကို အစာကျွေး၏။ မကောင်းတဲ့နေ့မကျွေး။ ဟိန်းခိုင်မော်က အိမ်တွေက ဗေဒင်မေးချင်လို့ လာခေါ်လျှင် ဆိုက်ကားနှင့် လိုက်ဟောပေးတတ်၏။ ဆိုက်ကားငှားတိုင်း ဘယာကြော်ပေါ့။ ဆိုင်ဖွင့်ပွဲတို့၊ အစီအရင်လုပ်ပေးရမယ့်ပွဲဆိုရင် ဆိုက်ကားစီးပြီး လိုက်လံဆောင်ရွက်ပေးတတ်၏။

ခုနောက်ပိုင်း ဟိန်းခိုင်မော် ဝင်ငွေမကောင်း အလုပ်မဖြစ်၊ တစ်နေ့ သုံးလေးယောက်သာ ဟောနေရ၏။ စားဖို့သောက်ဖို့လေးသာရ၏၊ ဆိုက်ကားမ နိုင်၊ ဆရာနဲ့တပည့် အဆက်ပြတ်သလို ဖြစ်နေ၏။ ဘယာကြော်ဆိုရင် ခွေးတွေ ဟောင်ချင်ကိုက်ချင်ကြ၏။ ဘယာကြော်ကလည်း ခွေးဆိုရင် ပစ်ချင်ရိုက်ချင် သတ်ချင်နေတတ်၏။ အဲဒီလို ဘယာကြော်တစ်ယောက် တစ်နေ့မှာ ခွေးတွေ တည့်တည့်ဆုံဖြစ်ဖို့ အကြောင်းဖန်လာလေတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# —၃—

❑

"ဦးလေး ... ဦးလေး ... ဆိုက်ကားငှားချင်လို့"

လူရှင်းရာလမ်းထိပ်က ပီတောက်ရိပ်မှာ ဂိတ်ထိုးပြီး မျက်နှာပေါ် ဦးထုပ်အုပ်လျက် တစ်ရေးနှပ်နေစဉ် လာခေါ်သံကြား၍ ထကြည့်လိုက်၏။

အရွယ်တော်တစ်ဆိတ်ဟိုင်းတဲ့ နှစ်ဆယ်ကျော် အစိတ်ပိုင်းအရွယ်ကောင်မလေးနှစ်ယောက်။ ရုပ်ရည်လေးတွေရော ကိုယ်လုံးကိုယ်ပေါက်လေးတွေပါ မဆိုးလှ။ ဝတ်စားထားတာကလည်း ပါတိတ်ဝမ်းဆက် ပန်းဆီရောင်၊ ပြာနုရောင်လေးတွေနှင့် စလင်းဘက်လည်း ကိုယ်စီလွယ်ထားကြ၏။ ပန်းဆီရောင်လေးလက်ထဲမှာ စာရွက်တစ်ရွက်နှင့်။

"အစ်ကိုကြီးလို့ ခေါ်စမ်းပါ၊ ဘယ့်နှယ့် ငါ့ကို ဦးလေးခေါ်နေရတာလဲ"

ကောင်မလေးတွေ မဲ့ချင်သလိုနှင့် ပြုံးသွားကြ၏။

"ဦးလေး ... အဲ ... အစ်ကိုကြီးက အရင်တုန်းက ဘယာကြော်ရောင်းတဲ့ လူကြီးမဟုတ်လား"

"အေး ... ဟုတ်တယ်၊ နင် ငါ့ကိုသိသားပဲ။ ငါကတော့ နင့်ကို ခုမှပဲမြင်ဖူးတာ။ အေးလေ ... ကျော်ဟိန်းကို လူတိုင်းကသိပေမယ့် ကျော်ဟိန်းကလူကိုင်းကိုမှ မသိနိုင်တာ။ ဘယာကြော်ဆိုရင် ဒီမြို့မှာ မသိသူ ခပ်ရှားရှားပဲ"

www.burmeseclassic.com



လုပ်လာပြီ ... ကောင်မလေးတွေ နှာခေါင်းရှုံ့ကုန်ပြီ။ အရက်နံ့နဲ့ ကြက်သွန်ဖြူနံ့ကလည်း ထောင်းထောင်းထပြီး နွတ်ခမ်းမွေး ကျိုတို့ကျဲတဲနဲ့လူက ကြဲဖန်မာန်တက်နေ၏။

"အခု ... ဘယာကြော်ရောင်းသေးလား"

"မရောင်းတော့ဘူး၊ ငါ့မိန်းမတော့ ရောင်းတယ်"

"ဘယ်နားမှာ ရောင်းတာလဲ၊ သင်္ဘောဆိပ်ဖက်မှာလား"

"ဟုတ်တယ် ... ဒီအချိန်ဆို သိမ်းရောပေါ့၊ မွန်းတည့်နေမှဖြင့်ဟာ"

"ကျွန်မတို့က ဘယာကြော်လိုက်ဝယ်နေတာ၊ အရေးတကြီးလိုချင်လို့၊ ဈေးထိပ်ကအသယ်က မထွက်ဘူး၊ ပန်းခြံထိပ်မှာ တစ်သယ်ရှိတယ်ဆိုလို့ သွား ဝယ်မလို့ ဝေးတာနဲ့ ဆိုက္ကားငှားကြတာ"

"ဘယာကြော် သိပ်ကြိုက်လို့နဲ့တူတယ်"

"မဟုတ်ပါဘူး၊ ယတြာချေဖို့ပါ၊ ဘယာကြော်နဲ့ ယတြာချေရင် ဘေး ဘယာရန်တွေ ဝေးကွာတယ်ဆိုလို့ပါ"

"လုပ်ချလိုက်ပြန်ပြီ၊ ဘယ်ဗေဒင်ဆရာက ဟောလိုက်တာလဲ"

"ဆရာဟိန်းခိုင်မော်လေ၊ ကျွန်မတို့ မွန်းတည့်ကနေ တစ်နာရီအတွင်း ယတြာချေရမှာ၊ ကျန်တဲ့ဟာတွေက အချိန်ကန့်သတ်မထားလို့ အရင်ချေပြီးခဲ့ပြီ၊ ဘယာကြော်ပဲ ကျန်တော့တာ"

"ဘယာကြော်တွေ ဘယ်မှာလဲမသိဘူး၊ ဒီမှာဟေ့ ပန်းခြံထိပ်က ဆိုင် ကမထွက်ဘူး။ တောမှာ ကျင်းပတဲ့ဘုရားပွဲမှာ သွားရောင်းတယ်။ မနေ့ကတ ကွန်ဒေါင်းနဲ့ ပစ္စည်းတွေတင်ပြီး သွားကြပြီ။ ငါ့တောင် အကြော်သည် နီလာမ နှုတ်ဆက်သွားသေးတယ်"

"ဟော့တော်"

"အဲ ... အဲဒါဆို ဘယ်လိုလုပ်ကြမလဲ၊ တနင်္ဂနွေနေ့ ဒီရက်မှာပဲ အပြီး ယတြာချေရမှာတဲ့။ ဒုက္ခပါပဲ ... ဘယာကြော်အလွယ်ဝယ်လို့ရမယ် ထင်ထား တာ၊ ခုမှ အခက်တွေ့ပြီ"

ကလေးမနှစ်ယောက် စိတ်ပျက်ညည်းညူနေကြ၏။ ဘယာကြော်က...

"နေပါဦး ... အဲဒီဘယာကြော်ရရင် ဘာလုပ်ရမယ်လို့ ဗေဒင်ဆရာက မှာလိုက်တာလဲ"

"ခွေးကျွေးရမယ်တဲ့၊ ၇မှ အည့်တွေပျောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအညွှန့်တွေလဲ ငါ ကူညီနိုင်ပါတယ်။ ငါ့ကို ရှင်းရှင်းပြောပြစမ်းပါ"

"ဟော့ဒီ ယုယရွှေစင်က မကြာခင် သင်္ဘောကပြန်လာတော့မယ့် သင်္ဘောသားနဲ့ လက်ထပ်တော့မှာ။ သူတို့ မင်္ဂလာပွဲမှာ ဖျက်မယ့်ရန်ရှိတယ်။ အဲဒီဘေးရန်ကင်းဝေးအောင် ခွေးကို ဘယာကြော်ကျွေးခိုင်းတာ၊ ဒီနေ့ မွန်းတည့်ကနေ တစ်နာရီအတွင်းတဲ့"

"နောက်တနင်္ဂနွေ လုပ်လို့မရဘူးလား"

"နောက်အပတ် စနေနေ့ပဲ မင်္ဂလာဆောင်ပြီဥစ္စာကိုဟာ ဘယ်လိုလုပ်မှီတော့မလဲ"

"ပြီးသွားတော့လည်း ချေစရာမလိုတော့ဘူးပေါ့"

"မင်္ဂလာပွဲမှာ ရန်ဘယာတွေ ဝင်လာရင် ဘယ့်နှယ်လုပ်မလဲ၊ ဦးလေး အဲ ... အစ်ကိုကြီးကလည်း ဘာမှမသိဘဲနဲ့ ရမ်းပြောနေတယ်"

"မင်းတို့ မိန်းကလေးတွေဟာလေ ဗေဒင်ဆို သိပ်ယုံတာပဲ။ သူတို့ခိုင်းတာဆို မလွဲမသွေ တိတိကျကျအကုန်လုပ်တယ်။ ဟော့ ... ဒီမှာ လောကမှာ ဘုရား၊ တရား၊ သံဃာသာ အရေးအကြီးဆုံး။ ရတနာသုံးပါးက ခိုင်းတဲ့အတိုင်း အဲ့လိုအတိအကျလိုက်လုပ်ရင် မင်းတို့ နိဗ္ဗာန်ရောက်နေလောက်ပြီ။

မချောလေးတွေ ဖာတ်ပုဝပ်သွားကြ၏။

"ဒီမှာ မင်းတို့ကို ငါကူညီနိုင်တယ်။ မင်းတို့ကိုဟောတဲ့ ဗေဒင်ဆရာနဲ့ငါနဲ့က ဆရာတပည့်ပဲ။ သူက ငါ့ဆရာ သူ့အာဘော်ကို ငါသိတယ်၊ ယတြာဆိုတာ အစစ်မရရင် အတုနဲ့လုပ်ရတယ်။ ဥပမာ ကြာပန်းမပွင့်တဲ့အချိန်မှာ ကြာပန်းလှူခိုင်းတယ်။ ကြာပန်းအစစ်ရှာမရရင် ကြာပန်းအတုလုပ်ထားတာ လှူလို့ရတယ်။ အေး ... အဲ့လိုပဲ ဘယာကြော်အစစ်ရှာမရရင် ငါလည်း ဘယာကြော်ပဲ ငါ့ကို ဘယာကြော်လို့ သဘောထားလိုက်၊ ပညတ်သက်သက်တွေပါ၊ ကဲ ... ငါဘယာကြော် ဖြစ်သွားပြီ"

"ဟင်း ... ဦးလေးကို ခွေးကျွေးလို့မှ မရတာ"

"ဟုတ်ပါ့ ... ခွေးက အရက်စော်နံနေတဲ့ ဦးလေးကို စားပါ့မလား"

"လုပ်ပြန်ပလား ဦးလေးဆိုတာကြီး"

"အရေးထဲ ရုပ်ကြမ်းကြီးနဲ့ နချင်နေသေးတယ်၊ ဟုတ်ပါပြီ ... အစ်ကို ကြိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com


"အဲ့လိုလုပ်စမ်းပါ . . . ယတြာအရ ဘယာကြော်ကို ခွေးကျွေးနိုင်းတာ၊ ငါ ဘယာကြော်က ခွေးကို မုန့်ဝယ်ကျွေးလိုက်မယ်။ အဲဒါလည်း ဘယာကြော် ကျွေးတာပဲလေ၊ သဘောပေါက်ပြီလား"

"အို . . . အဲ့လိုလုပ်လို့ ရလို့လား"

"ရတယ် နင်တို့ဆရာကို ပြန်မေးကြည့်လိုက်တဲ့၊ အချိန်တွေက သွား နေတာ ငါ့ကို ပိုက်ဆံတစ်ထောင်ပေးလိုက်"

"ရှင် ဘာအတွက်ပေးရမှာလဲ"

"ငါးရာဖိုး ကိုရီးယားတုတ်ထိုးဝယ်မယ်၊ ကျန်တဲ့ငါးရာက ငါ့လုပ်အားခ နဲ့ ဉာဏ်ကူခပေါ့ဟာ။ ဒီခေတ်ခွေးတွေက ထန်းလျက်ခဲ၊ ကြံသကာ စားကြတော့ တာ မဟုတ်ဘူး။ နင်တို့ ဆိုက်ကားငှားပြီး ဘယာကြော်လိုက်ရှာရင်တောင် ဆိုက်ကားခတစ်ထောင်ကုန်တောင် တွေ့မှာမဟုတ်ဘူး"

ကောင်မလေးနှစ်ယောက် စဉ်းစားသွား၏။ ပြီးမှ ပန်းဆီရောင်ကလေး က . . .

"ရော့ . . . အစ်ကိုကြီး၊ ခွေးကို သေသေချာချာ ကျွေးလိုက်ပါ၊ တစ်နာရီ အတွင်းနော်"

"အေး . . . ဟောဟိုကဆိုင်မှာ ငါသွားဝယ်မယ်၊ ကိုရီးယားတုတ်ထိုး ဆိုင်လေ"

ဘယာကြော်က ကိုရီးယားတုတ်ထိုးငါးရာဖိုး သွားဝယ်လာ၏။ နာရီဝက် ပဲ ကျန်တော့၏၊ ဘယာကြော်က လမ်းဘေးက ခွေးတွေကို အသာချကျွေး၏။ ဘယ်ခွေးမှက မစားရဲ၊ အနားကို မလာကြ။

"ဟိုက် ခက်ပြီ ခွေးတွေက ငါနဲ့မတည့်ဘူးဟ၊ လာစားမှာမဟုတ်ဘူး"

"ဟော့တော် . . . ဘယ်လိုလုပ်ကြမလဲ၊ ဦးလေးရဲ့နည်းကလည်း အဆင် မပြေပါလား"

"ငါ အကြံရပြီ ဆရာဟိန်းနိုင်မော်မှာ ရမ်ဘိုဆိုတဲ့ ခွေးအကောင်ကြီးရှိ တယ်။ သူ့ကို သွားကျွေးရင်စားတယ်၊ ငါနဲ့လည်း တည့်တယ်၊ ငါ့ဆို ခဏခဏ သူ့ကို ယိုကျွေးရတာ"

"အော့ . . . ဝေါ့"

"အစ်ကိုကြီး ညစ်ပတ်တယ်"

"ဘာလဲဟ . . . ဇီးယို၊ ဖောင်းဝါးယိုတွေ ကျွေးရတာကိုပြောတာ ကဲ . . . ငါ့ဆိုက်ကားနဲ့သွားမယ်၊ အချိန်မရှိဘူး"


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မတို့လည်း လိုက်မှာပေါ့၊ ဆရာဟိန်းခိုင်မော်ဆီ ဒီလိုယတြာချေ လိုက်တဲ့အကြောင်း ဒီလိုချေက ယတြာကြေ မကြေမေးကြည့်ရဦးမယ်လေ"

"ကဲ ... လိုက်ချင်ရင်လည်း တက်ကြ၊ ဆိုက်ကားခ သီးသန့်ငါးရာ ထပ်ပေးရမယ်နော်၊ ကြိုပြောထားတာ"

"ပေးပါ့မယ် ... ဦးငွေမက်ကြီးရဲ့"

"ငွေမက်လို့ချမ်းသာပြီး ဆိုက်ကားနင်းနေရတာသာကြည့်တော့ ကလေးမ တွေရေ ... ဟား ... ဟား ... ဟား"

✿ ✿ ✿

## ၄

❑

ဟိန်းခိုင်မော်ရဲ့ဆိုင်နားရောက်တော့ ...

"နင်တို့ ဒီနားက ခဏစောင့်နေဦး၊ ငါ လက်ယပ်ခေါ်လိုက်မှလာခဲ့"

"ဘာဖြစ်လို့လဲ"

"ရမ်ဘိုကြီးက သိပ်ရှက်တတ်တာ၊ မိန်းကလေးလာရင် မစားဘဲ နေလိမ့် မယ်၊ သူစားပြီးမှ လှမ်းခေါ်လိုက်မယ်"

"အင်း ... ဟုတ်ပြီ ... ဟုတ်ပြီ၊ ဆယ့်ငါးမိနစ်ပဲလိုတော့တယ်၊ သွား တော့ ..."

"ဘယာကြော်က ကိုရီးယားတုတ်ထိုးကျွေးတာ ယတြာမြောက်ပါ့ မလား"

"လုပ်ပြန်ပြီ ... ဘယာကြော် ခွေးကျွေးသည်။ ဒါပဲမှတ်လိုက် အဲဒါ့ ယတြာမြောက်တယ်"

ဘယာကြော်လည်း မိန်းကလေးနှစ်ယောက်ကို ဗန်ဒါပင်အကွယ်ဘေး မှာချထားပြီး ဟိန်းခိုင်မော်တို့ဆိုင်ရှေ့ နင်းသွား၏။ ဟိန်းခိုင်မော်က ထမင်းစားဖို့ ပြင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟေ့ . . . တပည့်ကြီး ဘယာကြော်ပေါ်မလာတာ အတော်ကြာပေါ့"

"အရေးရှိက သွေးနီးရအောင် လာတာလေ ဆရာဟိန်းခိုင်မော်ရဲ့၊ ဘာဟင်းနဲ့ ထမင်းစားမလို့တုံး"

"ကန်စွန်းရွက်ကြော်နဲ့ ငပိသုပ်ပေါ့ကွာ၊ ဒီနေ့မနက်ပိုင်း ကောင်မလေး နှစ်ယောက်လည်း လာမေးတယ်။ နှစ်ထောင်လောက်ပဲ ဟောခရလိုက်ပါတယ်ကွာ။ ဆိုင်လခအတွက် စုနေရလို့ ခြွေတာစားနေရတာကွ။ ဒါနဲ့ မင်းလက်ထဲက ကိုရီးယားတုတ်ထိုးတွေပါလားကွ၊ ကေနွ . . . ငါ့ကောင် ထောနေပုံပဲ"

"အဟဲဟဲ . . . ဒါနဲ့ ရမ်ဘိုကြီးရော"

"စည်ပင်က အမဲသားပစ်ကျွေးတဲ့ အထဲပါသွားလို့ သေတာပဲ။ နှစ်ရက်လောက်ရှိနေပြီ။ အစာငမ်းတဲ့ကောင်ကြီး ခံရတာတောင်နည်းသေး။ ငါ့လောက်ကျွေးတာလည်း ငါပဲ၊ ဒီခွေးက ငတ်ကြီးကိုကျတာ၊ သူ့အစာလား ဘယ်သူ့အစာလည်း နားမလည်ဘူး။ အကုန်တွယ်တော့ ထိတာပေါ့ကွာ"

ဘယာကြော်လည်း စိတ်ပျက်လက်ပျက်ဖြစ်သွား၏။ အချိန်က ဓေ့တော့မည်။ ဟိန်းခိုင်မော်က ဘယာကြော်ဆို နိုင်စားသောသူ။ ဘယာကြော်လက်ထဲ ကွမ်းပါလာလျှင် ကွမ်းထုပ်ယူထားလိုက်၏။ မုန့်ပဲသရေစာ ပါလာလျှင်လည်း ဆွဲစေ့ထားလိုက်တတ်၏။ သူ့ဘိုင်ကျနေချိန်ရောက်သွားလျှင် ဘယာကြော်ကို လက်ဖက်ရည် လိုက်တိုက်ခိုင်းတတ်သေး၏။

ယခုလဲကြည့် . . .

"ဟေ့ကောင် . . . တုတ်ထိုးတွေ၊ ငါစားဖို့ ပေးခဲ့စမ်းကွာ ဟင်းမကောင်းဘူး"

"ဆရာ တကယ်စားချင်လို့လား"

"အေးပေါ့ကွ . . . မင်းက ငါ့ဆို အမြဲဆက်သနေကြပဲဟာ၊ ပေးစမ်းကွာ . . . ကြတယ်"

ဟိန်းခိုင်မော်က လှမ်းယူပြီး ထမင်းပန်းကန်ထဲထည့်ကာ အားရပါးရ ကုန်းလွေးနေတော့၏။ ဘယာကြော်လည်း မတားသာတော့။

ဒါလည်း ဘေးဘယာကျော်အောင် ယတြာချေလိုက်တဲ့နည်းပေါ့။ ယတြာကို ဗေဒင်ဆရာက ပေးတာလေ။ သူ့ယတြာသူ ပြန်တားလိုက်တော့ ပွဲကြီးပေါ့။ ကောင်မလေးနှစ်ယောက်ကလည်း ဆန့်ဆန့်နှင့် မျှော်ကြည့်နေကြ၏။ ဘယာကြော်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလား ... ဆရာဟိန်းခိုင်မော်"

"ကောင်းတယ်ကွာ ... အရသာကို ရှိနေတာပဲ။ ငါ့ရဲ့ မရှိမဲ့ရှိမဲ့တပည့်တွေထဲမှာ မင်းအတော်ဆုံးပဲ။ ကျန်တဲ့ကောင်တွေ မင်းလောက်မသိတတ်ဘူး"

"ဟုတ်လို့လား ဆရာရယ်၊ တော်ကြာမှ ကျုပ်ကို တပည့်ဆိုးတပည့် မကောင်းဆိုပြီး ဒေါသတွေ ထွက်နေပါဦးမယ်"

"ဘာလို့ ထွက်ရမှာလဲကွ"

"တကယ်နော်"

"အာ ... ဒီကောင် လာနောက်နေပြန်ပြီ"

"ကျွန်တော် လူခေါ်လိုက်ဦးမယ်"

"ဟေ ... ဘယ်သူတွေလဲ"

"ခဏလေး"

ဘယာကြော်က ကောင်မလေးနှစ်ယောက်ကို လက်ယပ်ခေါ်လိုက်၏။ ကောင်မလေးနှစ်ယောက် လျှောက်လာတာကိုမြင်ပြီး ဟိန်းခိုင်မော် ပြူးလန့်သွား၏။

"ဟား ... ဟေ့ကောင်၊ ငါ ဟင်းမကောင်းပဲစားနေရတာ သူတို့မြင်ရင် အထင်သေးသွားမယ်လေကွာ"

"မြန်မြန် သိမ်းလိုက်ပေါ့ဆရာရယ်"

ဟိန်းခိုင်မော်လည်း အမြန်သိမ်းဆည်းပြီး သူ့ကိုယ်သူတော့ ကြော့နေအောင် အမြန်ပြင်ဆင်နေလိုက်၏။ ဆရာသမားဆိုတော့ မှင်နဲ့မောင်းနဲ့ နေရမှာကိုး"

ကောင်မလေးနှစ်ယောက် ရှိုရိုကျိုးကျိုးနှင့် ဝင်လာကြ၏။

"ဟော့ ... မင်းတို့ ယတြာချေပြီးပြီလား၊ အခုပဲ တစ်နာရီထိုးပြီ"

"ချေသင့်တာတွေ ချေပြီးပါပြီဆရာ၊ ဒါပေမဲ့ ဘယာကြော်ကတော့"

"ဘာဖြစ်လဲ ... ဘယာကြော်"

"ဒီအစ်ကိုကြီးက ဘယာကြော်ဆို ဆရာ"

"အေး ... ဟုတ်တယ်၊ သူ့နာမည်က ဘယာကြော်ပဲ"

"သူက ဆရာ့တပည့်ဆို"

"အမှန်ပေါ့ ... အတော်ဆုံးတပည့်ကြီးပဲ"

ကောင်မလေးနှစ်ယောက် ဘယာကြော်ကို ကြည့်ပြီး ...

"အစ်ကိုကြီး ... ကျွေးလိုက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"ဟုတ်ရဲ့လား ... ကျွန်မတို့က အစ်ကိုကြီး အရက်နဲ့ မြည်းပစ်လိုက်မှာစိုးနေကြတာ"

"ငါ မစားပါဘူးဟ"

ဟိန်းခိုင်မော်က နားထောင်ရင်း ...

"ဘယာကြော်နဲ့ ညည်းတို့က အသိတွေလား"

"ဒီ ... ဒီလိုပါ ဆရာ"

ပန်းဆီရောင်လေးက လိုရင်းရှင်းပြ၏။ ဘယာကြော်ကျွေးမယ့်အကြောင်း မပါသေး။

"ဩော် ... ဒီလိုကိုး၊ ဘယာကြော်က ကူညီတတ်ပါတယ်"

"ဆရာ ... ကိုဘယာကြော်က ဒီလိုပြောတယ်။ ဆရာ ... အဲဒါဖြစ်နိုင် မဖြစ်နိုင်ဆိုတာ ဆရာ့ကို လာမေးတာ"

"အေး ... ပြောစမ်း"

"ဘယာကြော်က ဘယ်မှရှာဝယ်လို့မရတော့ဘူး။ သူက ဘယာကြော်တဲ့၊ အစစ်မရရင် အတုလုပ်ကျွေးလို့ရတယ်တဲ့။ သူက ခွေးကို ကျွေးလိုက်ရင် ခွေးကို ဘယာကြော်ကျွေးတယ်ဆိုတာမျိုး ယတြာကျေသွားရောတဲ့"

ဟိန်းခိုင်မော် နားရှုပ်သွား၍ ထပ်ရှင်းပြခိုင်း၏။ မိန်းကလေးနှစ်ယောက်လုံးက တစ်လှည့်စီရှင်းပြကြ၏။ ဟိန်းခိုင်မောင်က နားရှင်းသွားမှ ...

"ဟော့ကောင် ... မင်းကို ဒီနည်း ငါသင်ပေးဖူးလို့လား၊ အေးပါလေ ထားပါတော့၊ လူ ဘယာကြော်က ခွေးကျွေးတာလည်း ပညတ်သဘောအရ ဟုတ်နေတာပဲ။ ဒါနဲ့ မင်းက ခွေးကို ဘာကျွေးလိုက်လဲ၊ ဘယာကြော်မရဘူးဆိုရင် ငါးဆယ်တန်ဘယာလုံးကြော်လေးတွေ ဝယ်ကျွေးလိုက်တာလား"

"မဟုတ်ဘူး ... ဆရာ၊ အမှန်ပြောရရင် အဲဒီဘယာကြော်လုံးထုပ်လေးတွေကို ကျွန်တော် သတိမရဘူး။ အဲဒါကြောင့် တခြားဟာဝယ်ပြီး လိုက်ကျွေးတာ ခွေးတွေက မစားဘူး။ ခွေးတွေနဲ့ကျွန်တော် မတည့်ဘူးလေ"

"အင်း ... ထားပါတော့၊ အဲဒါနဲ့ ..."

"ရမ်ဘိုကြီးကျတော့ ကျွန်တော်နဲ့ သိပ်ခင်တာလေ ... အဲဒါကြောင့် ရမ်ဘိုကြီးကိုက ကျွေးတာ၊ လာကျွေးဖို့ အခုလိုရောက်လာတာ"

"ဘာမုန့်တွေ ဝယ်လာခဲ့တာလဲ၊ ငါ့ခွေးငတ်ကြီးကတော့ အရ[illegible] တာပဲ"



www.burmeseclassic.com

www.burmeseclassic.com


"အဟဲ . . . ဟဲ . . . ရမ်ဘိုကြီးအတွက် ဝယ်လာတာက မုန့်မဟုတ်ဘူး ဆရာရဲ့"

"ဟော . . . ဒါဆို ဘာဝယ်လာတာလဲ"

"ဟိုဟာလေ . . . ဟိုဟာ . . ."

ကောင်မလေးတွေက စင်ပြောမည်ပြင်သောအခါ ဘယာကြော်က လက်ကာတားထား၏။ သူ့ကိုယ်သူလည်း ပြေးပေါက်ကိုကြည့်ထားပြီးပြီ။ ဟိန်းနိုင်မော်ရဲ့မျက်နှာက ရိပ်မိတာလိုလို၊ မရိပ်မိတာလိုလိုနှင့်။

"ဟော့ကောင် . . . ခွေးကျွေးဖို့ ဘာတွေယူလာတာလဲလို့"

"ဆရာ စိတ်မဆိုးနဲ့နော်"

"ဟော့ကောင် . . . ငါ ဒေါသထွက်အောင်မလုပ်နဲ့၊ မင်း . . . မင်း . . . ပြောကွာ"

"ကိုရီးယား တုတ်ထိုးတွေ ဝယ်လာတာ၊ အဲဒါ ပြောမလို့ဟာ . . . ဆရာက အတင်းဆွဲပြီး စားပစ်တာနဲ့ ဒီအတိုင်းလေးကြည့်နေလိုက်ရတာ . . . ဟဲ . . . ဟဲ . . . ဟဲ"

"ဟင် . . . မင်း . . . မင်း . . . ငါ့သောက်ရှက်ကို ခွဲတဲ့ကောင်၊ ငါ့ကို မင်းက ခွေးကျွေးတဲ့သဘောနဲ့ ယတြာချေလိုက်တာပေါ့လေ"

"အဲဒါ ယတြာမကျေဘူးလား ဆရာ"

မိန်းကလေးက ဝင်မေး၏၊ ဟိန်းခိုင်မော်ဒေါသဖြင့် ဆတ်ဆတ်တုန်ပြီး နံရံထောင့်မှာကပ်ထားသော လှူရိုက်တုတ်ကို ထပြေးကိုင်၏။ ဝုန်းဆို ဘယာကြော်လည်း လစ်ပြေးပါလေရော . . .

"ဟော့ကောင် . . . နေဦး၊ ခွေးမသား ငါ့ကိုလုပ်သွားတာ မိုက်ရိုင်းလွန်းတယ်။ ဟော့ကောင် . . . ရပ် . . . အခုရပ် . . . မင်းကို ငါသတ်မယ်၊ သတ်မယ်"

ဟိန်းခိုင်မော် တုတ်ကြီးကိုင်ပြီး ပြေးလိုက်သွားလျှင် ကောင်မလေးနှစ်ယောက်လည်း ပါးစပ်ဟောင်းလောင်း ဖြစ်ကျန်ရစ်၏။ ဘယာကြော်ရဲ့ ဘယာကျော်အောင် ယတြာချေနည်းကောင်းလွန်းလို့ ခြေကုန်သုတ်ကာ ဒုန်းစိုင်းပြေးနေရလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ဝေဠုဝတီရဲ့ ဘဝသံသရာ

ချစ်နိုင် (Physics)



www.burmeseclassic.com

www.burmeseclassic.com

❑

အင်းလေးခေါင်တိုင်ရွာအနီးတွင် ဓားစင်တောင်ရှိလေသည်။ ဓားစင်တောင်တွင် ဓားစင်တောင်ဘုရားနှင့် ဘုရားအားစောင့်ရှောက်လျက် သာသနာပြုနေသော ဓေဇ္ဇုဝတီမိဖုရားတစ်ဖြစ်လည်း ဓားစင်တောင်မယ်တော်ကြီးတို့ ရှိကြလေသည်။ လွန်ခဲ့သော နှစ်ပေါင်း(၈၀၀)ကျော်က တောင်ရိုးတိုင်းရင်းသားတို့ နေထိုင်ရာအရပ်တွင် ဝါးဘိုးဝါးပင်မှ သန္ဓေသူတစ်ဦး မွေးဖွားခဲ့လေသည်။ ဝါးပင်မှ မွေးဖွားသဖြင့် ဓေဇ္ဇုဝတီဟု အမည်တွင်ခဲ့လေသည်။ အလွန်တရာ ချောမောလှပလေသည်။ တောင်ရိုးတိုင်းရင်းသားတို့က ကျွေးမွေးစောင့်ရှောက်ထားလေသည်။

အရွယ်ရောက်လာသောအခါ ဓေဇ္ဇုဝတီအား မင်းယဉ်နရသိခ်ထံ မိဖုရားမြှောက်ရန် တောင်ရိုးတိုင်းရင်းသားတို့က ဆက်သခဲ့ကြလေသည်။ ဓေဇ္ဇုဝတီ နားရွက်ကြီးလွန်းသဖြင့် မင်းယဉ်နရသိခ်က မိဖုရားမမြှောက်ဘဲ မယ်တော်၏လက်သို့ အပ်ကာ ညီတော်နရပတိစည်သူနှင့် ထိမ်းမြားစေခဲ့သည်။ မယ်တော်ထံရောက်သော် မယ်တော်ကသမားတော်များနှင့် ညှိနှိုင်းတိုင်ပင်ကာ ဓေဇ္ဇုဝတီ၏နားရွက်ကို ဆေးဝါးများဖြင့် ပြုပြင်ကုသလေသည်။ ဓေဇ္ဇုဝတီ၏နားရွက်မှာ ပုံမှန်အတိုင်း ဖြစ်သွားလေသည်။ ညီတော်နရပတိစည်သူနှင့် စုလျားရစ်ပတ်ကာ ပျော်ရွှင်စွာ စံစားလာခဲ့ရာ ...ပြီးတော်လေးနှစ်ပါး ထွန်းကားခဲ့လေသည်။ မင်းယဉ်နရသိခ်သည် ချောမောလှ



www.burmeseclassic.com

www.burmeseclassic.com


သောဝေဠုဝတီကို လိုချင်တပ်မက်လာလေသည်။ မသင့်သောအကြံကို ကြံလေသည်။ ဥပါယ်တံမျဉ်ဖြင့် ညီတော်အား စစ်ထွက်ခိုင်းကာ လုပ်ကြံသတ်ဖြတ်ရန် စီစဉ်လေသည်။ ညီတော်စစ်ထွက်သွားသောအခါ ဝေဠုဝတီကိုသိမ်းပိုက်ရန် စီစဉ်လေသည်။ သမီးတော်လေးနှစ်ပါးနှင့်အတူ ဝေဠုဝတီသည် တောင်ရိုးတို့ရှိရာသို့ တိမ်းရှောင်ထွက်ပြေးခဲ့လေသည်။

ယခု အင်းလေးခေါင်တိုင်ရွာအနီးရှိ ဓားစင်တောင်သို့ ရောက်လာခဲ့လေသည်။ ဓားစင်တောင်အရောက်တွင် တောင်ရိုးတို့မည်သည် လင်နှစ်ယောက်ပေါင်းမျိုး ထုံးစံမရှိပါ။ ဤသစ္စာမှန်ပါက လူစင်စစ်က ရွှေတုံးဖြစ်ရပါစေသားဟု သစ္စာဆိုလိုက်ရာ ဝေဠုဝတီသည် လူစင်စစ်မှ ရွှေတုံးဖြစ်သွားလေတော့သည်။ စစ်ထွက်သွားသော နရပတိစည်သူသည် နောင်တော်၏ ယုတ်မာသောအကြံကို သိရလေသောအခါ နောင်တော်မင်းယဉ်နရသိခ်ကို လုပ်ကြံလိုက်လေတော့သည်။ ချစ်လှစွာသော ဝေဠုဝတီမိဖုရားနှင့် သမီးတော်လေးနှစ်ပါးတို့ရှိရာသို့ လိုက်ခဲ့လေသည်။

ဓားစင်တောင်အရောက်တွင် ဝေဠုဝတီအား ရွှေတုံးအဖြစ်သာ တွေ့ရလေသည်။ မိဖုရားအား လွမ်းဆွတ်လှသဖြင့် ဝေဠုဝတီအားရည်စူးကာ စေတီတော်တစ်ဆူ တည်ထားခဲ့လေသည်။ သမီးတော်လေးနှစ်ပါးကို ခေါ်ဆောင်ကာ တိုင်းပြည်သို့ ပြန်ခဲ့လေသည်။ ထီးနန်းအုပ်ချုပ် မင်းလုပ်လေသည်။ ပြည်သူအများ ကိုးကွယ်ကြရန် ဘုရားစေတီပေါင်းမြောက်မြားစွာ တည်ထားခဲ့လေသည်။

ဝေဠုဝတီမိဖုရားသည် ဓားစင်တောင်တွင် မောင်တော်နရပတိစည်သူမင်းတည်ထားခဲ့သော စေတီတော်အား စောင့်ရှောက်နေထိုင်ခဲ့လေသည်။ ဓားစင်တောင်မယ်တော်ကြီးဟု ကျော်ကြားခဲ့လေသည်။ နှစ်ပေါင်း(၈၀၀)ကျော် ကြာခဲ့ပြီဖြစ်သည်။

အင်းလေးခေါင်တိုင်ရွာ၌ ဦးလှကျော်တို့မိသားစု နေထိုင်လျက်ရှိသည်။ ကျွန်တော် ကျိုင်းတုံဒီဂရီကောလိပ်တွင် တာဝန်ထမ်းဆောင်နေစဉ် ဦးလှကျော်၏သမီးသည် ကျိုင်းတုံဒီဂရီကောလိပ်သို့ တာဝန်ဖြင့် ရောက်လာသည်။ စိတ်ရင်းနှီးလာပြီး မွေးစားသမီး တော်စပ်လိုက်လေသည်။ မွေးစားသမီးနှင့် ကျွန်တော့်ညီအစ်ကိုမောင်နှမမိသားစုများနှင့်ပါ ခင်မင်ရင်းနှီးခဲ့လေသည်။ ကျွန်တော်၏ အငယ်ဆုံး အပုလေးနှင့် သူငယ်ချင်းဖြစ်သွားကြသည်။


www.burmeseclassic.com

www.burmeseclassic.com


၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ညတွင် ကျွန်တော့်ညီမ အပုလေး မွေးနေ့အတွက် ၂၈ ရက်နေ့တွင် ဆွမ်းကပ်ရန် ချက်ပြုတ်နေကြစဉ် ကျွန်တော့် မွေးစားသမီး၏ဖခင် ကွယ်လွန်ကြောင်း ဖုန်းဝင်လာသည်။ အပုလေးကလည်း မနက်ဖြန် ၂၈ ရက်နေ့ ဆွမ်းကပ်အပြီးတွင် သူငယ်ချင်း၏ဖခင် ဦးလှကျော်အား အမျှဝေမည်ဟုပြောသည်။ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေသဖြင့် ဦးလှကျော်အား အမျှဝေရန် ကျွန်တော်တို့အားလုံး သဘောတူဆုံးဖြတ်ခဲ့ကြသည်။၂၈ ရက်နေ့ ဘုန်းကြီးများ ဆွမ်းကပ်အပြီးတွင် ဦးလှကျော်အမည်ခေါ်ကာ အမျှဝေပေးပါရန် ကြိုတင်၍ ဘုန်းကြီးများအား လျှောက်ထားခဲ့လေသည်။ ၂၈ ရက်နေ့တွင် ဆွမ်းကပ်၊ တရားနာအပြီး ဦးလှကျော်အမည်ခေါ်ကာ အမျှဝေသောအခါ အပုလေးမှာ တရှုံ့ရှုံ့ ငိုပါတော့သည်။

ဆရာတော် သံဃာတော်များက ဦးလှကျော်နှင့် ဘာတော်သလဲ မေးသော အခါ အပုလေးမှာ ဘာမှမပြောနိုင်ပါ။ ဦးလှကျော် ကွယ်လွန်ချိန်အထိ အပုလေး သည် ဦးလှကျော်အား အပြင်မှာ မမြင်ဖူးရုံမကဓာတ်ပုံကိုပင် မမြင်ဖူးခဲ့ပါ။ ဒါနှင့် နောက်နေ့မှာ ဦးလှကျော်အတွက် ဝိညာဉ်ကယ်ပွဲ ဘုံမြှင့်ပွဲ လုပ်ကြပါသည်။ ပြုလုပ်ပုံမှာ ဘုရားစင်ရှေ့ (ဘုရားဆင်းတုတော် တစ်မျိုးပဲထားပါသည်။ ငှက်ပျောပွဲ အုန်းပွဲ၊ ဘိုးတော်မယ်တော်၊ ထွက်ရပ်ပေါက်နှင့် ၃၇ မင်းနတ်များ မထားပါ)မှာ မောင်နှမ တွေ စုထိုင်ပြီး သာသနာတော်စောင့်နတ်မင်းအပေါင်းကို တိုင်တည်ကာ အိန္ဒြာဒေဝီ သိကြားမင်းအား ပင့်ပြီး ဦးလှကျော် ကျွတ်နိုင် မကျွတ်နိုင် မေးခြင်းဖြစ်ပါသည်။

သေဆုံးသူသည် သူ့ဘာသာ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ နိဗ္ဗာန်သို့ ရောက်ရှိပြီးသူများကိုဖြစ်စေ လူ့ပြည်၊ ငရဲပြည်၊ တိရစ္ဆာန်ဘုံတို့သို့ ရောက်ရှိပြီးသူများကို ဖြစ်စေ ကယ်ချွတ်၍မရသဖြင့် မေးမြန်းရခြင်းဖြစ်ပါသည်။ ပြိတ္တာနှင့် အသူရကာယ် ဘုံ ရောက်နေသူများကိုသာ ကယ်၍ရပါသည်။ ကျွတ်နိုင်မည့်သူများကို ကျွန်တော် က အမျှပေးပါသည်။ ကျွန်တော်၏အမျှကို ရသူများ ကျွတ်သွားကြပါသည်။ အချိန် မကျသေး၍ မကျွတ်နိုင်သူများကိုမူ မေတ္တာပို့ထားပါသည်။ ရန်ကုန်မှာ ဦးလှကျော် ကို မပင့်ခေါ်မီ အင်းလေးခေါင်တိုင်ရွာရှိ ကျွန်တော့်မွေးစားသမီး (ဦးလှကျော်၏ ကာဂီး)ထံ ကြိုတင်ပြီး ဖုန်းဆက်ထားပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးလှကျော်ကို ခေါ်တော့မည်ဖြစ်၍ နေအိမ်ရှိ ဘုရားစင်ရှေ့ကနေ အာရုံပြုပြီး အသင့်စောင့်နေရန် မှာကြားထားပါသည်။ ပြီးနောက် ဦးလှကျော်ကိုပင့်ပြီး ဘုန်းကြီးကျောင်းမှာ အမျှဝေစဉ်က အပုလေးဝိုတဲ့အကြောင်းကို မေးကြပါသည်။ ဦးလှကျော်က သူသည် နရပတိစည်သူမင်းဖြစ်ခဲ့ကြောင်း အပုလေးသည် ထိုဘဝကသမီးတော်ဖြစ်ခဲ့ကြောင်း၊ ဓားစင်တောင်မယ်တော်မှာ မိဖုရားဝေဠုဝတီဖြစ်ကြောင်း ပြောပြပါသည်။ ဦးလှကျော်၏ ဘုန်းကြီးကျောင်းမှာလှူခဲ့သည့် ပလ္လင်အလှူ၊ ကျောင်းအလှူ ကုသိုလ်ကောင်းမှုအစုစုကို ၃၁ ဘုံသားများသို့ အမျှပေးဝေစေပါသည်။

ကြွရောက်နေကြတဲ့ နတ်ပြဟ္မာအပေါင်းနဲ့ ကျွန်တော်တို့မောင်နှမတစ်စုတို့က ဦးလှကျော်နှင့်တကွ ၃၁ ဘုံမှ အမျှလိုလားသူအပေါင်းကို အမျှပေးဝေကြပါတယ်။ အမျှယူအပြီးမှာ ဦးလှကျော် တာဝတိံသာနတ်ပြည်ကို ရောက်သွားပါတယ်။ အင်းလေးခေါင်တိုင်ရွာကနေ အာရုံပြုပြီးစောင့်နေတဲ့ ကျွန်တော့်မွေးစားသမီးကလည်း သူ့ဖခင်ဦးလှကျော် တာဝတိံသာနတ်ပြည် တက်သွားသည်ကို သူ့ရဲ့ နတ်မျက်စိနဲ့ မြင်လိုက်ရလို့ အားရဝမ်းသာနဲ့ တစ်အိမ်လုံးကြားအောင် ထအော်လိုက်တယ်လို့ ပြောပါတယ်။

ယခုလက်ရှိဘဝ ဦးလှကျော်ရဲ့ဇနီးကလည်း ဦးလှကျော်သည် နရပတိစည်သူမင်းဖြစ်ခဲ့ကြောင်း ဓားစင်တောင်စေတီမှာ ဦးလှကျော်တည်ခဲ့တဲ့ ဘုရားဖြစ်ကြောင်း ဓားစင်တောင်မယ်တော် ပြောပြထားသဖြင့် သိရှိပြီးဖြစ်ကြောင်း ပြောကြားချက်၊ သည့်ရက်မတိုင်ခင်ရက်တွေက ကျွန်တော်တို့ဆီကို ဓားစင်တောင်ကလာရောက်ပြီး ကျွတ်ကြသူတွေများပြားမှုကြောင့် သိကြားမင်းကို မေးကြည့်သဖြင့် သိကြားမင်း၏ ပြောကြားချက်အရ ပေါင်းစပ်၍ နရပတိစည်သူမင်း ဝေဠုဝတီမိဖုရားနှင့် သမီးတော်နှစ်ပါးဇာတ်လမ်းကို သိခဲ့ရပါတော့တယ်။ ဒါတွေကိုသိတော့ အပုလေးက မယ်တော်ဆီသွားချင်တယ်ဖြစ်ပါလေရော။ ဒီအချိန်မှာ ဓားစင်တောင်မယ်တော်ကလည်း အဝေးကဆွေတော် မျိုးတော်တွေ လာကြလိမ့်မယ်ဆိုပြီး ဘုရားတွေကိုပြုပြင်၊ လမ်းတွေကို ပြုပြင်တာတွေ လုပ်နေပါတော့တယ်။ အလှူရှင်နံပါတ် ၁၀၀၀ မှာရောက်မယ်ဆိုပြီး ၁၀၀၀ အောက်မှာ မျဉ်းသားခိုင်းထားပါတယ်။ ကျွန်တော်တို့ မောင်နှမတစ်စု ၂၀၁၃ မတ်လ ၁၃ စက်နေ့မှာ ဓားစင်တောင်ကို ရောက်ခဲ့ကြပါတယ်။ အလှူငွေထည့်ဝင်ကြတော့ အပုလေးရဲ့ အလှူရှင်နံပါတ်က ၉၉၉ ဖြစ်ပြီး ကျွန်တော့်မွေးစားသမီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အလှူရှင်နံပါတ်က ၁၀၀၀ ဖြစ်နေတာကိုအံ့ဩစွာ တွေ့လိုက်ရပါတော့တယ်။

ကျွန်တော်တို့လည်း ဘုရားကန်တော့ကြပြီး ဓားစင်တောင်မယ်တော်နှင့် ဓားစင်တောင် တစ်တောလုံးတစ်တောင်လုံးကို အမျှဝေလိုက်ပါတယ်။ အမျှဝေအပြီးမှာ ဓားစင်တောင်မယ်တော်(ဝေဠုဝတီ)လည်း တာဝတိံသာနတ်ပြည်ကို ရောက်သွားပါတော့တယ်။ တစ်တောတစ်တောင်လုံးက မကျွတ်မလွတ်သူတွေလည်း မိမိတို့ ကုသိုလ်အလျောက် ထိုက်သင့်ရာဘဝကောင်းတွေကို ရသွားကြပါတော့တယ်။

ကျွန်တော့်ညီမအငယ်ဆုံး အပုလေးနဲ့ ကျွန်တော့်မွေးစားသမီးတို့ဟာ ဝေဠုဝတီရဲ့ သမီးတော်နှစ်ပါးဖြစ်ခဲ့ပြီး လူ့သက်တမ်းနှစ်ပေါင်း ၈၀၀ ကျော်သည့်တိုင်အောင် သမီးတော်နှစ်ပါးအလာကို ဓားစင်တောင်ကနေ မယ်တော်ဝေဠုဝတီမိဖုရားစောင့် မျှော်နေခဲ့ရှာတာပါလား။ မောင်တော် နရပတိစည်သူမင်းကြီး သူ့အနီးအနားရောက်လာပြီး တာဝတိံသာကြွသွား ပြီးသည့်တိုင်အောင် သမီးတော်လေးနှစ်ပါးရောက်မလာသေးလို့ သူဆက်ပြီး စောင့်နေခဲ့တာပါလား။ အစွဲများ အတော်ကြောက်စရာကောင်းပါလား လင်စွဲ၊ သားသမီးစွဲနဲ့ မကျွတ်မလွတ်ဘဲ မောင်တော် နရပတိစည်သူတည်ခဲ့တဲ့ဘုရားကို စောင့်ရှောက်ရင်း သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်နေခဲ့တာ နှစ်ပေါင်း ၈၀၀ ကျော်ခဲ့ပါရောလား။

အခုဘဝဟောင်းက သမီးတော်နှစ်ပါးရောက်လာမှ အမျှယူလို့ တာဝတိံသာနတ်ပြည်ကို သွားနိုင်ပါတော့တယ်။ တကယ်တော့ နတ်ပြည်ဆိုတာလည်း အေးငြိမ်းရာအမှန် မဟုတ်သေးပါဘူး။ အားထားရာ အစစ်အမှန်ကတော့ မြတ်စွာဘုရားဟောကြားညွှန်ပြခဲ့တဲ့ ဝိပဿနာတရားသာဖြစ်ပါတယ်။ သာသနာပြုခဲ့တဲ့ကောင်းမှုကုသိုလ်တွေ အကျိုးကျေးဇူးကြောင့် တာဝတိံသာနတ်ပြည်မှာ ဝိပဿနာတရားနာကြားနိုင်ပါစေ၊ ဝိပဿသနာအလုပ်ကို အားထုတ်ခွင်းရပါစေ။ နိဗ္ဗာန်မရောက်မချင်း သံသရာခရီးရှည်ကြီးကို လျှောက်လှမ်းပေဦးတော့ ဝေဠုဝတီမယ်တော်ရေ။

ချစ်နိုင် (Physics)

www.burmeseclassic.com

www.burmeseclassic.com

ဘကျော်မင်းနိုင်

# ခေါင်းထဲမှပျောက်သွားသောအလောင်း
(သို့မဟုတ်)
# အသက်ပြန်ရှင်တဲ့အလောင်းကောင်



www.burmeseclassic.com

www.burmeseclassic.com

❑

ထိုညသည် လကွယ်ညဖြစ်၏။

တစ်လောကလုံး မှောင်ပိန်းနေသည်။

မိုးကောင်းကင်မှာပင် ကြယ်တစ်ပွင့်တစ်လေမျှမရှိ။ မိုးသက်လေကလည်း တသုန်သုန် တိုက်ခတ်လျှက်ရှိ၏။

မိုးတွင်းကာလ ညအချိန် မိုးအုံ့နေသော်လည်း မိုးမရွာသေး။

နေ့လယ်နှင့် ညနေပိုင်းက မိုးသဲသဲမဲမဲ ရွာထားလိုက်သေးသည်။

ကျောင်းအနောက်ဘက် ချောင်းရိုးမှာ ရေလျှံလျှက်ရှိ၏။

ကာလမှာ လွတ်လပ်ရေးရပြီးစကာလ ... နှစ်အားဖြင့်ဆိုလျှင် ၁၉၅၀ ခုနှစ် ဝန်းကျင်ဖြစ်၏။

အုပ်ချုပ်ရေးအပြောင်းအလဲ နိုင်ငံရေးအဖွဲ့အစည်း အပြောင်းအလဲများကြောင့် ကျေးလက်တောရွာများတွင် အုပ်ချုပ်ရေးပိုင်းက အထိုင်မကျသေး။

ရောင်စုံသောင်းကျန်းသူတွေကလည်း ရန်ကုန်နှင့် ဝေးသောအရပ်တွေမှာ သူတစ်လူ ငါတစ်မင်းလုပ်လျှက်ရှိသည်။ ရဲဘော်ဖြူ၊ ရဲဘော်နီ၊ ကေအင်ဒီအိုစသည်ဖြင့် စုံလှသည်။

ရဲဘော်ဖြူဆိုတာက သခင်သန်းထွန်း၏ ကွန်မြူနစ်၊ ရဲဘော်နီဆိုတာက သခင်စိုးကွန်မြူနစ်၊ ကေအင်ဒီအိုဆိုတာက ကရင်သောင်းကျန်းသူတွေကို ဆိုလိုသည်။ ၎င်းတို့သည် အစိုးရတပ်ကိုလည်း လစ်လျှင်လစ်သလို ဝင်တိုက်သည်။ သူတို့ချင်းချင်းလည်း တိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်ကိုယ့်ဘက် လစ်လျှင် လစ်သလိုတွယ်ကြ၍ ကျေးလက်ပြည်သူများ ကောင်းမွန်စွာ နေထိုင်လုပ်ကိုင်စားသောက်၍ မရနိုင်ကြ။ ကြားထဲက မြေဇာပင်ဖြစ်ကြရပြီး သေသူသေ၊ ကြေသူကြေဘဝနှင့် အိုးပစ်အိမ်ပစ်ပြေးကြရသည်။

တစ်ချို့ ရန်ကုန်မြို့ပေါ်သို့ စွန့်စား၍ တက်ပြေးကြရသည်။

အခြေအနေက ဘယ်၍ဘယ်မျှ ဆိုးဝါးနေသနည်းဆိုလျှင် ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလမြို့မှာပင် အေးအေးချမ်းချမ်းမရှိ။ ရဲဘော်ဖြူက ဝင်လိုက်၊ ရဲဘော်နီက ဝင်လိုက်ဖြစ်နေ၏။

ရန်ကုန်မြောက်ပိုင်း အင်းစိန်ဆိုလျှင် ကေအင်ဒီအိုတို့ ကြီးစိုးထားသည်၊

၁၉၅၀ ဝန်းကျင် လွတ်လပ်ရေးရပြီးစခေတ်ဖြစ်၍ ...

ထိုခေတ်မှာ တစ်ဖက်နှင့်တစ်ဖက် တိုက်ပွဲဖြစ်ပြီး လူသေရသည်မှာ မဆန်းတော့။ တိုက်ပွဲဖြစ်ပြီဟော့ဆိုလျှင် လူတွေ သေရသည်ချည်း။ ဆေးရုံရောက်သည့် အလောင်းရောက်သည်၊ မရောက်နိုင်သည့်အလောင်း ဆေးရုံနှင့်ဝေးနေပါက ထိုစဉ်က အုပ်ချုပ်ရေး ဩဇာအာဏာရှိမည်ထင်သူကို အကြောင်းကြားပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သင်္ချိုင်းကုန်းမှာတွင်းတူးပြီး အမြန်မြှုပ်နှံသင်္ဂြိုဟ်ရသူတွေရှိသည်။

တချို့ရွာတွေမှာ ပြည်တွင်းစစ်၏ ငြိမ်းအေးမှုမရှိခြင်းကြောင့် ဘုန်းတော်ကြီးကျောင်းများ၌ပင် သံဃာများမရှိဘဲ ကျောင်းပစ်ကန်ပစ် ပြေးကြရသော သံဃာတော်များပင် ရှိကြသည်။

ထိုသို့သော ရွာများတွင် သင်္ဂြိုဟ်သည့်အခါ ဗုဒ္ဓဘာသာ မြန်မာလူမျိုး၏ ဓလေ့ထုံးတမ်းစဉ်လာအရ သရဏဂုံတင်ပေးမည့် သံဃာပင်မရှိဘဲ ဖြစ်သလို သင်္ဂြိုဟ်လိုက်ရသူတွေရှိသည်။

ယခုလည်း ကမာကဆစ် ဆာပါချောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်းပါလျှက် သံဃာကမရှိပြန်။ သံဃာအချို့လည်း ကမာကဆစ်ဘက်မှရှောင်၍ ကမာကဆစ် အရှေ့ပိုင်းဟုခေါ်သော ကမာကသွယ်ရွာဘုန်းတော်ကြီးကျောင်းမှာ လာရောက်စုပေါင်း သီတင်းသုံးကြသည်။

ကမာကဆစ်ဘက်မှာ ကွန်မြူနစ်များကြီးစိုးထား၍ ကမာကသွယ်ကျောင်းတွင် လာရောက်ပူးပေါင်းနေထိုင်ပြီး သီတင်းသုံးနေကြရသည်။

ကမာကဆစ်တွင် သင်္ချိုင်းဟူ၍ ကမာကဆစ်အလယ်ပိုင်းတွင်မရှိ၊ ကမာကဆစ်အနောက်ပိုင်းတွင် ရှိသည်။ ကမာကဆစ် အရှေ့ပိုင်းဟုခေါ်သော ကမာကသွယ်ရွာကြီးတွင် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ကမာကာသွယ်သချိုင်းမှာ ယခု ကမာကာသွယ် အရှေ့ကျောင်း၏ အနောက်ဘက်၌ရှိသည်။ သချိုင်းနှင့် ကျောင်းခြံစည်းရိုးမှာ ဆက်နေသည်။ ရှုံ့ကောင်းသော ကြခတ်ဝါးရုံကြီးများက ထူထပ်သိပ်သည်းစွာဖြင့် သချိုင်းမြေနှင့် ကျောင်းခြံဆက်လျှက် တည်နေသည်။

ရွာကကြီးသဖြင့် သချိုင်းမြေကလည်း ကျယ်ဝန်းသည်။ ကျောင်း၏ ခြံစည်းရိုးအစပ်မှာ အနံ့ငါးကောခန့်ရှိပြီး အနောက်ဖက်အစွန်းတွင် ချောင်းရိုးက ပိုင်းခြားထားလေသည်။

ထိုချောင်းထဲတွင် အင်္ဂလိပ်ခေတ်က ပြေးဆွဲခဲ့သော မီးသဘော်ပျက်များ ထိုးထား၍ သဘော်သချိုင်းလည်းဖြစ်နေ၏။ ချောင်းတစ်ဖက်ကမ်းတွင် မီးသဘော်များအတွက် ကျောက်မီးသွေးများ သိုလှောင်ရာဝင်းကြီးတစ်ခုရှိသည်။ စစ်ပြီးခေတ်တွင် 'ရတီးဝင်း' 'ရတီးဝင်း'ဟူ၍ နာမည်ထွက်ကာ အထင်ကရ ရှိခဲ့သေးသည်။

ထိုရတီးဝင်းထဲမှာ ဂိုဒေါင်ကြီးတွေရှိသည်။ ဂိုဒေါင်ကြီးတွေထဲမှာ မီးသဘော်နှင့် ပတ်သက်သော စက်ပစ္စည်းများမှစ၍ ကျောက်ကြိုး၊ ချည်ကြိုး ဇော့ယာများ အကုန်ရှိသည်။

အင်္ဂလိပ်ခေတ်က ရန်ကုန်မြစ်ထဲတွင် မီးသဘော်များ ပြေးဆွဲနေသည့်အခါ ထိုဝင်းကြီးမှာ သဘော်သားများနှင့် စည်ကားနေတတ်သည်။ ဂျပန်များတက်လာတော့ ဗုံးကြဲ၊ စက်သေနတ်နှင့်ပစ်လုပ်ကြ၍ လူတွေ သောက်သောက်လဲသေခဲ့ရာ ဝင်းကြီးဖြစ်၏။ ထိုဝင်းကြီးရှေ့မှာ ကမာကဆစ်၊ ကမာကသွယ်၊ ဒလမြို့တို့နှင့် ဆက်သွယ်ထားသော ဒလမြို့၏ တစ်ခုတည်းသော လမ်းမကြီးရှိ၏။

အများအားဖြင့် ကန္တားလမ်းဟု ခေါ်ကြသည်။

ထိုကန္တားလမ်းအတိုင်း ဒလမြို့မမှထွက်၊ ဘီအိုင် (ယခုဗိုလ်ရန်ပြေ)၊ မငွေစိန်အစု (ယခု အောင်မင်္ဂလာရပ်ကွက်) ကမာကသွယ်၊ စက်မြေ၊ ကမာကဆစ်၊ မှော်စက်၊ ဆာပါချောင်များကို ဖြတ်၍ ဆိပ်ကြီးခနောင်တို သွားရာလမ်းဖြစ်၏။

ဒလမြို့တွင် ကားလမ်းဟူ၍မရှိသေး။ ကားဆို၍ ဒလသဘော်ကျင်းထဲတွင် လှည့်ပတ်မောင်းနေသော ကရိန်းကားလောက်ပင်ရှိသည်။

ဖော်ပြပါ ရပ်ကွက်များမှာ ထိုစဉ်က မြို့ပြရပ်ကွက်များမဟုတ်သေး။ သူကြီးတစ်ဦးစီနှင့် အုပ်ချုပ်နေသော ကျေးရွာငယ်များသာ ဖြစ်လေသည်။

ရတီးဝင်းရှေ့ ကန္တားလမ်းတွင် အဓိကရညောင်ပင်ကြီးတွေရှိသည်။ ညောင်ခုနစ်ပင်ဟူ၍ နာမည်ကြီးသည်။ ညောင်ပင်ကြီးတွေမှာ မြစ်ပျဉ်းကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကျပြီး အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့နှင့် နေ့အခါအရိပ်အာဝါသ ကောင်းသလောက် ညအခါတွင် မည်းမည်းမှောင်လျက် ကြောက်စရာအသွင် ဆောင်နေတတ်သည်။

တော်ရုံတန်ရုံလူများ ထိုညောင်ပင်ကြီးတွေအောက်မှ ညအခါ မဖြတ်ရဲကြ။ ဖြတ်လျှင် အဖော်သုံးလေးဦးပါမှ ဖြတ်ရဲကြသည်။

အမဲသား၊ ဝက်သား၊ သားကြီးငါးကြီးသာ ထိုညောင်ပင်ကြီးတွေအောက်မှ ဆွဲသွားလျှင် အကောင်အထည်မမြင်ရဘဲ ဖြတ်၍ဆွဲတတ်သဖြင့် ထိုညောင်ပင်ကြီးတွေအောက်မှ သားစိမ်း၊ ငါးစိမ်းသားများဖြတ်၍ ဆွဲသွားရဲသူမရှိကြ။

ညောင်ပင်ကြီးအောက်တွင် အပေါ့အပါးသွားလျှင်ပင် ချက်ချင်းပင် နောက်မှနေ၍ မည်းမည်းအကောင်ကြီးက လက်ဖြမ်းကြီးဖြင့် ဖြန်းခနဲ အရိုက်ခံရပြီး သေဆုံးသူတွေ ရှိခဲ့သည်ဟုဆိုသည်။

ရေကြမ်း၊ မြေကြမ်း၊ နယ်ကြမ်းဖြစ်၍ ထိုအရပ်လိုနေရာမျိုးတွင် တော်ရုံသံဃာများ ကျောင်းမထိုင်နိုင်ကြသည်မှာ အဆန်းမဟုတ်ချေ။ အုပ်ချုပ်ရေးအားဖြင့်လည်း နယ်မြေက မအေးချမ်းနိုင်သဖြင့် ကျောင်းကြီးတွေ အထင်ကရရှိပါလျက် ကိုယ့်ကျောင်းတွင် မနေနိုင်ဘဲ အေးချမ်းရာ ကမာကသွယ်အရှေ့ကျောင်းတွင် လာရောက်ပူးပေါင်း သီတင်းသုံးနေကြရသည်။

ယင်းကြောင့်ပင် ကမာကသွယ်အရှေ့ကျောင်းတွင် သံဃာတော်များမှာ အခြားအလယ်ကျောင်း၊ အနောက်ကျောင်းများလို မဟုတ်ဘဲ သံဃာတော်တွေမပြတ်ရှိနေလေသည်။

ကျောင်းရှိ သံဃာများမှာလည်း ပေါ့ပေါ့တန်တန် နေကြသည်မဟုတ်ဘဲ ညစဉ်ညတိုင်း ညနေခြောက်နာရီမှ ညကိုးနာရီအထိ ပရိတ်ရွတ်ဝတ်တက် မှန်မှန်ပြုကြလေ့ရှိတတ်သည်။

တစ်ည ပရိတ်ရွတ်ဝတ်တက်ပြီးချိန်တွင် ကျောင်းအောက်မှ ဆူဆူညံညံအသံများ ကြားရ၍ ဆရာတော်ကြီးက ဦးပဥ္စင်းတစ်ပါးအား တံခါးဖွင့်၍ ကြည့်ခိုင်းသည်။

"ကျောင်းအောက်မှာ လူသံတွေ၊ မောင်ပဥ္စင်းရှာထဲမှာ ဘာတွေများဖြစ်ပြန်လဲ၊ တံခါးဖွင့်ကြည့်စမ်း"

ကျောင်းမှာ နှစ်ထပ်ကျောင်းကြီးဖြစ်ပြီး ရပ်ရွာဓလေ့အရ တရားနာရသော်များများ ဆန့်စေရန် အောက်ဖက်တစ်ခုလုံး မည်သည့်အကာအရံမှ မထား။

www.burmeseclassic.com



ခြေတံရှည်ကျောင်းကြီးဖြစ်၍ ကျောင်းအောက်ထပ်မှာ လူတွေရောက်နေလျှင် ကျောင်းပေါ်မှ မမြင်ရဘဲ အသံသာ ကြားနေရတတ်သည်။

ဦးပဋ္ဌင်းက ပြတင်းပေါက်ဖွင့်၍ အပေါ်ထပ်မှ လှမ်းကြည့်သောအခါ လူတွေကို အရင်ဆုံးမတွေ့ရသေးဘဲ အောက်လင်းဓာတ်မီးရောင်ကြီးသာ တွေ့လိုက်ရသည်။ ကျောင်းအောက်မှ မီးရောင်လျှံထွက်နေခြင်း ဖြစ်၏။

ထိုခေတ်က ထိုသို့သော အောက်လင်းဓာတ်မီးသုံးနိုင်သူမှာ သာမန်လူမျိုးတော့မဟုတ်။ ဩဇာအာဏာရှိသော သူကြီးလိုလူမျိုးသာ ဖြစ်တတ်သည်။

မလိုအပ်ဘဲ မီးရောင်ထိန်နေအောင် ထွန်းဖို့ နယ်မြေအုပ်ချုပ်သူတွေက ခွင့်ပြုလေ့မရှိတတ်။ မီးရောင်တွေ့လျှင် မီးရောင်ကို မှန်းပြီး သေနတ်ဖြင့် လှမ်း၍ ပစ်တတ်သော အလေ့ဆိုးကား ရှိနေသည်။

ဦးပဋ္ဌင်းလေးက ကျောင်းပေါ်မှ လှမ်းအော်သည်။

"ဘယ်သူတွေလဲ ..."

"တပည့်တော်တို့ပါ ... ဘီအိုင်သူကြီး မောင်သိန်းပါဘုရား"

ဘီအိုင်သူကြီး အောင်သိန်းမှာ ဗုဒ္ဓဘာသာမဟုတ်။ အစ္စလာမ်ဘာသာဝင်ဖြစ်၏။ သို့သော် ကွမ်းခြံကုန်း တော်ခရမ်းကြီးသားဖြစ်၍ မြန်မာရေလည်နေကာ မြန်မာဘုန်းတော်ကြီးများနှင့် အပြောအဆိုဆက်ဆံရေး ကျွမ်းကျင်လိမ္မာသူဖြစ်၏။

"ဒီအချိန်ကြီးမှာ ဘာလာလုပ်ကြတာလဲ"

"တပည့်တော်တို့ မသာချချင်လို့ပါဘုရား"

ဘုန်းတော်ကြီးမှာ ဘီအိုင်သူကြီး မောင်သိန်း၏စကားကြောင့် အံ့အားသင့်သွားသည်။ ထိုကိစ္စအတွက် ဦးပဋ္ဌင်းလေးနှင့် လွှတ်ထား၍ မဖြစ်တော့ဟုဆုံးဖြတ်ကာ ကျောင်းအောက်ဆင်းရန် ပြင်ဆင်ရတော့သည်။

"လာ ... မောင်ပဋ္ဌင်း။ ကျောင်းအောက်ဆင်းပြီး မေးမှ တန်ကာကျတော့မယ်"

ဘုန်းကြီးမှာ သင်္ကန်းကိုရုံပြီး လက်နှိပ်ဓာတ်မီးဆွဲယူကာ ကျောင်းအောက်ဆင်းရန် ပြင်ဆင်ရလေပြီ။

ကျောင်းကြီးမှာ အဆောင်ဆောင်နှင့် ကျွန်းလုံးတိုင်ကြီးများဖြင့် တည်ဆောက်ထား၍ ကျောင်းမကြီးပေါ်မှ နတ်လမ်းဟုခေါ်သော ကျောင်းအောက်သို့ဆင်းရန် လှေကားအရောက်အတော်ကြာ ဖြတ်လျှောက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com


ကျောင်းပေါ်ရှိ အလယ်ကျောင်းမှ ဘုန်းတော်ကြီးနှင့် တပည့် ဦးပဥ္စင်းတို့မှာလည်းစိတ်ဝင်စားပြီး အရှေ့ကျောင်းဆရာတော်နှင့်အတူ လိုက်ပါလာခဲ့သည်။

ကျောင်းလှေကားမှဆင်းပြီး စကြံတံတားကို ဖြတ်ကာ ကျောင်းအောက်သို့ ဝင်လာခဲ့ကြသည်။

ကျောင်းအောက်ရှိ ဘီအိုင်သူကြီး ဦးသိန်းနှင့်အဖော်များက ဆရာတော်များကြွရောက်လာသည့်အတွက် မတ်တတ်ရပ်နေကြရာမှ ပုဆစ်တုပ်ထိုင်လိုက်ကြသည်။

မြန်မာရည်ဝနေသော ဘီအိုင်သူကြီးဦးသိန်းက ဦးဆောင်၍ပင် ဘုန်းတော်ကြီးများကို ဦးချကန်တော့၏။ ကျန်လူများပါလိုက်၍ ဦးချကန်တော့ကြသည်။

သူတို့ရှေ့မှာ လတ်လတ်ဆတ်ဆတ် ခေါင်းကြီးတစ်လုံး ချထားသည်။

အောက်လင်းဓာတ်မီးကို သံဃာစင်ပေါ်တင်ထား၍ ကျောင်းအောက်ဖက်တစ်ဝှမ်းလုံး မီးများ လင်းလျက်ရှိသည်။

ဘုန်းတော်ကြီးက ဖွင့်ထားသော အခေါင်းမှနေ၍ သေချာစေရန် အခေါင်းအတွင်းမှ အလောင်းကို လက်နှိပ်ဓာတ်မီးထိုး၍ ကြည့်သည်။

မျက်လုံးကြီးပြူးထွက်လျက် လျှာထွက်သေဆုံးနေသော အလောင်းပင်ဖြစ်သည်။

"အင်း . . . အနိစ္စ အမြဲမရှိ၊ ခန္ဓာရုပ်ဟာ နောက်ဆုံး မရဏသေပွဲ ရှောင်လွှဲ၍ မရပါတကား"

ဘုန်းကြီးတရားနှင့် ဆင်ခြင်ကာ အသုဘကမ္မဋ္ဌာန်း စီးဖြန်းခြင်းအမှုကိုပြုကာ သတိသံဝေဂနှလုံးသွင်းလိုက်နိုင်သည်။

"ရုပ်ပျက်ဆင်းပျက်တော့ ဖြစ်နေတာပဲ"

ဟု ပြောရင်း သံဃာစင်ပေါ်ဦးဆောင်၍ တက်ကာထိုင်လိုက်သည်။

နောက်ပါသံဃာတွေ နေရာအသီးသီးယူပြီးမှ ဘုန်းကြီးက ဘီအိုင်သူကြီး ဦးသိန်းကို လှမ်းမေးသည်။

"ဒကာသိန်း . . . ဘယ်လိုကဘယ်လို ကျုပ်ကျောင်းကို ဒီအလောင်းကြီး သယ်ဆောင်လာရတာလဲ။ ပြီးတော့ အချိန်မတော်ကြီး"

"ဒီအလောင်းကို သူ့အိမ်က အိမ်မှာတောင် မထားရဲဘူးတဲ့ဘုရား။ အိမ်က အိမ်မှာ မထားရသလို၊ တပည့်တော်တို့လည်း တပည့်တော်တို့ရွာမှာ [illegible] ထားရဲပါတော့မလဲ ဘုရား"


www.burmeseclassic.com

www.burmeseclassic.com


"ရွာနဲ့အိမ်မှာ မထားရဲလို့ ငါ့ကျောင်းကို ညတွင်းချင်း ယူလာတယ်ပေါ့ လေ။ မကောင်းကျောင်းပို့ ဆိုတာမျိုးပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူးဘုရား။ ကာယကံရှင်တွေကိုယ်၌က အာသီသ ရှိနေတာလည်း ပါပါတယ်ဘုရား။ ပြီးတော့ တပည့်တော်တို့ ဘီအိုင်မှာ မြန်မာ ဘုန်းတော်ကြီးကျောင်းကလည်း မရှိသေးလို့ပါဘုရား"

ထိုစဉ်က ယခု မိုလ်ရန်ပြေရပ်ကွက်ဟုခေါ်သော ဘီအိုင် သဲကုန်းရပ်ကွက် တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမျှ မရှိသေးချေ။

ဘီအိုင် သဲကုန်းနှင့် စက်မြေမှ သေဆုံးသူများမှာ အနီးစပ်ဆုံးသင်္ချိုင်းဖြစ် သော ကမာကသွယ်သင်္ချိုင်းတွင် သေဆုံးသူများကို သဂြိုဟ်လေ့ရှိတတ်သည်။

"အေးလေ ... ထားပါတော့၊ ညတွင်းချင်းကျောင်းကို သယ်လာရတာ ဘာသဘောလဲကွယ့်။ အိမ်မှာရက်စေ့အောင် ဘာဖြစ်လို့ မထားချင်ကြတာလဲ"

"မထားချင်လို့ မဟုတ်ပါဘူး ဘုရား။ မထားရဲကြလို့ပါဘုရား"

"ဟေ ... ဘယ်လို မထားရဲကြတာလဲကွယ့်"

"သူတို့အဖြစ်က ခပ်ဆန်းဆန်းဘုရား။ ပြီးတော့ ကြောက်မယ်ဆိုလည်း ကြောက်စရာ တော်တော်ကောင်းပါတယ်ဘုရား"

"ပြောစမ်းပါဦး ... ဦးသိန်းရဲ့"

"သေတဲ့လူကို အရှင်ဘုရား သေသေချာချာကြည့်တော့ ဘယ်သူလို့ ထင်သလဲဘုရား"

"ရုပ်ပျက်ဆင်းပျက်ဖြစ်နေလို့ ငါလည်း မသိဘူးကွ။ မင်းတို့ကို မေးဖို့ တောင် မေ့နေတယ်။ အလောင်းက ဘယ်သူ့အလောင်းလဲ"

"ဦးပေသီးအလောင်းပါဘုရား"

"ဟေ ... ဦးပေသီးအလောင်း ... ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား၊ ဒီနယ်တစ်ဝိုက်မှာ လူတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်နေရတဲ့ ဓားပေသီးအလောင်းပါဘုရား"

"ဓားပေသီးက ဘယ်လိုဖြစ်ပြီး ရုပ်ပျက်ဆင်းပျက် သေရတာလဲ။ သူများ ကို ထစ်ခနဲဆိုရင် ဓားစွမ်းပြတဲ့ကောင်၊ သူများဓားချက်နဲ့ သေရတာများလား"

"ဓားချက်နဲ့ မဟုတ်ပါဘူးဘုရား။ လက်ဝါးချက်နဲ့ သေရတာပါဘုရား"

"ဟေ ... ဘယ်လိုလက်ဝါးချက်လဲကွယ့်"


www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုလည်း မဟုတ်ပါဘူး ... ဦးပဥ္စင်းလေးဘုရား၊ ကိုပေသီးအတွက် ထုံးတမ်းစဥ်လာအတိုင်း သံဃာတော်တွေနဲ့ လုပ်စရာရှိတာတွေ လုပ်ရအောင် ကျောင်းကိုသယ်သွားတာ ကောင်းမယ်ဆိုပြီး သယ်လာကြတာပါဘုရား"

ဘုန်းကြီးက စဥ်းစားရင်း သက်ပြင်းချကာ ကာယကံရှင်တွေ စိတ်ချမ်းသာအောင် ဝင်ပြောရပြန်သည်။

"ဘုန်းကြီးအမှု ရွာပတ်ဆိုတဲ့ စကားသာ ကြားဖူးတယ်။ ခုတော့ ရွာအမှု ဘုန်းကြီးလာပတ်တာပဲ။ အိမ်း ... ကိုယ့်ကိုကိုးကွယ်တဲ့ ဒကာတွေ၊ ဒကာမတွေ ဆိုတော့လည်း ရှိပါစေတော့။ မနက်ကျမှ သရဏဂုံတင်စရာကိစ္စတွေ လုပ်မယ်။ ပြီးရင်တော့ သင်္ချိုင်းဇရပ်ကို ပေသီးအလောင်းရွှေ့ထားလိုက်ကြပေါ့ကွယ်။ ဒါ့ထက် ဒီည ပေသီးအလောင်းကို ဘယ်သူတွေ စောင့်ကြမှာလဲ"

လူဆိုးလူမိုက်၏ နောက်ဆုံးခရီးကား အင်မတန်မှ တရားကျစရာ ကောင်းလှသည်။ ဆွေမျိုးသားချင်းတွေပါ ပါလျက် မည်သူမှ စောင့်အိပ်မည့်သူ မရှိကြ။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မလွှဲသာသည့်အဆုံး ..

"အောက်လင်းဓာတ်မီးထွန်းပြီး ဒီလိုပဲ ထားခဲ့ပါရစေဘုရား။ တပည့်တော် မနက်ကို အရောက်လာခဲ့ပါမယ်ဘုရား"

"ကဲ ... ဒါဆိုလည်း အောက်လင်းဓာတ်မီးတွေ၊ ဘာတွေထွန်းပြီး မထားခဲ့နဲ့။ သေတဲ့လူကလည်း အဲဒီမီးရောင်နဲ့ ဘာမှထလုပ်နိုင်တာမဟုတ်ဘူး။ အခန့်မသင့်ရင် အောက်လင်းဓာတ်မီးက ရေနံဆီတွေ စိမ့်ပြီး မီးထလောင်လို့ ငါ့ကျောင်း မီးလောင်သွားဦးမယ်။ မင်းတို့ ပြန်ချင်လည်း ပြန်ကွ၊ ခေါင်းဖုံးတော့ လုံပစေ၊ တော်ကြာ ခွေးစာ၊ ဝက်စာ မိသွားဦးမယ်"

ဘုန်းကြီးကပြောပြီး သံဃာများနှင့်အတူ ကျောင်းပေါ်သို့ ပြန်၍တက်လာခဲ့သည်။

ထိုသို့ ကျောင်းအောက်တွင် အသုဘအလောင်း လာထားသည်မှာ ထိုခေတ်တွင် အဆန်းတော့မဟုတ်ချေ။ ကျောင်းဒကာ၊ ဘုန်းကြီးဆွေမျိုးများ သေဆုံးလျှင်လည်း လာထားတတ်ကြသည်။

ကိုပေသီးတို့လို ဥပစ္ဆေဒကကံနှင့် သေဆုံးသူတွေ၊ ပယောဂတစ်ခုခုနှင့် သေဆုံးခဲ့သူတွေ၏ အလောင်းတွေကိုလည်း လာရောက်ထားလျှင် ဘုန်းတော်ကြီး ရှင့်ပြုသည့်အခါ ပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com


"ညောင်ခုနစ်ပင် လက်ဝါးချက်ပါဘုရား"

"ဪ . . . ရတီးဝင်း ညောင်ခုနစ်ပင် လက်ဝါးချက်ကို။ သူက ဘာသွားလုပ်လို့လဲ"

"ကိုပေသီးဟာ အင်မတန် မိုက်တွင်းနက်ပါတယ်ဘုရား။ သူ့လူတွေနဲ့ ညနေက အရက်တွေသောက်စားပြီး လောင်းကြေးစားကြေးလုပ်ပြီး အဲ့ဒီရတီးဝင်း ညောင်ခုနစ်ပင်မှာ ငွေငါးရာကြေး သေးပေါက်ရဲ၊ မပေါက်ရဲလုပ်ပြီး သူက သွားပေါက်ပါတယ်ဘုရား။ ဒီအချိန်က ညနေနေဝင်ရီရောကြီးဘုရား။ အဲဒါ သူပြန်မလာမလာနဲ့ နောက်ကလိုက်သွားတော့ လမ်းမှာလဲနေတဲ့ သူ့ကိုတွေ့ပြီး သူ့ကျောကုန်းကို လူမဲကြီးက လက်ဝါးကြီးနဲ့ ရိုက်လိုက်တယ်လို့ ကြောက်လန့်တကြားပြောပြီး မျက်လုံးကြီးပြူး၊ လျှာတစ်လစ်ထွက်ပြီး အသက်ပျောက်သွားတာပဲတဲ့ဘုရား"

"ဟာကွာ . . . မူးမူးရူးရူးနဲ့ အလောင်းအစားမလုပ်ကောင်းဘဲ လုပ်ကြတာကိုးကွ"

"ပြီးတော့ သူက ပြောသေးတယ်။ သူ့နောက်ကို မည်းမည်းကောင်ကြီးနောက်ကနေလိုက်လာလို့ သူ့မှာ ပြေးစရာမြေ မရှိတော့ဘူးတဲ့။ သူ့ကို ညောင်ခုနစ်ပင်ကို အတင်းဆွဲဆွဲပြီး ခေါ်နေတယ်တဲ့ဘုရား"

"မင်းကောင် မူးမူးရူးရူးနဲ့ တောင်ပြောမြောက်ပြော ပြောတာနေမှာပေါ့ကွာ"

"သူက ဘယ်လိုပဲ မူးမူးရူးရူးနဲ့ပြောပြော၊ တပည့်တော်တို့ သူ့အလောင်းကြီးကို အိမ်အထိ မသယ်ရဲတော့ဘဲ အခေါင်းရိုက်ပြီး လမ်းကနေ အရှင်ဘုရားကျောင်းကို သယ်လာခဲ့တာပါဘုရား"

"အမှန်တော့ မင်းတို့ ဒီအလောင်းကြီးကျောင်းကို ယူမလာဘဲ သင်္ချိုင်းကို သွားပို့ရမှာကွယ့်။ သင်္ချိုင်းဇရပ်ကြီးကလည်း လုံလုံခြုံခြုံ ရှိနေတဲ့ဟာပဲ"

"သင်္ချိုင်းက ရတီးဝင်း ညောင်ခုနစ်ပင်နဲ့နီးလို့ တပည့်တော်တို့ ညကြီးမင်းကြီး ဒီအခေါင်းကြီးသယ်ပြီး မသွားရဲကြလို့ပါဘုရား"

ထိုစကားကြောင့် ဦးပဥ္စင်းလေးမှာ ငယ်ရွယ်သူပီပီ စိတ်မရှည်နိုင်ဖြစ်ကာ ဝင်၍ မေးမြန်းလိုက်တော့သည်။

"ခင်ဗျားတို့ သင်္ချိုင်းမသွားရဲတာနဲ့ ကျောင်းအောက်မှာ လာထားကြတာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com


ရပ်ရေးရွာရေး အေးချမ်းမှုရှိပါက ထိုသို့သော အစိမ်းသေသေသူများကို မြွေကိုက်၊ မီးမဖွားနိုင်၊ နွားခတ်၊ ကျွဲခတ်၊ ရေနစ်၊ ဓားခုတ်ခံရသော အလောင်းများကို ရွာပြင်ထုတ်ထားလျှင် သင်္ချိုင်းဇရပ်မှာပဲ ထားလေ့ရှိတတ်ကြလေသည်။

ကိုပေသီး၏အလောင်း ဘုန်းကြီးကျောင်းအောက်သို့ ရောက်လာခြင်းမှာ ထိုခေတ်က အထူးအဆန်း သိပ်မဟုတ်သော်လည်း ထူးဆန်းသည်မှာ နောက်တစ်နေ့မနက် သူ့အိမ်မှလူများ ကျောင်းအောက်သို့ ပြန်ရောက်လာသောအခါ အခေါင်းထဲတွင် ကိုပေသီး၏အလောင်းကြီး ရှိမနေတော့ခြင်းပင်။

"ဟာ ... ဘယ်လိုဖြစ်တာလဲ၊ ညကအခေါင်းအဖုံးကို သေသေချာချာ ပိတ်ခဲ့တဲ့ဟာ"

ညက အလောင်းလာပို့သူများ ထိတ်လန့်ချောက်ချားပြီး ပြောနေစဉ် ထို ကိုပေသီး၏အလောင်းကို သူသေးပေါက်ခဲ့ရာ ညောင်ပင်ကြီး၏အောက်တွင် တွေ့ကြရသောအဖြစ်က ပို၍ထူးဆန်းကာ အုတ်အော်သောင်းနင်း ဖြစ်သွားခဲ့ကြခြင်းပင်။

သတင်းတွေကလည်း တစ်ဆင့်ထက်တစ်ဆင့် ကားကာ ရတီးဝင်း ညောင်ခုနစ်ပင်ကား ပို၍ နာမည်ကြီးကာ အလွန်အမင်း ကြောက်လန့်သွားကြလေသည်။

သည်တွင် စဉ်းစားဆင်ခြင် ဉာဏ်ရင့်သန်သော ဘုန်းတော်ကြီး၏စကားမှာ သဘာဝကျကျ လက်ခံနိုင်ဖွယ်ရာ ပေါ်ထွက်လာခဲ့လေသည်။

"ပေသီးဟာ မူးမူးနဲ့ ဖြစ်ချင်ရာဖြစ်ပြီး ကယောင်ကတမ်းတွေဖြစ်ပြီး ပြန်ပြေးအလာ သူ့လူတွေနဲ့ တွေ့ပြီးသေသွားတာမျိုးပဲ။ ဒါပေမဲ့ တကယ်သေတာ မဟုတ်ဘဲ မြောနေတုန်း အခေါင်းထဲရောက်သွားလို့ သူ့ကိုထားအသွားမှာ သတိပြန်လည်ပြီး သွေးရူးသွေးတန်းထွက်သွားရာက အဲ့ဒီညောင်ပင်အောက် ပြန်ရောက်သွားပြီး တကယ်အသက်ပျောက်သွားတာနေမှာပေါ့"

ကျော်မင်းနိုင်

www.burmeseclassic.com